www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၆၅၀၇၀ရ
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၀၆၀၈၀ရ

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၀၇၊ ဒီဇင်ဘာ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ Welfare
အတွင်းဖလင် ။ Quality

ပုံနှိပ်သူ

ဦးမန်းနေဘ်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၁၀၀၀ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | စာမူအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | ရှင်မတောင်သနပ်ခါးစစ်ရဲ့လား | ၁ |
| ၂။ | တောင်ကြီးထောင်မှတောကဲ့ခေါက်သံ | ၁၀ |
| ၃။ | သေဆုံးပြီးတစ်နှစ်ကျော်ကြာမှအသုဘချရသူ | ၁၇ |
| ၄။ | သခင်ချစ်သော အမဲလိုက်ခွေးများ | ၂၈ |
| ၅။ | ဘဝခြားသော်လည်း | ၃၈ |
| ၆။ | ရွာပြောင်းပြေးသောကျွတ်များ | ၅၃ |
| ၇။ | အောက်ချိုင့်ခြိမှထူးဆန်းသောညောင်ပင်များ | ၆၅ |
| ၈။ | တောင်ပြောင်ကိုသက်သေတည် | ၇၃ |
| ၉။ | ပြွဒါးရှင် မြင့်ဦး | ၈၉ |
| ၁၀။ | ကျားအမြီးပြတ်နှင့် သင်းခွေချပ်ကြီး | ၉၈ |
| ၁၁။ | တောဝက်မာန်စွယ် | ၁၁၀ |
| ၁၂။ | သံသရာဖန်လာပုံဆန်းကြယ် | ၁၁၉ |
| ၁၃။ | သရဲနာရီပင်ကြီး | ၁၃၀ |
| ၁၄။ | မင်းပုန်းတဲ့နေရာ ငါသိတယ် | ၁၄၄ |
| ၁၅။ | ရှီးမစခန်း အလွမ်းပြေ | ၁၅၁ |
| ၁၆။ | သူခိုးမြင့်သိန်း | ၁၆၀ |
| ၁၇။ | ရှုကွဲစိုးခြေရာ | ၁၇၂ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## ရှင်မတောင်သနပ်ခါးစစ်ရဲ့လား

ကားဈေးတွေ မတက်မီက ဆလွန်းအငှားကားလေးတစ်စီး ဝယ်ဖြစ်ပါသည်။ ငါးဆယ်ငါးသိန်းဆိုတော့လည်း တစ်လုံးတစ်ခဲတည်း ကိုယ့်မှာ မရှိပါ။ အိမ်ခြံလေးရောင်းရငွေ သိန်းသုံးဆယ်ခန့် စုဆောင်းငွေ ဆယ်သိန်းခန့်သာ ရှိရာ လိုအပ်ငွေ တစ်ဆယ့်ငါးသိန်းအား အမေနှင့် အစ်ကိုကြီးထံမှ ချေးရပါတော့သည်။ မိသားစုချင်းဆိုတော့လည်း အတိုး ပေးစရာမလိုပါ၊ တစ်နှစ်၊ နှစ်နှစ်အတွင်း ပြန်ဆပ်ရန်သာရှိပါသည်။ ကဲ မပိုင်ဘူးလား ခင်ဗျာ။

ကားလေးက အတော်ကောင်းပါသည်။ ရှုပါရှစ်(၉၀)ခုနှစ် မော်ဒယ် အဖြူရောင် ရှေ့ဆွဲဗင်ကလေး ဖြစ်ပါသည်။ (ကက)ဖြစ်၍လည်း ဈေးသက်သာသည်ဟု ပွဲစားများက ဆိုပါသည်။ သို့သော် ပွဲစားများထုံးစံအတိုင်း အဝယ်နှင့်အရောင်း အရောင်းဘက်မှသာ ပွဲခ ပေးရိုးထုံးစံရှိသော်လည်း ကျွန်တော်မှာထားသဖြင့် လည်းကောင်း၊ တို့အနေဖြင့် တော မြို့လုံးပါတ်၍ရှာရပြီး လမ်းစရိတ်၊ စားစရိတ် ကုန်သောကြောင့် ပွဲခ တစ်သိန်း တောင်းပါသည်။ ပင်စင်စားဖြစ်၍ ညှာတာပါရန် တောင်းပန်မှ ပွဲခ (ငါးသောင်း)ဖြင့် ဈေးတည့်ပြီး ကားကလေးအား ရှီးပိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


ကားရောင်းသူဘက်ကတော့ ဘယ်လောက်ပေးလိုက်ရသည်ကိုတော့ မသိပါ။

ပွဲခင်းသောင်း ပေးပျော်သည်ဟု ဆိုရပါမည်။ ကားလေးမှာ ဆေးဘော်ဒီ လက်လွှတ်ရသည်။ အလှိုင်းခွေပါပြီး အသစ်နီးနီးကောင်းမွန်ပါသေးသည်။

အတွင်းဂရိတ်မှာလည်း ဒက်ဘုတ်နှင့် ကူရှင် ထိုင်ခုံများကအစ အကောင်းပကတိ၊ အောက်ကြမ်းခင်းမှာလည်း အပေါက်အပြဲမရှိ ရှေ့မီးခွက် နောက်မီးခွက်များ အသစ်အတိုင်း၊ ရဲလ်မှာလည်း မှုမပျက်သေး၊ အတိုက်အခိုက်ကင်းပြီး ပါးခြမ်းအတွင်းပိုင်း ချိတ်လိုင်းကလေးများပင် နဂိုရ်အတိုင်း ရှိနေသေးပါသည်။ အင်ဂျင်မှာ (၉၀)ခုနှစ်မော်ဒယ် ဖြစ်၍ မီးခိုးပင် မလိုက်သေးပါ။

သို့ကလို အဖက်ဖက်က အဆင်ပြေနေသောကြောင့် ပင်စင်စား ကျွန်တော် အားအားယားယားဖြင့် ကိုယ်တိုင်ပင် အငှါးကား မောင်းပါတော့သည်။ မဆိုးပါ၊ ဆီဘိုးနုတ်ပြီး အသားတင် တစ်နေ့ သုံးလေးထောင် လောက်ကျန်ပါသည်။ ကားကောင်းသဖြင့်လည်း ပြင်ဆင်စရိတ်က မရှိသလောက်ပင်၊

ကျွန်တော်တို့ တက္ကစီ ကားသမားများအနေဖြင့် နေ့စဉ်ပင် လူတန်းစားပေါင်းစုံ၊ အလွှာပေါင်းစုံဖြင့် ဆက်ဆံနေရရာ သည်းခံပြီး စိတ်ရှည်ရပါသည်။ နှုတ်ကလည်း ချိုရပါသည်။ ပေါင်းသင်းဆက်ဆံရေးလည်း ကောင်းရပါသည်။ မဟာရန်ကုန်တိုင်းအတွင်း လမ်းကြိုလမ်းကြား မကျန် သိထားရပါသည်။ ထိုသို့မှမသိလျှင်လည်း အချို့ခရီးသည်များက မောက်မာစွာ ဆက်ဆံတတ်ပါသည်။

"အငှါးကားမောင်းပြီး ဒါလေးတောင် မသိဘူးလား"

တဲ့ခင်ဗျာ. . . စားသောက်ဆိုင်များနှင့် တည်းခိုခန်းပါမကျန်တို့ သည်း သိထားရပါသည်။ သို့မှသာ အဆင်ပြေပါသည်။


www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်လည်း လူမှုရေး ဇာတ်လမ်းပေါင်းစုံကို တွေ့သိမြင်ကြား နေရပါသည်။ အတွဲများကားငှါးလျှင်တော့ အတော်စိတ်ညစ်ရတတ်ပါ သည်။ အချို့အတွဲများက ကျွန်တော်တို့ ယာဉ်မောင်းများကို ၎င်းတို့နှင့် အတူ ကားပေါ်တွင် ပါရှိသည်ဟုပင် အောက်မေ့ပုံ မရပါ။ ကဲလွန်းလှပါ သည်။ သို့သော် ကားခမှာတော့ စိုစိုပိုပိုကလေး ရတတ်ပြီး၊ ဘောက်ဆူးများ ပင် အပိုပေးတတ်ပါသေးသည်။

ယနေ့ တနင်္ဂနွေနေ့ ဖြစ်ပါသည်။ အများပြည်သူ အလုပ်နား ရက်ဖြစ်သော်လည်း ကျွန်တော်တို့လို ကားသမားများအနေဖြင့်တော့ အားလပ်ရက်မဟုတ်ဘဲ အကောင်းဆုံး အလုပ်လုပ်ရက် ဖြစ်ပါသည်။ ရုံးပိတ်ရက်ဖြစ်၍ အများသူငါ အပြင်ထွက်ကြရာ ယခုလိုနေ့မျိုးတွင် တက္ကစီ ကားကလေးများမှာ အသွား၊အပြန်ခါလီမဟုတ်ဘဲ၊ လူအပြည့်နှင့် မနားမနေ အလုပ်များတတ်ပါသည်။ ဝင်ငွေမှာလည်း တစ်နေ့တည်း သောင်းဂဏန်းအောက် မလျော့ပါ။

ယနေ့မနက် အင်းစိန်မှ ကြည့်မြင်တိုင်ဈေးသို့ ငွေ(၉၀၀)ကျပ်ဖြင့် တစ်ကြောင်းရသောကြောင့် ပို့ဆောင်ပေးပြီး ကားကလေးအား ဈေး အရှေ့ရှိ ကားရပ်ကွက်လပ်တွင် ပါကင်ထိုး၍ အနီးရှယ်လ္ဘက်ရည်ဆိုင်တွင် မနက်စာ ဗိုက်ဖြည့်နေခိုက် လက်ဆွဲခြင်းတစ်လုံးနှင့် လင်မယားနှစ်ဦး ကားလာငှားပါသည်။ ကားနှင့် ကျွန်တော်မှာ လမ်းမကြီးခြားနေပြီး၊ ဆိုင်အတွင်းစားပွဲတွင် ထိုင်နေသော ကျွန်တော်ထံ တိုက်ရိုက်လာ၍ ကားငှားခြင်းမှာ ထူးဆန်းသလိုတော့ ဖြစ်နေပါသည်။

သာကေတသို့ သွားမည်ဟု ဆိုပါသည်။ ကားငှားရန်စောင့်နေ စဉ် ကျွန်တော်ကားရပ်၍ လ္ဘက်ရည်ဆိုင်အတွင်းသို့ ဝင်သွားသည်ကိုတွေ့၍ လိုက်လာခြင်းဖြစ်ကြောင်း ပြောပါသည်။ (၁၀၀၀)ကျပ်ခန့် ကျမည့်လမ်း အား (၁၅၀၀)ကျပ်တောင်းရာ ဈေးပင်မဆစ်ပါ။ သဘောကျပါသဖြင့် စားသောက်ခြင်းကို အပြီးသတ်ပြီး ငွေရှင်း၍ ထလိုက်လာရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


ဗားကရာ ချောက်ကုန်းတံတားကြီးအနီး၊ မီးပွိုင့်အရောက်တွင် ယောက်ျားလုပ်သူက ဇနီးဖြစ်သူအား စ၍ စကားပြောပါတော့သည်။

"မင်း သနပ်ခါးတုံးတွေက များလှချည်လား၊ ဘယ်လောက်ဖိုးတောင် ဝယ်လာခဲ့သလဲ"

"တစ်တုံး (၅၀၀)ကျပ်နှုန်း သုံးတုံးထဲပါရှင်၊ ဈေးသက်သာပြီး အပွေးလည်းကောင်းတယ်၊ ရှင်မတောင် သနပ်ခါးစစ်စစ်တွေပါရှင်"

"မင်းကွာ၊ အိမ်မှာ မင်းကလေးတစ်ယောက်ဘဲ ရှိတဲ့ဟာကို ဒီလောက်အများကြီး ဘာလုပ်ဖို့တုန်း၊ မလိုအပ်ဘဲ ပိုက်ဆံအတော်ဖြုန်းတာဘဲ။ တစ်ခြားပစ္စည်းတွေ ဝယ်တာနဲ့ မင်းငါပေးထားတဲ့ ပိုက်ဆံငါးထောင် ကုန်ပြီမဟုတ်လား၊ တောက် ငါကွာ မပြောလိုက်ချင်ဘူး"

"တော်ကလည်းရှင်၊ အခုလို နေပူတဲ့ ရာသီမှာ ခလေးရော၊ ကျွန်မပါ လိမ်းရတာပေါ့၊ တစ်ခါတစ်လေမှ ဝယ်တာဘဲဥစ္စာ၊ အိမ်မှာရှိတဲ့ သနပ်ခါးတုံးတွေကလည်း အပွေးမရှိသလောက် ဖြစ်နေပြီ၊ သနပ်ခါးတစ်ခါ လိမ်းဖို့ တစ်နာရီလောက် သွေးနေရတာ အချိန်ကုန်လှပါသရှင်"

မိန်းမလုပ်သူမှာ အညာသူဖြစ်ဟန် တူပါသည်။ အသားညိုညို ပိန်ပိန်နှင့် စကားပြောလျှင် တရှင်ထဲရှင်၍ နေပါတော့သည်။

ယောက်ျားလုပ်သူမှာ အရပ်ထောင်ထောင်မောင်းမောင်း၊ ဗလကောင်းကောင်း၊ အသားညိုညိုဖြစ်ပြီး မိန်းမကို နိုင်ပုံရပါသည်။

"တော့်ပိုက်ဆံ ငါးထောင်ကလည်း သနပ်ခါးတုံးဝယ်တာနဲ့ ကုန်တာ မဟုတ်ပါဘူးရှင်၊ မီးဖိုချောင်သုံး ပစ္စည်းတွေပါ ဝယ်ရလို့ကုန်တာပါ၊ ပိုက်ဆံငါးထောင်ဟာ ရှင်သောက်တဲ့ အရက်တစ်ပိုင်းစာ မရှိပါဘူးရှင်"

"မင်းကွာ .လျှာရှည်လိုက်တာ၊ သနပ်ခါးတုံးပဲ၊ တစ်တုံးဆို လိမ်းပါလေ့၊ အခုတော့ စစ်မှန်းမသိ မစစ်မှန်းမသိ၊ သုံးတုံးတောင်ဝယ်လာတဲ့၊ မစစ်ရင် ဘယ်လိုလုပ်မလဲ၊ မင်းတို့အညာလို အစစ်ရှေ့ချည်း


www.burmeseclassic.com

www.burmeseclassic.com



မမှတ်နဲ့၊ ရန်ကုန်မှာ အတုတွေများတယ်''

"တော်က အနာပေါ်တုတ်ကျတော့ နာပေမပေါ့ရှင်၊ ကျုပ်တို့က အညာသူဖြစ်တော့ သနပ်ခါးတုံးကို စစ်မစစ် ကိုင်ကြည့်ရုံနဲ့ သိပါတယ်ရှင်''

တော်ကွာ၊ မင်း ပြောလေကဲလေ မန်းလေပြလေဘဲ၊ ဒီမိန်းမ တော့ ငါလုပ်လိုက်ရ''

"ဖြန်း ..ဖြန်း .."

ငါလုပ်လိုက်ရဆိုပြီး ဖြန်းဖြန်းဟု အသံနှစ်ချက်ကြားလိုက်ရ၍ လုပ်လိုက်ပြီဟု သိလိုက်ရပါသည်။

မိန်းမလုပ်သူမှာ–

"အောင်မလေးရှင့်''

ဟု အော်၍ ကြူကြူပါအောင် ငိုပါတော့သည်။ အရိုက်ခံရ၍ အော်ငိုတာတောင်မှ 'ရှင့်'ကလေးတော့ ပါ ပါသေးသည်။

ကျွန်တော့်မှာ ကားမောင်းနေရင်း ဝင်၍ ဖျန်ဖြေရပါတော့သည်။

"ကဲ အစ်ကိုကြီးနဲ့ အစ်မကြီးတို့ရယ်၊ တော်ကြပါတော့ဗျာ၊ လမ်းသွားလမ်းလာ မြင်လို့လည်း မကောင်းပါဘူး၊ ကျွန်တော်လည်း ကားမောင်းရတာ အနှောက်အယှက်ဖြစ်ပါတယ်၊ သနပ်ခါးတုံးလည်းဝယ် လာပြီးမှ ပြောမနေပါနဲ့တော့ အစ်ကိုကြီးရယ်''

"မဟုတ်သေးဘူး ကားဆရာရဲ့၊ ကျွန်တော်က လှိုက်ရည်ဆိုင်မှာ ထိုင်စောင့်နေတုန်း၊ ဒီမိန်းမ ဝယ်ချင်တာတွေ ဝယ်လာတာ၊ ဒီမှာ ရှိမှန်းမသိ၊ မရှိမှန်းမသိ၊ နင်တော့ အိမ်ကျမှ တွေ့ဦးမယ်''

"ကားဆရာ အစ်ကိုကြီးရယ်၊ ကျွန်မဟာ မိန်းမသားဖြစ်ပေမဲ့ တစ်ခြားမိန်းမတွေလို မိတ်ကပ်တွေဘာတွေ လူးတာတ်တာ မဟုတ်ပါဘူး ရှင်၊ သနပ်ခါးတစ်မျိုးထဲဘဲ သုံးတတ်တာပါ၊ တစ်ခါဝယ်ထားရင်လည်း လေးငါးလကြာအောင် သုံးတာပါရှင်၊ ရှင်မတောင်သနပ်ခါးစစ်လွန်းလို့ သုံးထုံးဝယ်လိုက်မိတာပါ၊ ဈေးကလည်းသက်သာပါသရှင်၊ မယုံရင် အကို



www.burmeseclassic.com

www.burmeseclassic.com


ကြီးနမ်းကြည့်ပါရှင်''

ဟု ဆိုကာ တရုံ့ရုံ့ငိုရင်း ဆွဲခြင်းထဲတွင် ပလတ်စတစ်အိပ်နှင့် ထုပ်ထားသော သနပ်ခါးတုံးများအနက်မှ တစ်တုံးကိုယူ၍ ကျွန်တော့်အား ကမ်းပေးပါသည်။

''ကျွန်တော်က အညာသားမဟုတ်တော့၊ ရှင်မတောင် သနပ်ခါး စစ်မစစ်တော့ မသိဘူးဗျာ၊ နမ်းကြည့်ရင်တော့ သနပ်ခါးနံ့မွှေးမှာပေါ့''

''မွှေးကြည့်ပါ အစ်ကိုကြီးရယ် မြန်မာတွေဘဲ သနပ်ခါးတုံးကိုတော့ အနည်းနဲ့အများ ခွဲခြားသိတတ်မှာပါရှင်''

သို့နှင့် ကျွန်တော်လည်း ၎င်း ကမ်းပေးလာသော သနပ်ခါးတုံးအား ယူလိုက်ပြီး၊ တစ်အားကြုံး၍ မွှေးလိုက်မိပါသည်။ သနပ်ခါးနံ့နှင့်အတူ အနံ့စူးစူးတစ်မျိုးအား ခံစားလိုက်မိပြီး ခေါင်းထဲတွင် မိုက်ခနဲဖြစ်ခါ မျက်စေ့အမြင် ဝေဝါးလာပြီး ကားရှေ့မြင်ကွင်းမှာ နီးလာလိုက်ဝေးသွားလိုက်နှင့် မူးနောက်ရီဝေလာပြီး သတိလွတ်မတတ် ဖြစ်၍သွားပါတော့သည်။

အညာမိပြီဟု သိရှိလိုက်၏။ စိတ်ကိုတင်းထားရင်း ရှေ့တူရူမှ ပြေးဝင်လာသော ဘဲဥလိုလို ဖြူဖြူလုံးလုံး အရာနှစ်ခုအား တွေ့လိုက်ရသဖြင့် နောက်ဆုံးခွန်အားကိုသုံးခါ ဘရိတ်အား ဒတ်စတော့ အုပ်လိုက်ရပါတော့သည်။

''ဒုန်း..ကျွီ..အီ..အီ''

ဟူသော အသံထွက်ရာမှ ကားမှာ လမ်းဘေးသို့ ထိုးရပ်သွားပြီး၊ ကျွန်တော်လည်း လောကကြီးနှင့် အဆက်ပြတ်၍ သတိမေ့မြောသွားပါတော့သည်။

အချိန်ဘယ်လောက်ကြာကြာ သတိမေ့မြောသွားသည်တော့ မသိပါ။ ကျွန်တော် သတိရလာသောအခါတွင် ယာဉ်ထိန်းရဲကြီးနှစ်ဦးနှင့် လမ်းသွားလမ်းလာများ ကျွန်တော့်ဘေးတွင် ဝိုင်းအုံနေပြီး သတိရစေရန်


www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဝန်းပြုစုနေကြကြောင်း သိရှိလိုက်ရပါသည်။ မြန်မာ့စိတ်ရင်း ကူညီခြင်းဆိုသလိုပင် လမ်းသွားလမ်းလာများအနေဖြင့် မည်သို့မျှမဆိုင်ဘဲနှင့် သွားလာရင်း အမြင်မတော်သဖြင့် ဝိုင်းဝန်းပြုစုကြခြင်း ဖြစ်ပါသည်။ ကျွန်တော် သတိရလျှင်ရခြင်း ထ၍ထိုင်ပြီး ဝိုင်းဝန်းကြည့်ရှုနေသော ပရိတ်သတ်အား ပြုံးတုံးကြောင်တောင် ကြည့်မိပါတော့သည်။ အမြင်အာရုံ ကြည်လင်လာသော်လည်း ခေါင်းထဲက တစစ်စစ် ကိုက်ခဲ၍ နေပါတော့သည်။

"ကျွန်တော် ဘာဖြစ်သွားတာလဲ ခင်ဗျာ. . ကျွန်တော့်ကားရော"

"ဟော. . မိတ်ဆွေကြီး သတိရလာပြီလား ခင်ဗျားကား ရှိပါတယ်။ ဘာမှမဖြစ်ပါဘူး။ ကျွန်တော်တို့ သိမ်းထားပါတယ် ခင်ဗျားကား မောင်းလာတုန်းက ကားခေါင်းက ဟိုယိမ်း သည်ယိမ်း ဖြစ်နေလို့ ကိုယ်တို့မိတ်ဆွေကြီး မှန်လာတယ်ထင်ပြီး ကျွန်တော်တို့ တားတာပါ။ ကံကောင်းလို့ ကျွန်တော်တို့ကိုတောင် တိုက်မိတော့မလို့။ ခင်ဗျား သတိတော့ အတော်ကောင်းတာပဲ။ ဒက်စ်တော့အုပ်ပြီး လမ်းဘေးထိုးရပ်လိုက်တယ်။ ပြီးတော့ ကားလက်ကိုင်ဘီးပေါ်မှာ မှောက်သွားတော့တာပဲ"

"ကျေးဇူးတင်လိုက်တာ ဆရာတို့ရာ၊ ဒါနဲ့ ကျွန်တော့်ကားပေါ်မှာပါတဲ့ ခရီးသည် လင်မယားရောဗျာ"

"အဲ. . အဲဒါပြောမလို့ဘဲ ခင်ဗျားကားလည်း ရပ်ရော၊ ကားရှေ့ဒက်ရှ်ဘုတ်ပေါ်တင်ထားတဲ့ ခင်ဗျားပိုက်ဆံအိတ်ကို ယူပြေးတာမြင်လို့ ကျွန်တော်တို့ ဝိုင်းဖမ်းထားလိုက်တယ်။ အမှန်က မှင်သေသေနဲ့ ကားပေါ်ကဆင်းလာရင်လည်း ခင်ဗျား အမူးလွန်သွားတာလို့ ကျွန်တော်တို့ထင်ပြီး သူတို့လင်မယားကို လွှတ်လိုက်မှာပါ။ အခုတော့ ကြောင်ရှေ့ရောက်လာတဲ့ ကြွက်တွေလို သူကို့ အမူအရာပျက်နေတာနဲ့ ဆက်စစ်တော့မှ သနပ်ခါးတုံး ဇာတ်လမ်းပေါ်တော့တာကိုးဗျ"

"ဟဲ. . ဟဲ. . ကိုယ်တို့မိတ်ဆွေကြီး မှန်လာတာ မဟုတ်ဘဲ မမှန်



www.burmeseclassic.com

www.burmeseclassic.com


သာတာကိုးဗျ. . ဟဲ. . ဟဲ. . ဟဲ''

ယာဉ်ထိန်းရဲကြီးများနှင့် ကျွန်တော့်အား ဝိုင်းဝန်းပြုစုနေသူများအားလုံး ယခုမှ အကြောင်းစုံသိရသဖြင့် ရယ်မောကြပါတော့သည်။ ကျွန်တော့်ထံသို့လည်း အပျော်များ ကူးဆက်လာပြီး လိုက်လှဲစွာ ပြုံးမိပါတော့သည်။ ခေါင်းကိုက်လည်း ပျောက်သွားပြီး ယာဉ်ထိန်းရဲကြီးများအား ကျေးဇူးတင်လွန်းသဖြင့် လက်နှစ်ဖက်အား စုံကိုင်ကာ ရိုးသားဖြူစင်စွာ အားပါးတရ လက်ဆွဲနှုတ်ဆက်လိုက်မိပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း
လှိုင်သာယာ(ရှမ်း/ကြယ်)မင်္ဂလာ (?) — ?

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## တောင်ကြီးထောင်မှ တောက်ခေါက်သံ

ဌာနဆိုင်ရာ စုံးစမ်းစစ်ဆေးရေးအဖွဲ့ဝင်များဖြစ်ကြသော ကျွန်တော်တို့သည် တောင်ကြီးနှင့် မန္တလေးမြို့များသို့ အမှုစစ်ဆေးရန် မီးရထားကြီးဖြင့် ထွက်ခဲ့ကြပါသည်။ အဖွဲ့ခေါင်းဆောင်မှာ ထောင်ပိုင် အဆင့် တစ်ဦးသာဖြစ်ပြီး၊ အဖွဲ့ဝင်များအဖြစ် ကျွန်တော်နှင့် ဒုတိယ ထောင်ပိုင် ဦးဘုန်းမော်တို့ ဖြစ်ကြပါသည်။

ပထမဦးစွာ. တောင်ကြီးမြို့နယ်၊ ထီးခန်း၊ ဘန်ကန်းစခန်းသို့ ဦးတည်ပါသည်။ ထိုစခန်းတွင် တာဝန်ထမ်းဆောင်နေသော ထောင်မှူး ဦးအေးလွင်ဆိုသော အရာရှိတစ်ဦးမှာ (၇)ရက်ဈေးနေ့တစ်ရက်တွင် ရဲ ဘက်သုံးဦးနှင့်အတူ ဈေးသွားဝယ်ရာမှ အရက်မူးလွန်၍ ဈေးလွန်ကျန် ခဲ့ပြီး ရဲဘက်များပြန်လာ၍ စခန်းတာဝန်ခံအား တိုင်ကြားသောအမှု ဖြစ်ပါသည်။ စခန်းမှ အရာရှိများ လိုက်ရှာရာ အရက်ဆိုင်တစ်ဆိုင်တွင် မူးယစ်ရမ်းကားနေသဖြင့် စခန်းသို့ ပြန်ခေါ်လာပြီး ရာထူးချထားသော အမှု ဖြစ်ပါသည်။

မည်သည့်အဆင့် ဝန်ထမ်းမဆို တာဝန်ချိန်အတွင်း အရက် သေစာ မူးယစ်သောက်စား ရမ်းကားခြင်းအတွက် အကျဉ်းထောင်ဥပဒေ



www.burmeseclassic.com

www.burmeseclassic.com

အပိုဒ် ၅၄ (၁)အရ အပြစ်ရှိသဖြင့် ထိုအရာရှိအား (၆)လ ရာထူးချထားလိုက်ပါသည်။ (၆)လပြည့်၍ ထိုအရာရှိအား ရာထူးပြန်ပေးရန် အကြောင်းထားသော်လည်း မန္တလေးထောင်စုည္ထန်ကြားရေးမှူးရုံးမှ ထီးခန်းဘန်ကန်းစခန်းသို့ ဆက်လက်အကြောင်းကြားခြင်း မရှိသဖြင့် ရာထူးချထားခြင်းခံရသော ထောင်မှူးဦးအေးလွင်မှ ရုံးချုပ်သို့ တိုင်ကြားသောအမှု ဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့သည် ထီးခန်းဘန်ကန်းစခန်း၌ (၃)ရက်ခန့်နေထိုင်၍ ဦးအေးလွင်အမှုမှ သက်သေများ၊ အရာရှိများ၊ ရုံးအဖွဲ့ဝင်များအား စစ်ဆေးပြီးနောက် နောက်တစ်မှုဖြစ်သော ကော်ဖီစိုက်ပျိုးပင်များ လျှာထားချက် မပြည့်မီဘဲ လျော့နည်းနေသောအမှုအား ထပ်မံစစ်ဆေးရပြန်ပါသည်။ ထီးခန်းနှင့် ဘန်ကန်းစခန်းမှာ စခန်းနှစ်ခု ပေါင်းထားခြင်းဖြစ်ပြီး ကျယ်ပြန့်သော လွင်ပြင်ကြီးဖြစ်ပါသည်။ မြေမှာ ထုံးကျောက်မြေဖြစ်ပြီး နွေအခါတွင် ရေရှားသောဒေသ ဖြစ်ပါသည်။ ကော်ဖီပင်များမှာ စခန်းအနီးပတ်ဝန်းကျင်၌သာ ဖြစ်ထွန်းပြီး စခန်းနှင့် ဝေးသောနေရာများတွင် ကျီးတိုးကျဲတဲဖြင့် ဖြစ်ထွန်းမှုမရှိပါ။ ဒေသခံတောင်သူများ စိုက်ပျိုးကြသော သနပ်ပင်များနှင့် ကြံပင်များမှာ လွန်စွာ ဖြစ်ထွန်းပါသည်။

ကျွန်တော်တို့ ရောက်ရှိသော အချိန်မှာ မိုးတွင်းကာလဖြစ်၍ ချောင်း၊ မြောင်း၊ အင်းအိုင်များတွင် ရေဖွေးနေပါသည်။ ထုံးကျောက်မြေဖြစ်၍ ရေမှာ ထုံးရောင်ဖြူဖွေးနေပါသည်။ သောက်သုံးရန် မသင့်တော်သဖြင့် စခန်းအတွက် သောက်သုံးရန် ရေအား အဝေးတစ်နေရာမှ ထွန်စက်နောက်တွဲယာဉ်ကြီးဖြင့် နေ့စဉ် သွားရောက်ခပ်ယူရပါသည်။

အမှုများအား စခန်း၌ပင် လက်နှိပ်စက်ရိုက်၍ သက်ဆိုင်သူများအား လက်မှတ်ရေးထိုးစေပြီးနောက် ယူဆောင်ခဲ့ကြပါသည်။ ဆုံးသပ်ချက်များကိုတော့ ထုံးစံအတိုင်း ရုံးချုပ်ဇရာက်မှ ဥပဒေနှင့်အညီ အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com


ခင်များ တိုင်ပင်ဆုံးဖြတ်ပြီး အထက်သို့ တင်ပြရမည်ဖြစ်ပါသည်။

အပြန်တွင် တောင်ကြီးထောင်စခန်းသို့ ဝင်ကြပါသည်။ ထိုအချိန်က တောင်ကြီးထောင်စခန်းမှာ ကြံစိုက်ပျိုးသော စခန်းကြီးတစ်ခုသာဖြစ်ပြီး တောင်ကြီးထောင်ဆောက်လုပ်ရန် စီစဉ်ဆဲကာလ ဖြစ်ပါသည်။ တောင်ကြီးမြို့အထွက်တွင် တည်ရှိပါသည်။ စခန်းတာဝန်ခံမှာ ဒုတိယထောင်ပိုင် ဦးကျော်သွင် ဖြစ်ပါသည်။

တောင်ကြီးထောင်စခန်းတွင် ရဲဘက်ရိက္ခာ လျှော့နည်းမှုနှင့် အကျဉ်းသားကိစ္စများအတွက် တိုင်တန်းချက်ရှိသဖြင့် ကျွန်တော်တို့အဖွဲ့မှာ အထက်က ညွှန်ကြားချက်အတိုင်း ဝင်ရောက်စစ်ဆေးရန် ဖြစ်ပါသည်။

တောင်ကြီးထောင်စခန်းမှာ ဆူးကြိုးစခန်းဖြစ်ပြီး အကျဉ်းသားအိပ်ဆောင်များနှင့် ဝန်ထမ်းအိမ်ယာများ ဧည့်ဂေဟာတို့ကိုတော့ သစ်သားခင်း၊ သစ်သားကာပြီး သွပ်မိုးထားပါသည်။ ထီးခန်းဘာန်ကန်း စခန်းမှာ ဓနိမိုးထရံကာတဲအဆင့်သာ ရှိပါသည်။

ထောင်ပိုင်အိမ်နှင့် ဧည့်ဂေဟာမှာ ကပ်လျက်ရှိပြီး ဧည့်ဂေဟာမှာ ယာယီအဆောက်အဦးဖြစ်ဟန်ရှိပြီး ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးထားသော(**Hall**) ခန်းကြီး ဖြစ်ပါသည်။ ပေ(၂၀)ပတ်လည်ခန့်သာ ကျယ်ဝန်းပါသည်။

ရေချိုးခန်း၊ မီးဖိုချောင်နှင့် အိမ်သာတို့ကိုတော့ အုတ်နှင့်ဆောက်လုပ်ထားပါသည်။ ခုတင်များလည်း မရှိသဖြင့် ကြမ်းပြင်ပေါ်၌သာ ဖျာခင်း၍ အိပ်ကြရမည်ဖြစ်ပါသည်။

မိုးကာလဖြစ်သော်လည်း တောင်ကြီးမြို့မှာ အေးချမ်းလှပါသည်။ ညနေစောင်းသည်နှင့် တောင်ကြီးထောင်စခန်းမှ ဒေသခံအရက်မျိုးစုံဖြင့် ဧည့်ခံရန် ဧည့်ဂေဟာဘုရားစင်ရှေ့တွင် ပြင်ဆင်ပါတော့သည်။

ကျွန်တော်မှ ဧည့်ဂေဟာတာဝန်ခံဝန်ထမ်းအား–

''မောင်ကျော်ဝင်းရေ ဘုရားစင်ရှေ့မှာ မကောင်းပါဘူးကွာ၊


www.burmeseclassic.com

www.burmeseclassic.com


မနေရာရွှေ့ရအောင်ပါ''

''ဆရာရေ ညှော်ဂေဟာက ယာယီဆောက်လုပ်ထားတာဆိုတော့ ဒီနေရာမှာပဲ စားသောက်ကြတာ ထုံးစံဖြစ်နေပါပြီ''

''အေးကွာ အရင်က ညှော်သည်တွေတော့ ဟုတ်ပါလိမ့်မယ်၊ ငါကတော့ ဘုရားစင်ရှေ့မှာ မသောက်ချင်ဘူးကွာ၊ သိသာသိစေ မမြင်စေနဲ့ဆိုသလို ဟိုဘက်ခပ်လှမ်းလှမ်းမှာပဲ သောက်ကြရအောင်ကွာ''

''ဟုတ်ကဲ့ ဆရာ ဘယ်နားဝိုင်းရွှေ့မလဲ''

''ဟိုနားကွာ အလယ်ခန်း၊ အနောက်ဘက်နေရာလေး''

''ဆရာ အဲဒီနေရာ မကောင်းဘူးထင်တယ်''

''ဟ ဘာဖြစ်လို့လဲ အဲဒီနေရာပဲ လွတ်တာ၊ နောက်ခန်းကလည်း အိမ်သာရေချိုးခန်းအတက်အဆင်းကြီး၊ ခေါင်းရင်းခန်းမှာလည်း အိပ်ရာတွေခင်းထားလို့ နေရာလွတ်မှမရှိတာ မင်းအမြင်ပဲလေ''

''ဆရာ ပရလောကအကြောင်း ယုံလား''

''ယုံတာမယုံတာနဲ့ ဆိုင်လို့လား''

''ကဲ ဆရာရေ ဒါဆိုရင် ဆိုင်ဆိုင်မဆိုင်ဆိုင် ကိုက်ချွန်လုပ်လိုက်ရအောင်''

''အေး လုပ်ကွာ အဲဒီမှာပဲ ထိုင်ကြရအောင်၊ ကဲ ဝိုင်းရွှေ့မယ်''

သို့နှင့် ကျွန်တော် ညွှန်ပြသော နေရာကလေးသို့ပ ဝိုင်းရွှေ့ကြပြီး စားသောက်ကြပါတော့သည်။

စားသောက်နေကြချိန်တွင် ကျွန်တော်မှ မောင်ကျော်ဝင်းရေ သည်နေရာက ဘာဖြစ်လို့လဲကွ ပြောစမ်းပါဦး''

''အန္တရာယ်တော့ မရှိပါဘူး၊ ဒါပေမယ့် ညကျရင်တော့ ဆရာ့ကို ပညာပေးလိမ့်မယ်''

''အေး ကောင်းပါတယ်ကွာ၊ ငါလည်း ထောင်လုပ်သက် (၁၀)နှစ်ကျော်လာပါပြီ၊ တစ်ခါမှ မတွေ့ကြုံဘူးလို့ ကြုံချင်ပါရဲ့ကွာ''


www.burmeseclassic.com

www.burmeseclassic.com


"အောက်မှာ တောင်ပို့ကြီးတစ်ခု ရှိတယ် ဆရာ၊ ဒီအပေါ်မှာ ညအိပ်တာတို့၊ အရက်သောက်တာတို့ကို မကြိုက်ဘူး ဆရာ"

"ဘယ်သူက မကြိုက်တာလဲကွ"

"အဲဒါတော့ မသိဘူး ဆရာ၊ တောင်ပို့ကြီးက မကြိုက်တာလို့ပဲ ပြောရတော့မှာပေါ့"

မြန်မာပြည်တောအနံ့ တောင်အနံ့ ပတ်လာသူဖြစ်သဖြင့် ပရလောကမှ ခြောက်လှန့်ခြင်းများကို မယုံကြည်ခဲ့ပါ။ ထို့ကြောင့် တောင်ကြီးမြို့၏ အအေးဓာတ်ကြောင့် စောစီးစွာ အိပ်ရာဝင်ခဲ့ပါသည်။ လျှပ်စစ်မီးလည်း မရှိသဖြင့် အင်ဂျင်မီးပိတ်သည်နှင့် တချိုးတည်း အိပ်ရာဝင်ပြီး အိပ်ပျော်သွားပါတော့သည်။

အိပ်ပျော်နေစဉ်၌ပင် အသံတစ်ခုကြောင့် ကျွန်တော် အိပ်ပျော်နေရာမှ လန့်နိုးလာပါသည်။ သေချာစွာ နားထောင်ကြည့်ရာ မကျေမနပ်ဖြင့် ကျယ်လောင်စွာ တောက်ခေါက်နေသံဖြစ်ပါသည်။ တန်းစီ၍ အိပ်ပျော်နေကြသူများမှ အိပ်မက်ထဲတွင် ယောင်၍ တောက်ခေါက်နေသည်ထင်သဖြင့် ခြင်ထောင်များအတွင်းသို့ လက်နှိပ်ဓာတ်မီးဖြင့် တစ်ဦးချင်း လိုက်လံကြည့်ရှုရာ၌လည်း ဟောက်သံကလွဲလို့ ထူးခြားချက် မရှိပါ။ သို့နှင့် အသေအချာ နားစွင့်ကြည့်ရာ ညဦးပိုင်းက ကျွန်တော်တို့ အရက်ဝိုင်းဖွဲ့၍ စားသောက်သောနေရာ ကြမ်းပြင်အောက်မှလာသော အသံဖြစ်ကြောင်း သိရပါတော့သည်။

ကျွန်တော် အိမ်အောက်သို့ ဆင်းပြီး ဓာတ်မီးနှင့်ထိုးကြည့်ရာ တောင်ပို့ကြီးကိုသာ တွေ့ရပြီး၊ အသံပျောက်သွားပါသည်။ တောက်ခေါက်သံမှာ ကျွန်တော့်အနောက်ဘက် ရေချိုးခန်းအတွင်း ရောက်ရှိသွားပြီး ပြင်းထန်စွာ တောက်ခေါက်နေပြန်ပါသည်။ ရေချိုးခန်းတံခါးအား ခြေထောက်နှင့် ဆောင့်ကန်ဖွင့်ပြီး မီးထိုးကြည့်ရာ ဘာမှမတွေ့ရဘဲ၊ အသံမှာ ဘေးချင်းကပ် အိမ်သာခန်းထဲသို့ ရောက်ရှိသွားပြန်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com


"တောက်"

ဤတစ်ခါ တောက်ခေါက်သံမှာ ကျွန်တော့်ထံမှ ဖြစ်ပါသည်။ ကျွန်တော်လည်း အတော်ဒေါပွနေပါသည်။ အရက်ကလေးဝင်ထားသဖြင့် သွေးကြွကာ သတ္တိလည်း ကောင်းနေပါသည်။

ထို့ကြောင့် 'ဟေ့ မှောင်ထဲက တောက်ခေါက်မနေနဲ့ကွ၊ သတ္တိရှိရင်ထွက်ခဲ့' ဟု ဆိုပြီး အိမ်သာတံခါးအား ဝုန်းခနဲနေအောင် ခြေနှင့်ကန်၍ ဖွင့်လိုက်ပြန်ပါသည်။ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ရာ ဘာမှ ထူးခြားချက် မတွေ့ရပါ။ သို့နှင့် အိမ်သာထဲဝင်၍ အပေါ့အပါး သွားပြီးနောက်–

"မင်းနေရာအပေါ်မှာ တမင်သက်သက် ထိုင်နေတာ မဟုတ်ဘူးကွ၊ ဘုရားခန်းမှာ အရက်သောက်ရတာ မတင့်တယ်လွန်းလို့ကွ၊ ငါတို့ ဗုဒ္ဓဘာသာဝင်တွေပဲ၊ ဗုဒ္ဓဘုရားကလွဲလို့ ငါတို့ ဘာမှမကိုးကွယ်ဘူး။ မကြောက်လန့်ဘူး။ သိပြီလားဟေ့"

ဟု တစ်ဦးတည်း အရူးလိုအော်ပြောမိပါသည်။ နားလည်ဟန်တူပါသည်။ တောက်ခေါက်သံ မကြားရတော့ပါ။ ကျွန်တော်လည်း ဘုရားဝတ်ပြု အမျှအတန်းဝေ၍ အိပ်ရာဝင်ခဲ့ရာ တချိုးတည်း အိပ်ပျော်သွားပါတော့သည်။

ထောင်မှူးကြီးသိန်းဝင်း
သည်းထိတ်ရင်ဖို၊ ၄မလ၊ ၂၀၀၆

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## သေဆုံးပြီး တစ်နှစ်ကျော်ကြာမှ အသုဘချရသူ

၁၉၆၈ ခုနှစ် ကျွန်တော်တို့ (၁၀)တန်းဖြေပြီးစ ကျောင်းသား (၂၀၀) လူငယ်ရေးရာဌာနမှ စီစဉ်ပေးမှုဖြင့် ရေဦး–ကလေးဝလမ်း ဖောက်လုပ်ရေးစခန်းသို့ လုပ်အားပေးရန် ထွက်ခဲ့ကြပါသည်။

ရန်ကုန်ဘူတာကြီးမှ အထူးရထားဖြင့် ထွက်ခဲ့ကြပြီး ရေဦးမှ တစ်ဆင့် (ဆ.လ.က) ကားပက်လက်ကြီး (၄)စီးဖြင့် တာဝန်ကျရာ မဟာမြိုင် တောကြီးအတွင်းရှိ 'ချောင်းဆုံ'ဟူသော စခန်းသို့ ထွက်ခဲ့ကြ ခြင်းဖြစ်ပါသည်။ ကားအစီ အစဉ်နောက်ကျသဖြင့် လမ်းတွင် မိုးချုပ်ပါ တော့သည်။

လူငယ်ကျောင်း သား၊ မြို့သားများဖြစ်သဖြင့် တောတောင် အတွေ့ အကြုံ အသစ်အဆန်းဖြစ်ကာ ပျော်ရွှင်မြူးထူးစွာဖြင့် လမ်းတစ်လျှောက်လုံး သီးချင်းများ သီဆို၍ လာကြပါသည်။ လမ်းမှာ ဖောက်လုပ်ပြီးစ မြေလမ်းဖြစ် သဖြင့် အတော် ကြမ်းတမ်းပါသည်။

နွေရာသီ၊ မတ်လအတွင်း ဖြစ်သော်လည်း တောတွင်းခရီးဖြစ်၍ စိမ့်ပြီးအေးလာပါသည်။ ကားပက်လက်များဖြစ်၍လည်း အေးတိုးလှပါ သည်။ တောထဲရှိ မြေဝပ်ငှက်များမှာ ကားမီးရောင်အား စိမ်းနေဟန်



www.burmeseclassic.com

www.burmeseclassic.com


ဘုပါသည်။ ဝင်ဝင်၍ လာရာမှ ကားရှေ့လေကာဒမှန်နှင့် တိုက်မိပြီး ပြုတ်ကျရာ ကားဆရာများ မကြာခဏ ဆင်းဆင်းကောက်နေရပါသည်။ ထို့အပြင် ထူးဆန်းသည်မှာ လူသံသူသံ ဆူညံနေသည့်ကြားမှ တောယုန် တစ်အုပ်သည် ကားတန်းကြီးနှင့် ယှဉ်၍ ပြေးလိုက်နေရာမှ ကားဘီး အောက် ဝင်ဝင်လာသဖြင့် ကားနင်းမိပြီး ကားဆရာများ ဆင်းဆင်း ကောက်ကြပြန်ပါသည်။

ကားလမ်းတစ်လျှောက်လုံး မွှေးကြိုင်သင်းပျံ့ လှသဖြင့် ကြည့်ရှုရာ ကားမီးရောင်အောက်တွင် ဝါဝါအပွင့်ခိုင်များ တစ်ပင်လုံး ဖူးပွင့်နေကြသည့် အင်ကြင်းတောကြီးဖြစ်ကြောင်း တွေ့ရှိ ရပါတော့သည်။

ည (၉)နာရီကျော်မှ မီးများထိန်လင်းနေသည့် 'ချောင်းဆုံ'ဟူသော စခန်းကြီးသို့ ရောက်ရှိသွားပါသည်။ မြန်မာတစ်ပြည်လုံးမှ ကျောင်းသား (၂၀၀)ဦး ဖြစ်သဖြင့် နေရန် ဘားတိုက်ကြီးလေးလုံး ဆောက်ထားရာ တစ်လုံးလျှင် လူ(၅၀)နှုန်းဖြင့် တပ်ခွဲလေးခွဲ ခွဲထားပါသည်။ ကျွန်တော်တာဝန်ကျသည်မှာ တပ်ခွဲ(၂)ဖြစ်ပါသည်။ တန်းစီ လူစစ်ဆေးပြီးနောက် ငှက်ဖျားကာကွယ်ဆေး (၂)လုံးစီ တိုက်ပါသည်။

ယူနီဖောင်း အပြာရောင်များလည်း နှစ်စုံစီ ထုတ်ပေးပါသည်။ ညဥ့်(၁၀)နာရီခန့်တွင် ညစာစားရပါသည်။ စားသောက်ရုံတဲကြီးအတွင်း စားပွဲအရှည်ကြီးများ ရိုက်ထားရာ စနစ်တကျ စားသောက်နိုင်ပါသည်။ ဟင်းမှာ ဆိတ်သားဆီပြန်ဟင်းနှင့် စင်ပြွမ်းသီး ချဉ်ရည်ဟင်း ဖြစ်ပါသည်။ ဆာလွန်း၍ လည်းကောင်း၊ ခရီးပန်းလာသောကြောင့် လည်းကောင်း ခေါင်းမဖော်တမ်း စားသောက်ကြပါတော့သည်။ နေရာစိမ်းဖြစ်သော်လည်း ဗိုက်ဝပြီး ခရီးပမ်းလာသောကြောင့် အိပ်ရာဝင်သည်နှင့် အိပ်ပျော်ပါတော့သည်။

မနက်(၅)နာရီ ထ၊ ဘုရားဝတ်ပြု၊ ယူနီဖောင်းအပြာများ ဝတ်ပြီးနောက် မနက်စာ ထမင်းကြော်နှင့် လက်ဖက်ရည် တိုက်ကျွေးပါ


www.burmeseclassic.com

www.burmeseclassic.com

သည်။ မနက် (၆)နာရီတွင် ဝီစီမှုတ်၍ တန်းစီပြီး လူစစ်ဆေးပါသည်။ အလုပ်တာဝန်ခွဲဝေရာ ကျွန်တော်တို့တပ်ခွဲ(၂)က တောခုတ်တာဝန်ကျပြီး၊ တပ်ခွဲ(၁)က တောင်ဖြိုအဖွဲ့၊ တပ်ခွဲ(၃)က မြေသယ်အဖွဲ့၊ တပ်ခွဲ(၄)က မြေတူးအဖွဲ့ တာဝန်ကျပါသည်။

လမ်းအင်ဂျင်နီယာများက လုပ်ငန်းအကြောင်း ရှင်းပြပြီး တပ်ခွဲတိုင်းအတွက် လုပ်ငန်းလုပ်ကိုင်နိုင်ရန် ပညာရှင်များအဖွဲ့က ဦးဆောင်၍ သရုပ်ပြပါသည်။ မဟာမြိုင်လမ်းကြီးမှာ ရေဦးမှ ကလေးဝသို့ ဖောက်လုပ်မည့် လမ်းမကြီးဖြစ်ပါသည်။

ယခုအခြေအနေမှာ ရေဦးမှ ကျွန်တော်တို့စခန်းချသည့် ချောင်းဆုံစခန်းအထိသာ မြေလမ်းကျယ် ဖောက်လုပ်နိုင်ပြီး စခန်းမှ ချင်းတွင်းမြစ် သည်ဘက်ကမ်း'ကိုင်းရွာ' အထိ လမ်းအူချောင်းသာ ဖောက်လုပ်ပြီးစီးပါသေးသည်။ ကလေးဝမြို့က ချင်းတွင်းမြစ်တစ်ဖက်ကမ်းတွင် ရှိပါသည်။

ကျွန်တော်တို့ တာဝန်ကျသည့် တပ်ခွဲ (၂)မှာ စခန်းအရှေ့(၁)မိုင်ခန့် ရှိနေရာမှ လမ်းမလွတ်သည့် သစ်ပင်များအား ခုတ်လှဲ ဖြတ်တောက်ရခြင်းဖြစ်ပြီး ဗွေဆော်ဦးဖြစ်၍ လုပ်ငန်းမကျွမ်းကျင်သေးသဖြင့် ကျွမ်းကျင်ဝန်ထမ်းများက သစ်ပင်လှဲပုံ၊ ဖြတ်တောက်ပုံ၊ သယ်ယူစုပုံနည်းများအား လက်တွေ့သင်ပြပါသည်။

သစ်ပင်ငယ်၊ သစ်ပင်ကြီးများအား တစ်ပင်ပြီးတစ်ပင် ခုတ်လှဲပြရာ ကျွန်တော်တို့အဖွဲ့က ထိုင်ကြည့်နေရုံသာ ဖြစ်ပါသည်။ သစ်မာပင်များဖြစ်၍ အတော်မာကျောပါသည်။ သစ်ပင်များပေါ်၌လည်း ဖယောင်းပန်း၊ လက်တံတို၊ လက်တံရှည်၊ ရွှေတူ၊ ငွေတူသစ်ခွများ၊ ရတနာရွှေခွက် သစ်ခွနှင့် တုတ်ချောင်း သဏ္ဍာန်အပင်မှ ခရမ်းရောင်ပန်းများ အဆုပ်လိုက်ပွင့်သော ငှက်ကြီးသစ်ခွများ စသဖြင့် သစ်ခွမျိုးစုံအားလည်း နားလည်သူ ဝန်ထမ်းများက ရှင်းလင်းပြပါသည်။ ပျော်စရာ အလွန်ကောင်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com


ဒန်ထမ်းများမှာ ကျွမ်းကျင်သူများ ဖြစ်သဖြင့် လွှဖြင့် သစ်ပင်ဖြတ်ရာတွင် လဲလိုသည့်ဘက်အား လဲစေရန် လွှရာပေးခြင်းပညာကိုလည်း သင်ပေးပါသည်။

နေ့လယ် (၁၁)နာရီတွင် လုပ်ငန်းနား၍ ချောင်းဆုံစခန်းသို့ တန်းစီပြီး ပြန်ခဲ့ကြပါသည်။ ယနေ့ နေ့လယ်စာ ချေးသားဟင်း ဖြစ်ပါသည်။ တောကောင်သားများ စားရ၍ တာဝန်ခံဆရာများအား မေးကြည့်ရာ မဟာမြိုင်တောကြီးဖြစ်၍ တောကောင်ပေါကြောင်း။ ဆတ်များ အဓိက ပေါများပြီး ယုန်များလည်း မကြာခဏ ရတတ်ကြောင်း၊ တောဝက်သားလည်း စားရမည်ဖြစ်ကြောင်း၊ စခန်း ရိက္ခာစိုရှာရန်အတွက် မုဆိုးအဖွဲ့ဖွဲ့ထားကြောင်း၊ နေ့စဉ် ကျောင်းသားများအတွက် လောက်ငအောင် ရှာဖွေကျွေးမွေးနိုင်ကြောင်း၊ ရှားပါးသည်မှာ ငါး ဖြစ်ကြောင်း ရှင်းလင်းပြပါသည်။

ဒုတိယနေ့တွင် ကျွန်တော်တို့ ကျောင်းသားများအား သစ်ပင်ငယ်များကို ကိုယ်တိုင် လက်တွေ့ခုတ်စေပါသည်။ အမှားမှားအယွင်းယွင်း ဖြစ်သော်လည်း အန္တရာယ်မရှိပါ။ ကျွန်တော်တို့အဖွဲ့မှာ သစ်ပင်ဖြတ်လိုက်၊ သစ်ကိုင်းခုတ်လိုက်၊ သစ်ခွပန်းများအား ရှာဖွေ စုဆောင်းလိုက်နှင့် အတော် ပျော်ရွှင်နေကြပါသည်။

တဖြည်းဖြည်း သစ်ပင်ခုတ်ခြင်း ကျွမ်းကျင်လာကြပါသည်။ သစ်ပင်ငယ်များမှ တစ်ဖက်၊ နှစ်ဖက်ခန့် သစ်ပင်ကြီးများအထိ အန္တရာယ်ကင်းစွာ ခုတ်နိုင်လာကြပါသည်။

မဟာမြိုင်တောကြီးအတွင်း ဖြစ်သော်လည်း အပူပိုင်းဒေသ ဖြစ်သဖြင့် နေ့လယ် နေ့ခင်းပိုင်းတွင် အတော်ပူပြင်းပါသည်။ နေ့လယ်ပိုင်း လုပ်ငန်းအပြန်တွင် ရေချိုးခွင့် မပေးပါ။ အပူရှပ်မှာစိုး၍ ဖြစ်ပါသည်။ ညနေပိုင်း လုပ်ငန်းသိမ်းချိန်ကျမှ စခန်းအနီး ချောင်းကလေးအား မြေတူးစက်ဖြင့် ကန်ဖော်ထားသောနေရာတွင် ရေကူး၊ ရေချိုး၊ အဝတ်


www.burmeseclassic.com

www.burmeseclassic.com

လျှော်ခွင့် ပေးပါသည်။

စခန်းတွင် မရမ်းကုန်း အ. ထ. က (၁)မှ ကျွန်တော်တစ်ဦးတည်းဖြစ်ပြီး တစ်ပြည်လုံး ကျောင်းသားများနှင့် မျက်နှာစိမ်းများဖြစ်သော်လည်း တစ်ဦးနှင့်တစ်ဦး အလွန်ခင်မင်ရင်းနှီးကြပါသည်။ ကျွန်တော်နှင့်အတွဲဆုံးမှာ ကြည့်မြင်တိုင် (အ. ထ. က-၁)မှ ကိုသန်းမြင့် နှင့် ဒဂုံ (အ. ထ. က-၁)မှ ကိုခင်မောင်ဦးတို့ ဖြစ်ပါသည်။ တပ်ခွဲတစ်ခွဲတည်း ဖြစ်သဖြင့် စားစားသွားသွား အတွဲညီလှပါသည်။

စခန်းအတွင်း၌ ဝန်းထမ်းအိမ်ရာများရှိရာ မုန့်ဆိုင်ကလေးများလည်း ဖွင့်လှစ်ထားသဖြင့် အဆာပြေ ဝယ်ယူစားသောက်နိုင်ပါသည်။ ကျောင်းသားလူငယ်များ ဖြစ်သဖြင့် ဆေးလိပ်၊ ကွမ်းယာဆိုင်လည်း မလိုပါ။

ညနေပိုင်း လေးနာရီခွဲ လုပ်ငန်းသိမ်း၍ ရေမိုးချိုးကြပြီးနောက် ည(၆)နာရီတွင် ညစာစားရပါသည်။ ည(၇)နာရီတွင် စခန်းတွင်း ပညာရပ်များဆိုင်ရာ သင်တန်းပို့ချပါသည်။

ကျွမ်းကျင်သူဆရာများက လမ်းဖောက်လုပ်ခြင်း၊ တံတားဆောက်လုပ်ခြင်း၊ ကားမောင်းခြင်း၊ ဝန်ချီစက်များ မောင်းနှင်ခြင်း၊ လျှပ်စစ်ပစ္စည်းများအား ကိုင်တွယ်ပုံနှင့် လူမှုဆက်ဆံရေး ပညာတို့ကို ညစဉ်သင်ကြားပေးပါသည်။ စခန်းတွင် အားကောင်းသော မီးစက်ကြီးများရှိသဖြင့် တောတွင်းစခန်းဖြစ်သော်လည်း ထိန်လင်းနေပြီး လူသံ သူသံတို့ဖြင့် ဆူညံလို့နေပါတော့သည်။

စခန်းရောက်စက အမေနှင့် အိမ်ကို သတိရသော်လည်း သူငယ်ချင်းအသစ်များနှင့် စားသောက်၊ လုပ်ကိုင်၊ သွားလာရင်း ပျော်ရွှင်လာပါသည်။ အချိန်နှင့် စည်းကမ်းတကျ လုပ်ကိုင် နေထိုင်စားသောက်ရသဖြင့် ကျန်းမာရေးလည်း ကောင်းမွန်ပါသည်။

တစ်ပတ်တစ်ကြိမ် လုပ်ငန်းခွင် ပြောင်းလဲပေးသည်ဖြစ်ရာ


www.burmeseclassic.com

www.burmeseclassic.com


ဒုတိယအပတ်တွင် ကျွန်တော်တို့တပ်ခွဲ(၂) တောင်ဖြိုတာဝန်ကျပါသည်။ သမ်းအုကြောင်းအနီးရှိ တောင်ကမူများအား တူရွင်းများဖြင့် ဖြိုချရပြီး သမ်းဖို့ခြင်း၊ မြေညှိခြင်းလုပ်ငန်းများ လုပ်ကိုင်ရပါသည်။ ယန္တရားစက်ကြီးများနှင့် အကူအညီပေးသဖြင့်လည်း လုပ်ငန်းမြန်ဆန်စွာ ပြီးပါသည်။

ထိုနေ့က တောင်ဖြိုစဉ် မြေအောင်းပျားတူ(ဗဒူ)တွင်းအား တွေ့ရှိရပြီး ပျားတုပ်ခံကြရပါသည်။ ကျွန်တော့်သူငယ်ချင်း ကိုသန်းမြင့်မှာ လူဗလံလေးဖြစ်ပြီး ကျမ်းမာရေးချူချာသူ ဖြစ်သဖြင့် မပြေးနိုင်သောကြောင့် သူပင် အများဆုံး အတုပ်ခံရပါသည်။

လူငယ်များဖြစ်သဖြင့် အမြင်ကတ်ကတ်နှင့် ပျားတူတွင်းအား ဆင်းခြောက်များပုံကာ မီးရှို့ရန် ပြင်ဆင်နေစဉ် စခန်းမှ မှဆိုးအဖွဲ့ရောက်ရှိလာပြီး ပျားတူကောင်ပေါက် ကလေးများအား မီးခိုးမှိုင်းတိုက်၍ ထုတ်ယူပါသည်။ ထိုစဉ် ပျားတူတွင်း အတွင်းမှ လူအရိုးစုတစ်ခုအား တွေ့ရှိရပါသည်။ မှဆိုးအဖွဲ့မှာ ပျားတူ ကောင်ပေါက်ကလေးများကိုသာ မဲနေစဉ် သူငယ်ချင်း ကိုခင်မောင်ဦးက ကိုသန်းမြင့်၏ ဘေးလွယ်အိတ်ထဲသို့ တစ်စုံတစ်ရာ ကောက်ထည့်လိုက်သည်ကို ကျွန်တော် ဘာမှန်းမသိခဲ့ပါ။ ယခင်ကလည်း မြေကြီးခဲများ ထည့်၍ စ,နေ နောက်နေကျ ဖြစ်ပါသည်။

ယနေ့ လုပ်ငန်း စောစောသိမ်းသဖြင့် ညနေ (၄)နာရီခန့်မှာပင် စခန်းသို့ ပြန်ရောက်ပါသည်။ ကိုသန်းမြင့်ကို စခန်းဆေးခန်းပြပြီး စခန်းအိပ်ရာတွင် နားနေစေပါသည်။ အဖျားအနည်းငယ်လည်း ရှိပါသည်။ ကျွန်တော်နှင့် ကိုခင်မောင်ဦးတို့ စခန်းမြောက်ဘက် စမ်းချောင်းရေကန်တွင် ရေသွားချိုးကြပါသည်။ အချိန်ရသဖြင့် စိမ်ပြေနပြေ ချိုးကြရင်း ရွှေမှုန်ကလေးများပါလာသော စမ်းချောင်းရေထဲတွင် အချိန်အတော်ကြာ ရေစိမ်၍ ဖိမ်ယူနေကြပါသည်။

ထိုစဉ်တွင် စခန်းအတွင်း ကျွန်တော်တို့ အိပ်ဆောင်ဘက်မှ



www.burmeseclassic.com

www.burmeseclassic.com

အော်ဟစ်သံများ ကြားရသဖြင့် အဝတ်အစား အမြန်လဲပြီး ပြေးကြရာ အိပ်ဆောင်အရောက်တွင် လူဖလံလေး ကိုသန်းမြင့်မှာ တင်ပျဉ်ချိတ် ထိုင်နေသော်လည်း ထခုန်လိုက်လျှင် တဲခေါင်မိုးကို သွားထိပါသည်။ တဲခေါင်မိုးမှာ (၇)ပေခန့် မြင့်ပါသည်။ မျက်ထောင့်ကြီး နီနီနှင့် လူများ အား ကြည့်နေပြီး–

"မကျေနပ်ဘူး၊ လူကြီးခေါ်ပေး"

ဟု အော်နေပါသည်။ အော်သံမှာ ကိုသန်းမြင့်အသံ မဟုတ်ပါ။ အသံသြကြီးဖြင့် လူကြီးတစ်ယောက်အသံ ဖြစ်ပါသည်။ ထိုစဉ်တွင် စခန်းဆရာဝန်နှင့် အုပ်ချုပ်သူဆရာများ ရောက်ရှိလာပါသည်။ ကိုသန်း မြင့်က. . .

"ငါ့ပစ္စည်း သူ့နေရာသူ ပြန်ထားပေး။ ငါ ချင်းတွင်းမြစ်ကမ်းဘေး ကိုင်းရွာက မုဆိုးတင်အောင်။ ပျားတူကျင်းထဲကျလို့ သေတာ။ ငါ့မိန်းမ နာမည် မနီတဲ့၊ ရွာမှာ အကြော်ရောင်းတယ်၊ ငါ့ခေါင်းခွံကို ဒီ ကျောင်းသားက ယူလာတယ်။ သူ့နေရာသူ ပြန်ထားပေးပါ။ ငါ့ရွာကိုလည်း အကြောင်းကြား ပေး။ လုပ်မပေးရင် ဒီကျောင်းသားကို အသေသတ်မယ်"

အုပ်ချုပ်သူ ဦးဇော်ဝင်းမှ–

"သူ့နေရာသူ ပြန်ထားလို့ မရတော့ဘူး။ အစိုးရစီမံကိန်းအရ လမ်းမလွှတ်လို့ အဲဒီတောင်ကုန်းကို ဖြိုလိုက်ပြီ"

"အေး. . .အဲဒါဆိုလည်း ငါ့အလောင်းကို ကောင်းကောင်း သင်္ဂြိုဟ်ပေး။ ငါ့အိမ်ကိုလည်း အကြောင်းကြားပေးပါ။ ဘုန်းကြီးငါးပါးနဲ့ ဆွမ်းသွတ်ပြီး ငါ့နာမည်ခေါ်ပြီး အမျှသုံးကြိမ်ဝေပေးပါလို့ ပြောပေးပါ"

"ကောင်းပြီခင်ဗျားပြောတဲ့အတိုင်း လုပ်ပေးမယ်၊ ဒီကျောင်း သားကို မနှောင့်ယှက်ပါနဲ့"

"ငါပြောတာ မပြီးသေးဘူး။ မင်းတို့ လုပ်မပေးခင် ငါ့မှာ နေ စရာ မရှိဘူး။ နေရာပေးဦး"


www.burmeseclassic.com

www.burmeseclassic.com


"ဒီ မဟာမြိုင်တောကြီးထဲမှာ သစ်ပင်တွေ ဒီလောက်ပေါတာ။ နေချင်တဲ့အပင်မှာ နေပေါ့"

"မရဘူး။ အပင်တိုင်းမှာ သူ့ဟာနဲ့သူ ရှိတယ်။ မင်းတို့ မင်းမိန်းနဲ့ နေရာပေးမှဖြစ်မယ်။ မင်းတို့ လမ်းကျလို့ ခုတ်မယ့်နေရာကို ပေးရင်လည်း ငါ ဘုံပျောက်ဦးမယ်"

ထိုအချိန်တွင် အုပ်ချုပ်သူ ဆရာများ ခေါင်းချင်းဆိုင် တိုင်ပင်ကြပြီးနောက် ထမင်းချက်ဖိုကြီး အနီးရှိ တောသရက်ပင်ကြီးတွင် နေရာပေးပါသည်။ ကိုသန်းမြင့်၏ လွယ်အိတ်အတွင်းမှ ဦးခေါင်းခွံကြီး တစ်ခု ရှိသဖြင့် ပျားတူကျင်းအတွင်းမှ ခန္ဓာကိုယ်အရိုးစုနှင့် ပေါင်း၍ အိတ်တစ်လုံးအတွင်း စုပေါင်းထည့်ကာ တောသရက်ပင်ကြီး ခြေရင်းတွင် သာယာမြုပ်နှံလိုက်ပါသည်။

မကြာမီ ကိုသန်းမြင့်လည်း သတိရလာပါသည်။ အဖျားလည်း ပျောက်သွားပါသည်။

အုပ်ချုပ်သူဆရာက. . .

"ဘာဖြစ်လို့ သူ့ပစ္စည်းကို ယူလာတာလဲ မောင်သန်းမြင့်ရယ်၊ မလုပ်ကောင်းဘူးကွ"

"ကျွန်တော် ယူမလာပါဘူး ဆရာ၊ တစ်ယောက်ယောက် နောက်ပြောင်ပြီး ထည့်လိုက်တာ နေမှာပါ ဆရာ"

ကျွန်တော် ရိပ်မိလိုက်ပါပြီ။ သူငယ်ချင်း ကိုခင်မောင်ဦးက နောက်ပြောင်၍ အလွန်ကြောက်တတ်သော ကိုသန်းမြင့်အား ကျီစယ်လိုက်ခြင်း ဖြစ်ပါသည်။

ထိုစဉ် ကိုခင်မောင်ဦးမှ လူအုပ်ထဲက ထွက်ပြီး ယောကျ်ားပီသစွာ ဝန်ခံပါသည်။

"ဆရာ. . . ကျွန်တော်နောက်လိုက်တာပါ။ ဒီအထိဖြစ်မယ်မှန်း မသိလို့ပါ"


www.burmeseclassic.com

www.burmeseclassic.com

"အေး. . . နောက် အဲဒီလို မလုပ်နဲ့ အသက်အန္တရာယ်ရှိတယ်"
ဆရာများက ကိုခင်မောင်ဦးအား ဆူပူကြိမ်းမောင်းပါသည်။

သို့နှင့် ကျွန်တော်တို့အဖွဲ့ လုပ်ငန်းများအား ပျော်ရွှင်စွာ ဆက်လက်ထမ်းဆောင်ကြရင်း သကြိန်တွင်း အလုပ်ပိတ်ရက်တွင် ကလေးမြို့သို့ ပက်လက်ကားကြီး (၄)စီးဖြင့် လေ့လာရေးခရီး ထွက်ခဲ့ကြပါသည်။ ဆရာများက မုဆိုးတင်အောင်၏ ဦးခေါင်းခွံနှင့် အရိုးများထည့်ထားသော အိတ်ကိုလည်း လုံခြုံစွာ ထုတ်ပိုး၍ ယူဆောင်ခဲ့ကြပါသည်။

ချင်းတွင်းမြစ် ဤမှာဘက်ကမ်း'ကိုင်းရွာ'သို့ ရောက်လျှင် ရွာလူကြီးအား အကျိုးအကြောင်း ပြောပြ၍ အကြော်သည် မနီအား ခေါ်ခိုင်းရပါတော့သည်။ ထိုစဉ် အညာရွာများထုံးစံအတိုင်း ကျွန်တော်တို့ ကျောင်းသား (၂၀၀)ယောက်နှင့် အုပ်ချုပ်သူ ဆရာများအား တစ်ရွာလုံး အိမ်တိုင်းစေ့က တာဝန်ယူပြီး နေ့လယ်စာ ထမင်းကျွေးပါတော့သည်။ ချမ်းသာသော ရွာကြီးဖြစ်၍ ဟင်းအမည်များလည်း စုံလင်လှပါသည်။ မှတ်မှတ်ရရ မစားရတာကြာသော ငါးစိုဟင်း၊ ငါးခြောက်ဟင်းများလည်း ပါဝင်ပါသည်။

အကြော်သည်မနီ ရောက်ရှိလာသည်တွင် ရပ်ရွာလူကြီးက အကျိုးအကြောင်း ရှင်းပြရာ မနီမှာ ငိုယိုပြီး သူ့ယောက်ျား ပျောက်ဆုံးသွားသည်မှာ တစ်နှစ်ခန့်ကြာပြီ ဖြစ်ကြောင်း၊ အခုမှ အကြောင်းစုံသိရသဖြင့် ကျေးဇူးတင်လှကြောင်း၊ မနက်ဖြန်တွင် ဘုန်းကြီး(၅)ပါး ပင့်၍ ဆွမ်းသွတ် အမျှဝေပေးမည်ဖြစ်ကြောင်း ပြောသဖြင့် ကျွန်တော်တို့ ကျောင်းသားများ စုပေါင်း၍ အလှူငွေ ထည့်ဝင်ကြရာ ကျပ်(၅၀၀၀)ကျော် ရရှိပါသည်။ ထိုခေတ်က ငွေ(၅၀၀၀)ကျပ်ကျော်မှာ ဆွမ်းသွတ်ရန် လုံလောက်ရုံမက ပိုလျှံနေပါသေးသည်။ အရိုးအိတ်ကိုတော့ ရွာတွင်မထားဘဲ သူကြီးအမိန့်အရ ရွာသင်္ချိုင်းတွင် သွားထားပါသည်။

လူတစ်ဦး သေဆုံးပြီး တစ်နှစ်ကျော်ကြာမှ ဆွမ်းသွတ် အမျှဝေ


www.burmeseclassic.com

www.burmeseclassic.com


အသုဘချရသည်မှာ ထူးဆန်းလှပါတော့သည်။

ကျွန်တော်တို့အဖွဲ့ ဇက်ရေယာဉ်ဖြင့် ကလေးဝမြို့သို့ ကားများ ပါ ကူးကြရပါသည်။ ကလေးဝမြို့ကလေးမှာ တောင်ကုန်းကလေးများ ပေါ်တွင် တည်ထားသော အလွန်လှပသာယာသည့် မြို့ကလေးဖြစ်ပါ သည်။ ချင်းတွင်းမြစ်နှင့် ပန်းရလှပါသည်။

ကလေးဝမြို့မှ ကလေးမြို့သို့ ကျောက်တောင်ပတ်ကားလမ်း အတိုင်း မောင်းနှင်လာခဲ့ရာ ကလေးမြို့သို့ ညနေ(၂)နာရီခန့်တွင် ရောက် ရှိပါသည်။ လေယာဉ်ကွင်းမှာ မြို့လယ်ခေါင်တွင် ရှိသဖြင့် လေယာဉ် အဆင်းအတက် လုပ်လျှင် တစ်မြို့လုံး တုန်၍သွားပါသည်။ အိန္ဒိယပြည် နှင့် နီးသဖြင့် အိန္ဒိယပြည်ထွက် ပစ္စည်းအသုံးအဆောင်များ ပေါလှပါ သည်။

ဆိတ်သားရေကျက်၊ မော်တယ်ထိုင်ခုံတစ်လုံး နှစ်ကျပ်ခွဲနှင့် မြင်းခေါင်းတံဆိပ် စွပ်ကျယ်အင်္ကျီ တစ်ထည်လျှင် တစ်ကျပ်ခွဲသာ ပေး ရပါသည်။ အမွှေးနံ့သာ အစုံလည်း ပေါများလှပါသည်။

မြို့တွင်းအနှံ့ လှည့်လည်၊ လေ့လာ၊ ဈေးဝယ်ကြပြီးနောက် ညနေပိုင်းပြန်ခဲ့ကြရာ ချင်းတွင်းမြစ်ကို နေမဝင်မီ ဇက်ဖြင့် ကူးနိုင် သော်လည်း ချောင်းဆုံစခန်းသို့ ည(၁၀)နာရီခန့်မှ ပြန်လည်ရောက်ရှိပါ သည်။ ညစာအား ညဉ့်နက်မှ စားကြရသော်လည်း ကျောင်းသားများမှာ လေ့လာရေးခရီးလည်း သွားရ၊ အလှူလည်း လုပ်ရသဖြင့် အလွန်ပျော်ရွှင် နေကြပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း
သည်းထိတ်ရင်ဖို၊ ဧပြီလ၊ ၂၀၀၇

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## သခင်ချစ်သော အမဲလိုက်ခွေးများ

အိမ်မွေးတိရစ္ဆာန်များထဲတွင် ခွေးများသည် သခင်၏အန္တရာယ်ကာ ခံဆုံးနှင့် ချစ်စရာ အကောင်းဆုံးဟု ဆိုချင်ပါသည်။ ကျွန်တော် တောင်သောင်းမြို့နယ် အောက်ချိုင့်ဆီအုန်းခြံတွင် တာဝန်ထမ်းဆောင် နေစဉ် (၁၉၈၅–၈၆) ခုနှစ်က အဖြစ်အပျက်ကလေးတစ်ခု ဖြစ်ပါသည်။

စခန်းလုံခြုံရေးအရ လည်းကောင်း၊ အမဲလိုက်ရာတွင် လည်း ကောင်း အသုံးဝင်လှပါသည်။ ပါဆယ်ပါညွန်း ဆီအုန်းခြံမှ အမဲလိုက် ခွေးမကလေး မိညိုကဲ့သို့ ခွေးတစ်ကောင် လိုအပ်နေသဖြင့် ကျွန်တော့် ဘက်အရင် စခန်းတွင်ရောက်ရှိနေသော 'တပည့်ဖြစ်သူ သံချောင်းအား မေးမြန်းရပါတော့သည်။

"သံချောင်းရေ ဒီဒေသမှာ အမဲလိုက်ကောင်းတဲ့ ပသျှူးခွေး ကောင်းကောင်း ထွက်တယ်ကြားတယ်၊ အဲဒါ ဘယ်မှာရနိုင်မလဲကွ"

"ရှာရင်ရတာပေါ့ ဆရာ၊ ပသျှူးတွေက ခွေးမွေတာတော့ နည်းတယ်၊ ခြံလုပ်တဲ့ ပသျှူးတွေလောက်ပဲ သူခိုးနဲ့ ဝက်ရန်ကာကွယ်ဖို့ မွေးကြတာ၊ မွေးရင်တောင် တစ်ကောင်ထဲ မဟုတ်ဘူး ဆရာ၊ အုပ်လိုက် မွေးကြတာ၊ ပသျှူးခွေးတွေက အဖော်ကောင်းရင် အသေခံပြီး တိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com

တတ်တယ် ဆရာရေ့၊ မြန်မာခွေးအရွယ်အစားဆိုပေမယ့် အမွေးရှည် အမွေးတို နှစ်မျိုးရှိတယ်၊ နို့ဖြတ်စ မွေးမှ သခင်ကို အသေအလဲ ချစ်တာ၊ ကြီးမှမွေးရင်တော့ ရိုင်းတတ်တယ် ဆရာ၊ ခွေးကောင်းထွက်တာကတော့ လဲမွှန်ရွာကြီးက ဆရာ၊ ဆရာ့သူငယ်ချင်း ထောင်မှူးကြီး ဦးအုန်းမောင့် ရှိတာပဲ၊ သူ့ကို ရှာခိုင်းရင် ရမှာပါ''

''အဲဒါဆို အတော်ပဲဟေ့၊ မနက်ဖြန် လဲမွှန်စခန်းမှာ အစည်းအဝေးရှိတယ်၊ ကိုအုန်းမောင်ကြီးကို ရှာခိုင်းရမယ်၊ မင်းလည်း လိုက်ခဲ့ကွာ၊ မင်းက ခွေးအကြောင်း ငါ့ထက် ပိုနားလည်ပါတယ်''

''ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် လိုက်ခဲ့ပါ့မယ်၊ တစ်ခါတည်း ရရင်လည်း ခေါ်ခဲ့တာပေါ့ ဆရာ''

နောက်တစ်နေ့ မနက် (၇)နာရီခန့်တွင် ကျွန်တော်နှင့် တပည့်ဖြစ်သူ သံချောင်းတို့ □□□□□ ဆိုင်ကယ်ကလေးဖြင့် လဲမွှန်စခန်းသို့ ထွက်ခဲ့ကြပါသည်။ စခန်းတွင် အစည်းအဝေးနေ့မို့ လူစုံပါသည်။ လဲမွှန်စခန်းတာဝန်ခံ ဦးအုန်းမောင်အား တွေ့လျှင်တွေ့ချင်း ခွေးကိစ္စ အပ်ကပ်ရပါတော့သည်။

''သူငယ်ချင်း မင်းလိုချင်တဲ့ခွေးက အမွေးတိုလား အမွေးရှည်လား၊ အရွယ်က ဘယ်လောက်လဲ၊ အရောင်ကရော''

''အရွယ်က လသား၊ နို့ဖြတ်စ၊ အရောင်နဲ့ အမွေးအတိုအရှည် မရွေးဘူး၊ ပသျှူးခွေးစစ်စစ် ဖြစ်ဖို့ အရေးကြီးတယ်၊ စခန်းစောင့်နဲ့ အမဲလိုက်တတ်အောင် သင်လို့ရရင် တော်ပြီ''

''ဘယ်နှစ်ကောင် လိုချင်တာလဲ၊ အထီးလား၊ အမလား''

''တစ်ကောင်ရရ၊ နှစ်ကောင်ရရ ဖြစ်ပါတယ်၊ ခင်ဗျားပိုင်နက်ထဲမှာ ရှိလို့လား၊ ထီးထီးမမ မရွေးပါဘူးဗျာ''

''ရှိပြီလား မောင်ရယ်၊ အထီးနှစ်ကောင်၊ တစ်ကောင်က ဖအေတူ အမွေးတို၊ တစ်ကောင်က မအေတူ အမွေးရှည်၊ အဖြူနဲ့ နီညိုရောင်


www.burmeseclassic.com

www.burmeseclassic.com


ပွဲရှိသေးတယ်၊ ကြိုက်ရဲ့လား၊ ကဲ လာ သူငယ်ချင်း၊ အစည်းအဝေး ဒီ့ လိုပါသေးတယ်၊ ဒီနားတင်ပဲ သွားကြည့်ရအောင်''

ပြောပြောဆိုဆို ကျွန်တော့်အား ဆွဲခေါ်သဖြင့် လိုက်ခဲ့ရာ၊ ထမင်းချက်ဖိုကြီး အနီးရောက်သည်နှင့် ဦးအုန်းမောင်မှ "အို့အို့" ဟု လိုက်ရာ ခွေးပေါက်စကလေးနှစ်ကောင်နှင့် ခွေးမကြီးနှင့် ခွေးထီးကြီး ပြေးထွက်လာပါသည်။ သန်စွမ်းကျမ်းမာသော ခွေးများဖြစ်ပါသည်။

"ခင်ဗျား ခွေးတွေက ကိုက်တတ်သလား၊ ကြည့်လုပ်ပါဦး"

"မကိုက်ပါဘူး လိမ္မာပါတယ်၊ သခင်က ရှူးတိုက်ပေးရင်တော့ ပေါက်တောင် မလွှဲဘူး၊ တကယ် သတ္တိကောင်းတဲ့ကောင်တွေပဲ၊ ကြိုက် ား သူငယ်ချင်း၊ ခင်ဗျားကို ခင်လွန်းလို့ ပေးတာ၊ သစ်ဆွဲတဲ့ ထားဝယ် ားတွေ လာဝယ်တာတောင် မရောင်းလိုက်ဘူး''

"ကြိုက်တယ်ဗျာ၊ အစည်းအဝေးကြီး ပြီးတာနဲ့ ယူသွားတော့ ယ်''

"သူငယ်ချင်း ဒီအတိုင်းတော့ မရဘူးလေ၊ လက်ဆောင်ပေး င် လက်ဆောင် ပြန်ပေးတော့ လုပ်ဦးမှပေါ့''

"ဩော် ဒီလိုလား၊ ဘာပြန်ပေးရမှာလဲ''

"မဲခေါင်အကြီး တစ်လုံးလောက်ဆိုရင် တော်ပါပြီ''

"ဒီမှာ ဝယ်လို့ရသလား''

"ရတာပေါ့ သူငယ်ချင်းရယ်၊ ကော့သောင်းမှာ ၉၀ကျပ်၊ ဒီရွာမှာတော့ ၁၂၀ကျပ်လောက် ပေးရင် ရပါတယ်''

"ကဲ ကဲ ရော့ဗျာ၊ ကျေးဇူးတင်ပါတယ်''

သို့နှင့် ခြံတာဝန်ခံများ အစည်းအဝေး လုပ်ပြီးနောက် ထမင်း ားသောက်ကြ၍ ခွေးနှစ်ကောင်အား ခေါ်ယူကာ၊ တပည့် သံချောင်းနှင့် အတူ **HONDA** ဆိုင်ကယ်ကလေးဖြင့် အောက်ချိုင့်ဆီအုန်းခြံသို့ ပြန်ခဲ့ ကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


ခွေးပေါက်ကလေး နှစ်ကောင်အား ကျွန်တော်ကိုယ်တိုင် ဂရုတစိုက် မွေးမြူပါသည်။ သံချခြင်း၊ အားဆေးကျွေးခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်း ကအစ ကိုယ်တိုင် လုပ်ဆောင်ပါသည်။ အညိုရောင် ခွေထီးကလေးကို ဘိုနီ၊ အဝါရောင် ခွေးကလေးအား ဘိုဖြူဟူ၍ အမည့်မှည့်လိုက်ပါသည်။

ခွေးကလေးများ စခန်းရောက်၍ (၆)လခန့်အကြာတွင် ဘိုဖြူ နှင့် ဘိုနီ ခွေးလားမြောက်လာပါသည်။ သတ္တိကောင်းသော ပသျှူးခွေး များပီပီ စခန်းရှိ အခြားခွေးများအပေါ် ဗိုလ်ကျနိုင်ပြီး သခင်ကိုလည်း အလွန်ချစ်ပါသည်။ အမဲလိုက်လည်း အလွန်ဝါသနာပါကြပါသည်။ ငယ် သေးသဖြင့် တနင်္သာရီရိုးမတောင်ပေါ် မခေါ်သေးဘဲ၊ မုဆိုးတင်မောင်နှင့် သံချောင်းတို့က ဆိအုန်းခင်းအတွင်း လျှောက်သွားကာ တောဝက်ပေါက် ကလေးများ၊ ဂျီ(ချေ)ပေါက်ကလေးများနှင့် မြွေကြွက်ကြီးများအား လိုက် လံဖမ်းဆီးရင်း အမဲလိုက် အခြေခံသင်တန်းကို လေ့ကျင့်ပေးပါသည်။ သားကောင် ရရှိလာလျှင်လည်း အရိုးအရင်းကလေးများအား ကျွေးပြီး အမဲလိုက်ခွေး ‘ဇ’ကို သွင်းပေးကြပါသည်။

ဘိုဖြူနှင့် ဘိုနီ ခွေးနှစ်ကောင်သည် စခန်းရောက်ပြီး တစ်နှစ် ခန့်အကြာတွင် အမဲလိုက်ခွေးစစ်စစ် ဖြစ်လာပါတော့သည်။

အမဲလိုက်ခွေးဗီဇအတိုင်း အနံ့ခံကောင်းခြင်း၊ ခြေသံလုံလုံဖြင့် တောလည်တတ်ခြင်း၊ သခင်၏ အထာအား သိခြင်းအပြင် နှစ်ကောင် တွဲ၍ တိရစ္ဆာန်ငယ်များအား ‘လဲ့’နိုင်ခြင်း စွမ်းရည်သတ္တိများ ပြည့်ဝလာ ပါတော့သည်။

စခန်းအတွင်း၌ လူတကာဖြင့် ယဉ်ပါးသော်လည်း ရုံးခန်းအ တွင်း ခွင့်မတောင်းဘဲ ဝင်လာသူ လူစိမ်းများနှင့် ယူနီဖောင်းကို ဘိုသီ ဘတ်သီ ဝတ်ဆင်လာသော ဝန်ထမ်းများအား မကြာခဏ ကိုက်တတ် လာပါသည်။ သင်ထားခြင်းလည်း မရှိပါ။ ညဘက်အိပ်လျှင်လည်း ကျွန်တော် ထိုင်သော ရုံးစားပွဲဘေးရှိ ကုလားထိုင်များပေါ်တွင် အကျ


www.burmeseclassic.com

www.burmeseclassic.com


အနေ အိပ်တတ်ပါသည်။ ညဥ့်သန်းခေါင် ကျွန်တော် အပြင်ထွက်လျှင် Bodyguard သဖွယ် ဘေးနှစ်ဖက်မှာ ဝန်းရံလိုက်ပြီး လှည့်ပတ်စစ်ဆေးအနောက် တကောက်ကောက် လိုက်တတ်ကြပါသည်။ အပြင်တွင် အပေါ့အလေး စွန့်ကြပြီး ရုံးပြန်ရောက်လျှင် သူနေရာသူ ပြန်အိပ်တတ်ပါသည်။ အလွန်စည်းကမ်းရှိသော ခွေးများဖြစ်ပါသည်။ ရုံးခန်းအတွင်း အညစ်အကြေး စွန့်ခြင်း လုံးဝ မပြုလုပ်ပါ။ အကယ်၍ အပြင်ထွက်လိုလျှင်သည်း ရုံးခန်းစောင့် သံချောင်းအား ကုတ်ခြစ်၍ နိုးတတ်ပါသည်။

တစ်နေ့ တနင်္ဂနွေနေ့ အလုပ်ပိတ်ရက် တစ်ရက်တွင် ခွေးများကိုခေါ်၍ တနသ်ာရီရိုးမပေါ် တက်၍ တောလည်ရန် ကျွန်တော် စီစဉ်ပါသည်။

"သံချောင်းရေ ဒီနေ့ ဘိုနီနဲ့ ဘိုဖြူကို တောထဲခေါ်သွားပြီး အမဲလိုက်ရအောင်ကွာ၊ တပ်ကြပ်ကြီး ဦးထွန်းမောင်နဲ့ မုဆိုးတင်မောင်တို့ကို ခေါ်ပေးစမ်းကွာ"

"ဟုတ်ကဲ့ ဆရာ"

မကြာမီ တပ်ကြပ်ကြီး ဦးထွန်းမောင်နှင့် မုဆိုးတင်မောင်တို့ ရောက်ရှိလာကြပါသည်။

"ကဲ ဆရာကြီး ဦးထွန်းမောင်ရေ၊ ဒီနေ့ အလုပ်ပိတ်ရက်ဆိုတော့ တနသ်ာရီရိုးမပေါ်တက်ပြီး အမဲလိုက်ကြရအောင်၊ ဘိုဖြူနဲ့ ဘိုနီကိုလည်း အမဲကြီးလိုက် သင်တန်းပေးရင်းပေါ့၊ လက်နက်ခန်းက ရိုင်ဖယ်ကောင်းကောင်းနှစ်လက်နဲ့ ကျည်(၁၀)တောင့်စီ ထုတ်ခဲ့ဗျာ၊ တင်မောင်က ပသျှူးဓားကောက်တစ်ချောင်း ယူခဲ့၊ သံချောင်းက ရေဘူးယူခဲ့"

သို့နှင့် ကျွန်တော်တို့အဖွဲ့ မနက်(၇)နာရီခန့်တွင် ဆီအုန်းခင်းကြီးအား ဖြတ်ကျော်၍ တနသ်ာရီရိုးမပေါ်သို့ တက်ခဲ့ကြပါတော့သည်။

လမ်းတွင် မျောက်ညိုများ အုပ်စုလိုက် တွေ့သော်လည်း မပစ်ကြပါ။ ကျွန်တော် ပစ်လိုသည်မှာ တောဝက် ဖြစ်ပါသည်။ အလွန်အန္တရာယ်


www.burmeseclassic.com

www.burmeseclassic.com


များသော်လည်း လူအင်အား၊ လက်နက်အင်အား ကောင်းသဖြင့် လည်း ကောင်း တောဝက်တစ်ကောင်ရလျှင်ပင် ကျွန်တော်တို့ စခန်းတစ်ခုလုံး ရိက္ခာဖူလုံမည် ဖြစ်ပါသည်။

ဘိုနီနှင့် ဘိုဖြူ ခွေးနှစ်ကောင်မှာ အမဲလိုက်ခွေး ပီသလှပါသည်။ အသံတစ်ကောင်မျှ မထွက်ပါ။ ရှေ့မှ ဦးဆောင်၍ တနသ်ာရီရိုးမပေါ်သို့ တက်နေပါသည်။ ရိုးမပေါ်ရောက်သည်နှင့် ခွေးများမှာ အငြိမ်မနေတော့ပါ။ သားကောင်နံ့ ရဟန်တူပါသည်။ မကြာမီ 'ဝု ဝု အိ အိ' ဟူသော ဝက်အုပ်သံ ကြားရပါတော့သည်။ ကျွန်တော်တို့လည်း နေရာယူရပ်တန့် ရင်း အသင့်ပြင်ဆင်ကာ–

"သံချောင်းရေ ဝက်အုပ်ကြီး ထင်တယ်ကွ၊ မင်းခွေးတွေကို ချော့ပြီး ထိန်းထားဦး၊ သေနတ်သံကြားမှ ခွေးတွေကို လွှတ်ကွာ"

"ဟုတ်ကဲ့ ဆရာ"

ရှေ့ကိုက်(၂၀၀)ခန့် လျှိုစောင်းတွင် ဝက်အုပ်ကြီး ရေသောက် ဆင်းရာမှ ပြန်လာပြီး လျှိုကောင်းကောင်းတွင် အနားယူ အိပ်စက်ရန် ရိုးမကြောကို ကျော်၍ တက်လာပါသည်။ ပိဿာ (၇၀)ခန့် ဝက်ထီးကြီး က ဦးဆောင်လာပြီး ပိဿာ (၅၀)ခန့် ဝက်မကြီး ယှဉ်၍ လိုက်ပါလာ သည်။ နောက်တွင် အချိန် (၁၀)ခန့်ရှိ ဝက်ပေါက်ကလေးများ (၆)ကောင် က တန်းစီ၍ ပါလာပါသည်။

ကျွန်တော်မှ ဝက်ထီးကြီးကို ရွေးသလို ဦးထွန်းမောင်မှ ဝက် မကြီးကို ပစ်ရန် အချက်ပြနေပါသည်။ ကြိမ်ရုံများခံနေ၍ မြင်ကွင်းမှာ မရှင်းလှပါ။

ထိုစဉ် မည်သို့ဖြစ်သည် မသိ၊ ဦးထွန်းမောင်ထံမှ 'ဒိုင်း'ဟူ သော သေနတ်သံ ထွက်ပေါ်လာပြီး ဝက်ထီးကြီး၏ နောက်ပိုင်းအား ထိမှန်သွားပါသည်။ ဝက်ထီးကြီးမှာ ယိုင်သွားပြီး ချက်ကောင်းမထိသ ဖြင့် လျှိုအတွင်း ဆင်းပြေးပါတော့သည်။ ကျွန်တော်လည်း မပစ်လိုက်ရ


www.burmeseclassic.com

www.burmeseclassic.com


တော့ပါ။ ထိုအချိန်တွင်မှ ကိုဖြူနှင့် ဘိုနီတို့မှာ ထိန်းမရတော့ဘဲ၊ သံချောင်းဘက်မှ ရုန်းထွက်၍ သေနတ်မှန်သွားသော ဝက်ထီးကြီးနောက်သို့ လိုက်သွားပါတော့သည်။ လျှိုအတွင်း ရောက်သည်နှင့် ဝက်နှင့် ခွေးများတိုက်ခိုက်ကြရာ တစ်ကြိမ်တွင် ဝက်ထီးကြီး ပက်လိုက်သော အစွယ်နှစ်ချောင်းမှာ ဘိုနီ၏ ဗိုက်အား ပွင့်သွားစေပြီး အူများထွက်ကျ၍ ဘိုနီမှာ လျှိုထဲသို့ လွင့်ကျသွားပါတော့သည်။ ကျွန်တော်လည်း မြင်ကွင်းရှင်းသည်နှင့် ပင်ဟုံ ဝက်သိုးကြီးမှာ ဖိဝိန်ချုပ်ပြီး ဘိုနီကျရာ လျှိုထဲသို့ ပြုတ်ကျသွားပြန်ပါသည်။ ကိုဖြူအား ပြန်ခေါ်ပြီး ခေတ္တစောင့်၍ လျှိုထဲသို့ ဆင်းကြရာ ဝက်သိုးကြီးမှာ ချက်ကောင်းမှန်၍ သေဆုံးနေသော်လည်း ဘိုနီမှာ ဗိုက်ပွင့်သွားသော်လည်း သေဆုံးခြင်းမရှိသေးပါ။ မျက်စိလေး ကလယ်ကလယ်ဖြင့် ကျွန်တော့်အား ကြည့်နေသော်လည်း အသံမထွက်ပါ။

ကျွန်တော့်မှာ သံချောင်းအား ပုဆိုးချွတ်စေပြီး ဆုတ်ဖြဲ၍ ဘိုနီဗိုက်အား ပတ်စေပြီး အူများအား ပြန်သွင်းပေးရပါသည်။ ပက်လက်အနေအထားဖြင့် ဘိုနီအား ဝက်တုတ်တုတ်၍ ထမ်းစေပြီး ဝက်သိုးကြီးအားလည်း နောက်တစ်ခေါက် ပြန်ထမ်းရန် ဦးထွန်းမောင်အား အစောင့်ချ၍ စခန်းသို့ ပြန်ခဲ့ကြပါသည်။

အများအမြင်တွင်တော့ ချေပေါက်တစ်ကောင်အား ထမ်းလာသည်ဟု ထင်ကြပါလိမ့်မည်။ အမှန်မှာတော့ နီညိုရောင် ကျွန်တော့်၏ခွေး ဘိုနီသာ ဖြစ်ပါတော့သည်။

စခန်းရောက်ရောက်ချင်း ဆေးမှုးအား ခေါ်ယူ၍ ဘိုနီ၏ဒဏ်ရာများအား ဆေးလိမ်း၊ ဆေးထိုးပြုလုပ်ပြီး အစိမ်းချုပ် ချုပ်ရပါတော့သည်။ ဗိုက်အရေပြား ပွင့်သွားသော်လည်း အူများ ပြတ်တောက်မသွားသဖြင့် တော်ပါသေးသည်။ ခွေးသားမှာ ပူ၍လားတော့ မသိပါ။ ဘိုနီ၏ဒဏ်ရာမှာ (၃)ရက်နှင့် ချုပ်၍သွားပါသည်။ လုံးဝ ပျောက်ကင်းခြင်းတော့မရှိသေးပါ။ အစာတော့ စားနိုင်လာပါသည်။


www.burmeseclassic.com

www.burmeseclassic.com


နောက် နှစ်ပတ်ခန့်အကြာ အမဲလိုက်ထွက်ရာတွင် ဘိုနီအား ရဲဘက်တစ်ဦး အစောင့်ချ၍ ဘိုဖြူကိုသာခေါ်ပြီး ထွက်ခဲ့ကြပြန်ပါသည်။ ထိုနေ့က တနသ်ာရီရိုးမပေါ်သို့ပင် မတက်လိုက်ရပါ။ ဆီအုန်းစိုက်ခင်း အလွန် တောစပ်ရောက်သည်နှင့် မီးတားလမ်းအပေါ်တွင် ဝက်အုပ်နှင့် တိုးပါတော့သည်။

တောဝက်အုပ်မှာ (၁၀)ကောင်ခန့် ရှိပြီး ပိသ်ာ (၇၀)ခန့်ရှိ ဝက်သိုးကြီးက ဦးဆောင်ပြီး ကျန်ကောင်များမှာ ပိသ်ာ(၄၀-၅၀)ဆယ် ခန့် ရှိပါသည်။ ဤတစ်ခါတွင်တော့ ကျွန်တော်က ဦးဆောင်ပစ်ခွင့်ရပြီး ဝက်သိုးကြီးအား ချက်ကောင်းထိမှန်ရာ လှဲနိုင်သလို ဦးထွန်းမောင်က လည်း အချိန်(၅၀)ခန့် ဝက်မတစ်ကောင်အား ပစ်၍လှဲနိုင်ပါသည်။ ခေါင်းဆောင် ကျသွား၍ ကျန်တောဝက်အုပ်မှာ ဦးတည်ရာမဲ့ ထွက်၍ပြေးပါ တော့သည်။

ထိုအချိန်တွင် ဘယ်က ပေါ်လာမှန်းမသိသော ဘိုနီက ဘိုဖြူနှင့် တွဲ၍ အချိန် (၄၀)ခန့်ရှိ ဝက်ပေါက်တစ်ကောင်အား ဝိုင်းဝန်းကိုက်ခဲပြီး လှဲလိုက်နိုင်ပါသည်။ ဝက်ပေါက်မှာ ရစရာမရှိအောင် ပေါက်ပြဲ ဒဏ်ရာ ရပြီး ဗိုက်ပွင့်၍ အူများပင် ထွက်လာကာ သေဆုံးသွားပါတော့သည်။ ဘိုနီ၏ လက်စားချေမှုဖြစ်ဟန်တူပါသည်။

ထိုနေ့က ဝက်(၃)ကောင်ရရှိသဖြင့် အောက်ချိုင့်ခြံတစ်ခုလုံး ပိုလျှံစွာ စားသုံးနိုင်သည်သာမက လဲမွန်ခြံ တာဝန်ခံ၊ ထောင်မှူးကြီး ဦးအုန်းမောင်ထံသို့ပါ တောဝက်သားများ လက်ဆောင်ပေးပို့လိုက်ပါသည်။

တောဝက်အပက်ခံရ၍ ဗိုက်ပွင့်သွားသော ဘိုနီမှာ တောဝက် မြင်လျှင် ကြောက်လန့်သွားမည်ဟု ထင်ခဲ့မိသော်လည်း အထင်နှင့် အမြင် ပါစင်အောင်လွဲရပါတော့သည်။ နောက်ပိုင်းတွင် တောဝက်အုပ် မြင်လျှင် သခင် အပစ်ကိုပင် မစောင့်တော့ဘဲ အတင်းဝင် ဆွဲကိုင်လိုက် ၍ ရက်စက်စွာ လက်စားချေပါတော့သည်။


www.burmeseclassic.com

www.burmeseclassic.com


ဘိုနီနှင့် ဘိုဖြူ နှစ်ကောင် ညီသဖြင့် နောက်ပိုင်းတွင် ဆီအုန်းခြံအတွင်းသို့ အနီးအနားရွာများမှ မတော်တဆ ရောက်ရှိလာကြသော ကျွဲပေါက်များကိုပင် ချမ်းသာမပေးတော့ဘဲ တစ်ခေါက်ခွက်ကြောအား ကိုက်လှဲပြီးနောက် လည်ကုတ်ကိုခဲကာ ဗိုက်ဖောက်၍ အူကို စားသည်အထိ သတ္တိကောင်းလာကြပါသည်။

နှစ်ပြည့်၍ ကျွန်တော်နှင့် ဝန်ထမ်းများ ပြည်မ ပြန်ရပါတော့သည်။ လဲလှယ်မည့် အရာရှိ၊ ဝန်ထမ်းများလည်း ရောက်ရှိလာကြပါပြီ။ ဆီအုန်းပင်အရေအတွက်၊ လက်နက်ခဲယမ်း၊ ရိက္ခာနှင့် လုပ်ငန်းသုံးပစ္စည်းများ၊ အဆောက်အဦးနှင့် ရဲဘက်များအား စနစ်တကျ လွှဲပြောင်းပေးရပါသည်။

ခွေးနှစ်ကောင်အား ကျွန်တော် မည်သို့ပြုလုပ်ရမှန်း မသိပါ။ သူစိမ်းလက်တွင် ထားခဲ့ရန်လည်း စိတ်မချ။ ပြည်မ ယူဆောင်သွားရန်သည်း ထားစရာ နေရာ မရှိပါ။ ခွေးနှစ်ကောင်မှာတော့ မသိရှိနိုင်ပါ။ ပြည်မ ပြန်မည့် ဝန်ထမ်းတစ်ဦးပြီး တစ်ဦးက ဆီအုန်းပင်များအား နောက်ခံထား၍ ဘိုနီ၊ ဘိုဖြူတို့ဖြင့် တွဲ၍ ဓာတ်ပုံရိုက်ကြပါသည်။ ကျွန်တော်ဖြင့်လည်း တွဲ၍ ဓာတ်ပုံရိုက်ကြပါသည်။ ခေါ်စရာပင် မလို၊ ဘင်မရာချိန်သည်နှင့် လူနားလာ၍ ဆောင့်ကြောင့်ထိုင် ဓာတ်ပုံအရိုက်ခံပါတော့သည်။

တာဝန်ပြီးဆုံး၍ ကျွန်တော် ပြည်မ ပြန်လာပြီးနောက် တစ်လခန့်အကြာတွင် ဘိုဖြူ၊ ဘိုနီ နှစ်ကောင်စလုံး၊ အစာမစားသဖြင့် သေဆုံးသွားကြောင်း ကြားသိရပါတော့သည်။

ထောင်မှူးကြီးသိန်းဝင်း
သည်းထိတ်ရင်ဖို၊ ဩဂုတ်လ၊ ၂၀၀၆

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## ဘဝခြားသော်လည်း

၁၉၈၄ ခုနှစ် ထောင်ဝူထောင်တွင် ထောင်မှူးအဖြစ် တာဝန်ထမ်းဆောင်စဉ်က ဖြစ်ပါသည်။ ထောင်ပိုင်မှာ ဦးသိန်းမြင့်(နှုတ်ခမ်းမွေး) ဖြစ်ပါသည်။ ထောင်အရာရှိလောကတွင် နာမည်တူများစွာရှိသဖြင့် ထူးခြားချက်အား ဝိသေသပြု၍ ခွဲခြားသိရှိနိုင်ရန် ခေါ်ဝေါ်ကြခြင်း ဖြစ်ပါသည်။

စနေ၊ တနင်္ဂနွေနေ့ အလုပ်ပိတ်ရက်များတွင် တစ်ညအိပ် အလည်လာရန် သံတောင်ပျားစခန်းမှ တပည့်ဖြစ်သူ မျိုးနိုင်ဦး အလည်ခိတ်ထားသဖြင့် ယခုအပတ်တွင် တစ်ညအိပ် အလည်အပတ်သွားရန် ထောင်ပိုင်ကြီးထံ ခွင့်တောင်းထားရာ ထောင်ပိုင်ကြီးမှ စနေနေ့ နေ့လည်တွင် သွားခွင့်ပြုပြီး တနင်္ဂနွေနေ့ နေ့လည်ဆယ်နှစ်နာရီအမှီပြန်လာရန် အကန့်အသတ်ဖြင့် ခွင့်ပြုထားပါသည်။

ထောင်ထုံးစံအရ နှစ်ဆယ့်လေးနာရီ တာဝန်ရှိရာ အစိုးရဝန်ထမ်းအများစုမှာ စနေ၊ တနင်္ဂနွေ အပတ်စဉ် ကိုယ်ပိုင်နားခွင့်ရှိသော်လည်း ထောင်ဝန်ထမ်းများမှာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် တစ်ရက်စီခွဲ၍ အနားယူကြရပါသည်။ ညအိပ်ထွက်လိုသော် ထောင်ပိုင်ခွင့်ပြု၍ မိမိတာဝန်ကို လွှဲပြောင်းလက်ခံသူရှိမှ ထွက်ခွင့်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့လည်စာ စားသောက်ပြီး သံတောင်ကားဂိတ်သို့ ထွက်လာရာ ဒတ်ဆန်းကားအိုလေးပေါ်တွင် ထိုင်စရာတစ်နေရာ ရရှိသဖြင့် တော်သေးသည်။ ကားပေါ်တွင် ကြပ်ကြပ်တည်းတည်း ထိုင်ရသော်လည်း တောတွင်းလမ်းကလေးအတိုင်း တစ်တောင်တက် တစ်တောင်ဆင်း ကားမောင်းလာသောအခါ တောပန်းတောင်ပန်းနှင့် သစ်တောရနံ့တို့ကို လတ်ဆတ်စွာ ရှူရှိုက်ရသဖြင့် စိတ်ကြည်လင်လန်းဆန်းလျက်ရှိပါသည်။ ပျားစခန်းသို့ ညနေသုံးနာရီခန့်တွင် ရောက်ရှိရာ တပည့်မျိုးနိုင်ဦးမှာ ကားဂိတ်တွင် အသင့်စောင့်ကြိုနေသည်ကို တွေ့ရှိရပါသည်။

"ဆရာ ကျွန်တော် စောင့်နေရတာကြာပြီ၊ ဒီအပတ် လာမှ လာနိုင်ပါ့မလားလို့ စိုးရိမ်နေတာ"

"လာမှာပေါ့ကွာ၊ မင်းနဲ့ မနေ့မနက်ကတွေ့ပြီး ချိန်းထားတာပဲ၊ ခွင့်မရလို့ မလာဖြစ်ရင်လည်း ငါ သံတောင်ကားဂိတ်ဆင်းပြီး မင်းဆီကို စာပေးလိုက်မှာပါ။ အော်. . . ဒါနဲ့ ထောင်ပိုင်ကြီးက မှာလိုက်သေးတယ်၊ လာမယ့်အပတ် ကြက်ဥပို့ရင် လူတစ်ရာစာ ကြက်ဥအလုံးနှစ်ရာ ပို့ယူခဲ့ပါတဲ့"

"အရင်ပို့နေတာ လူ(၂၀၀)စာ အလုံး(၄၀၀)ဆိုတော့ အခုပို့ရမှာ အလုံး(၆၀၀)ပေါ့နော် ဆရာ. . ."

"အေး. . . ဟုတ်တယ်ကွ၊ မန္တလေးကရဲဘက်တွေ ရောက်နေလို့၊ သူတို့ပြောင်းသွားတော့လည်း အရင်အတိုင်း လူ(၂၀၀)စာပဲပေါ့ကွာ"

"ကဲ. . . ဆရာရေ ကျွန်တော့်အိမ်ကို သွားကြမယ်၊ အိမ်မှာ ခဏနားပြီးတော့ သံတောင်မြို့သစ်က ကျွန်တော့်သူငယ်ချင်းအိမ်မှာ သွားအိပ်မယ်။ သူငယ်ချင်းက စားသောက်ဆိုင်ဖွင့်ထားတော့ ဆရာ့အတွက် အဆင်ပြေအောင်လို့ပါ။ ကျွန်တော့်အိမ်မှာ အိပ်ရင် ကြက်ခြံနဲ့ တွဲထားလို့ ကြက်ချေးနံ့ နံမှာပဲ ဆရာ"

"အေး. . . မင်းကောင်းမယ်ထင်သလိုသာ စီစဉ်ကွာ၊ ငါက



www.burmeseclassic.com

www.burmeseclassic.com


ဘော မရောက်ဖူးသေးတဲ့ ဒေသရောက်ရင် ပတ်ဝန်းကျင်အသစ်အဆန်း ကြောင့် ပျော်တာပါပဲကွာ၊ ရှိတာနဲ့ စားလည်းဖြစ်တယ်၊ လိုရမယ်ရ စားစရာ အသားဗူးတွေလည်း ဝယ်လာသေးတယ်''

သို့နှင့် တပည့်မျိုးနိုင်ဦး ခေါ်ဆောင်ရာ ဂုဏ်ဧကြက်ခြံသို့ တစ်မိုင် ခန့်ဝေးသော တောလမ်းကလေးအတိုင်း လမ်းလျှောက်လာရပါသည်။ မျိုးနိုင်ဦးမှာ အကျဉ်းဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ဝန်ထမ်း ဟောင်းတစ်ဦး ဖြစ်ပါသည်။ အကျဉ်းဦးစီးဌာနမှ နုတ်ထွက်ပြီးနောက် သံတောင်ပျားစခန်းရှိ မိတ်ဆွေတစ်ဦးနှင့် စပ်တူ ကြက်မွေးမြူရေး လုပ်ကိုင် ပြီး အကျဉ်းထောင်သို့ ကြက်သား၊ ကြက်ဥ ပေးသွင်းနေသူလည်း ဖြစ်ပါ သည်။

ကြက်ခြံနှင့် တွဲဖက်ဆောက်လုပ်ထားသော အိမ်ကလေးသို့ ရောက်လျှင် ကျွန်တော့်အား ခေတ္တအနားယူ ရေချိုးစေပြီး မျိုးနိုင်ဦးမှာ စက်ဘီးငှားရန် အပြင်သို့ ထွက်သွားပါသည်။ ခေတ္တအနားယူပြီးသည့် နောက် ရေမိုးချိုး၍ အဝတ်စားလဲလှယ်နေစဉ် မျိုးနိုင်ဦးမှာ စက်ဘီးနှစ်စီး ကို ဆွဲ၍ ပြန်ရောက်လာပါသည်။

''ဆရာ ရေချိုးပြီးပြီမဟုတ်လား၊ မမှောင်ခင် သွားကြစို့၊ ဆရာ့ အိတ်ကို ကျွန်တော် သယ်ခဲ့မယ်။ ဒီအချိန်လမ်းပေါ်မှာ ကားမရှိတော့ ဘူး၊ ဒါကြောင့် စက်ဘီးနဲ့သွားရမှာ''

သို့ဖြင့် ဆရာတပည့်နှစ်ဦး စက်ဘီးကိုယ်စီဖြင့် တောတွင်း ကတ္တရာလမ်းကလေးအတိုင်း တစ်တောဆင်း တစ်တောင်တက်ဖြင့် လာခဲ့ ကြရာ နှစ်နာရီခန့်အကြာမှောင်စပျိုးချိန်တွင် သံတောင်မြို့သစ်သို့ ရောက် ရှိပါသည်။

သံတောင်မြို့သစ်မှာ ပသီချောင်းကလေးတစ်ဖက်တစ်ချက်တွင် တောင်ကမ်းပါးယံအား မေးတင်လျက် မြို့သစ်ဆောက်လုပ်ထားခြင်းဖြစ် ပြီး နေရာကျယ်ဝန်းခြင်းမရှိပါ။ ကတ္တရာလမ်းနှင့် ချောင်းကလေးမှာ


www.burmeseclassic.com

www.burmeseclassic.com



မြို့လယ်ခေါင်တွင် မျဉ်းပြိုင်အနေအထား ရှိပါသည်။ တစ်ဖက်တွင် ပန်းခြံနှင့် အစိုးရအဆောက်အဦးများရှိပြီး တစ်ဖက်တွင် စားသောက်ဆိုင်တန်းများနှင့် ဈေးရှိပါသည်။

မြို့လယ်ကတ္တရာလမ်းဘေးမှ သဘာဝကျောက်တုံးကြီးများကို တွေ့ရှိရပြီး ကျောက်တုံးကြီးများကြားမှ လမ်းကလေးအတိုင်း ဝင်သွားရာ ကွက်လပ်ကျယ်ကျယ်တစ်ခုအား ဖြတ်ကျော်ပြီးနောက် တောင်ကမ်းပါးတွင် ကပ်လျက်ဆောက်လုပ်ထားသော စားသောက်ဆိုင်တန်းသို့ ရောက်ရှိရာ "သံတောင်စားတော်ဆက်"ဟု ဆိုင်းဘုတ်တင်ထားသော ဆိုင်ကလေးရှေ့သို့ အရောက်တွင် တပည့်ဖြစ်သူမှ စက်ဘီးကိုရပ်လိုက်ပြီး. . . .

"ရောက်ပြီဆရာ. . . . ဒါ ကျွန်တော့်သူငယ်ချင်းဆိုင်ဘဲ"

"ကျင်စိန်ရေ. . . .ဒီမှာ ငါ့ဆရာ ပါလာတယ်ကွ၊ ဒီည ငါတို့ ဒီမှာအိပ်မယ် စားစရာသောက်စရာလည်း စီစဉ်ပေးဦး"

ဆိုင်အတွင်းမှ အသက်သုံးဆယ်ခန့် တရုတ်ကပြားကလေးတစ်ဦးနှင့် ၎င်း၏အနောက်မှ အသက်(၂၀)ခန့်စီအရွယ်ရှိသော အမျိုးသမီး (၂)ဦး ထွက်လာပြီး၊ လှိုက်လှဲစွာ ကြိုဆို၍ ဆိုင်အတွင်း စားပွဲတစ်ခုတွင် နေရာထိုင်ခင်းပေးပါသည်။

"ကျွန်တော့်နာမည် ကျင်စိန်ပါ ဆရာ၊ ဆရာ့တပည့် မျိုးနိုင်ဦးနဲ့ ကျောင်းနေဘက်သူငယ်ချင်းတွေပါ။ ဒါကတော့ ကျွန်တော့်ဇနီး လှရီပါ။ သူကတော့ ကျွန်တော့်ညီမ တင်စိန်ပါ၊ မျိုးနိုင်ဦး အကျဉ်းဌာနကထွက်လာပြီး ပြန်ဆုံကြလို့ ဒီဆိုင်ကလေးဖွင့်ဖြစ်တာပါ၊ မျိုးနိုင်ဦး ဆိုင်ဆိုရင်လည်း မမှားပါဘူး ဆရာ၊ ဆရာ ဘာမှအားနာစရာ မရှိပါဘူး။ အားပေးအဆင်ပြေအောင် ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်"

"ကျင်စိန်ရေ. . . .မင်းတို့ စားပွဲပြင်နေတုန်း ငါနဲ့ ဆရာ ပသီချောင်းမှာ ရေချိုးလိုက်ဦးမယ်ကွာ၊ ဆရာက ငါ့ကြောင့်ခြံမှာ ရေချိုး



www.burmeseclassic.com

www.burmeseclassic.com 

ဘာခဲ့ပေမယ့် စက်ဘီးနင်းလာရတော့ ချွေးတွေရွှဲနေပြီ''

ဟု မျိုးနိုင်ဦးက ပြောဆိုကာ ဆပ်ပြာခွက်၊ ရေလဲပုဆိုး၊ မျက်နှာသုတ်ပုဝါများ ယူဆောင်ကာ ကားလမ်းတစ်ဖက်ခြမ်းရှိ ပသီချောင်းကလေးရေချိုးဆိပ်သို့ လျှောက်လှမ်းခဲ့ကြပါသည်။

ချောင်းအတွင်းဆင်း၍ ကျောက်တုံးများပေါ်တွင်ထိုင်ကာ ရေချိုးကြရာ နွေဦးရာသီဖြစ်သော်လည်း ညအချိန်တောရိပ် တောင်ရိပ်ကြောင့်လည်း၊ တောတောင်အထပ်ထပ်ကို ဖြတ်သန်းစီးဆင်းလာသော ပသီချောင်းရေမှာ ကျောက်စက်ရေတမျှ အလွန်အေးစိမ့်လှပါသည်။ ချောင်းအတွင်းကြာရှည်စိမ်ခံချိုးမနေနိုင်တော့ပဲ ခပ်သွက်သွက်ချိုးပြီး ကိုယ်လက်သုတ်သင်ကာ အဝတ်အစား အမြန်လဲလှယ်ပြီး ချောင်းထဲမှ တက်ခဲ့ရပါတော့သည်။ ပသီချောင်းရေချိုးလိုက်ရသဖြင့် စိတ်ကြည်လင်လန်းဆန်းပြီး အားအင်သစ်တမျိုး ပြည့်ဖြိုးသွားသလို ခံစားရပါသည်။

''ဆရာ တော်ပြီလား. . . ပသီချောင်းရေက နွေရာသီမှာတောင် ကျောက်တုံး၊ ကျောက်ခဲတွေပေါ် ဖြတ်စီးလာရလို့ ထင်ပါရဲ့၊ အလွန်အေးစိမ့်နေတာပဲ၊ ပသီချောင်းရေ ချိုးပြီးရင် ဒီဒေသက မစ္စာနိုင်ဖြစ်တတ်တယ်လို့ ဆိုရိုးရှိတယ် ဆရာ၊ ကျွန်တော်ကတော့ ကိုယ်တွေ့မို့ ယုံတယ်၊ အာပြစ်လို့လဲဆိုတော့ ကျင်စိန့်ညီမ တင်စိန်နဲ့ ကျွန်တော် ရည်းစားဖြစ်နေကြလို့ပဲ၊ ကျွန်တော်ကတော့ ဒီမှာပဲ အခြေချတော့မယ် စိတ်ကူးတယ် ဆရာ''

''အေး. . . . ကောင်းပါလေရဲ့ကွာ၊ သဘာဝပတ်ဝန်းကျင်ကတော့ အလွန်အေးချမ်းတာပဲ၊ အလုပ်အကိုင်နဲ့ အခြေချနိုင်ရင်တော့ အကောင်းဆုံးပေါ့ကွာ''

''ကဲ. . . ဆရာရေ ပြန်ကြရအောင် ကျွန်တော်တို့အတွက် အစားအသောက်တွေ ပြင်ဆင်ပြီးရောပေါ့''

ဆိုင်သို့ ပြန်ရောက်လျှင် လူ(၄)ဦးစာ စားပွဲခုံပေါ်တွင် သမင်း



www.burmeseclassic.com

www.burmeseclassic.com

ဟင်းအပြည့်အစုံအပြင် အရက်ပြင်းနှင့် ဘီယာများကိုပါ အဆင့်သင့် ပြင်ဆင်ထားပြီး ကျင်စိန်တို့မိသားစု စောင့်မျှော်လျက်ရှိကြပါသည်။

''ဆရာ ရေချိုးလို့ ကောင်းရဲ့လား၊ ပသီချောင်းရေက အလွန် အေးလို့ ညဘက်ချိုးလေ့မရှိရင် ဖျားတတ်တယ် ဆရာ၊ နွေးနွေးထွေးထွေး ရှိသွားအောင် အရက်ပြင်း နည်းနည်းသောက်လိုက်ပါ''ဟု ကျင်စိန်မှ အရက်ပြင်းကို ရောစပ်ပေးရင်း ပြောလာပါသည်။ ကျွန်တော့်အနေဖြင့် လည်း တောတောင်အတွင်း ညနေပိုင်း ရေနှစ်ခါချိုးရ၍ ခရီးပန်းလာသ ဖြင့် ၎င်းအရက်ပြင်းကို အတော်ကလေး သောက်လိုက်ပါသည်။

ထို့နောက် သူတို့ဒေသထွက် အသား၊ ငါး၊ ဟင်းသီးဟင်းရွက် များကို မြိန်ယှက်စွာ စားသုံးပြီး အိပ်ချင်လာသဖြင့် ၎င်းတို့နေရာပြင်ဆင် ပေးထားသော ဆိုင်အနောက်ဘက် တောင်ကုန်းပေါ်ရှိ သစ်သားအိမ် အိုကြီးဆီသို့ တက်ခဲ့ကြပါသည်။ စကားစမြည်ပင် မပြောနိုင်ကြတော့ပဲ ဘုရားရှိခိုး အမျှအတမ်းဝေပြီး အိပ်ရာဝင်ခဲ့ကြပါတော့သည်။

အိပ်ပျော်စအချိန်၌ပင် အိပ်မက်မက်ပါတော့သည်။ အိပ်မက် မက်စဉ် ကျွန်တော့်အိပ်ရာ ခြေရင်း၌ ဘောင်းဘီရှည်ဝတ်ပြီး မျက်မှန် ထူထူတပ်ထားသော တရုတ်အဘိုးကြီးက မတ်တတ်ရပ်နေ၍ ဆံပင်အား ဘီးကျော့ပတ်ထုံးထားပြီး ပြောင်းဖူးဖက်ဆေးလိပ်ကြီးအား မီးတစ်ရဲရဲ ဖွာနေသော အဘွားကြီးတစ်ဦးက ထိုင်လျက် ရှိနေပါသည်။

အဘိုးကြီးမှ–

''ဒီမှာ ငါ့တူရယ်၊ မင်းကို ဦးလေးတို့ အကူအညီတစ်ခု တောင်း ချင်လို့ပါ၊ မင်း အခု အိပ်နေတာ ငါတို့အိမ်ပါ၊ အရင်က သားရဲ့ညီ့သည် တွေ မကြာမကြာ လာအိပ်ကြပေမယ့် ဦးလေးတို့နဲ့ မအပ်စပ်လို့ မပြော ခဲ့ရပါဘူး။ ငါ့တူနဲ့ကျမှ အပ်စပ်လို့ အကူအညီ တောင်းရတာပါ''

''ဟုတ်ကဲ့ ဦးလေးနဲ့ ဒေါ်လေး ခင်ဗျား. . .ကျွန်တော် ဘာ အကူအညီပေးရမှာလဲ အမိန့်ရှိပါ ခင်ဗျား''


www.burmeseclassic.com

www.burmeseclassic.com


"အေး...အေး....ဒီလိုကွယ့် ငါတို့ပိုင်တဲ့ ရတနာပစ္စည်း အတော်များများကို သံတောင်မြို့အဝင်က ကျောက်ရုပ်တုအောက်မှာ မြှုပ်ထားခဲ့တယ်၊ အဲဒါ ဦးလေး သားနှင့် သမီးကို ဖော်ခိုင်းပြီး သူတို့ သည်း စားပါစေ၊ ငါတို့အတွက်လည်း အလှူအတန်းလုပ်ပေးပြီး အမျှ အတမ်းဝေပေးဖို့ ပြောပေးပါ ငါ့တူရာ"

တစ်ဖန် အဘွားကြီးက....

"ဉစ္စာပစ္စည်းပေးရပေမယ့် ဒင်းတို့က မလိမ္မာဘူးကွယ့်..အမိ အဘကို မေတ္တာပို့ပြီး အမျှအတမ်းဝေရမှန်းတောင် သိတဲ့ဟာတွေ မဟုတ် ဘူး၊ ကျင်စိန်က ပိုဆိုးတယ်၊ အကြီးဆုံးဖြစ်ပြီး ဘာမှနားမလည်ဘူး"

ထိုအခိုက် တပည့်ဖြစ်သူ မျိုးနိုင်ဦးမှ...

"ဆရာ...ဆရာ...ဘာဖြစ်လို့လဲ တအင်းအင်းနဲ့ ညည်းနေ တယ်၊ ဖျားပြီလား ဆရာ"ဟု လှုပ်နှိုးရင်း မေးမြန်းပါတော့သည်။

ကျွန်တော်လည်း အိပ်ရာမှထ၍ အပေါ့အပါးသွားပြီး....

"ငါ မဖျားပါဘူးကွာ...ထူးဆန်းတဲ့ အိပ်မက်မက်လို့ပါ၊ မနက် ကျမှ ပြန်ပြောပြတော့မယ်၊ အခု ဘယ်နှစ်နာရီထိုးပြီလဲ၊ မင်းလည်း ကြက်ခြံသွားရဦးမယ် မဟုတ်လား၊ မနက်(၇)နာရီလောက်တော့ အရောက် ပြန်ခဲ့ကွာ"

"မနက် (၄)နာရီ ထိုးပြီ ဆရာ၊ ကျွန်တော်လည်း ကြက်ခြံကို သွားပြီး အစာကျွေး၊ ရေတိုက်၊ ကြက်ဥကောက်ပြီး ပြန်လာခဲ့မယ် ဆရာ"

ဟု ပြောဆိုကာ မျိုးနိုင်ဦးက မျက်နှာသစ်၍ တောင်အောက် သို့ ဆင်းသွားပါသည်။

အလွန်အိပ်ချင်နေသော်လည်း ကျွန်တော့်မှာ ထူးဆန်းသော အိပ်မက်ကြောင့် ချက်ချင်းပြန်၍ အိပ်မရပါ။ အိမ်အိုကြီးတစ်လုံးအတွင်း တစ်ဦးတည်း ကျန်နေခဲ့၍ စိတ်ချောက်ချားလျက်ရှိပါသည်။

တစ်ဖန် အိပ်ရာမှထ၍ ရေအဝသောက်ပြီး ဘုရားရှိခိုး၍ အမျှ


www.burmeseclassic.com

www.burmeseclassic.com



အတမ်းဝေကာ အိပ်ရာဝင်ခဲ့ပါသည်။ ဤတစ်ခါတော့ ချက်ချင်းပင် အိပ်ပျော်သွားပါသည်။

အိပ်မက်ထပ်၍ မက်ပြန်ရာ ယခင်အိပ်မက်ထဲမှ အဘွားကြီးနှင့် အဘိုးကြီးတို့မှာ ကျွန်တော့်အိပ်ရာအနီးတွင် ထိုင်လျက်ပင်ရှိနေပြီး အဘိုးကြီးမှ. . . .

"စကား မပြတ်သေးဘူး ငါတူရယ်. . . မင်းတပည့် ဝင်ရှုပ်လိုက်တာနဲ့ စကားစပြတ်သွားတယ်၊ ကဲ. . . တို့တိုပဲပြောကြပါစို့. . အဲဒီ ပစ္စည်းတွေကိုရရင် သုံးပုံ ပုံပါ၊ တစ်ပုံကို ငါတို့အတွက် အလှူအတန်း လုပ်ပြီး အမျှဝေပါ။ ကျန်နှစ်ပုံကို သားနဲ့သမီးကို အညီအမျှဝေယူပါစေ။ သားကို ပြောပါ လောဘမကြီးပါနဲ့လို့၊ လောဘကြီးရင် ဘာမှရတော့မှာ မဟုတ်ဘူးလို့ ငါ့တူ အသေအချာသတိပေးခဲ့ပါ" ဟု ပြောဆိုကာ ထိုင်နေရင်း ပျောက်ကွယ်သွားကြပါသည်။

အိပ်မက်အပြီး ကျွန်တော်လည်း လန့်နိုးကာ မျက်နှာသစ်သွားတိုက်ပြီး ဘုရားဝတ်ပြုရန်ပြင်ဆင်ရာ နံနက်(၆)နာရီလည်း ထိုးလေပြီ။

တစ်နာရီခန့် ဘုရားဝတ်ပြု အမျှအတမ်းဝေပြီး အိမ်ပိုင်ရှင် အဘိုးနှင့် အဘွားအား မေတ္တာပို့ အမျှအတမ်းဝေပေးလိုက်ပါသည်။

နံနက် (၇)နာရီတွင် တပည့် မျိုးနိုင်ဦး ပြန်လည်ရောက်ရှိလာသဖြင့် တောင်အောက်သို့ဆင်းခဲ့ပြီး မနက်စာ အစာပြေစားကြပါသည်။

လက်ဖက်ရည်ဆိုင်းတွင် မျိုးနိုင်ဦးမှ "ဆရာ ညက ထူးဆန်းတဲ့အိပ်မက် မက်တယ်ဆို. . . ပြောပြပါဦး"

ဟု တောင်းဆိုရာ အိမ်ရှင် မောင်ကျင်စိန်တို့မိသားစုမှလည်း နားထောင်လျက်ရှိပါသည်။

"အေး. . . ထူးဆန်းတာတော့ အမှန်ပဲကွ၊ အိပ်မက်တစ်ခုတည်းကို တစ်ရေးနိုးပြီး ပြန်ဆက်မက်တယ်ဆိုတာ တော်တော်ထူးဆန်း



www.burmeseclassic.com

www.burmeseclassic.com


...သာလဲ"

"ဒါနဲ့ မောင်ကျင်စိန်ရေ မင်းအဖေနဲ့ အမေ ညက ငါတို့အိပ် ...အိမ်မှာ ဆုံးတာလား"

"ဟုတ်ကဲ့ဆရာ အဖေက အဲ့ဒီအိမ်မှာ ငှက်ဖျားရောဂါနဲ့ဆုံး ... အမေကတော့ အဖေဆုံးပြီး တစ်လလောက်အကြာမှာ နှလုံးရောဂါ ... ဆုံးသွားတယ် ဆရာ၊ အဖေနဲ့ အမေက သိပ်ချစ်ကြတယ် ဆရာ၊ ...ကျွန်တော့်ကိုတော့ ဆိုးလွန်းလို့ဆိုပြီး မုန်းကြတယ်။ ကျွန်တော်ကလည်း ...ကျွန်တော်ပါပဲ ဆရာ၊ မိန်းမရခင်ကတော့ ပေတေလေလွင့်နေပြီး မိန်းမ ...ပြီးတော့ သူငယ်ချင်းဟောင်း မျိုးနိုင်ဦးနဲ့ ပြန်တွေ့တော့မှ လိမ်မာသွား ...တာ ဆရာ"

ထိုစဉ် ညီမဖြစ်သူ မတင်စိန်မှ–

"အောင်မယ်. . . အစ်ကိုကြီး လိမ်မာသွားတာ မဟုတ်ပါဘူး၊ ...ငြိမ်သွားတယ် လုပ်စမ်းပါ၊ အကိုမျိုးနိုင်ဦးက ဆွေမတော် မျိုးမတော် ... ဆိုင်ကိစ္စကို ဝင်ကူညီနေလို့ ကျွန်မတို့ဆိုင်ကလေးနဲ့ အခြေခိုင်ပြီး ...ခြေရှုံရသွားတာပါ ဆရာ"

အင်း 'ကိုယ့်ငါးချဉ်ကိုယ်ချဉ်ပေမပေါ့၊ တပည့်ကြီး မျိုးနိုင်ဦး ...ညီးရုံးရေးကောင်းလေစွ' ဟု ကျွန်တော့်စိတ်ထဲမှ မှတ်ချက်ချမိပါတော့ ...သည်။

"ကဲ. . . ထားပါတော့ ငါ့အိပ်မက်ကို ဆက်ပြောရဦးမယ် . . ...င်းတို့ မိဘတွေကို ငါ မမြင်ဖူးပါဘူး၊ ဒါပေမယ့် ငါပြောတာနဲ့ တူမတူ ...ထောင်ကြည့်ပေါ့ကွာ"

"မင်းတို့အဖေက မျက်မှန်ထူထူတပ်တယ်၊ ဆံပင်တိုတို ညှပ် ...တယ်၊ ဘောင်းဘီရှည်ဝတ်တယ်၊ တရုတ်ကပြားမို့ အသားဖြူတယ်၊ ...စိန်ပါးပါးပဲ။ အမေကတော့ ဆံပင်ဘီးကျော့ပတ် ထုံးထားတယ်၊ ...ကြောင်းဖူးဖက်ဆေးလိပ် ကြိုက်တယ်၊ ပဒုမ္မာ ရှုံ့သားအင်္ကျီလက်ရှည်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်တယ်၊ ပိန်ပိန်ပါးပါးပဲ၊ မင်းကိုတော့ အကောင်းမပြောတတ်ဘူး ဟုတ်လား မောင်ကျင်စိန်"

"ဟုတ်တယ် ဆရာ. . . . ဆရာပြောတဲ့ အဖေနဲ့အမေပုံစံက တစ်ထပ်တည်းပဲ၊ အဖေနဲ့ အမေ ဆုံးသွားတာ (၅)နှစ်ကျော်ပါပြီ၊ ဆရာ ခဏလေးနော်. . . . ညီမလေးရေ ဘီရိုအံဆွဲထဲက အဖေနဲ့ အမေ့ဓာတ်ပုံတွေ သွားယူလိုက်ပါ၊ ဆရာ့ကို ပြရအောင်"

"အင်း ဟုတ်ပါရဲ့ကွာ. . . . ငါ့အိပ်မက်ထဲမှာ မြင်ခဲ့ရတဲ့အတိုင်းပါပဲ၊ ငါ့မျက်စိထဲမှာကို စွဲထင်နေတာ၊ ဒီအတိုင်းဆိုရင်တော့ မင်းတို့ချမ်းသာပြီပေါ့. . . ဘဝခြားသော်လည်း မိဘမေတ္တာက အတိုင်းအဆမရှိပါလားကွာ၊ သူတို့ခမျာ သားသမီးကို အမွေဖေးချင်လွန်းလို့ (၅)နှစ်ကျော်တောင် မကျွတ်မလွတ်ဘဝနဲ့ ဆက်သွယ်ပေးမယ့်သူကို စောင့်နေရရှာတယ်"

"ကဲကဲ. . . ဒါတွေအသာထားလိုက်ဦး ပိုထူးဆန်းတာတွေ ပြောရဦးမယ်၊ မင်းတို့မြို့အဝင်မှာ ကျောက်ရုပ်တစ်ခုရှိတယ်ဆို၊ အဲ့ဒါ ဘယ်နေရာမှာလဲ၊ ငါလည်း မိုးချုပ်စရောက်လာလို့ မမြင်မိဘူး"

"ဒီသံတောင်မြို့သစ်က တည်ထားတာ မကြာသေးဘူး ဆရာ ဒီမြို့အဝင်မှာတော့ ဘာရုပ်တုမှ မတွေ့မိပါဘူး"

"အော်. . . အစ်ကိုကြီးကလည်း သံတောင်မြို့ဟောင်းအဝင်မှာရှိတယ်လေ. . . လူရုပ်လိုလို နတ်ရုပ်လိုလိုဟာမျိုးလေ၊ ပျက်စီးနေတော့ ဘာရုပ်တုမှန်း မသဲကွဲတော့ဘူး"

"အေး. . . မတင်စိန် ပြောတာမှန်ရင်တော့ မင်းတို့မိသားစု ချမ်းသာပြီပေါ့ကွာ အဲ. . ဒါပေမယ့် လောဘမကြီးနဲ့ လောဘကြီးရင်တော့ ဘာမှရမှာ မဟုတ်ဘူး"

ဟု သတိပေးကာ ညက မက်ခဲ့သော အိပ်မက်အကြောင်း ပြောပြပြီး မောင်နှမနှစ်ဦး ဝမ်းသာဝမ်းနည်း မျက်ရည်ပြည့်လျှဖြင့် ငို



www.burmeseclassic.com

www.burmeseclassic.com


ဆင်ကြပါသည်။

"မင်းတို့ ငိုနေလို့တော့ မပြီးသေးဘူးဟေ့၊ မိဘဆိုတာ သားသမီး ကောင်းစားစေချင်လွန်းလို့ မကျွတ်မလွတ်ဘဝနဲ့ နေရတာတောင် တမလွန် ကနေ စောင့်ကြည့်နေကြရတာ၊ မင်းတို့ကလည်း မင်းတို့ပါပဲ ဆုံးသွား ပြီးတဲ့နောက်ပိုင်း မိဘတွေကို ရည်စူးပြီး အလှူအတန်းလေးတောင် တစ်ခါမှ မလုပ်မိကြဘူး ထင်တယ်။ အင်း လူငယ်တွေဆိုတော့လည်း ဘယ်အလေးအနက်ထားပြီး သတိရပါ့မလဲ၊ မိဘဆိုတာကတော့ ဘဝ ခြားသွားပြီးတာတောင် သံယောဇဉ် မပြတ်နိုင်ကြသေးဘူး။ ကျင်စိန်ရေ မင်းက အကြီးဆုံးဆိုတော့ ဒီကိစ္စကို ဦးဆောင်ပေါ့ကွာ၊ မိဘတွေမှာတဲ့ အတိုင်း မှုမှုတတလုပ်ကြဦး။ တပည့်ကြီး မျိုးနိုင်ဦးကလည်း ဆွေမျိုး အရင်းကြီးတွေဖြစ်တော့မှာမို့ ကျင်စိန်ကို ဝိုင်းကူညီပေါ့ကွာ"

"မိဘတွေ မှာတဲ့အတိုင်းရခဲ့ရင်လည်း သူတို့မှာတာတွေကို မမေ့နဲ့၊ အမွေပစ္စည်းဆိုတာ ခံစားထိုက်မှ ခံစားရတာ၊ လောဘလည်း မကြီးနဲ့ ဒီနေ့ကစပြီး မင်းတို့မိသားစုတွေအားလုံး အနန္တောအနန္တ(၅)ပါးကို နေ့ ည သတိတရ ရှိခိုးကြပြီး မိဘတွေကို နေ့စဉ်ညစဉ် အမျှအတမ်း ဝေပေးပါကွာ"

"ကဲငါ့ကို ပြုစုကျွေးမွေးတဲ့အတွက် မိသားစုဝင်အားလုံး ချမ်းသာ သုခနဲ့ ပြည့်စုံကြပါစေ၊ ထိုက်တန်တဲ့ အမွေကိုလည်း လက်ဝယ်ပိုင်ပိုင် ရကြပါစေ၊ မိဘစကား နားထောင်တဲ့ သားကောင်း သမီးကောင်းများ လည်း ဖြစ်ကြပါစေ. . . ငါလည်း တစ်ညပဲ အိပ်ခွင့်ရတာဆိုတော့ မင်း တို့ကိစ္စကို အစအဆုံး မကူညီနိုင်တော့ဘူး"

မောင်ကျင်စိန်မှ. . . .

"ဆရာ ခင်ဗျား. . . ကျွန်တော်တို့မိသားစုအားလုံး ဆရာ့စကား နားထောင်ပါ့မယ်၊ ဆရာ့ကိုလည်း မိဘအရာထားပြီး ကျွန်တော်တို့မိသားစု ဝင်အားလုံး ကျေးဇူးတင်လွန်းလို့ ကန်တော့ပါရစေ"


www.burmeseclassic.com

www.burmeseclassic.com


ဟု ပြောဆိုကာ မိသားစုဝင်(၃)ဦး ထိုင်ကန်တော့ကြပါသည်။ ထိုအချိန်တွင် တပည့်ဖြစ်သူ မျိုးနိုင်ဦးမှလည်း ရောယောင်၍ ထိုင်ကန်တော့ပါတော့သည်။

"အင်း. . . ငါ့တပည့်ကြီးလည်း မကြာခင် ချမ်းသာတဲ့ မိသားစုဝင်ဖြစ်တော့မှာကိုး" ဟု စိတ်တွင်းမှ မှတ်ချက်ချရင်း ပီတိဖြစ်မိပါတော့သည်။

၂၀၀၀ ပြည့်နှစ် စက်တင်ဘာလ.....

ကျွန်တော် အကျဉ်းဦးစီးဌာနမှ နုတ်ထွက်၍ ပြင်ပစီးပွားရေးလုပ်ငန်း လုပ်ကိုင်နေစဉ် တပည့်ဟောင်းတစ်ဦးဖြစ်သူ မောင်စန်းလွင်မှ သူ၏ကားအား ရောင်းပေးရန် အကူအညီတောင်းခံလာသဖြင့် တောင်ငူမြို့မှ တူတော်စပ်သူ မောင်လွင်မိုးနှင့် ဆက်စပ်မိပြီး တောင်ငူမြို့သို့ သွားရန် အကြောင်းပေါ်ပေါက်လာပါသည်။ လုပ်ငန်းကိစ္စများအား ပြီး ပြတ်အောင် ဆောင်ရွက်ပြီး နှစ်ပတ်ခန့်အကြာတွင် ရောင်းချမည့်ကားလေးဖြင့် တောင်ငူမြို့သို့ ထွက်ခဲ့ကြပါသည်။

တောင်ငူမြို့ရောက်သော် တူတော်မောင် မောင်လွင်မိုး၏ မင်္ဂလာဆောင်ဖြင့် တိုးနေရာ သုံးရက်ခန့် စောင့်ဆိုင်းရန် ပြောသောကြောင့် အနားယူသည့်အနေဖြင့် သူငယ်ချင်းဖြစ်သူ ထောင်ပိုင်ဦးသန်းချစ်ထံ သွားပြီး ၎င်းစခန်း၏ ဧည့်ရိပ်သာတွင် တည်းခိုကြပါသည်။

(၃)ရက်ခန့် အားလပ်နေရာ တပည့်များမှ သံတောင်မြို့သစ်သို့ မရောက်ဖူး၍ သွားလည်ရန် ပူဆာကြရာ ပါလာသည့်ကားလေးဖြင့် သွားလည်ကြပါသည်။

သံတောင်မြို့သစ်မှာ ၁၉၈၄ ခုနှစ်က ရောက်ခဲ့စဉ်ကဲ့သို့ပင် ပြောင်းလဲမှုမရှိပါ။ ဒုတ်ဆန်းကားအိုလေးများနေရာတွင် ဟိုင်းလပ်ကားများ ဝင်ရောက်လာသော်လည်း ဒုတ်ဆန်းကားအိုလေးများက ဆင်ခြေလက် မြေ ဆွဲလျက်ပင် ရှိပါသေးသည်။ သို့သော် ပသီချောင်းရေချိုးဆိပ်ကို သွားမှ


www.burmeseclassic.com

www.burmeseclassic.com


နိုင်ငံတော်အစိုးရက အနားယူအပန်းဖြေစခန်းသစ်များသို့ သွားရန် ဆောင်ပတ် ကားလမ်းသစ်များ ဖောက်လုပ်နေသည်ကို တွေ့ရပါသည်။ ပသီချောင်းရေချိုးဆိပ်တွင် ရေချိုးကြပြီးနောက် နေ့လည်စာ စားသောက်ရန် မြို့လယ်မှ စားသောက်ဆိုင်တန်းများဘက်သို့ ပြန်လှည့်လာပြီး သတိရသဖြင့် 'သံတောင်စားတော်ဆက်'အား ရှာဖွေရာ မတွေ့ရှိရတော့ပါ။ ယင်းဆိုင်နေရာတွင် 'မော်လမြိုင်စားတော်ဆက်'ဟု ဆိုင်းဘုတ်တင်ထားသဖြင့် ယင်းဆိုင်၌ပင် ဝင်ရောက်စားသောက်ကြပါသည်။

စားသောက်ရင်း ဆိုင်ရှင်အမျိုးသမီးအား ယခင်'သံတောင်စားတော်ဆက်' အကြောင်း မေးမြန်းရာ ၎င်းအမျိုးသမီးက ကျင်စိန်တို့ထံမှ ဈေးချောင်ရ၍ ဝယ်ယူလိုက်ခြင်းဖြစ်ကြောင်း၊ တောင်ကုန်းပေါ်မှ သစ်သားအိမ်အိုကြီးကိုတော့ အိမ်နီးချင်းများက ဝယ်ယူသွားကြောင်း၊ ကျင်စိန်တို့မိသားစုမှာ အလျင်စလိုနိုင်စွာ ရောင်းချသွားကြခြင်းဖြစ်ကြောင်း၊ မည်သည့်မြို့သို့ ပြောင်းရွှေ့သွားသည်ကိုပင် မသိရှိရကြောင်း မပြောင်းမီ အလှူကြီးတစ်ခု လုပ်သွားသည်ကိုတော့ မှတ်မိကြောင်း ပြောပြပါသည်။

စားသောက်ပြီးနောက် ကျသင့်ငွေအားရှင်း၍ တည်းခိုရာ ဆောင်ပွလေးမိုင်စခန်းဧည့်ရိပ်သာသို့ ပြန်ခဲ့ကြပါသည်။ စိတ်ထဲတွင်တော့ မဖော်ပြနိုင်သော ဝမ်းသာကြည်နူးခြင်းက တရိပ်ရိပ်တက်၍လာပါသည်။

ပသီချောင်းရေချိုးမိ၍ အင်အားသစ်တစ်မျိုးတိုးကာ ကြည်နူးဝမ်းသာရွှင်ပြခြင်းလော၊ ကိုယ်မက်ခဲ့သည့် အိပ်မက် မှန်ကန်၍ ကျင်စိန်တို့မိသားစု ပစ္စည်းများရကာ ချမ်းသာသွားသောကြောင့် ကြည်နူးဝမ်းသာခြင်းလော၊ တမလွန်မှ မိဘများ၏ စကားကို နားထောင်၍ အလှူအတန်းလုပ်ပေးသွားသော ကျင်စိန်တို့မိသားစု ကတိတည်သဖြင့် ဝမ်းသာကြည်နူးခြင်းလော၊ ကွယ်လွန်သွားသူမိဘများအနေဖြင့် သာဓုခေါ်ဆိုနိုင်ပြီး ကျွတ်လွတ်သောဘဝကို ရရှိသွားကြမည်ဖြစ်ရာ ဝမ်းသာကြည်



www.burmeseclassic.com

www.burmeseclassic.com

နူးခြင်းလော. . . .

မည်သို့ပင်ဖြစ်စေ ဝမ်းသာကြည်နူးစိတ်ကတော့ ရင်ထဲတွင် တရိပ်ရိပ်တက်ရောက်လာပြီး ပီတိဖြစ်မိတာတော့ အမှန်ပင်ဖြစ်ပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း
လှိုင်ဝှက်ဆန်းကြယ်မဂ္ဂဇင်း၊ ဧပြီလ၊ ၂၀၀၂

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ရွာပြောင်းပြေးသော ကျတ်များ

၁၉၇၇ ခုနှစ်၊ ဇူလိုင်လ၊ မိုးလယ်၊ ညဉ့်ဦးပိုင်းတွင် ကျွန်တော်နှင့် ထောင်မှူး ဦးအေးချို (ဆိတ်)၊ စခန်းဆရာဝန် ဦးမောင်မောင်တို့ ရေနွေးကြမ်းကရား အလယ်တွင်ထား၍ စကားပိုင်းဖွဲ့ ပြောဆိုနေကြပါသည်။ နေရာကား ပဲခူးရိုးမတောအလယ် သုံးတန်ကူး ရဲဘက်စခန်း၊ တောင်ခါးပန်းတွင် ဆောက်လုပ်ထားသော စခန်းတာဝန်ခံ ရုံးခန်းအိမ်ကြီးတွင် ဖြစ်ပါသည်။ ရိုးမမိုးက တစိမ့်စိမ့်ရွာနေပါသည်။ တောတွင်းစခန်းဖြစ်သဖြင့် လျှပ်စစ်မီး မရှိပါ။ ဖယောင်းတိုင်ထွန်း၊ ထင်းမီးမွှေးပြီး ညစာစားပြီးကာစ စကားပိုင်းဖွဲ့ပြောဆိုနေကြခြင်း ဖြစ်ပါသည်။

စခန်းတွင် ဝန်ထမ်းနှင့် ရဲဘက်အင်အား (၅၀၀)ကျော် ရှိသော်လည်း မိုးတစိမ့်စိမ့်နှင့် အေးလှသောကြောင့် စောစီးစွာ အိပ်ရာပင်ကြဟန် တူပါသည်။ မိုးသံတဖျောက်ဖျောက်မှ လွဲ၍ လူသံ၊ သူသံ မကြားရတော့ပါ။

ဆရာဝန် ဦးမောင်မောင်ကြီးမှ ဦးဆောင်၍ သူ၏ တောတွင်းစခန်း အတွေ့အကြုံများအား ပြောဆိုနေခြင်း ဖြစ်ပါသည်။ တဖြည်းဖြည်း ညဉ့်နက်လာပါပြီ။ ည (၁၀)နာရီ ထိုးခါနီးတွင် စကားအပြတ်၌ ကျွန်တော်မှပင် ဆရာဝန်အား ဆရာလုပ်၍ သတိပေးရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


"ဆရာ ဦးမောင်မောင်ရေ၊ အိပ်ကြရအောင်ဗျို့၊ ဒီစခန်းမှာ ညဥ့်နက်အောင် ခြင်ထောင်အပြင်မှာ နေပြီး စကားပြောရတာ မကောင်းဘူးဗျ။ ငှက်ဖျား ကြောက်ရတယ်။ မီးဖိုထားပေမယ့် မသိမသာ ခြင်ကိုက်ခံနေရတယ်။ ဆရာတို့ ငှက်ဖျား ကာကွယ်ဆေးတွေကိုလည်း သောက်နေတာ နားနှစ်ဖက်စလုံး လေထွက်နေပြီဗျို့"

"ဟုတ်ပါ့ ဆရာရယ်၊ ကရိုလိုကွင်း ကရိုလိုဖော့ ငှက်ဖျားဆေးတွေက သိပ်မစွမ်းတော့ဘူးဗျ။ အခု အပတ်စဉ် စနေနေ့တိုင်း ဆေးနှစ်လုံးစီ တိုက်ပေမယ့်၊ ဝန်ထမ်းရဲဘက် (၅၀)လောက် ဆေးရုံတက်နေကြရပြီ သောက်ဆေးနဲ့ မရတော့ ထိုးဆေးတွေ လိုနေပြီ၊ မနက်ဖြန် ကားကြုံရင်တော့ နောက်တန်းပြန်ပို့ပြီး ဆေးရုံကြီး တင်ရတော့မယ်"

"ဟုတ်ပါရဲ့ဗျာ၊ ဆရာတို့ ကျွန်တော်တို့ ဒီလောက် အနေအထိုင်၊ အစားအသောက် ဆင်ခြင်ကြတာတောင်မှ ဖျားချင်ချင် ဖြစ်နေကြပြီ"

"ကဲ ဆရာတို့ရေ၊ ကျွန်တော် ပြန်ဦးမယ်"

"ဟုတ်ကဲ့ ဆရာ၊ ကဲ ရုံးအဖွဲ့တစ်ယောက်၊ ဆရာတို့အိမ်လိုက်ပို့လိုက်ပါ၊ ထီးနဲ့ လက်နှိပ်ဓာတ်မီးလည်း ယူသွားဦး"

သို့နှင့် ဆရာဝန်ဦးမောင်မောင် ၎င်း၏ အိမ်ရှိရာ စခန်းအရှေ့ဘက်ရှိ ဆေးရုံတဲကုန်းသို့ ပြန်သွားပါသည်။ ကျွန်တော့်တပည့် မုဆိုးအောင်သန်း ထီးမိုး၍ လိုက်ပို့ပါသည်။

ညဥ့် (၁၀)နာရီထိုးခါနီး အောင်သန်း ပြန်အရောက်တွင် စခန်းအရှေ့မြောက်ဘက်တောင်ကုန်းပေါ်မှ "ဝုန်း အုန်း အုန်း" ဟူသော အသံကြီးဖြင့် သစ်ပင်ကြီးတစ်ပင် လဲပြိုသံကို ကြားလိုက်ရပါသည်။

"ဟ ဟ ဘယ်လိုဖြစ်တာလဲ ကိုအေးချိုရေ၊ သစ်ပင်ကြီးတစ်ပင် လဲသံပဲဗျ။ စခန်းအရှေ့မြောက်ဘက်တောင်ကုန်းပေါ်ကပဲ၊ အဲဒီတောင်ကုန်းပေါ်မှာ သစ်ပင်ရှိသေးလို့လား၊ ဒီနေ့ပဲ စခန်းတာဝန်ခံက ရှင်းတဲဆောက်ဖို့ အကုန်ရှင်းခိုင်းထားတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ကိုသိန်းဝင်းရေ ကျွန်တော်ကိုယ်တိုင် ကြီးကြပ်ပြီး အပြတ်ရှင်းထားတာပါ၊ ချုံပုတ်တောင် မကျန်ပါဘူး၊ ဘယ်လိုဖြစ်တာပါလိမ့်"

"ကဲ ကဲ ညဉ့်နက်ပြီ၊ အိပ်ကြပေါ့၊ မနက်မှ သွားကြည့်ကြရအောင်"

သို့နှင့် ကျွန်တော်တို့ အိပ်ရာဝင်ခဲ့ကြပါတော့သည်။ ရိုးမမိုးက တစိမ့်စိမ့်ရွာနေပြီး ချမ်းအေးလှသဖြင့် အိပ်ရာ အလွန်ကောင်းလှပါသည်။

မနက် (၆)နာရီ အိပ်ရာထကြပြီး၊ ဘုရားဝတ်ပြု၊ မနက်စာစားသောက်ကြ၍ စခန်း အရှေ့မြောက်ဘက်တောင်ကုန်းကလေးပေါ်သို့ တက်လာကြပါသည်။ ကုန်းပေါ်တွင် သစ်ပင်တစ်ပင်မျှ မရှိတော့ပါ။ ကိုအေးချို ပြောသလို ချုံပုတ်တစ်ခုမျှပင် မရှိတော့ပါ။

ပြောစရာရှိသည်ကတော့ ကညင်ဖြူပင်ကြီး ဖြစ်ပါသည်။ အခြားခုတ်တွင်ရှင်းလင်းထားသော သစ်ပင်များပေါ်တွင် ကန့်လန့်ဖြတ် လဲကျနေပါသည်။ လူတစ်ဖက်ခန့်ရှိပြီး ကိုင်းဖျားများအား ခုတ်တွင်ထားပြီးဖြစ်ပါသည်။

"ကိုသိန်းဝင်းရေ ဒီအပင်ကြီး ထင်တယ်ဗျ၊ ညက လဲတာလေ၊ မနေ့ညနေက ကျွန်တော်တို့ လွှတိုက်လှဲတာ၊ ထုတ်ချင်းခတ် ပေါက်သွားပေမယ့် မလဲလို့၊ ရဲဘက်တစ်ယောက်က သေးနဲ့ပန်းပြီး ပေါက်ဆိန်နဲ့ ပေါက်လှဲမှ လဲသွားသဗျ၊ လဲတော့လည်း မနေ့ညက ကြားရတဲ့အသံကြီးမျိုးနဲ့ လဲသွားတာ"

"ကိုအေးချို ခင်ဗျားဟာက ခင်ဗျားတို့ လှဲပြီးမှ ညက ပြန်လဲတဲ့သဘောလား"

"ဟုတ်ပါ့ဗျာ၊ လျှော်တုန်းစခန်းက နာမည်ကြီး သစ်နာရီပင်ကြီးလိုပေါ့ဗျာ၊ ခုတ်ထားတာ (၆)လကျော်ပေမယ့် ညစဉ် ညတိုင်း ည (၉)နာရီမှာ ပုံမှန် လဲသံပေးတယ်လေ၊ သွားကြည့်ရင်တော့ သစ်ခေါက်



www.burmeseclassic.com

www.burmeseclassic.com


တောင် ဆွေးလို့ကွာနေပြီး နွယ်စိမ်းပင်တွေတောင် ပေါက်နေပြီ"

"အင်း ဟုတ်ပါရဲ့ဗျာ၊ ထူးဆန်းလိုက်တာ ကိုအေးချိုရာ၊ ခင်ဗျားတို့ တာကို မကျေနပ်ဖူး ထင်ပါရဲ့၊ ခင်ဗျားတို့လည်း သတိထား နတ်ကိုင် နေဦးမယ်" ကျွန်တော်မှ နောက်ပြောင်ပြောဆိုရာ ကိုအေးချိုမှ

"စခန်းတာဝန်ခံ ဦးသိန်းမြင့် ခုတ်ခိုင်းတာပဲဗျာ၊ ကိုင်ခြင်းကိုင် ကိုင်မှာပေါ့၊ ကျွန်တော်တို့က အနေသာကြီးပါဗျာ"

ထိုစဉ်တွင် စခန်းရုံးမှ မုဆိုးအောင်သန်း ရောက်ရှိလာပြီး ကျွန်တော့်အား-

"ဆရာ စခန်းရုံးမှာ ကြို့ပင်ရွာက မုဆိုးဦးဘိုကြီး ရောက်နေ တယ်၊ ဆရာနဲ့ တွေ့ချင်လို့တဲ့"

"အေး အေး လာခဲ့မယ် အောင်သန်းရေ၊ မုဆိုးကြီးကို ကော် လေး၊ မုန့်လေးနဲ့ ဧည့်ခံထားပါဦး"

"ဟုတ်ကဲ့ ဆရာ"

"ကဲ ကိုအေးချိုရေ၊ ဒီအပင်ကြီးကို အပိုင်းပိုင်း ဖြတ်ပြီး၊ ဗို ထင်းလုပ်လိုက်ရင် ရှင်းရော မဟုတ်လား၊ ရဲဘက်တစ်ဘုတ် ပြီး ရှင်းခိုင်းလိုက်ဗျာ"

"ဟုတ်ပါ့ သူငယ်ချင်းရေ၊ ကိုယ် ဒီမနက်ပဲ ရှင်းခိုင်းလိုက်မယ်"

သို့နှင့် ကျွန်တော် စခန်းရုံးသို့ ပြန်ခဲ့ပါသည်။ ရုံးခန်းရောက်သည် မုဆိုးဦးဘိုကြီးက ကျွန်တော့်အား မြင်သည်နှင့် ထိုင်ရာကထပြီး-

"ဆရာရေ ကျွန်တော် ဆရာ ပစ်ချင်တဲ့ ဆတ်ဖားကြီး သတင်း းတယ်၊ ဟိုအပတ်က မြေနီကွင်းရွာ ကိုနီနွားတဲ့မှာ နွားတွေနဲ့အတူ ပြီး အိပ်နေတဲ့ ဆတ်ဖားကြီးလေ၊ အဲဒါ ကျွန်တော်တို့ ရွာအနောက် ၊ ရိုးမတောစပ်က ကုက္ကိုပင်(စားပင်)အောက်မှာ နေ့စဉ် လာစားသတဲ့ ကျောင်းသားတွေ တွေ့လို့ လာသတင်းပေးသွားတယ်၊ ကျွန်တော်လည်း ယောက်တည်း ညဥ့် အဲဒီဘက်ကို မသွားရဲဘူး ဆရာ၊ အဲဒီနေရာက


www.burmeseclassic.com

www.burmeseclassic.com



ကျတ်ကုန်းဗျ၊ အခြောက်အလှန့် နာမည်ကြီးတယ်"

"ဦးဘိုကြီးကလည်းဗျာ မုဆိုးလုပ်ပြီး ကြောက်နေပြန်ပါပြီ၊ ကျွန်တော် လိုက်ခဲ့ပါ့မယ်၊ ကျွန်တော့် တပည့် မုဆိုးအောင်သန်းလည်း ခေါ်လာခဲ့မယ်၊ ဘယ်အချိန်သွားမှာလဲ"

"လင့်စင်ပေါ်က စောင့်ပစ်ရမှာ ဆရာ၊ ဆရာ ညနေစာ စော စောစားပြီး ကျွန်တော့်အိမ်ကို လာခဲ့ပါ၊ ကျွန်တော် စားပင်ပေါ်မှာ ဒီ မနက်ပဲ သွားခေါ်ပြီး လင့်ထိုးထားနှင့်မယ်၊ အမဲလိုက်ဓာတ်မီးကောင်း ကောင်းနဲ့ ဆရာ့လက်စွဲတော် ပွိုင့် ၃၀၃ ရိုင်ဖယ်ကြီးလည်း ဆွဲခဲ့ပေါ့ဗျာ"

"ကောင်းပါပြီဗျာ၊ ညနေစောင်း ကျွန်တော်တို့ လာခဲ့မယ် ခင်ဗျား အသင့်လုပ်ထားပါ"

"ကောင်းပါပြီ ဆရာ၊ ကျွန်တော် ပြန်ဦးမယ်"

မနက်ပိုင်း ရုံးအလုပ်များအား လုပ်ကိုင်ပြီးနောက် နေ့လည် စာ စားသောက်၍ တစ်ရေးအိပ်ပါသည်။ ညဥ့် လင့်စောင့်ရမည်ဖြစ်သ ဖြင့် အိပ်ရေးပျက်ဦးမည် မဟုတ်ပါလား ညနေ (၃)နာရီတွင် အိပ်ရာထ ၍ ညဥ့်လင့်စောင့်ရန်အတွက် ပြင်ဆင်ရပါတော့သည်။ အမဲလိုက်ဓာတ်မီး ရေဘူးနှင့် အစာပြေ စားနိုင်ရန် ဘီစကစ်များကို ပြင်ဆင်ထည့်သွင်း ပြီး လက်စွဲတော် ပွိုင့် ၃၀၃ ရိုင်ဖယ်ကြီးကိုလည်း တိုက်ချွတ်ဆေးကြော ရပါ့သည်။ ကျည်ကိုတော့ (၅)တောင့်ပဲ ယူခဲ့ပါသည်။ တပည့်ကျော် မုဆိုး အောင်သန်းကိုလည်း လိုအပ်တာများ မှာကြားရပါသည်။

"အောင်သန်းရေ"

"ဗျာ ဆရာ"

"မင်း လက်စွဲတော် အမဲလိုက် ဓားနဲ့ လေးခွ၊ လောက်စာ မီးခြစ်၊ ရေဘူး၊ ပြည့်စုံအောင် ယူခဲ့နော်"

"ဟုတ်ကဲ့ ဆရာ"

ကျွန်တော်တို့ ဆရာတပည့် ညနေစာအား စောစီးစွာ စား



www.burmeseclassic.com

www.burmeseclassic.com


သောက်လိုက်ကြပြီးနောက် ညနေ (၅)နာရီခန့်တွင် စခန်းမှ ကြို့ပင်ရွာ သို့ ထွက်ခဲ့ကြပါတော့သည်။ စခန်းနှင့် ကြို့ပင်ရွာမှာ မဝေးလှပါ၊ တစ်မိုင်ကျော်ခန့် လျှောက်ရပါမည်။ ပဲခူးရိုးမတောအတွင်း ဖြစ်၍ တောရိပ်၊ တောင်ရိပ်ကြောင့် နေကို မမြင်ရတော့ပါ။ တော်ပါသေးသည်။ မိုးမရွာသဖြင့် တောလမ်းခရီးဖြစ်သော်လည်း လမ်းသာပါသည်။

ကြို့ပင်ရွာသို့ ရောက်သော် မုဆိုး ဦးဘိုကြီးမှာ အသင့်စောင့်မျှော်နေပါသည်။

"ဆရာ ကြွပါ၊ ခဏထိုင်ပြီး အခါးရည်လေး သုံးဆောင်ပါဦး၊ နွေးသားခြောက်ဖုတ်နဲ့ လက်ဖက်လည်း ရှိပါတယ်"

ကျွန်တော်တို့ ဆရာတပည့် ခေတ္တအမောဖြေ၊ အခါးရည်သောက်သုံးနေကြစဉ် ဦးဘိုကြီးမှ ၎င်း၏သားနှင့် ဖနီးအား မှာကြားစရာများအား မှာကြားနေပါသည်။ ပြီးနောက် ကျွန်တော်တို့ လင့်စင်ရှိရာသို့ ထွက်ခဲ့ကြပါသည်။ လင့်စင်ထိုးထားသည့် စားပင်နေရာမှာ ရွာနှင့် နီးသည်ဆိုသော်လည်း ရိုးမတောစပ်၊ လယ်ကွင်းများအား ဖြတ်ကျော်ပြီး တစ်မိုင်ခန့်လမ်းလျှောက်ရပါသေးသည်။ ချောင်းကလေးတစ်ခုအား ဖြတ်ကူးရာနေမှာ ဒူးဆစ်ခန့်ရှိပါသည်။ တော်ပါသေးသည်။ လင့်တက်ရမည်ဖြစ်သဖြင့် တောစီးဖိနပ်အစား ဂျပန်ရာဘာဖိနပ်စီးလာ၍ ပြဿနာမရှိလှပါ၊ ဘောင်းဘီရှည်ကိုတော့ ဒူးဆစ်ကျော်အောင် လိပ်တင်ရပါသည်။

ချောင်းတစ်ဖက်ကမ်းတွင် ဖုန်းဆိုးတောသာရှိပြီး သစ်ပင်ကြီးကြီးဆို၍ ကျွန်တော်တို့ လင့်စီးမည့် ကုက္ကိုပင်ကြီး တစ်ပင်တည်းသာ အခက်အလက် ဝေဆာစွာဖြင့် မားမားကြီး ရပ်တည်နေပါသည်။ ကိုင်းခွဆုံတွင် ဦးဘိုကြီးတို့ ထိုးထားသော လင့်တဲအား တွေ့ရပါသည်။ မိုးတွင်းဖြစ်၍ အမိုးပါ မိုးထားသောကြောင့် လင့်တဲဟု ဆိုရခြင်း ဖြစ်ပါသည်။

ဦးဘိုကြီးမှ "ကဲ ဆရာ တက်တော့မလား"

"မတက်သေးဘူး ဦးဘိုကြီး၊ ပတ်ဝန်းကျင် လေ့လာပြီး အပေါ်



www.burmeseclassic.com

www.burmeseclassic.com

အပါးသွားပြီးမှ တက်မယ်၊ စောပါသေးတယ်၊ အခုမှ ညနေ (၆)နာ
ပဲ ရှိသေးတယ်''

''အဲဒါဆို ကျွန်တော် ဝါးကျည်တောက် သုံးလုံးလောက် ခု
လိုက်ဦးမယ်၊ လင့်ပေါ်မှာ အပေါ့အပါး သွားရတာပေါ့''

ပတ်ဝန်းကျင်အား လေ့လာရာ မြင်ကွင်းရှင်းပါသည်။ ဖုန်းဆ
တောဖြစ်၍ သစ်ပင်ငယ်များသာ ရှိပြီး၊ အနောက်မြောက်ဘက်တွ
ကြီးမားသော ခြတောင်ပို့ဖြူဖြူကြီးသာ ရှိပါသည်။ အပေါ့အပါးသွား
နောက် လင့်စင်ပေါ်သို့ တက်ကြရာ အောင်သန်းက ဖိနပ်များကို အိ
တစ်ခုထဲထည့်၍ ယူခဲ့ပါသည်။

လင့်တဲမှာ အတော်ကျယ်ဝန်းပါသည်။ လူငါးယောက်ခန့် ချော
ချောင်ချိချိ နေထိုင်နိုင်အောင် အကျယ်အဝန်း ရှိပါသည်။ အမိုးမှ
ကောင်ထန်းရွက်များ မိုးထားသော်လည်း ပတ်ဝန်းကျင်အား မြင်နိုင်
လေးဘက်လေးတန် အကာအရံ ဝါးနှင့် တစ်ပေခန့် လွတ်ထားပါသည်
အခင်းမှာတော့ ကျသောင်းဝါး ဆင့်စီ၍ ကျသောင်းဝါးများကိုပင် ခွဲခြမ်း
ခင်းထားပါသည်။ ကြိမ်နှင့် တုပ်ထားသဖြင့် တောင့်တင်းခိုင်မာပါသည်
တစ်ခါသုံး မဟုတ်မူဘဲ ကြာကြာသုံး နိုင်ရန် စီမံထားဟန် တူပါသည်

မကြာမီ ဦးဘိုကြီးလည်း ဝါးကျည်တောက်သုံးလုံး သယ်ဆော
၍ လင့်ပေါ်တက်လာပါသည်။

''ဆရာ လင့်ကို သဘောကျရဲ့လား၊ ကျွန်တော်နဲ့ သား သန်းလွ
တို့ နှစ်ယောက် တစ်နေကုန်ရောပဲ ဆရာရေ၊ ဝါးခုတ်၊ တောင်ထန်းခုတ်
ကြိမ်ခုတ်နဲ့ အခေါက်ခေါက် အခါခါ အပင်ပေါ်ကို ထမ်းတင်ရတာ
မလွယ်ဘူး ဆရာရေ၊ ကျွန်တော်တစ်ယောက်တည်း ဆိုရင်တော့ လ
မဆောက်တော့ဘဲ ခွဆုံမှာ ထိုင်နေမှာ ဆရာ၊ တစ်ယောက်တည်း
တော့လည်း မနေရဲပြန်၊ သားကလည်း ညဘက်မလိုက်ရဲဘူးဘဲ''

''ကျေးဇူးပဲ ဦးဘိုကြီးရေ၊ ခင်ဗျားဥစ္စာ လင့်စင်မဟုတ်ဘ



www.burmeseclassic.com

www.burmeseclassic.com


အမိုးပါမိုးထားလို့ လင့်တဲဖြစ်နေပြီ ကောင်းပါ့ဗျာ၊ မိုးလုံလေလုံ နေရတာပေါ့''

ရိုးမတောင်ခြေ တောစပ်ဖြစ်သဖြင့် နေဝင်သည်နှင့် ချက်ချင်းမှောင်လာပါသည်။ ကြွက်၊ ငှက်များ အိပ်တန်းတက်သံ၊ ပရစ်အော်သံ၊ ဖားအော်သံနှင့် တစ်ခါတစ်ရံ ချေဟောက်သံများကို ပတ်ဝန်းကျင်တွင် ကြားနေရပါသည်။

လင့်တဲမှာ မြေပြင်မှ ပေ(၂၀)ခန့် မြင့်သော်လည်း မှောင်လာသည်နှင့် ခြင်နှင့် ဖြုတ်ကောင်များ ရောက်ရှိလာပြီး ဒုက္ခပေးပါတော့သည်။ အသံမြည်အောင် မရိုက်ရဲ၊ လက်နှင့် ပွတ်၍သာ နေရပါတော့သည်။

ညဦး (၇)နာရီခန့် ရှိပြီဖြစ်၍ တစ်တောလုံး မှောင်လာသော်လည်း လင့်စင်အောက်ခြေတစ်ဝိုက်ကို မှုန်ဝါးဝါး မြင်နေရပါသေးသည်။ ထိုအချိန်တွင် သစ်ပင်အောက် ခြတောင်ပို့ကြီးအနီးသို့ ဆံပင်ဖားလျားချထားသော မိန်းမတစ်ယောက် ရောက်ရှိလာပြီး ငိုသံပါကြီးဖြင့်–

''ကိုဘိုကြီးရေ ရှင့်သား သန်းလှိုင်တစ်ယောက် ကောက်ခါငင်ခါ အဖျားဝင်ပြီး သတိမရတော့ဘူး၊ အဲဒါ ဆေးရုံပို့မှ ဖြစ်တော့မယ်တော်ရဲ၊ အမြန်ဆင်းလာပါဦး''

ဟု ဆိုကာ တဟီးဟီး ငို၍နေပါတော့သည်။

ဦးဘိုကြီးမှာ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်၍ လင့်တဲပေါ်မှ ဆင်းရန် ပြင်ဆင်နေရာမှ

''တင်မိ ငါ ပြောထားရက်နဲ့ ဘာအကြောင်း နဲ့မှ လင့်စီးရာကို လိုက်မလာပါနဲ့ဆိုတာကို''

ဟု ပြောဆိုရင်း ဘာတွေးမိသည် မသိပါ။ နှစ်လုံးပြူးသေနတ်အား ကောက်ကိုင်၍ ထိုမိန်းမအား ရတ်တရက် ပစ်ချလိုက်ပါတော့သည်။ ဘွန်တော် လှမ်းဆွဲသော်လည်း မမီတော့ပါ။

''အုံး'' ဟူသော နှစ်လုံးပြူးသေနတ်သံနှင့်အတူ မိန်းမတစ်ဦး


www.burmeseclassic.com

www.burmeseclassic.com

၏ ``အား``ဟူသော ရူးရူးဝါးဝါး အော်လိုက်သံကို ကြားရပါတော့သည်။

ကျွန်တော်မှ ``ဦးဘိုကြီး ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ၊ အဲဒါ လူသတ်မှုဗျ၊ ခင်ဗျားတော့ ဒုက္ခပဲ''

``ဆရာ အထင်မလွဲပါနဲ့၊ အသေအချာ ကြည့်ပါဦး''

ထို့ကြောင့် ကျွန်တော်လည်း ပစ်ကွင်းအား အသေအချာ ကြည့်ရာ မိန်းမကြီးမှာ ဆတ်ဖားကြီး ဖြစ်သွားပြီး တောင်ပို့ကြီးအား ဖင်ထိုင်၍ ကျွန်တော်တို့အား ရူးရူးစိုက်စိုက် ကြည့်နေကာ ပါးစပ်ကြီးဖြဲ၍ အာခံတွင်းမှ မီးများလင်းနေပါသည်။

ထို့ကြောင့် ဦးဘိုကြီးမှာ ဒုတိယအချက်၊ ဆတ်ဖားကြီး၏ ပါးစပ်တွင်းသို့ ကျည်တစ်တောင့် ပစ်သွင်းလိုက်ပြန်ပါသည်။

``အုံး'' ဟူသော နှစ်လုံးပြူးသေနတ်သံနှင့်အတူ ဆတ်ဖားကြီးမှာ တောင်ပို့အနီး ခွေလဲကျသွားပါတော့သည်။

``ဦးဘိုကြီး ဟုတ်ပါရဲ့လားဗျာ၊ အလင်းရောင် မပီဝိုးဝါးနဲ့ လူနဲ့မှားနေရင်တော့ ခင်ဗျား ဒုက္ခပဲ''

``ဆရာ စိတ်အေးအေးထားပါ၊ ဒီနေရာက နာမည်ကြီး ကျတ်ကုန်း၊ ကျွန်တော် တစ်ယောက်တည်း မလာရဲလို့ ဆရာတို့ကို ခေါ်ရတာ အကြောင်းရှိလို့ပါ၊ ကျွန်တော့်မိန်းမ တင်မိကိုလည်း ဘာအကြောင်းနဲ့မှ လိုက်မလာဖို့ မှာထားပြီးသား၊ လင့်စီးတဲ့နေရာကိုလည်း သူမသိပါဘူး၊ သူတစ်ယောက်တည်းလည်း လိုက်မလာရဲဘူး၊ နောက်ပြီး သား သန်းလှိုင်ကလည်း ကျမ်းမာရေး အလွန်ကောင်းတဲ့သူ၊ ရုတ်တရက် ကျွန်တော် တောင် ကြောင်သွားမိတယ်၊ သားဖောကြောင့် သစ်ပင်ပေါ်က ဆင်းမိရင်တော့ မတွေးဝံ့စရာဗျာ''

``သစ်ပင်ပေါ်က ဆင်းမိရင် ဘာဖြစ်မလဲ ဦးဘိုကြီး''

``ဒါ တောမှောက်တာလေ ဆရာရဲ့၊ ဆင်းမိရင် ဟိုမိန်းမကြီးက ကျားဖြစ်သွားပြီး ကျွန်တော့်ကို လိုက်မှာပေါ့''


www.burmeseclassic.com

www.burmeseclassic.com


"ဗြော်ဴ တောမှောက်တယ်ဆိုတာ အဲဒီလိုလား၊ ကျွန်တော် တော့ တောထဲနေလာတာ တစ်နှစ်ပြည့်လုပြီ၊ တစ်ခါမှ မကြုံဖူးသေးဘူး"

"ဖြစ်တော့ ဖြစ်ခဲ့ပါတယ် ဆရာ၊ အခု ဆရာ ကြုံဖူးပြီ မဟုတ် သား၊ အခုလို အဖြစ်မျိုးက ကျတ်ရှိတဲ့ နေရာတွေမှာ ဖြစ်တတ်တာပါ"

စကားပြောဆိုနေစဉ် မီးတုတ်များ ကိုင်ဆောင်ထားသော လူတစ်စု ရောက်လာပြန်ရာ ကျွန်တော်မှ ဦးဘိုကြီးရေ၊ ခြောက်ပြန်ပြီ ထင်တယ်ဗျို့"

"မဟုတ်ပါဘူး ဆရာ၊ ကျွန်တော်မှာထားတဲ့ ရွာက လူတွေပါ၊ သေနတ်သံကြားလို့ လိုက်လာကြတာပါ၊ နေဦး အသံပြုလိုက်ဦးမယ်"

"ဝူး ဝူး ဝူး"

တစ်ဘက်မှလည်း ဝူး ဝူး ဝူး ဟူ၍ ထူးသံ ပြန်ပေးပါသည်။

လူအုပ်စု သစ်ပင်အောက်အရောက်၊ မီးတုတ်များ အလင်း ရောင်ကြောင့် ဦးဘိုကြီး၏သား သန်းလှိုင်အား လူအုပ်စု အလယ်တွင် တွေ့ရပါတော့သည်။

သန်းလှိုင်မှ "အဖေ ဘာကောင်ရသလဲ၊ ဘယ်နားမှာလဲ"

"ဆတ်ဖားကြီး သားရေ၊ အနောက်မြောက်ဘက်က ခြတောင် ပို့ကြီးဘေးမှာ လဲနေတယ်"

သို့နှင့် ကျွန်တော်တို့လည်း စိတ်ချလက်ချ သစ်ပင်ပေါ်မှ ဆင်း သာကြပါသည်။ ဆတ်ဖားကြီးမှာ အချိန် (၆၀)ကျော်ခန့်ရှိပြီး ဝဖြိုးလှပါ သည်။ ကြို့ပင်ရွာသားများ၊ ဆတ်ဖားကြီးအား ထမ်းရန် ဝါးခုတ်နေစဉ် ဦးဘိုကြီးက ကျွန်တော့်ထံ ရိုင်ဖယ်သေနတ်အား တောင်း၍ ခြတောင်ပို့ ကြီးအပေါ်က်ဝမှ အထဲသို့ လေးငါးချက် ဆက်တိုက် ပစ်ထည့်လိုက်ပါ တော့သည်။

"အုန်း အုန်း အုန်း အုန်း" ဟူသော သေနတ်သံများ ဆူညံ သွားပါတော့သည်။

ဦးဘိုကြီးမှ "ဆရာရေ ကျွန်တော်တော့ သောက်မြင်ကပ်လို့


www.burmeseclassic.com

www.burmeseclassic.com



တစ်တော ရှင်းပစ်လိုက်ပြီ၊ ကျတ်ကောင်တွေ ပြေးပြီသာမှတ်"

ကျွန်တော်တို့လူစု မီးတုတ်များဖြင့် ဆတ်သေကြီးအား ထမ်းကာ ကြို့ပင်ရွာသို့ ပြန်ခဲ့ကြပါတော့သည်။ ရွာသို့ရောက်ရောက်ချင်း ဦးဘိုကြီးမှ အောင်သေ အောင်သား စားသော သဘောဖြင့် ဆတ်ဖားကြီးအား ချက်ချင်း ဖျက်စေကာ အသားများအား ကျွန်တော်တို့အတွက်လည်း ဝေပုံကျ ပုံ လိုက်ပြီး အူစုံ၊ သဲစုံများအား ဇနီးဖြစ်သူ ဒေါ်တင်မိကို စိတ်တိုင်းကျ ချက်နိုင်းပြီး တောအရက်ဖြင့် ဧည့်ခံပါတော့သည်။

ကျွန်တော်တို့ ဆရာတပည့် ချက်ချင်း မစားသောက်ရဲသော်လည်း မွှေးကြိုင်လှသော ဟင်းနံ့နှင့် အများသူငါ စားသောက်နေကြသောကြောင့် ဗိုက်ဆာဆာဖြင့် တစ်ဝတစ်ပြဲ စားသောက် ကြပါတော့သည်။ လတ်ဆတ်၍ ထင်ပါသည်။ အလွန် စား၍ကောင်းလှပါသည်။

သန်းခေါင်ယံကျော်ပြီဖြစ်၍ ကျွန်တော်တို့လည်း စခန်းသို့ မပြန်ကြတော့ဘဲ ဦးဘိုကြီးအိမ်တွင်ပင် အိပ်စက်အနားယူလိုက်ကြပါသည်။

မနက်လင်း၍ ကျွန်တော်တို့ ဆရာတပည့် အိပ်ရာအထတွင် ဦးဘိုကြီး သေနတ်ထမ်း၍ တောတွင်းမှ ပြန်လာပါသည်။ လက်တွင်လည်း ပုတ်သင်ညို သုံးလေးကောင်အား အမြီးဖျားမှ ဆွဲ၍ ကိုင်လာပါသည်။

"ဦးဘိုကြီး ဘယ်လိုဖြစ်တာလဲဗျ၊ သေနတ်ကြီး ထမ်းပြီး ပုတ်သင်ညိုနဲ့ ကြည့်မကောင်းပါဘူးဗျာ"

"ဆရာ မသိလို့ပါ၊ ဒါ ကျတ်တွေဗျ၊ ညက ကျွန်တော် တောင်ပို့တွင်းထဲ သေနတ်နဲ့ ပစ်ခဲ့လို့ သေကုန်ကြတာ၊ အရုဏ်ဦးကလည်း လှည်းသံ၊ လူသံတွေ ကြားရလို့ ကျွန်တော် ထကြည့်သေးတယ်၊ ကျတ်ကုန်းဘက်က မီးတုတ်၊ မီးတိုင်တွေနဲ့ ကျတ်တွေ ရွာပြောင်းပြေးကြပြီဗျ"

ထောင်မှူးကြီးသိန်းဝင်း
သည်းထိတ်ရင်ဖို၊ ဇန်နဝါရီလ၊ ၂၀၀၇

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အောက်ချိုင့်ခြံမှ ထူးဆန်းသောညောင်ပင်များ

၁၉၈၅ခု၊ အောက်တိုဘာလတွင် အောက်ချိုင့်ဆီအုန်းခြံ တာဝန်ခံအဖြစ် ကျွန်တော့်အား တာဝန်ပေးပါသည်။ အောက်ချိုင့်ခြံမှာ ပါဆယ်ပါညွန်း ဆီအုန်းခြံနှင့် (၃)မိုင်ခန့်သာ ဝေးပြီး၊ ချဉ်ဖန်းဆိပ်ကမ်းရွာကြီးနှင့် တစ်မိုင်ခန့်သာ ကွာဝေးပါသည်။ အောက်ချိုင့်စခန်းမှာ ပေ(၄၀၀)ပတ်လည်ခန့် ကျယ်ဝန်းပြီး တနင်္သာရီရိုးမအခြေ၊ ရေစီးရေလာကောင်းသော ကုန်းပြန့်ကလေးဖြစ်ပါသည်။ ဝါး၊ ဓနိဖြင့်သာ ယာယီဆောက်လုပ်ထားသော စခန်းဖြစ်သဖြင့် ကျွန်တော် ရောက်ရှိသည်နှင့် စခန်းအားခိုင်မာတောင့်တင်းစေရန် ပြုပြင်ရပါတော့သည်။

ရဲဘက် ခြံစည်းရိုးဝင်းအတွင်းရှိ ဘားတိုက်ကြီး (၃)လုံးအားမဓမတိုင်လဲ၊ ပျဉ်ခင်းခြင်းကို တစ်လုံးချင်း ပြုလုပ်ပြင်ဆင်ပြီး ရုံးခန်းအဆောက်အဦးတဲကြီးအားလည်း ဖျက်၍ ပျဉ်ခင်း၊ ပျဉ်ကာ (၂)ထပ်ရုံးခန်းကြီးအဖြစ် အသစ်ဆောက်လုပ်ခဲ့ပါသည်။ ရုံးအောက်ထပ်တွင်ရုံးခန်းနှင့် စတိုခန်း ဆင်ဝင်ခန်းတို့ကို ဆောက်လုပ်ပြီး အပေါ်ထပ်အိပ်ခန်း(၃)ခန်းနှင့် ဘုရားခန်း၊ ဧည့်ခန်းတို့ကို ဆောက်လုပ်ခဲ့ပါသည်။

ထို့ပြင် စခန်းအတွင်း၌ ထောင်မှူးအိမ်ကလေးများ၊ ဝန်ထမ်း



www.burmeseclassic.com

www.burmeseclassic.com


အားတိုက်နှင့် ဈေးဆိုင်ကလေးများကိုပါ ပြင်ဆင်ဆောက်လုပ်ပေးခဲ့ပါသည်။ သစ်ဝါးပေါသော ဒေသဖြစ်သဖြင့် သန့်ရှင်းသပ်ရပ်သော စခန်းကလေးတစ်ခု ဖြစ်လာပါသည်။ ထမင်းချက်သော ဖိုကြီးအနီးတွင်လည်း မီးချောင်းရေအစား သန့်ရှင်းသော သောက်သုံးရေရရှိရန် ရေတွင်းတစ်တွင်းအားလည်း တူးဖော်ရာ အောင်မြင်၍ သောက်သုံးရေ ဖူလုံသွားပါသည်။

စိတ်ရှိလက်ရှိ စခန်းအား ပြုပြင်ခဲ့ရာ ရဲဘက်ဆူးကြိုးဝင်းအောင်ဘက်ထောင့်၌ လူ(၂)ယောက်စာခန့် ကြီးမားသော ညောင်ပင်ကြီးတစ်ပင်အား ခုတ်လှဲရန် ဖြစ်လာပါသည်။ ညဘက် ရဲဘက်ပြေးဆိုလျှင် ထိုညောင်ပင်ကြီးပေါ်တက်၍ တစ်ဘက်သို့ ခုန်ဆင်းပြေးလေ့ရှိပါသည်။

ညောင်ပင်ကြီးအား စခန်းတာဝန်ခံ အဆက်ဆက် ခုတ်လှဲခြင်းမပြုခဲ့၍ ချန်လှပ်ထားဟန်တူပါသည်။ တစ်နေ့ ရုံးပိတ်ရက်တစ်ရက်တွင် နောက်တန်းတာဝန်ခံ တပ်ကြပ်ကြီး ဦးထွန်းမောင်နှင့် ရဲဘက်နောက်တန်းမှူး စိုးမြင့်၊ ရှေ့တန်းတပ်ကြပ်ကြီး ဦးစောထွန်းအောင်နှင့် ရဲဘက်ရှေ့တန်း ရဲဘက်မှူး မောင်ဝင်းတို့အား ခေါ်ကာ အစည်းအဝေးကလေး ထုပ်ပါသည်။ ညောင်ပင်ကြီးအား ရှင်းလင်းရန်ဖြစ်ပါသည်။ နောက်တန်းတပ်ကြပ်ကြီး ဦးထွန်းမောင် မခုတ်ရဲပါ၊ ထိုစဉ် ရှေ့တန်း တပ်ကြပ်ကြီး ဦးစောထွန်းအောင်မှ--

"ဆရာ ကျွန်တော် ညောင်ပင်ကြီးကို ရှင်းပါ့မယ်၊ အမိန့်ပြန်တမ်းတော့ လုပ်ပေးပါ"

"ရပါတယ်၊ ဦးစောထွန်းအောင်၊ ကျွန်တော် စခန်းတာဝန်ခံအနေနဲ့ အမိန့်ပြန်တမ်း လုပ်ပေးမယ်၊ ခင်ဗျား စိတ်ကြိုက်တပည့်ရွေးရွေးပြီး နေ့ချင်းအပြီးခုတ်ပေးပါ။ ခင်ဗျားတို့အဖွဲ့အတွက် ကျွန်တော်ကိုယ်သန့်စားပွဲကလေး လုပ်ပေးမယ်၊ ဖြစ်မလား"


www.burmeseclassic.com

www.burmeseclassic.com


"သိပ်ဖြစ်တာပေါ့ ဆရာရယ်၊ ဝန်ထမ်းပဲဟာ၊ အထက်အရာရှိက ခိုင်းလို့လုပ်တာ ဘာပြောစရာရှိလဲ၊ ဒီနေ့တော့ နေ့ချင်းပြီး ခုတ်ပေးမယ် ဆရာ၊ လိုအပ်တဲ့လက်နက်တွေကိုတော့ စီစဉ်ပေးပါ"

"ကောင်းပြီ ဦးစောထွန်းအောင် လိုအပ်တဲ့ လက်နက်တွေ အပြည့်အစုံရှာပေးမယ်။ နောက်တန်း တပ်ကြပ်ကြီး ဦးထွန်းမောင်နဲ့ အဖွဲ့က ခုတ်ပြီးသား ညောင်ပင်ကြီးကို အပိုင်းပိုင်းဖြတ်ပြီး ထမင်းချက်ဖိုကြီးအနားကို သယ်ပေးပါ။ ဒီနေ့ ရဲဘက်အားလုံးအတွက် ချက်နေကျဟင်းတွေအပြင် သီးစုံပဲကုလားဟင်းပါ ချက်ပေးပါ။ ခင်ဗျားတို့အတွက် ညနေကျရင် မဲခေါင်အရက်တစ်လုံးနဲ့ မန်ဒါလီတစ်ကောင် ချက်ကျွေးမယ်"

သို့နှင့် မနက်(၉)နာရီခန့်ကမှစ၍ ညောင်ကိုင်းများအား အလျှင်ချိုင်ပြီး ညောင်ပင်ကြီးအား လွှဖြင့် အပိုင်းပိုင်း ဖြတ်ပါသည်။ ပြီးနောက် ထမင်းချက်ဖိုကြီးအနီးသို့ သယ်ဆောင်ကြပါသည်။ ညနေ (၅)နာရီခန့်တွင် ရှင်းလင်းပြီးသွားပါသည်။

ညနေ (၆)နာရီခန့်တွင် ချိန်းထားသည့်အတိုင်း တပ်ကြပ်ကြီး (၂)ဦး ရောက်လာပါသည်။ သစ်ပင်ခုတ်ခေါင်းဆောင် တပ်ကြပ်ကြီး ဦးစောထွန်းအောင်မှာတော့ အနွေးထည်ဝတ်လာပြီး တုန်တုန်ယင်ယင်ဖြင့်–

"ဆရာ ကျွန်တော့်ကိုတော့ ရက္ခစိုး ကိုင်ပြီထင်တယ်၊ ဖျားပြီး တုန်နေတယ်၊ ချမ်းလိုက် ပူလိုက်နဲ့ ဘယ်လိုကြီးမှန်း မသိဘူး"

"ဆရာကြီးကလည်းဗျာ၊ တာဝန်အရ လုပ်ရတာပဲ၊ ကိုင်ချင်းကိုင် ကျွန်တော့်ကို ကိုင်မှာပေါ့၊ ချွေးထွက်လွန် အအေးပတ်ပြီး ငှက်ဖျားဖြစ်နေတာနေမှာပါ။ ကျွန်တော့်မှာ ဆေးရှိပါတယ်။ မပူပါနဲ့ ချက်ချင်းပျောက်သွားမှာပါ၊ ခင်ဗျားနဲ့အတူ ခုတ်တဲ့ရဲဘက်တွေရော ဘာဖြစ်ကြသေးလဲ"

"သူတို့ကတော့ ဘာမှမဖြစ်ကြပါဘူး ဆရာ၊ ကျွန်တော်က


www.burmeseclassic.com

www.burmeseclassic.com



ဆောင်ဆိုတော့ ကျွန်တော့်ကိုပဲ ကိုင်တာဖြစ်မှာပေါ့"

"အယူမသီးစမ်းပါနဲ့ဗျာ၊ ကျွန်တော် ဆေးတိုက်မယ်"

သို့နှင့် ကချင်ပြည်နယ်၊ နောင်မွန်းမြို့မှ အစ်ကိုကြီး ပို့လိုက် ခန်းတောက်မြစ်အား ပါးပါးလှီးပြီး ရေနွေးကြမ်းပန်းကန်တစ်လုံး မတ်ခွက်အတွင်းထည့်၍ ပျားရည်ထမင်းစားဇွန်းကြီးတစ်ဇွန်း၊ အရက်တစ်ဇွန်း ထည့်ကာ (၅)မိနစ်ခန့် အဖုံးပိတ်ထားပြီးနောက် မှ၍ ဦးစောထွန်းအောင်အား တိုက်လိုက်ပါသည်။ (၅)မိနစ်အတွင်း ကောင်းသွားသဖြင့် ကျွန်တော်တို့ ညနေအရက်ဝိုင်းကလေးအား ဆက် တော့သည်။

"ဆရာ ဆေးကောင်းလှချည်လားဗျာ၊ လူကိုပေါ့ပြီး လန်းဆန်း တာပဲ"

"အဲဒါ ကချင်ငှက်ဖျားပျောက်ဆေးပဲ၊ ကျွန်တော် အမြဲတမ်း သို့ ကော့သောင်းစခန်းရောက်တာ (၂)နှစ်လောက်ရှိပြီ ဘာမှမ"

"တယ်စွမ်းတဲ့ ဆေးဘဲဗျာ၊ နောက်ဆို ဆရာခိုင်းချင်တာခိုင်း ကျွန်တော် လုပ်ရဲသွားပြီ"

သို့နှင့် ပျော်ရွှင်စွာ ဝိုင်းသိမ်းပြီး ကျွန်တော်တို့အဖွဲ့ ပုံမှန်အလုပ် အား ဆက်လက်လုပ်ကိုင်လာခဲ့ရာ (၆)လခန့်အကြာတွင် ဆီအုန်း ရေးစခန်းများအား လူကြီး လာရောက်စစ်ဆေးမည်ဖြစ်သဖြင့် န်တစ်ခု ပေးပြန်ပါသည်။

အောက်ချိုင့်စခန်းနှင့် တနင်္သာရီရိုးမ အကြားရှိ တောင်ပူစာ ဟတ်ယာဉ် ဆင်းနိုင်ရန်အတွက် မြေညှိခြင်း၊ အနီးရှိ ညောင်ပင် ခုတ်လှဲခြင်း ပြုရန်ဖြစ်ပါသည်။

တောင်ပူစာအနီးတွင် လူတစ်ဖက်ခန့် ညောင်ပင်ကြီး (၃)ပင် ။ ညောင်ပင်များအား ခုတ်လှဲလျှင်လည်း ဆီအုန်းပင် အတော်



www.burmeseclassic.com

www.burmeseclassic.com


များများ ပျက်စီးနိုင်ပါသည်။ အရေးပေါ်ကိစ္စဖြစ်၍ အမြန်ပြုလုပ်ရမည် ဖြစ်ပါသည်။

နောက်တနေ့ တပ်ကြပ်ကြီး ဦးထွန်းမောင်အား ခေါ်၍ ရှေ့တန်း တပ်ကြပ်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်လဲစေကာ မတ္တရာနယ်သား သစ်ခုတ်သမား ရဲဘက်စိုးမြင့်နှင့် သစ်ခုတ်ကျွမ်းကျင်သူ ရဲဘက်(၅)ဦး အားလည်း ခေါ်နိုင်းရပါတော့သည်။

မကြာမီ တပ်ကြပ်ကြီး ဦးစောထွန်းအောင်နှင့် ရဲဘက် (၅)ဦး ရောက်လာသဖြင့်–

"ဦးစောထွန်းအောင်ရေ တာဝန်ကျလာပြန်ပြီဗျို့၊ အခု ကျွန်တော်တို့အုပ်စု တာဝန်ခံထောင်ပိုင်ကြီးဆီက ပြန်ရောက်တာ စခန်း တွေကို လူကြီးဆင်းစစ်မယ်တဲ့၊ ဒီနေ့ပဲ စခန်းအနောက်ဘက် တောင်ပူ ပေါ်က ညောင်ပင်ကြီး (၃)ပင်ကို ခုတ်ပေးပါ။ ပြီးရင် အဲဒီအပေါ်မှာ ရဟတ်ယာဉ်ကွင်းလုပ်ပေးရမယ်။ မနက်ဖြန်ညနေ အကုန်အပြီးအစီးပဲ"

"ဟုတ်ကဲ့ ဆရာ၊ အဲဒီညောင်ပင်တွေက လူတစ်ဖက်စာလော ပဲ ရှိတာ။ အရင်ခုတ်ခဲ့တဲ့ ညောင်ပင်ကြီးလောက် မကြီးပါဘူး။ ဒါပေမယ့် ဆရာ ဆီအုန်းပင်တွေနားမှာ ပေါက်နေတဲ့အပင်တွေဆိုတော့ ဆီအုန်း တွေတော့ ပျက်စီးမှာ အသေအချာပဲ"

"ထောင်ပိုင်ကြီးအမိန့်ပဲဗျာ၊ ပျက်စီးတော့လည်း အသစ်ပြ စိုက်ရုံပေါ့။ အတတ်နိုင်ဆုံးတော့ ထိန်းပေါ့ဗျာ၊ ပထမ အကိုင်းတွေ ချိုင်ပြီးမှ ညောင်ပင်လှဲပေါ့"

သို့နှင့် ဦးစောထွန်းအောင်နှင့်အဖွဲ့ ညောင်ပင်(၃)ပင်အား ခု ကြပါတော့သည်။ ထောင်ပိုင်ကြီးအမိန့်၊ နိုင်ငံတော်အမိန့်ဟူ၍လည်း အ ပြန်လိုက်ပါသေးသည်။ ကျွန်တော်လည်း ခေတ္တသွားရောက်ကြည့်ရှု စခန်းပြန်၍ လုပ်ငန်းများကို လုပ်ရပါသေးသည်။

ညနေစောင်းတွင် ဦးစောထွန်းအောင်တို့ သစ်ပင်ခုတ်အ


www.burmeseclassic.com

www.burmeseclassic.com

ခန်းသို့ ပြန်လည် ရောက်ရှိလာပြီး သတင်းပို့ပါသည်။

"ဆရာ ညောင်ပင်တွေ ကိုင်းချိုးပြီး အရင်းကလည်း လွှနဲ့ဖြတ်ပြီးပါပြီ၊ အဲဒါ လွှသွား တစ်ဖက်ပေါက်သွားတယ်၊ ညောင်ပင်သုံးပင်စလုံး တစ်ပင်မှမလဲဘူး ဆရာ။ ကြိုးဆွဲတွန်းလှဲတာလည်း မရဘူး။ အတော် ထူဆန်းနေတယ် ဆရာ။ မတ္တရာနယ်က သစ်ခုတ်သမားတွေတောင် ...နေကြတယ်"

"ကိစ္စမရှိဘူး ဦးစောထွန်းအောင်၊ ကျွန်တော်တာဝန်ထားလိုက်၊ ... ခင်ဗျား ဖျားသေးသလား"

"မဖျားပါဘူး ဆရာ၊ နေကောင်းပါတယ်၊ ကြောက်တာပဲ ရှိ...ပေါ့"

"ကဲလာ ဆေးသောက်သွားဦး၊ ဒီတစ်ခါတော့ ကာကွယ်ဆေး..."

ဦးစောထွန်းအောင်အား မဲခေါင်အရက်တစ်ပြား တိုက်လိုက်ပြီး ...က် ကျွန်တော်လည်း ရေမိုးချိုးကာ အဝတ်သန့်သန့်လဲပြီး၍ ဘုရား ...သို့ ဝင်ခဲ့ပါတော့သည်။ ထုံးစံအတိုင်း ဘုရားဝတ်ပြု၊ ပုတီးစိပ်ပြီး ...က် မေတ္တာပို့ရာတွင် တောင်ပူစာပေါ်မှ ညောင်ပင်စောင့်နတ်မင်း ...အထူးမေတ္တာပို့၍ အစိုးရအမိန့်နှင့် ခုတ်လှဲရခြင်းအတွက် ခွင့်လွှတ် ... သင့်တော်ရာဘုံဌာနသို့ ပြောင်းရွှေ့စံမြန်းရန်နှင့် ညောင်ပင်များအား ...ရန် မေတ္တာရပ်ခံတောင်းပန်ရပါတော့သည်။

ညစာ စားသောက်ပြီး အိပ်ရာဝင်ခဲ့ရာ ညောင်ပင်များ မလဲလျှင် ...သော အတွေးဖြင့် အတော်နှင့်အိပ်မရပါ။ အတော်ညည့်နက်မှ အိပ် ...သွားရာ မနက်စောစော (၄)နာရီခန့်တွင် တောင်ပူစာပေါ်မှ ညောင် ...များ တဝုန်းဝုန်း လဲပြိုသံကြောင့် လန့်နိုးလာပါသည်။

စောစောအိပ်ရာထကာ မျက်နှာသစ်ပြီး ဘုရားခန်းဝင်၍ ဝတ် ...ပြီးနောက် ညောင်ပင်စောင့်နတ်များအား အမျှအတန်းဝေကာ နေ့ရွက်


www.burmeseclassic.com

သည်နှင့် တောင်ပူစာပေါ်သို့ သွားရောက်ကြည့်ရှုပါသည်။ ညောင်
သုံးပင်စလုံး လှဖြတ်ရာအတိုင်း လဲနေပြီး ဆီအုန်းပင်များအား မထိ
ဘဲ (၁၀)အတန်းကြားတွင် လွတ်လွတ်ကင်းကင်း လဲနေကြခြင်းကို
ကြုံတွေ့ရပါတော့သည်။

ထောင်မှူးကြီးသိန်း
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း၊ ဇူလိုင်လ၊ ၂၀

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## တောင်ပြောင်ကိုသက်သေတည်

၁၉၈၅ ခုနှစ်၊ ကော့သောင်းဆီအုန်းစခန်းတွင် တာဝန်ကျ စဉ်ကဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော့်နေဖြင့် အောက်ချိုင့်ခြံ စခန်း တာဝန်ခံ ထောင်မှူးကြီးဖြစ်ပါသည်။

ကျွန်တော် အုပ်ချုပ်ရသည့် ဆီအုန်းခြံ အကျယ်အဝန်းမှာ ဧကတစ်ရာကျော်ရှိပြီး၊ ဆီအုန်းပင်ပေါင်း ရှစ်သောင်းကျော်ရှိပါသည်။ စခန်းတည်ရှိရာဒေသမှာ ကော့သောင်း ပင်လယ်ကမ်းမြောင်ဒေသဖြစ်ပြီး တစ်ဖက်တွင် ဘင်္ဂလားပင်လယ်ကြီး ရှိပြီး၊ တစ်ဖက်တွင် တနင်္သာရီရိုး တောင်တန်းကြီး တည်ရှိပါသည်။

ဆီအုန်းစိုက်ပျိုးဧက တစ်ရာကျော်အား ခြံ (၁) မှ ခြံ (၇)အထိ ခွဲခြားသတ်မှတ်ထားပြီး မြေနေရာအကျယ်အဝန်းအရ ခြံတစ်ခြံနှင့်တစ်ခြံ ဆီအုန်းပင် အရေအတွက်လည်း မတူညီပါ။

ခြံခွဲ (၇)မှာ တောင်ဖက် အကျဆုံးဖြစ်ပြီး စခန်းတာဝန်ခံရုံးနှင့် အဝေးဆုံး စိုက်ပျိုးဧကအနည်းဆုံး အစွံအဖျားပိုင်း ဖြစ်ပါသည်။ တောင်ပြောင်တောင်နှင့် အနီးဆုံးတောင်ခြေတွင် ရှိသော်လည်း ခြံနှင့် တောင်မှာ တစ်မိုင်ခန့် ဝေးပါသည်။ စခန်းမှာ တောင်ပြောင်တောင်အား



www.burmeseclassic.com

www.burmeseclassic.com


...ိုင်ကျော်ခန့် ခရီးဝေးပါသည်။

ခြံခွဲ (၇) မှာ အသွားအလာ ခက်ခဲခြင်း၊ တောရိုင်းတိရစ္ဆာန်များ၏ အန္တရာယ်ရှိခြင်း၊ ခြံစောင့်တဲမှာ ပသျှူးသချိုင်းဟောင်းအနီးတွင် တည်ရှိခြင်းတို့ကြောင့် အစောင့်တာဝန်ကျသော ဝန်ထမ်းနှင့် ရဲဘက်များမှာ ကြာရှည်မမြဲပါ။ မကြာခဏ လူပြောင်းလဲပေးရလေ့ရှိပါသည်။

ခြံလုံခြုံရေးအတွက် ခြံစောင့်တဲများကို တစ်ခြံလုံးအား အပေါ်စီးမှ မြင်နိုင်သည့် နေရာတွင် တည်ဆောက်ရသဖြင့် ခြံအလယ်ဗဟို ...ရှိ သချိုင်းဟောင်းအနီး တောင်ကုန်းကလေးပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ပါသည်။

ကျွန်တော့်လက်အောက်တွင်ရှိသော ဆိအုန်းခြံ (၇) ခြံအတွက် လုံခြုံရေးစောင့်တဲ (၇) လုံးရှိပြီး၊ တစ်တဲလျှင် ဝန်ထမ်းတစ်ဦး၊ ရဲဘက်ကြီး ...ဦးတို့အား နေ့ညလုံခြုံရေးအစောင့် တာဝန်ချထားပါသည်။

တစ်ပတ်တစ်ခါ စခန်းရုံးတွင် ရိက္ခာထုတ်ယူရပြီး၊ နေ့စဉ်...ခန်းပင် စာရင်းနှင့် ထူးခြားဖြစ်စဉ်တို့အား သတင်းပို့စေပါသည်။

အောက်ချိုင်ခြံစခန်းတွင် ရဲဘက်အင်အား (၄၀၀) ရှိ၍ ရင်ကွဲ...ဘားတိုက်ကြီး (၄) လုံးရှိပါသည်။ ဘားတိုက်တစ်လုံးလျှင် လူ (၁၀၀)စီ ...ရှိပြီး၊ လုံခြုံရေးအတွက် ဝန်ထမ်းအိမ်ယာများကို ရဲဘက်စခန်း...အား ဝန်းရံ၍ ဆောက်လုပ်ထားပါသည်။

ငှက်ဖျားဒေသဖြစ်၍ နေ့စဉ် ဆေးရုံလိုက်ရဲဘက်မှာ (၆၀) ...ရှိပါသည်။

ဆေးရုံမှာ စခန်းအနောက်ဘက်ကပ်လျက်တွင် တည်ရှိသဖြင့် အောက်ချိုင့်ခြံမှာ လူနာများအတွက် အရေးပေါ်အခြေအနေတွင် အားကိုး...အားစရာ ဖြစ်ပါသည်။

ပါဆယ်ပါချွန်း၊ လဲမွန်၊ အော်ကြီး၊ ဟပ်စတင်း စသော ...စခန်းများမှ လူနာများအတွက်တော့ အလှမ်းဝေးလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နေ့စဉ်ပင် ဆေးရုံတင်သူ၊ ဆေးနားသူနှင့် နောက်တန်း ထမ်း ချက်ဖိုကြီးတို့အတွက် လူတစ်ရာခန့် အင်အားမှာ လုပ်ငန်းခွင် မဆင်း နိုင်တော့ပါ။ တကယ်တန်း နေ့စဉ် အလုပ်ဆင်းနိုင်သော အင်အား (၃၀၀)ခန့်သာ ကျန်ပါတော့သည်။

ကေ (၁၀၀)ကျော် ကျယ်ဝန်းသော စိုက်ကွင်းအတွင်း ပေါင်း ကြမ်းရှင်းခြင်း၊ ဆီအုန်းပင် အတန်းလိုက် (၁၀)ပေကွက် အပြောင် ရှင်းခြင်း၊ ဆီအုန်းခြံနှင့် တောစပ်အကြား မီးတားလမ်း အပြောင်ရှင်း ခြင်း၊ ဆီအုန်းပင်များအား ဓာတ်မြေသြဇာကျွေးခြင်း၊ ပျက်စီးပင်များအား စစ်ဆေး၍ အစားထိုး ဖာထေးစိုက်ပျိုးခြင်း စသဖြင့် လုပ်ငန်းတာဝန် များပြားလှပါသည်။

မိုးများသောဒေသဖြစ်၍ ခြံတစ်ဖက်ထိပ်မှ တစ်ဖက်ထိပ်အထိ ပေါင်းကြမ်းရှင်းပြီးသည်နှင့် ပထမစ၍ရှင်းသည့် တစ်ဖက်ထိပ်တွင် ပေါင်းမြက်များ ထူထပ်စွာ ပြန်လည်ပေါက်ရောက်နေပြီး ပေါင်းမြက် သံသရာလည်၍ နေပါတော့သည်။

ပေါင်းမြက်များ နိုင်အောင် မရှင်းနိုင်လျှင်လည်း ဆီအုန်းခြံ အတွင်း ပေါင်းမြက်များအား အသိုက်လုပ်၍ တောဝက်များမှာ ခိုအောင်း နေပြီး ဆီအုန်းပင်ခေါင်း နုနုလေးများအား ကိုက်ဖြတ်စားသောက်သေး ရှိခြင်း၊ မြွေများနှင့် ကြွက်များလည်း ခိုအောင်း၍ ဖျက်ဆီးခြင်းပြုသေး ရှိပါသည်။

မနက် (၁၀) နာရီခန့် ရုံးလုပ်ငန်းများပြီးသည်နှင့် တပ်ခွဲအသီး ဆင်းရာသို့ ကျွန်တော်နှင့် နောက်တန်းတပ်ကြပ်ကြီး ဦးထွန်းမောင်တို့ ရိုင်ဖယ်သေနတ်ကိုယ်စီ ထမ်းခါလုံခြုံရေးနှင့် တောတိရစ္ဆာန်ကာကွယ် ရေးအတွက် ကွင်းဆင်းပြီး တောနင်းလှည့်လည် စစ်ဆေးရပါသည်။

နေ့စဉ်ပင် မြွေကြီးများ၊ ချေပေါက်ကလေးများ၊ တောဝက် ပေါက်ကလေးများ၊ မြွေများနှင့် တောကြွက်ကြီးများအား တပ်ခွဲရဲဘော်များ


www.burmeseclassic.com

www.burmeseclassic.com 

ပေါင်းမြက်ရှင်းရင်း ရတတ်သလို ကျွန်တော်နှင့်တပ်ကြပ်ကြီး ဦးထွန်းမောင်တို့မှလည်း ၂ ရက် ၃ ရက်တစ်ခါ တောဝက်ကြီးများအား ပစ်ခတ်ရရှိသဖြင့် စခန်းတွင် ဝန်ထမ်းရဲဘက်တို့အတွက် အသားမပြတ်သလို ကျွန်တော်တို့အနေဖြင့်လည်း တောလိုက်မုဆိုးဖြစ်မှန်းမသိ ဖြစ်လာပါတော့သည်။

ယနေ့ အလုပ်နားရက် တနင်္ဂနွေနေ့ ဖြစ်ပါသည်။ ဆီအုန်းတဲများမှ ဝန်ထမ်းနှင့်ရဲဘက်များ တစ်ပတ်တစ်ခါ ရိက္ခာလာထုတ်သောနေ့ဖြစ်ပါသည်။

ယမန်နေ့ညက ရဲဘက်မုဆိုး၏ ကိုင်းနင်းမိထားသော တောဝက်ကြီးအား ကျွန်တော်နှင့် တပ်ကြပ်ကြီးဦးထွန်းမောင်တို့ မနက်စောစော သွားရောက်ပစ်ခတ်ပြီး ရရှိထားသဖြင့် စခန်းအတွင်းရှိ ရဲဘက်နှင့် ဝန်ထမ်းများအား ချက်ပြုတ်ကျွေးမွေးရန် ပြင်ဆင်နေချိန် ဖြစ်ပါသည်။

တပ်ကြပ်ကြီး ဦးထွန်းမောင်မှ ဆီအုန်းတဲ (၇)တဲအတွက် ရိက္ခာခြောက်များ ထုတ်ပေးပြီးနောက် ရရှိထားသော တောဝက်သားရိက္ခာစိုကိုပါ ဝေပုံချခွဲဝေပေးပါသည်။

ထိုအချိန်တွင် ခြံခွဲ (၇) ဆီအုန်းခြံမှ တပ်သားလှမောင်မှာ စခန်းတာဝန်ခံအား တင်ပြစရာရှိကြောင်း တပ်ကြပ်ကြီး ဦးထွန်းမောင်မှ သတင်းပို့လာသဖြင့် တပ်သားလှမောင်အား ခေါ်ယူတွေ့ဆုံရာ တပ်သားလှမောင်မှ လာမည့်အင်္ဂါနေ့တွင် ၎င်း၏မိဘများနှင့် ဇနီးတို့ ကော့သောင်းမြို့သို့ ရောက်ရှိလာမည်ဖြစ်သဖြင့် မိသားစုနှင့်အတူ နေထိုင်နိုင်ရန် နောက်တန်းစခန်းသို့ ပြောင်းရွှေ့ပေးပါရန်နှင့် အင်္ဂါနေ့ မနက်တွင် ကော့သောင်းမြို့သို့ ညှိကြိုသွားရန်အတွက် ခွင့်ပြုပါရန် ပန်ကြားလာပါသည်။

သို့အတွက် ကျွန်တော်မှ တပ်သားလှမောင်အား အင်္ဂါနေ့မနက် ၆ နာရီ တန်းစီအမှီလာရန်၊ ခရီးသွားခွင့်ပြုမိန့်ရယူရန် မှာကြားပြီး



www.burmeseclassic.com

www.burmeseclassic.com


ပြန်လွှတ်လိုက်ပါသည်။

လှမောင်တို့အဖွဲ့စခန်းမှ ခြံခွဲ (၇) သို့ အပြန်တွင် ရဲဘက် (၂)ဦးမှ ရိက္ခာထုပ်များအား ထမ်းပိုးပြီး စခန်းမှ လုံထိန်း တပ်သား မြင့်ဆွေနှင့် လုံဖေတို့လည်း အတူပါသွားသည်ကို ကျွန်တော် ရုံးခန်း စားပွဲတွင်ထိုင်နေစဉ် နောက်ဆုံးမြင်လိုက်ရပါသေးသည်။

နောက်တစ်နေ့မနက် တန်းစီချိန်တွင် နောက်တန်းတပ်ကြပ် ကြီး ဦးထွန်းမောင်မှ ဆီအုန်းတဲ (၇) တွင် တာဝန်ကျသည့် တပ်သား လှမောင်သည် ယမန်နေ့ညကပင် ဆီအုန်းတဲသို့ ပြန်မလာသဖြင့် လှမောင်၏ တပည့်ရဲဘက်ကြီး ၂ ဦးမှ လာရောက်သတင်းပို့ပါကြောင်း တိုင်ကြားလာပါသည်။

ရဲဘက် ၂ ဦးအား ခေါ်ယူမေးမြန်းရာ ယမန်နေ့ ညနေက စခန်းမှရိက္ခာထုတ်ပြီးအပြန်တွင် ဆီအုန်းတဲ (၇)၌ ရိက္ခာထုပ်များ ထားပြီးနောက် ဆရာလှမောင်မှ ညွှန်သည့် ၂ယောက်စာ ထမင်းပိုချက် မှာကြားပြီးနောက် လုံထိန်းရဲတပ်သား ၂ဦးနှင့်အတူ သီဟိုဠ်စေ့ ကောက် ထွက်သွားကြောင်း ယနေ့နံနက်အထိ ပြန်မလာသဖြင့် လာရော သတင်းပို့ပါကြောင်း ပြောကြားကြပါသည်။

ချက်ချင်းပင် လုံထိန်းစခန်းသို့ သွားရောက်မေးမြန်းစေ လှမောင်နှင့်အတူ ပါသွားသော လုံထိန်းတပ်သား ၂ ဦးလည်း ပြန်မရော သေးကြောင်း သိရသဖြင့် လုံထိန်းစခန်းမှ တပ်ကြပ်ကြီးနှင့် လုံထိ တပ်သား ၂ ဦးအား လက်နက်အပြည့်အစုံ တပ်ဆင်စေ၍၎င်း၊ ကျွန်တော် နှင့် တပ်ကြပ်ကြီး ဦးထွန်းမောင်တို့မှ ရိုင်ဖယ်သေနတ်ကိုယ်စီဖြင့် ကျွန်တော်၏ အမဲလိုက်ခွေး ၂ကောင်ကိုပါခေါ်ယူကာ ဆီအုန်းတဲ (၇) အလျှင်အမြန် ချီတက်ခဲ့ကြပါတော့သည်။

ဆီအုန်းတဲ (၇) တွင် ရဲဘက် ၂ ဦးအား အစောင့်ထား ပတ်ဝန်းကျင်ရှိ သီဟိုဠ်ခြံများအတွင်းသို့ တောနင်း၍ရှာဖွေကြပါသ


www.burmeseclassic.com

www.burmeseclassic.com



ာင်ပြောင်ဟုခေါ်တွင်သော တောင်ခေါင်းတုံးကြီး (တောင်ကတုံးကြီး) း်သို့အရောက်တွင် အပုပ်နံ့များရရှိသဖြင့် အမဲလိုက်ခွေး ၂ ကောင်မှာ သဲမဲမဲ ထိုး၍ဟောင်ကြပါသည်။

နီးစပ်ရာ ချုံများအတွင်းသို့ ပိုက်စိပ် တိုက်ရှာကြသော်လည်း ည့်သည့်သဲလွန်စမှ မတွေ့ရှိရပါ။

နေ့လည်စာ စားချိန်ကျော်သော်လည်း အကြောင်းမထူးသဖြင့် န်းသို့ပြန်ခဲ့ကြပြီး၊ ပါတယ်ပါညန်းစခန်း အုပ်ချုပ်မှုတာဝန်ခံရုံးသို့ ာ်သားလွှတ်၍ ထူးခြားဖြစ်စဉ်အား သတင်းပို့ အစီရင်ခံရပါတော့သည်။

တနင်္လာနေ့ ညနေစောင်းသည်အထိ သတင်းထူးမရရှိပါ။ ာ်နေ့ ညနေစောင်းတွင် လှမောင်၏ဇနီးနှင့် မိဘများ စခန်းကြို့ကားဖြင့် ာက်ရှိလာကြပါသည်။

လှမောင်၏ မိသားစုအနေဖြင့်လည်း လမ်းမှာပင် လှမောင်တို့၏ တင်းအားကြားရပါကြောင်း၊ အိပ်မက်များလည်း မကောင်းသဖြင့် ်ဆုံးရှာဖွေပေးပါရန် ငိုယို၍ပန်ကြားကြပါသည်။

ဧည့်သည်များအား နှစ်သိမ့်စကားပြောဆိုပြီး နေရာထိုင်ခင်းနှင့် သောက်ရေးကိစ္စတို့ကိုပါ စီစဉ်ပေးရပါတော့သည်။

ညနေ (၅) နာရီအချိန်ခန့်တွင် အောက်ချိုင့်စခန်းဆေးရုံမှ ူးဦးဝင်းနိုင်ရောက်ရှိလာပြီး လဲမွန်ကွပ်ကဲမှု တာဝန်ခံရုံးသို့ ဆေးဝါး ားထုတ်ရာမှအပြန်၊ ချန်းဖန်းရွာ လက်ဖက်ရည်ဆိုင်၌ ခေတ္တဝင် ာ်ထိုင်ရာတွင် ပသျှူးလူမျိုးများ အချင်းချင်း 'တောင်ပြောင်တွင် ာ်ထားသည်' ဟု ပြောဆိုနေကြသည်ကို ကြားသိရကြောင်း၊ ၎င်း ဖြင့် ဒေသခံဖြစ်၍ ပသျှူးစကားအနည်းငယ် နားလည်ကြောင်း၊ ်စတစ်ခုဟု ထင်မြင်ကြောင်း သတင်းပို့လာပါသည်။

သို့နှင့် ကျွန်တော်မှ ရှေ့တန်းတပ်ခွဲတပ်ကြပ်ဝင်းတင့်နှင့် ား (၃) ဦးတို့အား လက်နက်အပြည့်အစုံနှင့် လက်နှိပ်ဓာတ်မီးများ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပေးပြီး လုံထိန်းစခန်းမှ တပ်ကြပ်ကြီးနှင့် တပ်သားနှစ်ဦးတို့အား လည်း လက်နက်အပြည့်အစုံဖြင့် စီစဉ်စေပြီး အမဲလိုက်ခွေးနှစ်ကောင် ကိုလည်း ထပ်မံအင်အားဖြည့်တင်းကာ တောင်ပြောင်သို့ ညနေ (၆) နာရီခန့်တွင် အပြင်းစေလွှတ်လိုက်ပါသည်။

ရှာဖွေရေးအဖွဲ့သည် ည (၉) နာရီကျော်ခန့်တွင် စခန်းသို့ ပြန်လည်ရောက်ရှိလာပြီး ခွေးများ၏အကူအညီဖြင့် အလောင်း (၃) လောင်းအား တောင်ပြောင်လျှိုထဲတွင် တွေ့ရှိရကြောင်း၊ မှောက်လျက် အနေအထားဖြင့် လက်ပြန်ကြိုးတုပ်၍ သတ်ဖြတ်ထားခြင်းဖြစ်ကြောင်း သတင်းပို့လာပါသည်။

လှမောင်၏မိသားစု ရောက်ရှိလာသောနေ့၌ပင် လှမောင်တို့အား ရှာဖွေတွေ့ရှိသဖြင့် တိုက်ဆိုင်ခြင်းပေလော။

ညတွင်းချင်းပင် ထူးခြားဖြစ်စဉ်အား အကျဉ်းချုံးရေးသား၍ ပါဆယ်ပါညွန်းစခန်း တာဝန်ခံရုံးသို့ ဆက်သားဖြင့် သတင်းပို့ရပါသည်၊ စခန်းတာဝန်ခံ ထောင်ပိုင်ကြီး ဦးဟန်မြင့်မှ ကျွန်တော့်အား မနက်ဖြန် မနက်စောစော အခင်းဖြစ်ပွားရာသို့ သွားရောက်ကြည့်ရှုပြီး ဓာတ်ပုံ မှတ်တမ်းတင်ရန်၊ တည်နေရာမြေပုံဆွဲရန်၊ သက်သေခံ အထောက်အထား များရှာဖွေထားရန်၊ ခြေရာလက်ရာမပျက်စေရန်နှင့် စခန်းတာဝန်ခံ ထောင် ပိုင်ကြီးနှင့် ကော့သောင်းမြို့မှ တာဝန်ရှိသူများ ရောက်ရှိလာသည့် အချိန် အထိ အခင်းဖြစ်သည့်အရပ်တွင် စောင့်ဆိုင်းနေရန် ညွှန်ကြားလာပါသည်။

ထူးခြားဖြစ်စဉ်ရေးသားခြင်း၊ လှမောင်၏မိသားစုနှင့် ညစာ ထမင်းစား၍ နှစ်သိမ့်အားပေးခြင်း၊ လှမောင်၏ ကျန်ရစ်သော အိပ်ဆေး လိပ်၊ ခရီးဆောင်သေတ္တာနှင့် အိုးခွက်ပန်းကန်များအား သိမ်းဆည်း၍ ရုံးခန်းစတိုအတွင်းထားရှိခြင်း၊ မနက်ဖြန်မနက် စောစောခရီးထွက်ရေး အတွက် စီစဉ်ရခြင်းတို့အပြီးတွင် ည၌ (၁၁) နာရီကျော်လေပြီ။ ဘုရားရှိခိုး အမျှအတန်းဝေ၍ အိပ်ယာဝင်ခဲ့ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


သို့သော် တော်တော်နှင့် အိပ်မပျော်ပါ၊ ရုံးခန်းအောက်ထပ်မှ ...းပြောသံနှင့် အိုးခွက်ပန်းကန်သံများကို ကြားနေရပါသည်။ ထို့အပြင် ...လိုက်ခွေးနှစ်ကောင်၏ အဆက်မပြတ်အူသံကိုလည်း ကြား...ပါသည်။ ခက်ချေပြီ၊ ရုံးခန်းစောင့် တပ်သားသံချောင်း ဘာတွေ ...နေသည် မသိပါ။

အောက်ထပ်သို့ ဆင်းကြည့်မှ တော်ပေမည်ဟု စိတ်ကူးမိ...င့် လက်နှိပ်ဓာတ်မီးကို ဆွဲယူကာ ရုံးခန်းအောက်ထပ်သို့ ဆင်းခဲ့ပါ...သည်။

အောက်ထပ်တွင် သံချောင်းမှာ မီးခွက်ထွန်းထားသော ...အနီး၌ ငုတ်တုတ်ထိုင်၍ အမဲလိုက်ခွေးနှစ်ကောင်အား ပွတ်သပ်...၍ စကားပြောနေသည်ကို တွေ့ရှိရပါသည်။

"ဟေ့ကောင် သံချောင်း ည (၁၂) နာရီထိုးတော့မယ်၊ မင်း ...တွေလုပ်နေတာလည်း ခုအချိန်ထိ မအိပ်သေးဘူးဘာ၊ ဒီခွေး (၂) ...င်ကလည်း ဘာဖြစ်နေတာလဲ၊ ရုံးခန်းအပြင်ထုတ်ပြီး တံခါးပိတ် ...လိုက်ကွာ"

"ဟာ မလုပ်ပါနဲ့ဆရာရယ် ကျွန်တော်ကြောက်လွန်းလို့ ဒီခွေး ...ကောင်ကို အဖော်လုပ်နေရတာပါ၊ ရုံးစတိုခန်းထဲမှာထားတဲ့ ...င်ရဲ့ ပစ္စည်းတွေက အသံတွေထွက်နေပြီး ခွေးတွေကလည်း ...ည်သတွေလို အေးအေးဆေးဆေးမအိပ်ဘဲ ထထအူနေလို့ ဆရာ ...ေးပျက်မှာစိုးတာနဲ့ ကျွန်တော်သူတို့ကို ချော့သိပ်နေတာပါဆရာ"

"မင်းဟာ မဟုတ်သေးပါဘူးကွာ၊ ခွေးတွေ အပေါ့အလေး ...ချင်တာ မင်းက တံခါးဖွင့်မပေးလို့ ဖြစ်ပါလိမ့်မယ်။ ကဲ တံခါးဖွင့် ...င်ထွက်ရအောင်၊ မင်းမအိပ်ရဲရင် ဖိုကြီးက ရဲဘက်တစ်ယောက် ...အိပ်ပေါ့ကွာ"

သို့ဖြင့် ကျွန်တော်နှင့် ခွေး (၂) ကောင် စခန်းတွင်း လှည့်ပတ်...


www.burmeseclassic.com

www.burmeseclassic.com


စစ်ဆေးပြီး အပေါ်အပါးသွား၍ ပြန်လည်အိပ်ရာ ဝင်ခဲ့ပါတော့သည်။ သံချောင်းလည်း အဖော်ရပြီး ခွေး (၂) ကောင်လည်း ငြိမ်၍သွားပါတော့သည်။

ကျွန်တော် မှေးခနဲ အိပ်ပျော်သွားရာ တစ်စုံတစ်ရာသော အကြောင်းကြောင့် လန့်၍နိုးလာပါတော့သည်။ မျက်စိအားဖွင့်ကြည့် အိပ်ခန်းအပြင်ဘက် စာရေးစားပွဲပေါ်တွင် မှန်မီးအိမ်ငယ်လေးတစ် ထွန်းထားရာ မီးအိမ်နှင့်ကျွန်တော်အိပ်နေရာ ကုတင်အကြားရှိ အခန်း ထောင့်တွင် ပုဆိုးအနက်ကွက်နှင့် စွပ်ကျယ်အင်္ကျီလက်စအဖြူရော ဝတ်ဆင်ထားသူတစ်ဦးသည် တံခါးဘောင်အားမှီလျက် မတ်တတ်ရပ်က ကျွန်တော်အိပ်နေရာသို့ ကြည့်နေသည်ကို လှမ်းမြင်ရပါသည်။

မီးရောင်ကို ကျောပေးထားသဖြင့် ၎င်း၏မျက်နှာကိုတော့ သဲကွဲစွာ မမြင်ရပါ။ အရေးပေါ်ကိစ္စရှိ၍ သတင်းပို့ရန် တပ်ကြပ်ကြီး ဦးထွန်းမောင် ကျွန်တော့် အနိုးကိုစောင့်နေသည်ဟု ယူဆသဖြင့် –

'ဦးထွန်းမောင် – ဘာကိစ္စလဲဗျ'' ဟု ပြောပြောဆို ကျွန်တော် အိပ်ယာမှထ၍ လက်နှိပ်ဓာတ်မီးကို ဆွဲယူကာ အခန်းအပြင်သို့ ထွက်လိုက်ပါသည်။ သို့သော် မည်သူ့ကိုမှ မတွေ့ရတော့ပါ။

''ဦးထွန်းမောင်. . . ဦးထွန်းမောင်'' ဟု ကျွန်တော်အော်ဟစ် ခေါ်ရာ ရုံးခန်းအတွင်းခန်းတွင် အိပ်ပျော်နေသော တပ်ကြပ်ကြီး ဦးထွန်းမောင်မှာ အိပ်ယာပေါ်က ထလာပြီး –

''ဆရာ. . . ဆရာ ဘာဖြစ်လို့လဲ'' ဟု အလန့်တကြား အော် ဟစ်ပြီး ပြေးထွက်လာပါသည်။

''စောစောကဗျာ. . . ကျွန်တော်အိပ်ခန်းဝမှာ လူတစ်ယောက် လာပြီးရပ်ကြည့်နေလို့ ခင်ဗျားအောက်မေ့ပြီး ခေါ်တာပါ၊ အဲဒီ ဘယ်ပျောက်သွားလည်း မသိဘူးဗျာ။ ရုံးခန်းတံခါးတွေလည်း ပိတ်ထား တာပဲ''


www.burmeseclassic.com

www.burmeseclassic.com


"ဆရာ လှမောင်တို့ကို စိတ်စွဲပြီး အိပ်မက်မက်တာ ထင်ပါတယ်"

"အိပ်မက်မဟုတ်ဘူးဗျ၊ ကျွန်တော် အိပ်ယာကနိုးနိုးခြင်း ဆွေ့လို့ လက်နှိပ်ဓာတ်မီးဆွဲပြီး ထွက်လာတာ၊ အဲဒီလူက ခင်ဗျားနဲ့ အတော်တူတယ်၊ စွပ်ကျယ်အင်္ကျီလက်တိုနဲ့ ပုဆိုးအနက်ကွက် ဝတ်ထားတယ်ဗျ"

"ကျွန်တော် အိပ်ပျော်နေရာက ဆရာ့ခေါ်သံကြားလို့ ထွက်လာတာ"

ထိုအချိန်တွင် "ဆရာဘာဖြစ်လို့လဲ" ဟု ပြောဆိုကာ ရုံးခန်းဆောင့်သံချောင်း အပေါ်ထပ်သို့ အပြေးတက်လာပါသည်။ ကျွန်တော်သည်း ထပ်မံရှင်းပြပြီး ဘုရားရှိခိုး အမျှအတမ်းဝေကာ ပြန်လည်အိပ်ယာဝင်ခဲ့ပါတော့သည်။

နောက်တစ်နေ့နံနက် (၅) နာရီခန့်တွင် အိပ်ရာမှထ၍ ဘုရားဝတ်ပြု အမျှအတမ်းဝေပြီး နံနက်စာစားသောက်၍ တပ်ကြပ်ကြီး ဦးထွန်းမောင်၏ လက်နက်ကိုင်အဖွဲ့နှင့်အတူ တောင်ပြောင်သို့ ချီတက်ခဲ့ကြပါတော့သည်။

မနက်ခင်းအလင်းရောင် ကောင်းစွာ ရသောအချိန်တွင် တောင်ပြောင် တောင်ခြေရင်းသို့ ရောက်ရှိပါသည်။ တောင်ပြောင်ကြီးမှာ နာမည်နှင့်လိုက်အောင် သစ်ပင်ကြီးများ လုံးဝပေါက်ရောက်ခြင်းမရှိပဲ တောင်ခြေတွင် ချုံပုတ်များနှင့် တောင်ခါးပန်းတွင် သက်ကယ်ပင်များသာ ပေါက်ရောက်ပြီး တောင်လယ်မှ တောင်ထိပ်အထိ ပြောင်ချောနေပြီး ထိပ်ပြောင်နေသော လူကြီးတစ်ဦး၏ ဦးခေါင်းနှင့် အလွန်တူပါသည်၊ မိုးများသောဒေသဖြစ်သော်လည်း သစ်ပင်မပေါက်ခြင်းမှာ ထူးခြားချက် ဖြစ်ပါသည်။

တောင်ထိပ်ပေါ်သို့ တက်ရာတွင် မတ်စောက်ပြီး ပြောင်ချော



www.burmeseclassic.com

www.burmeseclassic.com


နေသည့်အပြင် လေတဟူးဟူးတိုက်ခတ်နေသောကြောင့် ချော်မကျစေရန် အမဲလိုက်ခွေး (၂) ကောင်နီးတူ လေးဖက်ထောက်၍ တက်ရပါတော့သည်။ တောင်ထိပ်မရောက်မီ တောင်ပတ်လမ်းလေးအတိုင်း လှိုဏ်ထဲသို့ ဆင်းပါသည်။

လှိုဏ်မှာလည်း မတ်စောက်ပြီး နက်ရှိုင်းလှသဖြင့် သစ်ပင်ငယ်လေးများနှင့် နွယ်များအားခိုကာ တဖြည်းဖြည်းဆင်းရပါသည်။ လှိုဏ်ထဲတွင် အပုပ်နံ့မှာလှိုင်နေပြီး နှာခေါင်းအား ပုဝါများစီး၍ အလောင်းများအနီးသို့ဆင်းကာ မှတ်တမ်းဓါတ်ပုံများ ရိုက်ရပါသည်။

သေဆုံးသူ ဝန်ထမ်း(၃)ဦးလုံးမှာ အပေါ်အဝတ်များ လုံးဝမရှိပဲ အောက်ခံဘောင်းဘီ တိုလေးများသာ ဝတ်ဆင်လျက် လက်နောက်ပြန် ကြိုးတုပ်ပြီး မှောက်လျက်အနေအထားဖြင့် ရက်စက်စွာ အသတ်ခံထား ရခြင်း ဖြစ်ပါသည်။ အလောင်းများမှာ လှိုဏ်အတွင်း အအေးဓာတ်ကြောင့် အရိုးကျခြင်းမရှိသေးပဲ၊ အသားများမှာ ယောင်ကိုင်းနီရဲနေပါသည်။

ယင်မမဲရိုင်းအုပ်ကြီးမှာ လှိုဏ်အတွင်း ပဲ့တင်သံကြောင့် တဝေါဝေါ ဆူညံလျက်ရှိပါသည်။ မှောက်လျက်အနေအထားဖြစ်၍ မည်သူ့ အလောင်းဟု မခွဲခြားနိုင်ပါ။

သို့သော် စခန်းမှ ဝန်ထမ်းများမှ ၎င်းတို့၏ သူငယ်ချင်းများဖြစ်၍ အောက်ခံဘောင်း ဘီတိုကလေးများအား ကြည့်ရှုပြီး မည်သူ့အလောင်းဟု ခွဲခြားပေးနိုင်ကြပါသည်။

နံနက် (၉) နာရီကျော်ခန့်တွင် စခန်းတာဝန်ခံ ထောင်ပိုင်ကြီး ဦးဟန်မြင့်နှင့် ကော့သောင်းမြို့မှ တာဝန်ရှိသူများ ရောက်ရှိလာကြပြီး သက်သေခံပစ္စည်းများရှာဖွေခြင်း၊ မှတ်တမ်းဓါတ်ပုံများရိုက်ခြင်း၊ မြေပုံများ ရေးဆွဲခြင်းတို့ ပြုလုပ်ကြပြီးနောက် အလောင်းများအား ပက်လက်လှန် စေရာ ယင်မမဲရိုင်းအုပ်ကြီး တဝုန်းဝုန်းထပျံကြပြီးနောက် လူသားစား လောက်ကောင်အမဲကြီးများ ရှပိုးထိုး၍ထွက်လာပါသည်။


www.burmeseclassic.com

www.burmeseclassic.com



မျက်နှာနှင့် ရင်အုံတို့တွင် အသားများလုံးဝမရှိတော့ပဲ အရိုးများပြိုင်းပြိုင်း ပေါ်နေပြီး၊ ကြေကွဲမက်ရွံ့ရှာဖွယ် အခြေအနေဆိုးအား တွေ့မြင်ရပါတော့သည်။

ထောင်ပိုင်ကြီးမှာ အလွန်စိတ်မကောင်းဖြစ်သွားပြီး ဓာတ်ပုံ မှတ်တမ်းတင်ပြီးနောက် မူလအနေအထားအတိုင်း ပြန်လည်မှောက်ခိုင်း ခဲ့သည်။

လက်နောက်ပြန်ချည်ထားသော ကြိုးများအား ဓားဖြင့် ဖြတ်တောက်စေပြီး တာဝန်ရှိသူများနှင့် ညှိနှိုင်းကာ ရွာဖြင့်နီးသဖြင့် မီးသင်္ဂြိုဟ်ခြင်းမပြုတော့ပဲ သစ်ကိုင်းသစ်ခက်များအားခုတ်၍ အလောင်းများအား ဖုံးလွှမ်းကာ နောက်ဆုံးအနေဖြင့် သဂြိုဟ်ခြင်းမှုကို ဝမ်းနည်းစွာ ပြုရပါသည်။

ဝန်ထမ်းများအားလုံးမှာလည်း စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရသည့်အပြင် မကျေနပ်ခြင်း၊ ခံပြင်းခြင်းဖြစ်ရပါတော့သည်။ ခြံပိုင်ရှင် လူကြီးများအနေဖြင့် သီဟိုဠ်စေ့ကောက်ခြင်း၊ သို့မဟုတ် ခိုးယူခြင်းအတွက် ဥပဒေအရ အရေးယူပေးရန် တိုင်ကြားခြင်းသာ ပြုသင့်ပါလျက် တရားလွန် အသက်အန္တရာယ်ကိုပါ ထိပါးခြင်းအတွက် ရက်စက်ရိုင်းရာကြပါသည်။

ကျွန်တော်တို့အဖွဲ့ လှိုင်ထိပ်သို့ ပြန်ရောက်ချိန်တွင် သက်သေခံ ပစ္စည်းရှာဖွေရေးအဖွဲ့မှာ ခြံများအတွင်း ဝှက်ထားသော သေဆုံးသူများ၏ အဝတ်အစားများနှင့် ပုလိုင်းလေးများအား တွေ့ရှိရကြောင်း သတင်းပို့ပါသည်။

သတ်ဖြတ်သူအဖွဲ့မှာ ဝန်ထမ်း (၃) ဦးအား သီဟိုဠ်ခြံများ အတွင်းမှ ဖမ်းဆီး၍ တောင်ပြောင်ပေါ်အထိ ခေါ်ဆောင်လာနိုင်ခြင်း ကြောင့် အနည်းဆုံး တုတ်၊ ဓား လက်နက်ကိုင်ဆောင်သူ (၁၀)ဦးခန့် ရှိနိုင်ကြောင်း ရဲအဖွဲ့မှ ထင်မြင်ချက်ပေးပါသည်။

ချက်ချင်းပင် တာဝန်ရှိသူ လူကြီးများမှ အနီးပတ်ဝန်းကျင်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သီဟိုဠ်ခြံပိုင်ရှင်များအား မေးမြန်းဖော်ထုတ်၍ ဖမ်းဆီးစေရာ တာဝန်ရှိသူများ လာသည်ကို ကြိုတင်သိရှိကြသဖြင့် ခြံပိုင်ရှင်များမှာ ကော့သောင်းမြို့မှ တစ်ဆင့် တစ်ဖက်ကမ်း ရနောင်းမြို့သို့ ကူးကာ ထွက်ပြေးသွား ကြကြောင်း ရပ်ကွက်ကောင်စီလူကြီးများမှ သတင်းပို့ကြပါသည်။

သို့သော် ထောင်ပိုင်ကြီး ဦးဟန်မြင့်မှာ ကော့သောင်းဒေသတွင် အနေကြာပြီ ဖြစ်၍ အထာကို သိရှိသဖြင့် ကျေးရွာဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ရာအိမ်မှူး၊ ဆယ်အိမ် မှူးများပါမကျန် ဖမ်းဆီးအရေးယူ၍ လူသတ်မှုတွင် သတင်းထိမ်ချန်မှု၊ အားပေးကူညီမှုတို့ဖြင့် စွဲချက်တင်ပြီး ကော့သောင်းမြို့ ရဲစခန်းတွင် အမှု ဖွင့်လျက် အရေးယူပါတော့သည်။

တရားခံများအား ကော့သောင်းရဲစခန်းတရားရုံးတွင် စစ်ဆေး ရာ ဝန်ထမ်း(၃)ဦးအား ဖမ်းဆီးသတ်ဖြတ်ရာ၌ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ ဝင်များ မပါဝင်ကြောင်း ဝန်ထမ်း(၃)ဦး သီဟိုဠ်သီးခိုးသည်ကို လက်ပူး သက်ကြပ်မိသဖြင့် ခြံပိုင်ရှင်များက ၎င်းတို့အား လာရောက်တိုင်ကြား သဖြင့် သွားရောက်ကြည့်ရှုစဉ် ခြံပိုင်ရှင်(၈)ဦးမှ တားမနိုင်ဆီးမရတော့ဲ သက်ပြန်ကြိုးတုပ်ကာ ရိုက်နှက်ပြီး လက်စလက်နဖျောက်ရန်အတွက် သူအရောက်အပေါက်နည်းသော တောင်ပြောင်လျှိုအတွင်းသို့ အတင်း အဓမ္မခေါ်ဆောင်ပြီး သတ်ဖြတ်ကြခြင်းဖြစ်ကြောင်း ဖြောင့်ချက်ပေးပါ တော့သည်။

ကော့သောင်းမြို့တရားရုံးမှ အမြန်ဆုံး ဆွဲချက်တင်၍ တာဝန် ရှိသူ ကျေးရွာလူကြီး(၄)ဦးအား ပုဒ်မ ၃၀၂/၁၁၄အရ လူသတ်ရာတွင် အားပေးကူညီမှု၊ သတင်းထိမ်ချန်မှု၊ တရားခံများ ထွက်ပြေးလွတ်မြောက် နိုင်အောင်ကူညီမှုတို့ဖြင့် ထောင်ဒဏ် (၇)နှစ်စီ ချမှတ်အပြစ်ပေးလိုက်ပါ သည်။

ဤတွင် အမှုပြီးဆုံးသည်ဟု ဆိုရန်ရှိသော်လည်း မပြီးဆုံးသေး ပါ။ ခြံပိုင်ရှင် (၈)ဦးမှာ ၎င်းတို့၏သားမယားများ ကျန်ရှိခဲ့သဖြင့် တစ်



www.burmeseclassic.com

www.burmeseclassic.com 

နိုင်ငံသို့ ရှောင်တိမ်းသွားသော်လည်း ခိုးကြောင်ခိုးဝှက်ဖြင့် ပြန်လာကြကြောင်း သတင်းရရှိသဖြင့် ကျွန်တော်တို့အဖွဲ့မှ မျက်ခြေမပြတ်စောင့်ကြပ်ကြည့်ရှုခဲ့ပါသည်။

သို့သော်လည်း ညအချိန် ရေလမ်းခရီးမှ စက်လှေများဖြင့် လိုက်ပါလာကြပြီး၊ မနက်စောစော ပြန်သွားကြခြင်းဖြစ်သဖြင့် ဖမ်းဆီးနိုင်ခဲ့ပါ။

နေ့စဉ် လာရောက်ခြင်းလည်းမဟုတ်ပဲ မှေ့လောက်မှ လာကြခြင်းဖြစ်၍၎င်း၊ အချင်းချင်း အကာအကွယ်ပေးခြင်းကြောင့် ၎င်း ဖမ်းဆီးနိုင်ခြင်းမရှိခဲ့ပါ။ ဒေသကျွမ်းကျင်သူများဖြစ်၍လည်း ၎င်းတို့ ဘက်မှ အပန်းသာလျက်ရှိပါသည်။

ကျွန်တော်တို့ဘက်မှ တပန်းမက ဆုံးရှုံးရမှုကိုလည်း ထပ်မံတင်ပြပါဦးမည်။ ကျွန်တော်တို့အဖွဲ့မှ တာဝန်ထမ်းဆောင်စဉ် နှစ်စေ့သဖြင့် ရန်ကုန်သို့ပြန်ရောက်ပြီး သတင်းဆိုးတစ်ခုကို ကြားရပြန်ပါသည်။

ထိုသတင်းမှာ ဝန်ထမ်း(၃)ဦး ပျောက်ဆုံးနေချိန်တွင် 'တောင်ပြောင်ပေါ်တွင် လူသတ်သည်' ဟု ဒေသခံဖြစ်၍ စကားအတန်အသင့်နားလည်သော ဆေးမှူးဦးဝင်းနိုင်မှ သတင်းပေးမှုကြောင့် လူသတ်မှုပေါ်ပေါက်ရခြင်းဖြစ်ကြောင်း ဒေသခံများသိရှိသွားသဖြင့် ကော့သောင်းမြို့မှ ဆိုင်ကယ်ဖြင့်ပြန်လာသော ဦးဝင်းနိုင်အား ရေတံခွန်ချောက်ကမ်းဆင်းအကွေ့တွင် တောင်ပေါ်မှ စောင့်ဆိုင်း၍ လုပ်ကြံရာ ဦးဝင်းနိုင်မှာ ကိုးလုံးကျည် ထိမှန်၍ နေရာတွင် ပွဲချင်းပြီး သေဆုံးသွားရပါသည်။

နယ်စပ်ဒေသများတွင် ဥပဒေလက်တံသည် တိုလွန်းလှပါသည်။ သို့သော် မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိဟူသော စကားပုံအတိုင်း ဆိတ်ကွယ်ရာတွင် သတ်ဖြတ်ထားသည့်လူသတ်မှုများအား ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်ရာ ရာဇဝတ်ဘေးပြေးမလွတ်ဟူသော စကားပုံအတိုင်း တရားခံကို သက်သေတည်၍ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အမိဖမ်းရမည်...



www.burmeseclassic.com

www.burmeseclassic.com

များအား ဖမ်းဆီးအရေးယူ အပြစ်ပေးနိုင်ပါစေဟု တိုင်တည်မိပါတေ
သည်။

ထောင်မှူးကြီးသိန်းဝင်
လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၂၀၀

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ပြဒါးရှင် မြင့်ဦး

ပြဒါးရှင် မြင့်ဦးဆိုသဖြင့် ပဋိက္ခရားမင်းသားလို ပြဒါးရှင်လုံးကို အာခံတွင်းငုံ၍ မြေလျှိုး မိုးပျံနိုင်သူများလားဟူ၍တော့ မထင်လိုက်ကြပါနှင့်။ အင်းစိန်ထောင်အတွင်းရှိ နှစ်ကြီး ထောင်ကျတရားခံတစ်ဦးသာ ဖြစ်ပါသည်။

ဓါတုဗေဒနည်းဖြင့် ဓါတုပစ္စည်းများအား စနစ်တကျပေါင်းစပ်၍ သစ်ပင်များမှ ပြဒါးအရှင်များအား ထုတ်ယူပြီးနောက် ရောင်းစားသူတစ်ဦးသာ ဖြစ်ပါသည်။ မျက်လှည့် လက်လှည့်ပညာကိုလည်း ကျွမ်းကျင်နှံ့စပ်စွာ တတ်ကျွမ်းပါသည်။ ပုဒ်မ(၄၂၀)ဖြင့် ထောင်ဒဏ်(၅)နှစ်ကျနေရသူလည်း ဖြစ်ပါသည်။

ရုံးပိတ်ရက်တစ်ရက် ဂျူတီကျချိန်တွင် ကျွန်တော်နှင့် ထောင်မှူး ဦးဝင်းဆန်းတို့ အင်းစိန်ထောင်ဝင်းအတွင်းရှိ တွဲဘက်ထောင်လေးဘက်သို့ သွားကြပြီး ပြဒါးရှင်မြင့်ဦး ဆိုသူနှင့် တွေ့ဆုံကြပါသည်။ အခေါ်မှူး တပ်ကြပ်ကြီး ဦးကျော်မြင့်က ကျွန်တော်တို့နှစ်ဦးအား တွဲဘက်ထောင် ၁ဆောင်အောက်ထပ်တွင် ပြဒါးရှင်မြင့်ဦးနှင့် မိတ်ဆက်ပေးသည်။

"ဦးမြင့်ဦး၊ ဒါက ထောင်မကြီးက ဆရာဦးသိန်းဝင်းနဲ့ ဆ...



www.burmeseclassic.com

www.burmeseclassic.com



…ဝင်းဆန်းတို့ပါ၊ သူတို့ သိချင်တာလေးတွေကို ရှင်းပြလိုက်ပါဗျာ''

''ဟုတ်ကဲ့ ဆရာကြီး၊ ဟုတ်ကဲ့ပါ''

''ကဲ ဆရာထောင်မှူးတို့ သိချင်တာရှိရင် မေးကြပါဗျာ''

''ဒီကဆရာက ပြဒါးရှင်မြင့်ဦး ဆိုပြီး နာမည်ကြီးလို့ လာမေးကြတာပါခင်ဗျာ၊ သစ်ပင်က ပြဒါးထုတ်လို့ရတယ်ဆိုတာ ဟုတ်ပါ့သလား ခင်ဗျား''

''ဟုတ်ပါတယ် ဆရာဝင်းဆန်း၊ ကျွန်တော် အပြင်မှာတုန်းက …င့်ခိုဗာကာကလေးနဲ့ တပည့်သုံးယောက်ခေါ်ပြီး အရှေ့ရိုးမ၊ အလယ် … အနောက်ရိုးမအနှံ့ လျှောက်သွားပြီး သစ်ပင်တွေက ပြဒါးထုတ်ခဲ့ပါ …တယ်၊ အစေးထွက်အားကောင်းတဲ့ သစ်ပင်မှန်သမျှ ပြဒါးထုတ်လို့ ရပါ …တယ်၊ ကျွန်တော့်နည်းက ရာသီမရွေး ထုတ်ယူနိုင်ပါတယ်''

''တခြားနည်းရော ရှိသေးလို့လား ခင်ဗျား''

''တခြားနည်းတွေလဲ ရှိပါတယ်၊ တောသူ တောင်သားတွေ …များဆုံး အသုံးပြုတဲ့နည်းကတော့ ဆောင်းရာသီမှာသာ အသုံးပြုလို့ …တဲ့နည်းပါ၊ မြေအိုးထဲမှာ အမဲသားကိုအပုပ်ခံပြီး အဝမှာအဝတ်စည်း … အရွက်များတဲ့သစ်ပင်ကြီးတွေမှာ အိုးကလေးတွေကို ချိတ်ဆွဲပြီး …ဖမ်းတဲ့နည်းပါ၊ သစ်ပင်နဲ့ လေထဲမှာရှိတဲ့ ပြဒါးက အမဲသားအပုပ်ကို …စားတဲ့အခါ ပြဒါးဖမ်းယူလို့ရပါတယ်၊ မြူနှင်းကျချိန် မနက်စောစော … လုပ်ရပါတယ်၊ ကျွန်တော့်နည်းလောက်တော့ မရတတ်ပါဘူး''

''ဒီက ဆရာ့နည်းလေးလဲ ပြောစမ်းပါဦးဗျာ''

''ကျွန်တော့်နည်းကတော့ သဘာဝဓါတုမစွည်းတွေကို ပေါင်း …ပြီး အစေးထွက်များတဲ့ ဘယ်သစ်ပင်မဆို ဘယ်ရာသီ၊ ဘယ်အချိန် …ဖြစ် ထုတ်ယူလို့ရတဲ့နည်းပါ၊ ကျွန်တော့်တပည့်တွေနဲ့ တောထဲကို …စ်ပတ်လောက် သွားဖမ်းရင် ပြဒါး လေးငါးပိဿာ ရလေ့ရှိပါတယ် …ကြောက်ပြီး ကျွန်တော့်နည်းက ခိုးယူလို့ မရပါဘူး၊ ကျွန်တော်ပြေ… ရ



www.burmeseclassic.com

www.burmeseclassic.com


နိုင်တဲ့နည်းပါ၊ ပစ္စည်းရှာရတာ နည်းနည်းခက်ပေမယ့် ထုတ်လုပ်
အလွန်လွယ်ကူတဲ့နည်း ဖြစ်ပါတယ်''

''ကျွန်တော်တို့ကို အဲဒီနည်းကလေး ပေးနိုင်မလားဗျ''

''ဆရာတို့တောင်းရင်တော့ ပေးရမှာပေါ့ဗျာ''

''ဘာပစ္စည်းတွေ လိုသလဲဗျ''

''ပစ္စည်းတွေကတော့ သဘာဝကထွက်တဲ့ ပစ္စည်းတွေကို ဖြ
ထားတဲ့ ဘယဆေးဆိုင်က ခါတုပစ္စည်းတွေပါပဲ၊ ဆေးအချိန်အဆ
မှန်းတတ်ဖို့တော့ အဓိကလိုသဗျ။ ဒါကလဲ လုပ်ရင်းနဲ့ အလုပ်က သ
သွားမှာပါ၊ ဆေးစပ်များလွန်းရင်လဲ ပြဒါးထုတ်မယ့်သစ်ပင် သေသ
တတ်တယ်၊ နည်းလွန်းရင်လဲ ပြဒါးထွက်ပေမယ့် အရနည်းတာပေါ့ဗျ
ဆေးအမည် ရှစ်မျိုးခန့်နဲ့ အဝတ်အမည်းစ နှစ်စရယ်၊ နန္ဒင်းခါးမှုန့်
ရေရောစပ်ထားတဲ့ ပုလင်းတစ်လုံးရယ်၊ ဓါးထက်ထက်တစ်ချောင်းရယ်
လိုပါတယ်''

''လုပ်နည်းကကောဗျာ''

''အဲဒီ လက်တွေ့လုပ်နည်းကို ကျွန်တော် အခုပဲ ဆရာတို့
ပြမှာပါ''

ပြဒါးရှင်မြင့်ဦးက ပြောပြောဆိုဆိုပင် ၎င်းအိပ်သည့် ခုတင်
ရှိ ဖျာအောက်မှ ပလတ်စတစ်အိတ်နှင့် ထုပ်ထားသော အထုပ်က
နှစ်ထုပ်အား ထုတ်ယူပြီးနောက် ဓါးကလေးတစ်ချောင်းနှင့် အဝတ်စ
စ၊ ရေပုလင်းတစ်လုံးတို့အား ယူဆောင်ကာ အိပ်ဆောင်အပြင် ထိ
သဘော်ပင်ကလေးတစ်ပင်ရှိရာသို့ ကျွန်တော်တို့နှစ်ဦးအား ခေါ်ဆောင်
ပါတော့သည်။

သဘော်ပင်ကလေး အနီးရောက်သော် ပင်ခြေမှ
လက်ဖြင့် တစ်ထောင်နှင့်တစ်ထွာ တိုင်းပြီးနောက် တိုင်းသည့်နေ
ပင်စည်အား ဓါးကလေးဖြင့် ပါးဟက်လုပ်ပါသည်။ ပြီးနောက် ပါးဟ


www.burmeseclassic.com

www.burmeseclassic.com


အတွင်းသို့ အသင့်ယူဆောင်လာသော ဆေးထုပ်တစ်ထုပ်ထဲမှ အမှုန့်က လေးများအား သွန်ထုတ်ပြီးနောက် အဝတ်စတစ်စနှင့် ပတ်စည်းပါသည်။ သစ်ဖန် ပင်ခြေမြေကြီးအား ဓားကလေးနှင့် တူးဆွပြီးနောက် ရေသောက် မြစ်တစ်ခုအား ဓားဖြင့် လှီးဖြတ်ပြန်ပါသည်။ ထိုအမြစ်အား နနွင်းခါး မှုန့်နှင့် ရေရောစပ်ထားသည့် ပုလင်းထဲသို့ ထိုးသွင်းကာ ပုလင်းအား အဝတ်ပတ်စည်း၍ မြေကြီးဖုံးလိုက်ပါသည်။

''ကဲ ဆရာတော်မျိုးတို့ ၁၅မိနစ်လောက် စောင့်ပြီးမှ လာတူး ကြည့်ကြတာပေါ့၊ ဒီသဘော်ပင်ကလေးက လွန်ခဲ့တဲ့အပတ်ကမှ ပြဒါး ထုတ်ထားတာမို့ ပြဒါးအကျတော့ နည်းလိမ့်မယ်၊ သစ်ပင်တစ်ပင်က ပြဒါးထုတ်ပြီးတိုင်း အနည်းဆုံး တစ်လအချိန်ကြာမှ နောက်တစ်ခါ ပြန်ထုတ်သင့်တယ်၊ ပြဒါးများတဲ့သစ်ပင်ဆိုရင် ဥပမာ အုန်းပင်တွေ အသီးနုနုလေးတွေနဲ့ အရေကုန်ပြီးကြွေကျရင် အဲဒါ ပြဒါးဓါတ် များလို့ပဲ၊ ကျွန်တော်တို့နည်းနဲ့ ပြဒါးထုတ်ပြီးရင်တော့ အဲဒီသစ်ပင်ဟာ ပိုသီးပြီး အသီးလဲ ကြီးပါတယ်၊ နောက်ပြီး ပြောစရာတစ်ခု ရှိပါသေးတယ်၊ သစ်ပင်က ထုတ်ယူတဲ့ ပြဒါးဟာ ပိုပြီး အမျိုးအစား ကောင်းပါတယ်၊ ပုလင်းထဲက ရေထဲမှာ နနွင်းခါးမှုန့် ထည့်ထားတာကတော့ သစ်ပင်က ထွက်လာတဲ့ ပြဒါးဟာ သစ်စေးနဲ့ ရောနေလို့ မည်းညစ်ညစ် ဖြစ်နေတတ် ပါတယ်၊ ပြဒါးနဲ့ သစ်စေးကို နနွင်းခါးမှုန့်က ခွဲခြားသန့်စင်ပေးပြီး သန့်စင်တဲ့ပြဒါးကို ထုတ်ပေးပါတယ်၊ ရရှိတဲ့ပြဒါးဟာ ပြဒါးရှင်(အရည်) ဖြစ်ပါတယ်၊ ခဲချင်ရင်တော့ လုံထဲထည့်ပြီး ဖိုထိုးရမှာပါ၊ ရောင်းတမ်း ဆိုတော့ ပြဒါးအရည်(ပြဒါးရှင်)ကိုပဲ ရောင်းပါတယ်၊ ပြဒါးဟာ အလေး ချိန်စီးလို့ တစ်ကျပ်သားဆိုရင်ပဲ နည်းနည်းလေးပဲ ရပါတယ်''

''ဒါဆိုရင် ဦးမြင့်ဦးအနေနဲ့ တစ်ခါ ခရီးထွက်ရင် ပြဒါး လေး ငါးပိဿာ ရတယ်ဆိုတော့ ပိုက်ဆံ အတော်ရမှာပဲနော်၊ အဝယ်ဘက်က ရော ရသမျှ ဝယ်တာပဲလား'' ဟု ကျွန်တော်က မေးမြန်းရာ


www.burmeseclassic.com

www.burmeseclassic.com



"အခုကာလပေါက်ဈေးအရ ပြဒါးတစ်ကျပ်သားကို ၂၀၀ကျ ရှိတယ် ခင်ဗျ၊ ပြဒါး လေး ငါးပိဿာဆိုတော့လဲ သိန်းဂဏန်းတေ ရတာပေါ့ဗျာ၊ ဝယ်မယ့်သူလဲ မပူရပါဘူးဗျာ၊ ဖောက်သည်တွေရှိနေ ရသမျှ အကုန်ဝယ်တာပါပဲဗျာ"

"ကဲ ဆရာထောင်မှူးတို့ရေ ၁၅မိနစ်လောက် ကြာပြီဆိုတေ သွားကြည့်လိုက်ကြရအောင်ဗျာ"

သို့နှင့် ကျွန်တော်တို့ ပြဒါး ခံယူထားသည့်သင်္ဘောပင်လေ ရာသို့ သွားကြပြီး မြေကြီးထဲမြှုပ်ထားသော ပုလင်းအား ထုတ်ယူ၍ကြ ရှုရာ ပုလင်းထဲရှိရေထဲ၌ မည်းညစ်ညစ် သစ်စေးများအောက်တွင် တစ ဝင်းလက်နေသော ပြဒါးနှစ်ကျပ်သားခန့်အား ရရှိပါတော့သည်။ ပြီးခဲ့သေ အပတ်ကမှ ပြဒါးထုတ်ယူထားသော သင်္ဘောပင်ကလေးထံမှ နော တစ်ပတ်အကြာတွင် ပြဒါးနှစ်ကျပ်သားခန့် ထွက်ရှိရာ တစ်လကြာ ခံယူလျှင်တော့ နှစ်ဆယ်သားခန့် ရရှိနိုင်မည်မှာ မလွဲပါ။ မိမိခြံတွ စိုက်ပျိုးထားသည့် သင်္ဘောပင်ပေါင်း ၁၀ ပင်ဆိုလျှင်ပင် တစ်လ ပြ ၂ပိဿာခန့် ရရှိနိုင်မည် ဖြစ်ပါသည်။

"ခင်ဗျားနည်းက တယ်ဟုတ်ပါလားဗျ၊ တောထဲမသွားတေ ဘဲ အိမ်ခြံဝင်းကျယ်ကျယ်ထဲမှာပဲ သင်္ဘောပင်တွေစိုက်ပြီး ပြဒါးထုတ် တောင်မှ ပြဒါးလဲရ၊ သင်္ဘောသီးလဲ ရောင်းစားရလို့ အတော်အကျ မယ့် လုပ်ငန်းပဲဗျနော်"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော် တောထဲသွားတာကတေ အမဲလဲလိုက်ရင်း သစ်ခွပန်းနဲ့ ဘယဆေးပင်လဲ ရှာရင်း၊ ပြဒါးလဲ ထ ရင်းပေါ့ဗျာ"

ထိုစဉ်တွင် ဦးဝင်းဆန်းက–

"ကဲ ဦးမြင့်ဦးရေ၊ ဆေးစပ်နည်း ပေးတော့ဗျ၊ ခင်ဗျာ စပ်ပြီးသားရှိရင်လဲ တစ်ခါထုတ်လောက် ပေးလိုက်ဗျ၊ ထောင်ပြ



www.burmeseclassic.com

www.burmeseclassic.com


ခြံဝင်းထဲက သဘော်ပင်မှာ စမ်းကြည့်မလို့''

''ရပါတယ် ဆရာ၊ ဆေးကတော့ တစ်ထုပ်တည်းကျန်တော့ ထို့ ပေးလိုက်ပါ့မယ်၊ ဆေးအမည်ကိုလဲ ဆရာလေးတို့ မှတ်သွားပါ၊ ချိန်အဆလဲ ပေးလိုက်ပါ့မယ်''

''ကဲ ပြောဗျို့၊ ကျွန်တော် မှတ်မယ်''

''ဟုတ်ကဲ့ ဆရာ၊ တစ်ခါသုံး ဆေးတစ်ကျပ်သားပဲ သုံးရမယ် ဆေးအမည်တွေကတော့

၁။ စိန်နဘော်အဆီ(အိန္ဒိယ)
၁ကျပ်သား။
၂။ တန့်ဝါ
၁ကျပ်သား။
၃။ မာကျူရီအောက်ဆိုက်
၁ကျပ်သား။
(အိန္ဒိယ)
၄။ ကျောက်ချဉ်
၁ကျပ်သား။
၅။ ဒုတ္တာ
၁ကျပ်သား။
၆။ သက်ရင့်ကျောက်မီးသွေး
၁ကျပ်သား။
(စိန်ရောင်ကျောက်မီးသွေး)
၇။ ဆေးဒါန်း
၁ကျပ်သား။
၈။ နနွင်းခါးအမှုန့်
၁ကျပ်သား။


www.burmeseclassic.com

www.burmeseclassic.com


(ရေနှင့်ရောရန် ဆေးစပ်ထဲတွင် မပါဝင်ပါ။)

''ဆေးအမည့် ခုနစ်မျိုးကို ရောပြီး အမှုန့်ကြိတ်ရမယ်၊ ညက်လေ ကောင်းလေပဲ၊ ကြိတ်ပြီး အထုပ်ကလေး တစ်ကျပ်သားစီ ခုနစ်ထုပ်ထုပ်ပြီး သစ်ပင်ခုနစ်ပင်က ထုတ်ဖို့ပါပဲ''

ကျွန်တော်က ''သစ်ပင်ကြီးကြီး သေးသေး တစ်ကျပ်သားစီပဲလား ဆရာမြင့်''

''တစ်ကျပ်သားစီပဲ၊ သစ်ပင်ကြီးကြီး သေးသေး သုံးလို့ရပါတယ်၊ ဒါပေမယ့် ကညင်ပင်လို အစေးထွက်အားကောင်းပြီး အပင်ကြီးဆိုရင်တော့ နှစ်ဆ(၂ကျပ်သား)ထည့်ရင် ပိုကောင်းပါတယ်''

''ကဲ ကျေးဇူးပဲ ဆရာမြင့်ရေ၊ ကျွန်တော်တို့ အိမ်ပြန်ပြီး ခြံထောင့်က သဘော်ပင်ကြီးမှာ စမ်းသပ်ကြည့်လိုက်ဦးမယ်ဗျို့''

''ဟုတ်ကဲ့ ဆရာ၊ ဆရာတို့ အောင်မြင်ပါစေ''

သို့နှင့် ကျွန်တော်တို့ ဦးမြင့်ဦးအား နှုတ်ဆက်ပြီးနောက် သီးသန့်ထောင်မှ ပြန်ခဲ့ကြပါသည်။ ခရီးရောက်မဆိုက်ပင် ကျွန်တော်တို့ နေထိုင်သည့် ထောင်ဝင်းအတွင်းရှိ ခြံထောင့်မှ သဘော်ပင်ကြီးအား ဦးမြင့်ဦးပေးလိုက်သည့် ဆေးနှင့် နည်းအတိုင်း စမ်းသပ်ကြည့်ရာ ၁၅မိနစ်ခန့်အတွင်း ပြဒါး ၁၀ကျပ်သားခန့် ရရှိပါသည်။

သို့သော် တနင်္ဂနွေနေ့ အလုပ်ပိတ်ရက်တွင် ပြဒါးရှင် မြင့်ဦးပေးလိုက်သော ဆေးအမည်များအား အင်းစိန်ဈေး၊ သိမ်ကြီးဈေးများရှိ ဘယဆေးဆိုင်များအနှံ့ မွှေနှောက်ရှာဖွေဝယ်ယူ၍ ဆေးအမည်စုံသောအခါ ပေးလိုက်သည့်အချိုးအစားစပ်နည်းအတိုင်း ပြဒါးထုတ်ကြည့်ရာ မရရှိပါ။ ပြဒါးရှင် မြင့်ဦးအား အကျိုးအကြောင်း ပြန်ပြောပြသောအခါ စိန်နဘော်ဆီ မစစ်၍ဖြစ်ကြောင်း၊ အိန္ဒိယ စိန်နဘော်ဆီအစစ် ရနိုင်အောင် ကြိုးစားစေလိုကြောင်း အကြောင်းပြပါသည်။


www.burmeseclassic.com

www.burmeseclassic.com

သို့နှင့် အိန္ဒိယနယ်စပ် ကလေး၊ တမူးဘက်မှ လုံကြုံနှင့် ယ စိန်နံဘော်ဆီစစ်စစ်အား မှာယူ၍ ပြဒါးထုတ်ကြည့်သော်လည်း း မထွက်ပါ။ ပြဒါးရှင်မြင့်ဦး အနေဖြင့် တစ်ခုခုတော့ လျှိုထား ကြောင်း သဘောပေါက်လာပါသည်။

ကျွန်တော့်အနေဖြင့် တစ်ခု စဉ်းစားပြီး အမှတ်ရလာပါသည်။ ရှင်မြင့်ဦး ဆေးနည်းပေးစဉ်က ၎င်း၏ဆေးနည်းမှာ ခိုးယူ၍ မရနိုင် ကြောင်း၊ ၎င်းကိုယ်တိုင် ပေးမှသာ ရနိုင်ကြောင်း ပြောဆိုခဲ့သော စကား ရှိပါသည်။ ကျွန်တော်တို့အား အစေးထွက်သော သစ်ပင်မှ ပြဒါးထုတ် ယူနိုင်ကြောင်း ပညာပေးခဲ့ပုံသာ ဖြစ်ပြီး ဆေးနည်းအစစ်အမှန်ကို တော့ ပေးလိုဟန်မရှိပါ။ ကျွန်တော်တို့နှင့်လည်း ကျေးဇူးခံ ကျေးဇူးစား မဟုတ်ကြ၍ တစ်သက်လုံး လုပ်ကိုင်စားနိုင်မည့် ၎င်း၏ နည်းလမ်း သည်း ပေးချင်ဟန် မတူပါ။ ဦးဝင်းဆန်း တောင်းသဖြင့်သာ ထောင် ရှိများဖြစ်၍ စကားနည်း ရန်နည်း လုပ်ကြပေးလိုက်ဟန် တူပါ သည်။ သို့သော် ၎င်းပေးလိုက်သည့် စပ်ပြီးသားဆေးထုပ်ဖြင့် ပြဒါးထုတ် ရှိရာ ၎င်းပေးလိုက်သော ဆေးနည်းမှာလည်း ပြဒါးထုတ်ရန် ဆေး နည်းဖြစ်မှာ သေချာပါသည်။ ဆေးအမည် တစ်မျိုးမျိုး ချန်ထားခြင်း ကြောင့်သာ ပြဒါးမထွက်ခြင်းဖြစ်သည်ဟု ကျွန်တော် ယူဆမိပါသည်။

ထောင်မှူးကြီးသိန်းဝင်း

သည်းထိတ်ရင်ဖိုမဂ္ဂဇင်း၊ ဇူလိုင်လ၊ ၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ကျားအမြီးပြတ်နှင့် သင်းခွေချပ်ကြီး

ရွက်ဝါတွေ ကြွေလွင့်သော တပေါင်းလန်နက်ခင်း အချိန်ဖြစ် ပါသည်။ နှင်းကြွင်းနှင်းကျန် ပက်ဖျန်းထား၍ ရွက်ခြောက်များအပေါ် ၌ လျှောက်လာကြသော်လည်း အသံမထွက်ဘဲ ခြေသံလုံလှပါသည်။ နောက် (၆) နာရီခန့်သာ ရှိသေးသဖြင့်ငှင်း၊ တောရိပ်တောင်ရိပ်ကြောင့်ငှင်း မှောင်တောတစ်ခုလုံး မှုန်ရီဝေမှိုင်းနေပြီး၊ ပတ်ဝန်းကျင်အား သဲကွဲစွာ မြင်နိုင်သေးပါ။ တပည့်ကျော် မုဆိုးအောင်သန်းအခွယ်ကောင်းသည်နှင့် ကျွန်တော်လည်း ဝါ့သနာအလျှောက် ၃၀၃ အမေရိကန်ရိုင်ဖယ်ကြီးအား ထမ်း၍ တောလယ်ထွက်ခဲ့ကြခြင်းဖြစ်ပါသည်။

ယခုလရာသီတွင် တောဂွေးသီးနှင့် ဇီးဖြူသီးပေါချိန်ဖြစ်၍ သားရောက်စားသောက်သည့် ချေနှင့် ဓတာ့ဝက်များမြူးတူးချိန် ဖြစ်ပါ သည်။ ညကတည်းက စားပင်များအနီးရှိ လင့်စင်ပေါ်တွင် စောင့်၍ အံ့ရန် တပည့်ကြီးမှ စီစဉ်ထားသော်လည်း သားကောင်ရ၊ မရ မသေ ချာဘဲ ခြင်ကိုက်၍ ငှက်ဖျားရောဂါ ရမှာသေချာသောကြောင့် ကျွန်တော်မှ ထိုအစဉ်ကို ဖျက်လိုက်ပြီး၊ ယနေ့မနက် စောစောမှ တောလယ်ထွက်ခဲ့ ကြခြင်းဖြစ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



ဝါသနာကြောင့် မုဆိုးလုပ်နေရသော်လည်း ငှက်အမျိုးမျိုး၊ မျောက်နှင့် ချေလောက်သာ ပစ်ခတ်ရရှိဘူးပါသည်။ ယမန်နေ့က တပည့်ကျော် မုဆိုးအောင်သန်းငှက်ပစ်၊ ကိုင်းထောင်ရင်း စားပင်အား တွေ့ရှိပြီး၊ ချေနှင့် တောဝက်များ မြူးတူးပျော်ပါး နေသည်ကို တွေ့ရှိခဲ့သဖြင့် စားပင်အနီး သင့်ရာနေရာတွင် လင့်ထိုးခဲ့ပါသည်။

ကျွန်တော်အနေဖြင့် တာဝန်အရရင်း၊ လင့်စင်ပေါ် နေရမည့် ဒုက္ခက မသေးလှသောကြောင့် ၎င်းအစီအစဉ်အား ပယ်ဖျက်ခဲ့ရခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ စခန်းချရာနေရာနှင့် စားပင်မှာ နှစ်မိုင်ခန့်သာ ဝေးကွာသော်လည်း ချောင်းကူး၊ မြောင်းကူး၊ တစ်ကုန်းကျော်၊ တစ်တောင်တက်ဖြင့် အတော်ကလေးကြာအောင် သွားရပါသည်။ တောထူထပ်ရှုပ်ထွေးပြီး မြင်ကွင်းမရှင်းသဖြင့်လည်း ထင်တိုင်းသွား၍ မရပါ၊ ၎င်းအပြင် ယှက်ဝင်လာသည့်တောတွင် ဝက်ဝံနှင့် ကျားပေါများသဖြင့် ပတ်ဝန်းကျင်အားလည်း သတိထားနေရပါသေးသည်။

တပည့်ကြီး အောင်သန်းမှာ မုဆိုးဝါရင့်သူပီပီ စိုးရိမ်ကြောင့်ကြ ပုံမရပါ။ ရှေ့မှ လမ်းပြရင်း အသော့နှင်နေပါတော့သည်။ ထိုစဉ်တွင် ချောင်းမြောင်ကလေးတစ်ခုအား ဖြတ်အတက် ကမ်းစပ်ရှိ ဝါးရုံတောအတွင်း ဝါးရောင်းငှက်တစ်အုပ် ခုန်ဆွခုန်ဆွနှင့် တစ်ရုံမှ တစ်ရုံကူးကာ မြူးတူးပျော်ပါးနေသဖြင့် တပည့်ကျော်အောင်သန်းမှာ လေးခွတပြင်ပြင် ဖြစ်၍. . .

"တပည့်ကြီး ချေနှင့် ဝက်ပစ်ဖို့လာတာ ငှက်မပစ်ပါနဲ့ကွာ"

"ဆရာကလည်း လာဘ်ဦးမပယ်ကောင်းဘူးဗျာ။"

"အေး. . . မုဆိုးထုံးစံရှိပေမဲ့ အချိန်ကုန်မှာစိုးလို့ကွာ။ နေပွင့်လာရင် တောကောင်တွေ ပြေးကုန်ပြီး မပစ်လိုက်ရမှာ စိုးလို့ပါကွာ"

"ရပါတယ်ဆရာရယ်. . . မနေ့က ကျွန်တော်လာတာ ဒီအချိန်



www.burmeseclassic.com

www.burmeseclassic.com


...ဘောင် နောက်ကျပါသေးတယ်။ ချေတွေက စားပင်အောက်မှာ ...ဘောင် နေသေးတယ်။''

ထိုအချိန်တွင် ချောင်းအောက်ဖက် တောင်ကျပျောရုံများဆီမှ ...ဝုန်းဝုန်း တောတိုးသံများ ကြားရသဖြင့် ကျွန်တော်တို့ ဆရာတပည့် ... နီးစပ်ရာ ပင်စည်ကောင်းသည့် ပျဉ်းမပင်ကြီးအနီးသို့ အပြေးကပ် ...ပါတော့သည်။ မြင်ကွင်းမရှင်းသဖြင့် ဘာကောင်မှန်းတော့ မသိပါ။ ...ကောင်ကြီးကြီးတော့ ဖြစ်ပုံရပါသည်။ ကျွန်တော့်တွင် ပါလာသည့် ... ရိုင်ဖယ်အား မောင်းကြိတ်တင်၍ လုံခြုံရေးသော့အား ဖွင့်ထားကာ ...င့်အနေအထားဖြင့် စောင့်ဆိုင်းကြည့်ရှု နေရပါတော့သည်။

တစ်ဝုန်ဝုန်းနှင့် တောတိုးလာသောအသံမှာ ကျွန်တော်တို့အနီး ...ာက်တွင် ရုတ်တရက် ပျောက်သွားပါသည်။ ဝါးရုံများနှင့် ဘီစပ် ...များ ထမင်းဆုပ်ပင်များ ထူထပ်သောနေရာဖြစ်၍ အကောင်အထည် ... မမြင်ရပါ။ သို့သော် ''ဂူး . . ဂဲ . . ဂူး . . . ဂဲ . . .'' ဟု အသက်ရှူသံ ...ပြင်းအား ကြားရသဖြင့် ဝက်ဝံကြီးတစ်ကောင် ဖြစ်မှန်းသိလိုက် ...သည်။

ရိုင်ဖယ်မှာ အနီးကပ်ပစ်၍ ကောင်းသည့်သေနတ် မဟုတ်သဖြင့် ...တော့မှာလည်း ဘာလုပ်ရမှန်းမသိပါ။ တပည့်ကျော်အောင်သန်းမှာ ... မျက်နှာငယ်လေးနှင့် ဖြစ်နေပါသည်။ ဝက်ဝံကြီးမှာ လူနံ့ရသွား ... ငြိမ်နေဟန်တူပါသည်။ ကျွန်တော်ချက်ချင်း ဆုံးဖြတ်ရပါတော့ ... တပည့်ကြီးအား မျက်ရိပ်ပြ၍ ချောင်းမြောက်ဖက် ကမ်းပါးပေါ်မှ ...စ်ရန် ဖြစ်ပါသည်။

သို့သော် နောက်ကျသွားပါပြီ။ ဝက်ဝံကြီးမှာ ပင်စည်တစ်ဖက် ...ာနဲ့ပေါ်လာပြီး ကျွန်တော့်ရိုင်ဖယ် သေနတ်ပြောင်းအား ဆုပ်ကိုင်၍ ...သွားပါသည်။

''တပည့်ကြီးရေ ပြေးဟေ့ . . . ပြေး''



www.burmeseclassic.com

www.burmeseclassic.com


ဟုအော်ကာ ကျွန်တော်လည်း ချောင်းမြောက်တစ်ဖက်ကမ်းသို့ အပြေးတက်ရပါတော့သည်။ ဝက်ဝံကြီးမှာ ရင်ဘတ်တွင် အဖြူကွက်ကြီးနှင့် အထီးကြီးဖြစ်ပါသည်။ အစွယ်ဖွေးဖွေးနှင့် အထီးကြီးဖြစ်ပါသည်။ အစွယ်ဖွေးဖွေးနှင့် အနီးကပ်မြင်ရသော မျက်နှာကြီးမှာ အလွန်ကြောက်စရာကောင်းလှပါသည်။ ထိုစဉ်တွင် ဝက်ဝံကြီးမှာ ရိုင်ဖယ်သေနတ်အား ပြောင်းမှကိုင်၍ မြေပြင်သို့ ဆောင့်ချရာ လုံခြုံရေးသော့ဖွင့်ထားသဖြင့် မောင်းခလုတ်ပြုတ်ပြီး ကျည်ထွက်သွားပါတော့သည်။

''ထိန်း. . ဟိန်း. . . ဟိန်း. . . '' ဟူသော ရိုင်ဖယ်သေနတ်သံကြီး ထွက်ပေါ်လာပြီး၊ ရိုးမတောတွင်း ပဲ့တင်ထပ်၍ သွားပါတော့သည်။ ဝက်ဝံကြီးမှာ သေနတ်သံကြောင့် တဝုန်းဝုန်းတောတိုးကာ ပြေးပါတော့သည်။

''တပည့်ကြီးရေ ကံကောင်းလို့ပေါ့ သေနတ်က ကျည်ထွက်သွားပေလို့ဘဲ ကျည်သာမထွက်ရင် သေနတ်ကို ရိုက်ချိုးလိုက်တာနဲ့ ငါတို့လည်း လက်နက်ဖျက်စီးမှုနဲ့ ရုံးတင်ခံရမှာ သေချာတယ်''

''ဆရာရယ်၊ နှမြောလိုက်တာ ဝက်ဝံသည်းခြေ အလွန်အဖိုးတန်တာဗျ''

''ကဲ ထားပါတော့ကွာ တို့တတွေ အန္တရာယ်မရှိတာဘဲ တော်ပါပြီ။ သေနတ်သွားကောက်ကွာ ပြန်ကြမယ်။ သေနတ်သံကြောင့် မင်းနဲ့ တောဝက်တွေလည်း ပြေးကြရောပေါ့''

''ဆရာ စားပင်နဲ့ ဝေးသေးတယ်။ ဒီအချိန်က တံပေါင်းဖြစ်လို့ ဝါးရုံမီးလောင်ရင်လည်း၊ ဝါးပေါက်သံတွေက သေနတ်သံလို တအုန်းအုန်းနဲ့ မြည်တယ်။ ကျွန်တော်တော့ မနေ့က အပင်ပန်းခံလင့်ထိုးထားခဲ့ရတာ။ စားပင်အောက်တော့ သွားကြည့်ချင်သေးတယ် ဆရာ''

''ကဲ. . . ဒါဖြစ်လည်း ဆက်သွားပေါ့ကွာ၊ မှုန်ပိုးထိုးစ်လာသည်


www.burmeseclassic.com

www.burmeseclassic.com



ယ်လိုက်တာ ငါတော့မှားသွားပြီ ထင်တယ်"

"ကဲပေါ့ ဆရာရယ်. . ."

သို့နှင့် သေနတ်အားကောက်ပြီး စစ်ဆေးရာ ပျက်ဆီးခြင်းမရှိ သဖြင့် ကျည်တစ်တောင့်ထိုးကာ လုံခြုံရေးသော့အား ပိတ်လျက် စားပင် နီရာသို့ ချီတက်ခဲ့ကြပါတော့သည်။

တောင်ကုန်းတစ်ခုအား ဖြတ်ကျော်၍ လွင်ပြင်တစ်ခုအား ဖြတ်ကျော်ပြီးနောက် တပည့်ကြီးမှ စားပင်အနီးရောက်လာပြီဖြစ်ကြောင်း ပြောက်ပြပါသည်။ ရောက်ရှိနေသောနေရာမှာ စိမ့်တောဖြစ်၍ ပိန်းရိုင်းပင် နှင့် ဗေဒါပင်များ ပေါက်ရောက်နေပြီး သစ်ပင်ကြီးများ ကျိုးတို့ကျဲတဲ ရှိပါသည်။ မြောက်ချောပင်နှင့် တောသရက်ပင်များသာရှိပြီး စိမ့်တော တစ်ဖက်တွင် တောငွေးပင်နှင့် ဆီးဖြူပင်များ ပေါက်ရောက်နေပြီး အောက်ခြေရှင်းသော တောဖြစ်ပါသည်။

ထိုအချိန်တွင် တောငွေးပင်တစ်ပင်အောက်ခြေ၌ နီညိုရောင် အဆင်းနှင့် ချေသုံးကောင်အား မြင်လိုက်ရပါသည်။ ကျွန်တော်မှ တပည့်ကြီးအား လက်ပြ၍တားပြီး တစ်ဦးတည်း တကုန်းကုန်းနှင့် တက်ခဲ့ရာ ကိုက် (၂၀၀)ခန့် ကွာဝေးနေသေးသဖြင့် အပိုင်ပစ်နိုင်ရန် ကိုက် (၁၀၀) ခန့် မြေပြင်တွင် ကန့်လန့်လဲနေသော တောသရက်ပင် ကြီးဆီသို့ ပိန်းတောတိုး၍ တက်ခဲ့ရသည်။

သရက်ပင်ကြီးအနီးရောက်လျှင် ဝမ်းလျားမှောက်၍ သရက်ပင် ပေါ်သို့ သေနတ်အားမေးတင်၍ အပိုင်ပစ်ခတ်ရန် ပစ်ကွင်းအား ချိန်လာရပါသည်။ ချေသုံးကောင်အနက် နှစ်ကောင်မှာ စားပင်အောက် ၌ ဝပ်ဆင်းနေပြီး ချေပေါက်ကြီးတစ်ကောင်မှာ ပင်ယံထက်မှ ကြွေကျ လာသော တောငွေးသီးများအား ကောက်စားရင်း မြူးတူးပျော်ပါးလျက် ရှိပါသည်။

၁၀၃ ရိုင်ဖယ်ကြီးအား မြူးတူးဆော့ကစားနေသော ချေပေါက်



www.burmeseclassic.com

www.burmeseclassic.com


ကြီးအား အသေအချာချိန်၍ မောင်းခလုတ်အား ဆွဲရန် အသက်အော
လိုက်စဉ်. .

"ဝေါင်း . . ဝေါင်း . . "

ဟူသော ကျားဟိန်းသံကြီးအား အနီးကပ်ကြားလိုက်ရသဖြ
ကျွန်တော့်မှာ လက်တုန်သွားသလို ချေသုံးကောင်မှာလည်း တစ်ဟ
ထိုးထ၍ ပြေးပါတော့သည်။

ထိုအချိန်တွင် တပည့်ကြီးမှာ ကျွန်တော့်ထံသို့ တစ်ဟုန်ထိ
ရောက်ရှိလာပြီး ၎င်းထံတွင်ပါသော အမဲလိုက်ဓားမြှောင်အား အသ
အနေအထား ဆုပ်ကိုင်ထားပါသည်။

"ဆရာ . . တောကောင်ကြီးထင်တယ်။ ကျွန်တော်တို့တော
ဒုက္ခပဲ "

"ဟုတ်တယ်ကွ သူကလည်း ချေတွေကိုချောင်းနေတာ ငါတ
ကလည်း ချောင်းနေတာဆိုတော့ အကြဲတူရန်သူဖြစ်ကုန်တာပေါ့"

"ဆရာရေ မဲမဲမြင်ရာသာ လက်မနှေးဘဲ ပစ်ပေတော့၊ ဟင်းသ
ကြီးက ဝက်ဝံထက်ကြောက်စရာကောင်းတယ်"

ဤကဲ့သို့ အောက်ခြေရှင်းနေသော တောစပ်အတွင
တောကောင်ကြီးနှင့် တိုးရခြင်းမှာ မုဆိုးများအတွက် အလွန်အန္တရာ
ကြီးလှပါသည်။ တောကောင်ကြီးအသံသာ ကြားရသေးသော်လည
မမြင်ရသေးပါ။ တောကောင်ကြီးကတော့ ကျွန်တော်တို့နှစ်ဦးအား ကြိုတ
မြင်ပြီး ချောင်းမြောင်းနေဟန်တူပါသည်။ မုဆိုးနှစ်ဦးဖြစ်နေရာ အကွ
ကောင်းအား စောင့်ဆိုင်းနေပုံရပါသည်။

ထိုစဉ်တွင် ကျွန်တော်တို့နှင့် မျက်စောင်းထိုး ကိုက် (၅
ခန့် အကွာ ပျဉ်းမပင်စည်ကြီး အောက်ခြေမှ ဝါဝါအစင်းကြား
လှုပ်ရမ်းနေသော သားကောင်ကြီး၏ အမြီးအား မြင်လိုက်ရသဖြ
သားကောင်ကြီး၏ တည်နေရာကို သိရှိလိုက်ရပါသည်။


www.burmeseclassic.com

www.burmeseclassic.com



တပည့်ကြီးအား လက်ကုပ်၍ညွှန်ပြပြီး သေးကျပ်နံ့ကျပ် အခြေအနေတွင် ဆုံးဖြတ်ချက်တစ်ခုအား အလျင်အမြန်ချလိုက်ရပါတော့သည်။

ဆုံးဖြတ်ချက်မှာ သေနတ်သံဖြင့် ဝက်ဝံကြီးအား ခြောက်လှန့်သကဲ့သို့ပင် ဟင်းမျိုးကြီးအားလည်း ခြောက်လှန့်ရန် ဖြစ်ပါသည်။ ပျဉ်းမပင်စည်ကြီးကွယ်နေသဖြင့် အပိုင်ပစ်ခတ်ရန်လည်း မလွယ်ကူပါ။ ထို့ကြောင့် ခြောက်လှန့်သောအနေဖြင့် ပင်စည်ဖက်မှ ထွက်ပေါ်နေသည့် ဟင်းမျိုးကြီး၏ အမြီးများအား ရမ်းသမ်း၍ ပစ်ခတ်လိုက်ရပါတော့သည်။

"ဒိန်း. . . ဝေါင်း. . . ဝေါင်း. . ."

၃၀၃ ရိုင်ဖယ်သေနတ်သံကြီး ဟိန်းထွက်သွားသလို တောကောင်ကြီး၏ မာန်ဖီကာ ဟိန်းဟောက်သံကြီးက ရိုးမတောတစ်ခွင် ပဲ့တင်ထပ်၍ သွားပါတော့သည်။

"ဆရာ. . . ဆရာ. . . ဆရာပစ်လိုက်တာ တောကောင်ကြီး ထိသွားတယ်ထင်တယ်။ ငယ်သံပါအောင်အော်ပြီး ထွက်ပြေးသွားတာဘဲ"

"ဟာ. . . တပည့်ကြီးရာ ငါက ထိအောင်ပစ်လိုက်တာမှ မဟုတ်ဘဲ။ ခြောက်လှန့်ရုံသက်သက်ပါကွာ။ မြင်ကွင်းမှမကောင်းဘဲ။ မှိုင်းဘဲနဲ့ ကျားကို မပစ်ရဘူးကွာ။ ကျားနာဟာ လူကို ဒုက္ခပေးတတ်သည်"

"ဆရာ ကျွန်တော့်အထင်ပြောရရင်တော့ တောကောင်ကြီးကို ထိမှန်သွားပုံရတယ်နော်။ သူ့အော်သံကြီးက နာနာကျည်းကျည်းအသံ ကြီးဗျ ကဲ. . . ဆရာ. . . ကြာပါတယ်၊ အဲဒီနေရာကို သွားကြည့်ကြရအောင်လား"

ကျွန်တော်သည် ရိုင်ဖယ်သေနတ်အား ကျည်သစ်တစ်တောင့်ထိုး၍ လုံခြုံရေးသော့အားဖွင့်လျက် အသင့်အနေအထားဖြင့် ကိုက်(၁၀) ခန့်အကွာ၊ ပျဉ်းမပင်စည်ကြီးအနီးသို့ ချဉ်းကပ်ခဲ့ကြပါသည်။ ထိုသည့် ခြေရင်းတွင် လှုပ်ရှားနေသော ဝါဝါအစင်းကြားတစ်ခုအား



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရှိရသဖြင့် ငန်းတော်ကြား မြေထင်မှတ်ပြီး တပည့်ကြီးအား နောက်ဆုတ်ရန် အချက်ပေးရပါသည်။

သေနတ်ပြောင်းအား ဦးညွှတ်လျက်ခလုတ်ဆွဲအံ့ဆဲဆဲတွင် တပည့်ကြီးမှ ကျွန်တော်၏လက်အား လှမ်းဆွဲထားပြီး–

"ဆရာ မပစ်နဲ့ အဲဒါ ငန်းတော်ကြားမြွေ မဟုတ်ဘူး"

ကျွန်တော့်အနေဖြင့် အသေအချာ စူးစိုက်ကြည့်ရှုပါ မြွေမဟုတ်ဘဲ အရင်းတွင် သွေးစို့နေသော ကျားမြီးပြတ်ကြီး ဖြစ်မှန်း ရပါတော့သည်။

"ဆရာ အရမ်းလက်ဖြောင့်တယ်ဗျာ. . . ကိုက် (၁၅၀) လော က ကျားမြီးကို မှန်အောင်ပစ်နိုင်တာ ဆရာတစ်ယောက်ပဲရှိတယ်။"

တပည့်ကြီးက ချီးမွမ်းပြောဆိုသဖြင့် ကျွန်တော့်အနေဖြ ပုထုဇဉ် လူသားပီပီ ဘဝင်မြင့်သွားပြီး မဂ်လာယူလိုသေးသဖြင့် ဆ တပည့်ချင်း ကပ်၍ကြွားရပါတော့သည်။

"ဟ. . . တပည့်ကြီးရ ကျားကိုယ်လုံးကြီးက ပျဉ်းမပင် ပင်စ ကြီးနဲ့ကွယ်နေတော့ မမြင်ရဘူးလေကွာ အဲဒီတော့ မြင်နေရတဲ့ ကျာ ပျော့ကွက် အမြီးဖျားကို ပစ်ချိုးပြီး ခြောက်လှန့်လိုက်ရတာပါကွာ" ဆိုလိုက်ရပါတော့သည်။

ထိုစဉ်တွင် ပုပ်အဲ့အဲ့အနံ့ဆိုးများ ရရှိသဖြင့် ပတ်ဝန်းကျင်အ လေ့လာကြည့်ရှုကြရာ ကြခတ်ဝါးရုံနှစ်ခုအကြား ပုပ်ပွပြီးလဲနေသေ ဆတ်သေကြီးအား ယင်မမဲရိုင်းများ ဝိုင်းအုံနေသည်ကို တွေ့ရှိရပါသ ဆတ်ကြီးမှာ ဦးချိုမပါသဖြင့် ဆတ်မကြီးဖြစ်ဟန်တူသည်။ ခေါင်းတစ် ကိုယ်တစ်ခြားဖြစ်နေပြီး ဝမ်းဗိုက်ပွင့်လျက် သေဆုံးနေခြင်းဖြ ဟင်းမျိုးကြီး ကိုက်ခဲထားဟန်တူပါသည်။ ဆတ်သေကြီးနှင့် မလှ တွင်လည်း ပက်လက်လန်၍ ပုပ်ပွသေဆုံးနေသော (၂) ပေ မိချောင်းပေါက်တစ်ကောင်ကိုလည်း တွေ့ရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တပည့်ကြီးက. .

"ဆရာ. . . ဒီပတ်ဝန်းကျင်မှာ ရေလည်းများများစားစား ရှိတာ ကောက်ဘဲနဲ့ ဒီမိချောင်းပေါက်က ဘယ်ကရောက်လာတာလည်း မသိ ဘူးနော်"

ဟု တအံ့တသြပြောဆိုပါသည်။ ကျွန်တော်မှ ယင်းအသေ ကောင်အား သေနတ်ပြောင်းဖျားဖြင့် ထိုး၍လှန်လိုက်ရာ မှောက်ရက်ဖြစ် နေသဖြင့် မိကျောင်းပေါက်မဟုတ်ဘဲ သင်းခွေချပ်ကြီးတစ်ကောင် ဖြစ်မှန်း သိလိုက်ရပါတော့သည်။

ထိုစဉ်တွင် တပည့်ကြီးမှာ လက်စွဲတော်အမဲလိုက်ဓါးမြှောင်ဖြင့် ပတ်ဝန်းကျင်ရှိ ကြခတ်ဝါးကိုင်းများအား ခုတ်ထွင်ရှင်းလင်းနေရာမှ လှိုဏ်ကြီးတစ်ခုအား တွေ့ရှိရသဖြင့် ကျွန်တော့်အား လှမ်းခေါ်၍ပြသပါ သည်။

လှိုဏ်ဝမှ ကြည့်ရှုရာ အပုပ်နံ့များ လှိုင်နေပြီး (၇) ပေခန့် အကျယ် (၃၀) ပေခန့် အလျားရှိသော လှိုဏ်ကြီးတစ်ခုအတွင်း တိရိစ္ဆာန် ကောင်းစုံတို့၏ ဦးချိုများ၊ နံရိုးများအား တောင်ပုံရာပုံ တွေ့ရှိရပါသည်။ ယင်းမျိုးကြီး၏ သားရဲတွင်းဖြစ်ကြောင်း သိလိုက်ရပြီး ဟင်းမျိုးကြီးမှာ တစ်ကောင်တည်းမဟုတ်ဘဲ မိသားစုလိုက်နေသော အသိုက်ဖြစ်နိုင် ကြောင်းလည်း တွေးမိသဖြင့် တပည့်ကြီးအား အမြန်ဆုံးပြန်ကြရန် အတွက် အချက်ပြလိုက်ရပါတော့သည်။ တပည့်ကြီးမှာ အလိုက်မသိ စွာနှင့်. . .

"ဆရာရေ ကျွန်တော်တို့တော့ ထောပြီဗျ၊ သမင်ချိုနဲ့ စိုင်ချို ကြီးတွေယူပြီး ရောင်းစားလိုက်ရရင် တအားပွမှာဗျနော်"

"ကဲ. . . တပည့်ကြီးရေ အဲဒါတွေ အသာထား၊ အန္တရာယ်များ သည် နောက်မှ လူအင်အားစုပြီးမှ တစ်ခေါက်လာကြတာပေါ့ကွာ၊ စခန်းက ကလေးတွေ ဆေးဖြစ်ဝါးဖြစ်သုံးရအောင် သင်းခွေချပ်အသေကြီးကိုသာ



www.burmeseclassic.com

www.burmeseclassic.com



တုတ်လှို့ထမ်းခဲ့ပေတော့ဟေ့"

သို့နှင့် ကျွန်တော်မှ ကျားမြီးပြတ်ကြီးအား လက်မှုကိုင်ဆွဲလျက်ငင်း၊ တပည့်ကြီးမှ သင်းခွေချပ် အသေကြီးအား တုတ်လှို့ထမ်း၍ငင်း၊ လာရာလမ်းအတိုင်း စခန်းသို့ ပြန်ခဲ့ကြပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း
မြင်ကွင်းစုံမဂ္ဂဇင်း၊ ဒီဇင်ဘာလ၊ ၂၀၀၂

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## တောဝက်မာန်စွယ်

တပေါင်းနေက ပူလွန်းလှပါသည်။ ရွက်ဟောင်းကြွေ၍ ရွက်သစ်
လဲချိန်မို့ ရိုးမတောအတွင်း သစ်ပင်အများစုမှာ အရိုးဖြိုင်းဖြိုင်း ကျနေပြီး
အောက်ခြေတောတစ်ခုလုံး သစ်ရွက်ခြောက်များနှင့် ဖုံးလွှမ်းလျက်
ရှိပါသည်။

ကွင်းဘက်မှ တိုက်ခိုက်လာသော လေပူတစ်ချက် အဝှေ့တွင်
ရွက်ကြွေများ တရှဲရှဲ လွင့်ပါးသံနှင့် ဥသြငှက်ကလေး၏ ဥသြ၊ ဥသြ
ဟူသော နွေဦးတေးဆိုသံတို့ကိုသာ ပျင်းရိစဖွယ် ကြားနေရပါသည်။

ကျွန်တော်နှင့် တပည့်ဖြစ်သူ မုဆိုးအောင်သန်းတို့ မနက်
(၇) နာရီခန့်ကတည်းက စခန်းမှ ထွက်ခွာလာကြပြီး ဟင်းစားရှာကြသော်
လည်း ယခုနေ့လယ် (၁၂) နာရီ ထိုးချိန်အထိ ကြက်ကလေး၊ ငှက်ကလေး
တစ်ကောင်တောင် မရကြသေးပါ။ တောသတ္တဝါလေးများ နွေနေပူပူတွင်
ဘယ်ချောင်သွား၍ အိပ်ပျော်နေကြသည် မသိပါ။

"တပည့်ကြီးရေ ထမင်းလည်းဆာပြီကွာ၊ ဘယ်လိုလုပ်ကြမလဲ
ဘာကောင်မှလည်း မရသေးဘူး၊ စခန်းမှာလည်း ပဲဘဲရှိကြတယ်ကွဲ ...
ပါဦးကွာ"

"ဆရာရေ ဒီနေ့ ဘယ်လိုဖြစ်မှန်းမသိပါဘူးဗျာ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com


...င်ထားတဲ့ ပေါက်ကိုင်းတွေရော၊ ကွင်းလျှောထောင်ချောက်တွေပါ ...ကောင်မှ မတိုးဘူးဗျ၊ ရှာပြန်တော့လည်း သစ်ရွက်ခြောက်ပေါ်နင်းပြီး ...တိုးရတော့ ခြေသံမလုံဘဲ၊ အကောင်ပလောင်တွေက အဝေးကြီးက ...ကြားပြီး ပြေးတော့တာပေါ့ဗျာ၊ ဆရာ ဗိုက်ဆာရင်တော့ မြေနီကွင်း ...ာက်ဆင်းပြီး ထမင်းစားကြတာပေါ့ဗျာ၊ ရွာစပ်မှာ ကျွန်တော်နဲ့ခင်တဲ့ ...ဦးမိုးရှိတယ်။ ထမင်းစားပြီးရင်တော့ ညနေအထိ တောလည်ကြတာ ...ဗျာ''

ကျွန်တော်တို့ ဆရာတပည့်နှစ်ဦး ဝါးရုံရိပ်တွင် ခွေးသိပ်အပန်း ...ဖြေနေရာမှ ထကာ ပါလာသော ရေဘူးကို မော့သောက်ပြီး ဘေးတွင် ...ထားသော ပွိုင့်၃၀၃ ရိုင်ဖယ်သေနတ်ကြီးကို ကောက်ထမ်းရင်း မြေနီ ...ကွင်းရွာဘက်သို့ လျှောက်လှမ်းခဲ့ကြပါသည်။

ရိုးမတောတစ်ခွင်လုံး ခြောက်သွေ့ပူလောင်နေသော်လည်း ...ပေါင်းလအခါမီ ပွင့်ကြသည့် သဇင်ပန်း၊ ဖရောင်းပန်းနှင့် ငှက်ကြီး ...င်ခွပန်းများကတော့ အရွက်ကြွေနေသည့် သစ်ပင်ကြီးများအပေါ်တွင် ...မ်းရောင်၊ အဝါရောင်၊ အဖြူရောင်တို့ဖြင့် လှပဝေဆာစွာ ဖူးပွင့်နေ ...ပါတော့သည်။

မြေနီကွင်း ရွာစပ်အရောက် အရိပ်ကောင်းသည့် မန်ကျည်းပင် ...ကြီးတစ်ပင်အောက်တွင် တဲကလေးတစ်လုံးကို လှမ်းမြင်ရပါသည်။ ...တ်ဝန်းကျင် မြေပြင်သည် ပြောင်ရှင်းနေပြီး တဲရှေ့ကွပ်ပျစ်ပေါ်တွင် ...သက် (၇၀) ကျော်အရွယ် အဘိုးအိုတစ်ယောက်ကို ရေနွေးခရား ...ချ၍ ထိုင်နေသည်ကို တွေ့မြင်ရပါသည်။

အသက်ကြီး၍ မျက်စိမွဲသည်ဟု ထင်ရဟန်ရှိသော်လည်း ...ိုးအိုက ကျွန်တော်တို့အား အဝေးကပင် မြင်ဟန်ရှိပြီးစတင်၍ ...ဆက်လာပါသည်။

''မုဆိုးလေးတို့ မဟုတ်လားကွဲ့၊ လာကြ ထိုင်ကြ ...ါးရည်


www.burmeseclassic.com

www.burmeseclassic.com



သောက်ကြကွဲ့၊ ထမင်းကော စားပြီးကြပြီလား''

''မစားရသေးဘူး အဘရေ၊ အဘရော စားပြီးပြီလား ကျွန်တော့် ဆရာဗိုက်ဆာတာနဲ့ အဘတဲကို ဝင်လာတာပါ၊ ထမင်းကျ ဟင်းကျန်လေးရော ရှိသေးရဲ့လား အဘ''

''ထမင်းကျန်၊ ဟင်းကျန် မဟုတ်ပါဘူးကွယ်၊ အဘလည်း မစားရသေးလို့ ထမင်းရော ဟင်းပါ ရှိပါတယ်။ မနက်စာ၊ ည ပေါင်းချက်ထားလို့ လုံလုံလောက်လောက် ရှိပါတယ်။ ဟင်းကတေ မကောင်းလှဘူးကွဲ့၊ ညောင်ချဉ်ဖူးသုပ်နဲ့ ပဒပ်စာဟင်းချိုရယ်၊ ရင်းတို ရွက်နုတို့စရာနဲ့ ငါးပိရည်ဘဲပေါ့ကွယ်၊ ရာသီစာလေးပေါ့''

''ကောင်းပါတယ် အဘရယ်၊ မြိန်ရာ ဟင်းကောင်းပေါ့''

''အေး. . .အေး. . .ကောင်းပါ့ကွာ၊ ဆရာ့တပည့် မုဆိုးေ ကတော့ အဘဆီ မကြာမကြာ ရောက်ပါတယ်။ နောက်လည်း လာ ပေါ့၊ ကဲ. . .မုဆိုးလေးရေ ထမင်းစားကြရအောင် ခူးခပ်ပြင်ဆင်ကွ အဘတို့အတူ စားကြတာပေါ့''

ဆာနေ၍လားမသိပါ အဘကျွေးမွေးသော ရာသီစာ ဟင်း လေးနှင့် ခံတွင်းတွေ့လှပါသည်။ အဘချက်ထားသော ဆန်နှစ်ဘူး ထမင်းအိုးကလေးမှာလည်း ပြောင်တလင်းခါ၍ သွားပါတော့သည်။

''ဝကြရဲ့လားကွဲ့၊ အဘကတော့ နည်းနည်းပဲ စားတာ၊ တ တစ်လေ ညနေစာတောင် မစားဖြစ်ပါဘူးကွယ်''

''ဝပါတယ် အဘ၊ ကျွန်တော်တို့လည်း နေပူထဲ စခန်းပြ ထမင်းမစားချင်တာနဲ့ အဘဆီ ဝင်လာတာပါ''

''နောက်လည်း လာပါကွယ်၊ အဘဆီမှာတော့ ရာသီစာ အရွက်ပဲ စားရတာများပါတယ်။ တစ်ခါတလေ ဆရာတပည့်မုဆိုး ယူလာတဲ့ ကြက်ကလေး၊ ငှက်ကလေးတော့ စားရပါတယ်။ ရွာ နေတဲ့ သားသမီးတွေကလည်း ဟင်းကောင်းကလေးများ ချက်ရင်



www.burmeseclassic.com

www.burmeseclassic.com


ဘယ်ကွယ်၊ အဘအနေနဲ့တော့ ဟင်းကောင်းကောင်း၊ မကောင်းကောင်း နည်းနည်းဘဲ စားနိုင်တော့ မထူးပါဘူးကွယ်၊ အဟာရဖြစ်ရုံလောက်ဘဲ စားတာပါ။

"ကျေးဇူးတင်ပါတယ် အဘရယ်၊ တစ်လုပ်စားဘူး သူ့ကျေး ဇူးဆိုသလို အဘဆီမှာ ထမင်းတစ်နပ်စားလိုက်ရတော့ နောက်နေ့တွေ ကျရင် မုန့်ဆိုးလေးနဲ့ အဘအတွက် လိုအပ်မယ်ထင်တာလေးတွေ ပို့နိုင်း လိုက်ပါ့မယ်"

"ဒုက္ခမရှာပါနဲ့ ဆရာလေးရယ်၊ အဘအတွက်လည်း သား သမီးတွေက ဆန်၊ ဆီ၊ ဆား ပြည့်စုံအောင် ပို့ပေးပါတယ်။ ရွာထဲမှာ နေရင်လည်း သားသမီးတွေက အသင့်ခူးခပ်ကျွေးကြပါတယ်။ ဒါပေမယ့် အဘက ဒီရွာစွန်က ဥယျာဉ်ခြံကလေးကို ပြုစုစောင့်ရှောက်ချင်တာနဲ့ လာနေတာပါ၊ အားလပ်ရင်တော့ တရားထိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ အဘ၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး၊ စခန်းရုံး အတွက် ဟင်းစားလေး ရှာရဦးမှာမို့ပါ"

အဘကို နှုတ်ဆက်ပြီး ကျွန်တော်တို့ အဘတဲကလေးမှ ထွက်ခွာ လာခဲ့ကြပါသည်။ ရိုးမတောအတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြပြီး ဟင်းစား ရှာဖွေပြန်ပါသည်။

"တပည့်ကြီးရေ တို့မရောက်ဘူးသေးတဲ့ ရိုးမအလယ်ကြောကို ရောက်ရအောင်ကွာ၊ ဗိုက်ကလည်း ပြည့်သွားပြီဆိုတော့ ညနေစောင်းအထိ လှည့်လည်ကြစို့ကွာ"

"ဟုတ်ကဲ့ ဆရာ၊ တောင်ကြောပေါ်တက်ရင်တော့ သတ်ထား မယ် ဆရာ တော်ကနက်တယ်၊ သားကောင်လည်း ပေါတယ်။ တော ကောင်ကြီးတွေနဲ့ ဝက်ဝံကြီးတွေလည်း ရှိတယ်"

"ကိစ္စမရှိဘူး သေနတ်ပါတယ်ကွာ၊ စခန်းရုံးမှာ ရိက္ခာစို ပြတ်နေ တာလည်း မင်းအသိသားဘဲကွာ"


www.burmeseclassic.com

www.burmeseclassic.com


ပြောပြောဆိုဆို ဆရာတပည့်နှစ်ဦး ရိုးမကျောပေါ်တက်၍ တစ်ဖက်သို့ မျှော်ကြည့်ရာ လျှိုမြောင်အထပ်ထပ်နှင့် တောစိမ်းစိမ်းအား မျက်စိတစ်ဆုံး မြင်တွေ့ရပါသည်။

စိမ့်စမ်းပေါ်ပြီး တောမှာစိမ်း၍ ရှုပ်ထွေးလှပါသည်။ ပျဉ်းကတိုး နှင့် ပျဉ်းမ၊ မှောက်ချော့နှင့်ဒီဒူး၊ သဖန်းပင်ကြီးများအပြင် တောငှက် ပျောနှင့် ကြိမ်ရုံများ၊ ဝါးရုံများ ပေါများလှပါသည်။

"ဆရာ သတိထားနော်၊ ဒီတောစိမ်းက မြွေပေါတယ် အကောင်ပလောင်ကြီးတွေလည်း စုံတယ်။ ကျွန်တော်တော့ သေနတ်မပါ တာနဲ့ ဒီတောထဲ တစ်ယောက်တည်း မဝင်ရဲဘူး၊ အခု ဆရာပါလို့ ဒီဘက် တောထဲကူးလာတာ"

"အေးပါကွာ. . .ဒီနေ့တော့ တောကောင်အကြီးအသေး မရှောင်နိုင်တော့ ဘူးဟေ့၊ မဲမဲမြင်ရာ ပစ်ရတော့မှာဘဲ"

"ဆရာရေ ခဏဗျို့ ဒီမှာ လတ်လတ်ဆတ်ဆတ် ခြေရာတွေ တွေ့ရတယ်"

"ဘာကောင်လဲကွ ချေလား တောဝက်လား"

"တောဝက်အုပ် ဆရာ၊ ခြေရာမှာ အတက်ကလေးတွေ ပါတယ်။ အထီး၊ အမ နှစ်ကောင်နဲ့ ဝက်ပေါက်ကလေးတွေဘဲ၊ ရှေ့နား ရေစမ်းရှိတော့ ရေဆင်းသောက်တာ ဖြစ်လိမ့်မယ်။ ခြေသံလုံအောင် နင်းပြီး အနီးကပ် အပိုင်ပစ်ရအောင် ဆရာ"

ဆရာတပည့်နှစ်ဦး ခြေသံလုံအောင်နင်း၍ တရွေ့ရွေ့ချဉ်းကပ် ခဲ့ကြပါသည်။ လေအောက်ရောက်နေသဖြင့်လည်း ကျွန်တော်တို့အတွက် တစ်ပန်းသာလျက် ရှိပါသည်။

ဝါးရုံတောတစ်ခုအား တိုး၍ကြည့်လိုက်ရာ ရှေ့ကိုက် (၁၀၀)ခန့် ပျဉ်းမပင်ကြီးအနီး ပေ (၂၀) ခန့်တွင်ရှိသည့် ရေထွက်စမ်း တစ်ခုတွင် ရေဆင်းသောက်နေကြသည့် ဝက်အုပ်ကြီးကို တွေ့ရှိရပါတော့သည်။


www.burmeseclassic.com

www.burmeseclassic.com


အချိန် (၆၀) ခန့်ရှိ အစွယ်ဖွေးဖွေးနှင့် ဝက်ထီးကြီးမှာ ချောင်းအစပ် မြက်ခင်းပြင်ပေါ်တွင် ခေါင်းကိုမော့၍ အနံ့ခံနေပြီး တောဝက်မကြီးနှင့် ဝက်ပေါက်ကလေး (၆) ကောင်မှာ အလုအယက် ခေဆင်းသောက်လျက် ရှိပါသည်။

ကျွန်တော်အနေဖြင့် ဝက်ထီးကြီးအား ပစ်ခတ်ရန် ပြင်ဆင်ရပါတော့သည်။ ဤဝက်အုပ်တွင် ဝက်ထီးကြီးမှာ အန္တရာယ်အပေးနိုင်ဆုံး၊ အကြီးဆုံးဖြစ်ပါသည်။

ကိုက် (၁၀၀) ခန့် ကွာဝေးနေသေးသဖြင့် အပိုင်ပစ်ခတ်ရန်နှင့် မြင်ကွင်းရှင်းရန်အတွက် အနီးကပ်နိုင်ရန် ကြိုးစားရပါတော့သည်။ တောဝက် ပစ်ရသည်မှာ အန္တရာယ်များလှသဖြင့် အကာအကွယ်ရှိရန် လည်း လိုအပ်လှပါသည်။

သို့နှင့် တပည့်ကြီးအား အချက်ပြ၍ ကျွန်တော်တစ်ဦးတည်း မကျောင်းတွားသွားပြီး ချောင်းစပ်မှ ပျဉ်းမပင်ကြီးအနီးသို့ ချဉ်းကပ်နေပါတော့သည်။ ကိုက် (၁၀၀) အတွင်း ဖြစ်သော်လည်း မိကျောင်းတွားခြင်း တရွေ့ရွေ့ချဉ်းကပ်ရသည်မှာ ပင်ပန်းပြီး အချိန်ကုန်လှပါသည်။

ထိုအချိန်တွင် တောဝက်ထီးကြီးထံမှ "ဝု. . . ဝု" ဟူသော အော်မြည်သံကြားရပြီး ပတ်ဝန်းကျင်အား သင်္ကာမကင်းဟန် ကြည့်ရှုနေပြီး လှုန့်ရဟန်တူပါသည်။

ထို့ကြောင့် ကျွန်တော့်အနေဖြင့် အချိန်ဆွဲမနေနိုင်တော့ဘဲ ပျဉ်းမပင်ခြေ အရောက်တွင် ဝက်ထီးကြီးအား လက်တန်းထိုး ပစ်ချလိုက်ပါတော့သည်။

"ဒိုင်း. . . ဝေါ"

"ဂူး. . . ဂူး"

"ဝုန်း. . . ဖွမ်း. . ."

ဟူသော အသံကြီးများ ဆက်တိုက်ကြားလိုက်ရပြီး ခေါနတ်သံ


www.burmeseclassic.com

www.burmeseclassic.com



နောက်ကွယ်တွင် ဝက်အုပ်ကြီးတောတိုးပြေးသံ၊ တောဝက်ထီးကြီးထံ တဝုန်းဝုန်းနှာမှုတ်သံနှင့်အတူ ယမ်းနိုးလိုက်၍ ကျွန်တော်ထံပြေးဝင်လာပြီး ပျဉ်းမပင်ကြီးအား တစ်ရှိန်ထိုးဆောင့်၍ ပင်စည်မှ အခေါက်များ လန်ထွက် သွားသံတို့ကိုလည်း တစ်ဆက်တည်း ကြားလိုက်ရပါတော့သည်။

ကျွန်တော်၏ ပစ်ချက်မှာ သေကွင်းမထိသဖြင့် ဝက်ထီးကြီးမှာ ချက်ချင်းမသေဘဲ ပျဉ်းမပင်ကြီးအား ဝင်ဆောင့်ပြီး ခေါင်းစိုက်၍ သွေးသံ တရဲရဲဖြင့် တရှူးရှူးအော်မြည်ကာ ကုန်းရုန်းထနေပြန်ပါသည်။

သို့နှင့် ကျွန်တော်မှာ အမြန်ဆုံးကျည်သစ်လဲပြီး ပွဲသိမ်းပစ်ချက် အနေဖြင့် ဝက်ထီးကြီး၏ ဦးခေါင်းအတွင်းသို့ အနီးကပ် ပစ်သွင်းလိုက် ရပါတော့သည်။

"ဒိုင်း. . . အူး "

(၁၀)ပေခန့် အကွာမှ ပစ်ချက်ဖြစ်ပြီး ပွိုင့်၃၀၃ ရိုင်ဖယ်၏ အစွမ်းကြောင့် ဝက်ထီးကြီးမှာ နေရာတွင်ပင် ဇီဝိန်ချုပ်ငြိမ်းသွားပါတော့ သည်။

ထိုအချိန်တွင် တပည့်ကြီးမှာ ပုန်းနေရာမှ ပြေးထွက်လာပြီး. .

"ပျဉ်းမပင်ကြီး ခံနေလို့ ဆရာရေ နို့မို့ဆို ဆရာမလွယ်ဘူး တောဝက်ဆိုတာ အလွန်ကြောက်စရာ ကောင်းတာဘဲနော်၊ ကျည်ဆံ မှန်ထားတာတောင် ပြေးလာပြီး ဝင်ဆောင့်သေးတယ်"

"ဟုတ်တယ် တပည့်ကြီးရေ၊ အကာအကွယ်မရှိရင် ဝက်မပစ် ရဘူး ဆိုတဲ့ ဆရာသမားတစ်ဦးရဲ့ မိန့်မှာချက်ကို သတိရလို့ သစ်ပင် ကြီးကြီးအကာအကွယ်ယူပြီး အနီးကပ် ပစ်ရတော့တာဘဲ၊ အကာအကွယ် မရှိရင် သစ်ပင်သေးရင်တော့ ဘယ်လွယ်မှာလဲကွာ၊ မီးရထားခေါင်းတွဲကြီး လိုဘဲ တရှူးရှူးနဲ့ ပြေးဆောင့်တာကွ၊ မိုက်ချက်ကတော့ ကမ်းကုန်ဘဲ ကွာ၊ အာဂကောင်ကြီးဘဲဟေ့၊ ကဲ. . . တပည့်ကြီးရေ ထမင်းချိုင့်အဘေး ကိုလည်း မနက်ကျရင် ဝက်သားပို့ဖို့ မမေ့နဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ကဲ့ပါ ဆရာ၊ တပည့်ကြီးတာဝန်ထားစမ်းပါ၊ အားလုံး အဆင်ပြေသွားမှာပါ"

တပည့်ကျော်အောင်သန်းမှာ ပါလာသည့် ၎င်း၏ လက်စွဲတော် အမဲလိုက်ဓားမြှောင်ဖြင့် ဝက်သိုးကြီး၏သိုအား အကွင်းလိုက် ပတ်လည် လှီးထုတ်လိုက်ပြီး ခြေလက်နှစ်စုံအား မြယာပင်လျှော်များဖြင့် ဝက်တုပ် ဘုပ်ကာ ချည်နှောင်ပါတော့သည်။

" ဩော်. . .ဒါနဲ့ ဆရာသိန်း ထီပေါက်တာ သိရဲ့လား"

"ဟဲ့. . . ကောင်ရ၊ ငါဘာယ်တုန်းက ထီထိုးဘူးလို့လဲ၊ တောထဲမှာ နေပြီး အိမ်မပြန်ရတာလည်း တစ်နှစ်ပြည့်တော့မယ်၊ ဘယ်က သိန်းထီက လာပေါက်ရမှာလဲဟ"

"အခုပေါက်တာလေ ဆရာရဲ့၊ ဆရာ့နောက်ဘက်က ပျဉ်းမပင် ည့်ကြီးမှာ စိုက်ဝင်နေတဲ့ ဝက်စွယ်ကြီးရယ်၊ မြေပြင်မှာ ကျိုးကျနေတဲ့ ဝက်စွယ်ကြီးရယ် နှစ်ခုပေါင်းရောင်းလိုက်ရင် သိန်းဂဏန်းပေါ့ ဆရာရယ်၊ အဲဒီအစွယ်တွေကို "ဝက်မာန်စွယ်" လို့ ခေါ်တယ်ဆရာ၊ ရိုးရိုးဝက်စွယ် မဟုတ်ဘဲ မာန်ထပြီးထိုးတဲ့အစွယ်ဖြစ်လို့ အဖိုးတန်တယ်ဆရာ၊ ဓားပြီး ဘုတ်ပြီး အဆောင်ပေါ့၊ ဒီအစွယ်တွေက အခေါင်းပါလို့ သိန်းဂဏန်းဘဲ တန်တာ၊ အခေါင်းပေါက်မပါတဲ့ ဝက်စွယ်ကွင်းပိတ်ဆိုရင် သေနတ်တောင် ပြီးတယ် ဆရာ၊ တန်ဖိုးကလည်း သိန်းများစွာတန်တယ်"

"ဟ. . .အဲဒါလောက် တန်ဖိုးရှိလို့လား၊ ငါဝက်ပစ်ပေါင်းများ ပြီ တစ်ခါမှ ဂရုမထားမိဘူး"

"တန်ဖိုးရှိပြီလားဆရာရယ်၊ ဝက်ပစ်တိုင်း ရနိုင်တာမှ မဟုတ်ဘဲ၊ ဒီလိုမာန်စွယ်မျိုးက ရှားပါးပစ္စည်းဘဲ"

"ကဲ. . ထားပါတော့ကွာ၊ စွမ်းတာ မစွမ်းတာအသာထားပြီး မင်းက တစ်ချောင်းယူ ငါက တစ်ချောင်းယူမယ်၊ အမှတ်တရ သိမ်းထား ပေါ့ကွာ"


www.burmeseclassic.com


www.burmeseclassic.com

သို့နှင့် နီးစပ်ရာ ဝါးနက်ရုံမှ ဝါးတောင့်တောင်းတစ်လုံးခုတ်ပြီး ဆရာတပည့်နှစ်ယောက် ရှေ့နောက်ထမ်းကာ စခန်းသို့ ပြန်ခဲ့ကြပါ တော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း
လှိုင်ဝှက်ဆန်းကြယ်မဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## သံသရာဖန်လာပုံဆန်းကြယ်

ကျွန်တော်ငယ်စဉ်က ထောင်ဝတ္ထုများအား အလွန်စိတ်ဝင်စားစွာဖတ်ရှုပါသည်။ ဆရာကြီးမြောင်းမြမောင်ကို၊ ဆရာကြီး ဦးရန်အောင်မောင်မောင်၊ ဆရာကြီး ဒဂုန်ရွှေမျှားတို့၏ ဝတ္ထုများကို စွဲစွဲမြဲမြဲ ဖတ်ရှုလေ့ရှိပါသည်။ သို့သော် အကျဉ်းထောင်တွင် အမှုထမ်းရန်ကိစ္စကိုတော့ အိပ်မက်မျှပင် မမက်ခဲ့ဘူးပါ။ ထို့ကြောင့်ပင် ၁၉၆၉–ခုနှစ် ရန်ကုန်တက္ကသိုလ် ဒုတိယနှစ်အောင်စဉ်၌ ၎င်းထောင်မှူးများခန့်ထားရန် သတင်းစာများမှ ခေါ်ယူသော်လည်း မလျှောက်ထားခဲ့ပါ။ အကျဉ်းထောင်ကို စိတ်ဝင်စားသော်လည်း အကျဉ်းထောင်တွင်း၌ တာဝန်ထမ်းဆောင်ရမည့် ကိစ္စကိုတော့ ကြောက်ရွံ့နေမိခြင်းကြောင့် ဖြစ်ပါသည်။

၁၉၇၂–ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရရှိပါသည်။ သို့သော် လုပ်ကိုင်လိုသော အလုပ်အကိုင်ကိုတော့ မရရှိသေးပါ။ သို့နှင့် တက္ကသိုလ်မှ ကျောင်းနေဘက်သူငယ်ချင်း ကိုလှမောင်နှင့် ပြန်ဆုံမိပြီးနောက် နိုင်ငံခြားဘာသာသိပ္ပံ (ဂျပန်ဘာသာ) သို့ နှစ်နှစ်တက်ဖြစ်ပြန်ပါသည်။ နောက်ဆုံးနှစ်တွင် သစ်လုပ်ငန်းကော်ပိုရေးရှင်းမှ စာရေး ကိုဖေသိန်း (ပြဿနာကိုဖေသိန်း) နှင့် ကြုံဆုံမိကြပြီး၊ အဖော်ကောင်းသဖြင့်ပြည်သူ့ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့မှ ခေါ်ယူသော ထောင်မှူးလောင်း



www.burmeseclassic.com

www.burmeseclassic.com 

...ပ်ကို နောက်ဆုံးနေ့လျှောက်လွှာ ပိတ်ခါနီးအချိန်မှ တင်ဖြစ်ပါသည်။

ရေးဖြေစာမေးပွဲအောင်မြင်ပြီးနောက် လူတွေ့စစ်ဆေးရာ၌ ...ည်း ရွေးချယ်ခံရပါသည်။ ထောင်ဇာတာပါသည်ထင်ပါရဲ့၊ မြန်မာ ...ပြည်လုံး လူ (၁၅၀၀)ခန့် ဝင်ရောက်ဖြေဆိုရာမှ (၆၆)ယောက် ခန့် ...ခြင်း ဖြစ်ပါသည်။

၁၉၇၅-ခုနှစ် ဒီဇင်ဘာလ ၁၅-ရက်နေ့တွင် အင်းစိန် ဗဟို ...ကျဉ်းထောင် ဝန်ထမ်းကျောင်းတွင် သုံးလသင်တန်းတက်ရောက် ရပါ ...ည်၊ သင်တန်းပြီးသော် အင်းစိန်ဗဟိုအကျဉ်းထောင် တံခါးကြီးတွင် ...င်မှူးအဖြစ် တာဝန်ထမ်းဆောင်ရပါသည်။ အလုပ်သင် ထောင်မှူး ...စ်၍ (၃-လ) တစ်ကြိမ် ဌာနပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပြီး ...နှစ်ပြည့်သောအခါမှ ထောင်မှူးအဖြစ် ၂-ဆောင် အချုပ်ရုံးတွင် ...ဝန်ထမ်းဆောင်ရပါသည်။

ဌာနဆိုင်ရာ သင်တန်းလည်း ပြီးဆုံးပါပြီ။ အလုပ်သင်ဌာနလည်း ... ခပြောင်းရွှေ့ပြီးပါပြီ။ ထောင်မှူးအစစ်လည်းဖြစ်ပြီဟု ထင်ပါသည်။ ...သော် မဟုတ်သေးပါ။ လုပ်သက်တစ်နှစ်ပြည့်၍ အစမ်းခန့်ကာလ ...ပြီးနောက် ဗဟိုပြည်သူ့ဝန်ထမ်းကျောင်း (ဖောင်ကြီး) သို့ လေးလခွဲ ...-အပတ်စဉ် ၃၀) ထပ်မံ တက်ရောက်ရပြန်ပါသည်။ ဖောင်ကြီး ...န်းဆင်းပြီးနောက် ထောင်မှူးအစစ်အမှန်ဖြစ်သွား၍ အင်းစိန် ...င် အချုပ်ရုံးတွင် ဒုတိယတာဝန်ခံအဖြစ် ထောင်မှူးကြီးဦးဝင်းထွန်းနှင့် ...တ်တာဝန်ထမ်းဆောင်ရပါသည်။

အချုပ်ရုံးတာဝန်မှာ အလွန်ရှုပ်ပါသည်။ မနက်အချုပ်သားများ ...တ် နေ့လယ် လူသစ်မှတ်ပုံတင်၊ ဆရာဝန်ပြ၊ ညနေရုံးပြန်လက်ခံ၊ ...အချုပ်သား လွတ်သူလွှတ်၊ စသဖြင့် စက်ရုပ်သဖွယ် လှုပ်ရှား ...ပါသည်။ အရေးပေါ်ကိစ္စများ ပေါ်လာပါလျှင် ပို၍အလုပ်များတတ် ...သည်။


www.burmeseclassic.com

www.burmeseclassic.com

မနက် (၁၀)နာရီခန့် အချုပ်သားများအား ရန်ကုန်တိုင်း အတွင်းရှိ တရားရုံးအသီးသီးသို့ ရုံးထုတ်ပေးပြီးနောက် အချုပ်ရုံးခန်း ပြန်၍ ရေနွေးကြမ်းသောက်ရင်း အမောဖြေနေခိုက် ထောင်ပိုင်ကြီးရုံးခန်း မှ အော်ဒလီမောင်မှတ် ရောက်ရှိလာပါသည်။

"မောင်မှတ် ဘာကိစ္စလဲကွ"

"ဆရာ့ကို ထောင်ပိုင်ကြီးခေါ်ခိုင်းလိုက်တယ်၊ အရေးကြီးလို့တဲ့"

"မင်းလာရင် အရေးကြီးမှန်း သိပါတယ်ကွာ။ မင်းလာမှာကို ငါတို့ထောင်မှူးတွေက ကြောက်နေတာ"

"မကြောက်ပါနဲ့ ဆရာရယ်၊ ဆရာထောင်ထဲမှာ အညောင်းမိ မှာစိုးလို့ အပြင်သွားရမယ့်ကိစ္စပါ"

"ဘယ်သွားရမှာလဲကွ၊ အညောင်းမိမှာတော့ မပူနဲ့ဟေ့။ ဗူးဝ ထောင်အချုပ်ရုံး နေ့စဉ် အခေါက်ပေါင်းများစွာ လျှောက်နေရလို့ ခြေ ထောက်တွေတောင် ညောင်းနေပြီ"

ပြောပြောဆိုဆို မောင်မှတ်နှင့်အတူ ဗူးဝထောင်ပိုင်ကြီး ရုံးခန်း သို့ ထလိုက်ခဲ့ရပါတော့သည်။

ထောင်ပိုင်ကြီး ရုံးခန်းတွင်းသို့ ဝင်လျှင်ဝင်ခြင်းပင် ထောင်ပိုင် ကြီးမှ–

"ဦးသိန်းဝင်း၊ ခရီးသွားဖို့ အမြန်ပြင်ဆင်ပါ။ ခင်ဗျား တာဝန် တွေကို ဦးတင်ထွန်းနဲ့ လွှဲခဲ့ပါ။ မနက်ဖြန်မနက် (၄–နာရီ) မှာ ကြိုးသား ကိစ္စရှိတယ်။ ဒီနေ့ နေ့လယ် ၁၂ နာရီမှာ ခင်ဗျားနဲ့အဖွဲ့က အမှု တရားခံ အကျဉ်းသူ (၂) ဦးကို သာယာဝတီထောင်ကို ပို့ရမယ်၊ သာယာ ဝတီထောင်ကို (ညနေ ၄–နာရီ) အရောက်ပို့ရမယ်။ အေးကြူ ဂျစ်ကား ယူသွားပါ။ အစောင့်တပ်သား (၂–ဦး) နဲ့ အမျိုးသမီးဝန်ထမ်း (၁–ဦး) ထည့်ပေးလိုက်မယ်။ လမ်းခရီးမှာ လုံးဝမရပ်ရဘူး။ သာယာဝတီထောင် ရောက်ရောက်ခြင်း ဖုန်းဆက်သတင်းပို့ပါ။ ဒီည သာယာဝတီထောင်


www.burmeseclassic.com

www.burmeseclassic.com


...ပြီပါ"

"ဟုတ်ကဲ့ ထောင်ပိုင်ကြီး"၊

"တောင်ငူထောင်ပို့မယ့် အကျဉ်းသား (၂-ဦး) ကိုတော့ ...ထောင်ကျုရုံးက ထောင်မှူးမြင့်စိန်တို့အဖွဲ့က တာဝန်ယူလိမ့်မယ်၊ ...ပြီနော်"

"ဟုတ်" အပိုမပြောပါ။ လူမျိုးလူလွတ်ထောင်မှူးတွေဘဲ ...စေပေါ့ဗျာ၊ ထောင်အတွင်း မွန်းကြပ်စွာနေရခြင်းအထက် ပြင်ပ ...က လေရှူပြီး ခရီးသွားရခြင်းက ပိုကောင်းတော့ မပေါ့ဗျာ။

သို့နှင့် ထောင်ပိုင်ကြီးအား အလေးပြုနှုတ်ဆက်ပြီး အချုပ်ရုံး ...သို့ ပြန်ခဲ့ပါသည်။ ထောင်မှူးကြီး ဦးတင်ထွန်းအား သတင်းပို့၍ ...ပ်လွှဲခဲ့ပြီး၊ ထောင်ပြင်ထွက်၍ နေ့လယ်ထမင်းစားကာ (၁၂) နာရီ ...တွင် အသင့်စီစဉ်ပေးထားသော အေးကြူဂျစ်ကားကလေးဖြင့် ...င်၍ ခရီးထထွက်ခဲ့ပါတော့သည်။

အမျိုးသမီးတရားခံ (၂-ဦး)မှာ သားအမိဖြစ်ကြပြီး၊ သားကြီး ...က လူသတ်ရာတွင် အလောင်းဖျောက်ဖျက်ပေးမှုဖြင့် ထောင်ဒါဏ် ...စ်စီ ကျခံရသော မိခင်ဒေါ်တင်လှနှင့် ညီမဖြစ်သူ မဦးတို့ ဖြစ်ကြ ...ည်၊ အမှုတွဲများဖြစ်ကြ၍ တရားရုံး၌ အမှုရင်ဆိုင်ရာတွင် တရားသူ ... သားဖြစ်သူ တင်မောင်အား သေဒဏ်ချမှတ်လိုက်ခြင်းကို သိရှိ ... ၎င်းတို့အားလည်း သတ်ဖြတ်မည်ဟု ထင်နေဟန် ရှိပါသည်။

ခရီးစထွက်လျှင် မိခင်ဖြစ်သူ ဒေါ်တင်လှမှ ကျွန်တော့်အား. . .

"ဆရာရယ် ကျွန်မတို့သားအမိကို သနားပါ၊ မသတ်ပါနဲ့နော်" ...ကြိမ်ကြိမ်တောင်းပန်နေပါသည်။

"အဒေါ်ကြီး စိတ်အေးအေးထားပါ။ ကျွန်တော်တို့က အဒေါ်တို့ ...မ်ကို သာယာဝတီထောင် ပြောင်းပေးတာပါ၊ အဒေါ်တို့က ထောင်ဒဏ် ...စ်ပဲကျတာ၊ သေဒဏ်မှမဟုတ်ဘဲ၊ သတ်စရာ မလိုပါဘူး" (၅)


www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆိုတာလည်း လျှော့ရက်စနစ် ခံစားခွင့်အရ (၃) နှစ်ကျော်ကျော် လွတ်မှာပါ။ ထောင်ထဲမှာ စည်းကမ်းရှိရှိနေရုံပါဘဲ''

''မသိလို့ပါဆရာရယ်၊ သားကို သေဒဏ်ချတော့ ကျွန်မကို လည်း သတ်မယ်ထင်လို့ပါ၊ ကျွန်မသား အငယ်ကောင်နဲ့ ယောကျ်ား ကိုလည်း တောင်ငူထောင်ပို့မယ်လို့သိရပါတယ်၊ သူတို့ကိုလည်း မသ ဖူးပေါ့နော်''

''မစိုးရိမ်ပါနဲ့ မသတ်ပါဘူးခင်ဗျာ၊ သူတို့ကိုလည်း အဒေါ် လိုဘဲ၊ ထောင်ဒါဏ် (၅) နှစ်စီဘဲ ချတာပါ''

''အင်း.. တော်ပါသေးရဲ့ကွယ်။ သားကြီးကတော့ ကံမကော ရှာဘူး။ သူ့ညီမကို စော်ကားလို့ ကာလသားခေါင်း ကုလားတို့ ညီအစ် ကို သတ်လိုက်မိတာပါ၊ အဒေါ်တို့ကလည်း သားကြီးကို မထိခို အောင်လို့ အလောင်းဖျောက်ပေးခဲ့ရတာပါကွယ်''

''စိတ်ချမ်းချမ်းသာသာနေပါ အဒေါ်.. သာယာဝတီထော လည်း ကောင်းကောင်းမွန်မွန် နေနိုင်အောင် ကျွန်တော်စီစဉ်ပေးခဲ့ပါမယ် အချိန်ရတုန်းရခိုက် ဘုရားတရားကိုစွဲလုပ်၊ မေတ္တာပို့ အမျှအတမ်း ပေါ့ဗျာ''

သာယာဝတီထောင်သို့ ညနေ (၄) နာရီခန့်တွင် ရောက် ပါသည်။ ရောက်လျှင်ရောက်ချင်းပင် အင်းစိန်ထောင်ပိုင်ကြီးထံမှ ဖုန်း နေကြောင်း သတင်းပို့သဖြင့် ချောမောစွာရောက်ရှိကြောင်း ပြန်ကြ ပါသည်။ ထောင်ပိုင်ကြီးမှ ကျွန်တော်တို့အဖွဲ့အား သာယာဝတီထော ညအိပ်အနားယူရန် ညွှန်ကြားပါသည်။

အကျဉ်းသူ (၂) ဦးအား စာရွက်စာတမ်းများနှင့်တူ သေ အပ်နှံပြီးနောက် သာယာဝတီထောင်တွင် ညစာ စားသုံး[illegible] သာယာဝတီထောင်မှ နားနေအိပ်စက်ရန် နေရာစီစဉ်ပေးသော်လ ကျွန်တော်တို့အဖွဲ့ မအိပ်တော့ပါ။ ညတွင်းချင်းပင် အင်းစိန်ထော



www.burmeseclassic.com

www.burmeseclassic.com


ပြန်လာကြပါသည်။ ကြိုးပေးသည့်ကိစ္စအား မမြင်ဖူးသဖြင့် ကြည့်ရှုလေ့လာရန်ဖြစ်ပါသည်။ အင်းစိန်ထောင်သို့ ည (၁၂) နာရီခန့် ပြန်လည်ရောက်ရှိပါသည်။ ခေတ္တခဏ အိပ်စက်အနားယူပြီးနောက် မနက် (၃) နာရီခန့်တွင် အိပ်ယာမှထပြီး၊ ယူနီဖောင်းအသေအချာဝတ်၍ ထောင်တွင်းသို့ ဝင်ခဲ့ပါသည်။

ထောင်ပူးဝရုံးခန်းတွင် ထောင်ပိုင်ကြီးရောက်ရှိနေပါပြီ။ သူသည်း ညက ကောင်းစွာအိပ်ပျော်ဟန်မတူပါ။ စိတ်စောနေဟန်ရှိပါသည်။ ထောင်ပိုင်ကြီးမှာ ကြိုးသမားကိစ္စတွင် ကျွမ်းကျင်သူဖြစ်ပြီး၊ မြန်မာတစ်ပြည်လုံးရှိ ထောင်များတွင် ကြိုးကိစ္စရှိပါက တွက်ချက်စီစဉ်ပေးရသူလည်းဖြစ်ပါသည်။ ထောင်လောကတွင် ထောင်ပိုင်ဖြစ်လာပါက ကြိုးသမားကိစ္စကို နားလည် ကျွမ်းကျင်ရပါသည်။ သို့သော် ကျွန်တော်တို့ထောင်ပိုင်ကြီးကိုတော့ မည်သူမျှမမှီပါ။ ခေတ်အဆက်ဆက် အတွေ့အကြုံများစွာ ရရှိခဲ့သူဖြစ်ပါသည်။ ကြိုးပေးသည့်ကိစ္စတွင် အမှားအယွင်းမရှိရပါ။ တစ်ကြိမ်တည်းဖြင့်သာ ပွဲပြတ်အောင်လုပ်ရပါသည်။ ကြိုးပေးခံရမည့်သူ၏ ကိုယ်ခန္ဓာအလေးချိန်အလိုက် ကြိုးအတိုင်းအတာကို တိကျသေချာစွာ တွက်ချက်တတ်ဖို့ လိုပါသည်။ တစ်ကြိမ်အသုံးပြုပြီးကြိုးကိုလည်း ပြန်လည်အသုံးမပြုရပါ။ ကြိုတင်ပြင်ဆင် ကျစ်ရပြီး သဲအိတ်များနှင့်လည်း လေ့ကျင့်ရပါသေးသည်။ မနီလာ ဂုံလျှော်ကြိုး အမျိုးအစားဖြစ်ပြီး ကျပ်လုံးခန့်တုတ်ပါသည်။ သုံးပင်လိမ်ကြိုးဖြစ်ပြီး၊ ဆန့်ဆန့်ကြင်ကြင် ရှိရပါသည်။ ကြိုးအရှည်မှာတော့ ကြိုးပေးခံရမည့်သူ၏ ကိုယ်ခန္ဓာအလေးချိန်အလိုက် အကျဉ်းထောင်ဥပဒေအရ စီစဉ်ရခြင်း ဖြစ်ပါသည်။ ထောင်လောကသို့ ဝင်ရောက်လာသော ကျွန်တော်တို့လို အရာရှိငယ်များအနေဖြင့် တစ်နေ့တွင် ဦးစီးလုပ်ကိုင်ရမည့် ကိစ္စဖြစ်သဖြင့် အသေးစိတ်လေ့လာထားရန် လိုအပ်ပါသည်။

နံနက် (၃) နာရီခွဲတွင် တရားသူကြီးနှင့် ရဲအဖွဲ့ဝင်များ ရောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိ လာပါသည်။ သရဏဂုံတင်ရန်အတွက် ထောင်ကျောင်း ဘုန်းတော်ကြီး ကိုလည်း ပင့်ဆောင်လာပါပြီး ဘုန်းတော်ကြီးအား ဆောင်တွင်းရှိကျ ရုံးခန်းတွင် အရုဏ်ဆွမ်းကပ်ပြီးနောက် ညွှန်သည်များနှင့် ကျွန်တော်တို့ ဝန်ထမ်းများ မုန့်ဟင်းခါးနှင့် လက်ဖက်ရည်စားသောက်ကြပါသည်။ မနက် (၄) နာရီတိတိတွင် အဖွဲ့လိုက် ကြိုးတိုက်သို့ ဝင်ပြီးနောက် ထောင်ဆေး ဝန်က ကြိုးသမား၏ကျန်းမာရေးအခြေအနေကို စစ်ဆေးပါသည်။ ကျန်း မာရေးကောင်းမွန်ကြောင်း အတည်ပြုမှ ဘုန်းတော်ကြီးက ကြိုးသမား အား သရဏဂုံတင်ပေးပါသည်။ ပြီးနောက် ကြိုးသမားအား ထောင်မှတ် တင် စာအုပ်ကြီးဖြင့် တိုက်ဆိုင်စစ်ဆေးပါသည်။ နောက်ဆုံး အယူခံရှုံးနိမ့် သဖြင့် ယနေ့မနက်တွင်ပင် ကြိုးဒဏ်စီရင်ရမည်ဖြစ်ကြောင်း ထောင်ပိုင် ကြီးမှ အသိပေးပါသည်။ မိသားစုအား မှာကြားရန်ကိစ္စများ ရှိပါက မှာကြားရန် ပြောကြားရာ ကြိုးသမားမှ မှာကြားရန်မရှိကြောင်း ပြန်လည် ပြောကြားပါသည်။

ကြိုးသမားအခြေအနေမှာ တည်ငြိမ်လွန်းလှသဖြင့် စိတ်ဓါတ် အတော်ခိုင်မာသူဘဲဟု ကျွန်တော် မှတ်ချက်ချမိပါသည်။ သို့သော် မဟုတ်ပါ။ တာဝန်ရှိသူများမှ ကြိုးသမားအကျီလဲပေးခြင်း၊ လက်နောက် ပြန်ကြိုးတုပ်ခြင်း ပြုလုပ်လျှင်ပင် အတင်းရုန်းကန် အော်ဟစ်ပါတော့ သည်။ ကြိုးစင်သို့ ခေါ်ဆောင်လာရာ၌လည်း လမ်းလျှောက်ရန် ငြင်းဆန် နေသဖြင့် ဝန်ထမ်းများက အတင်းချုပ်ကိုင်၍ ခေါ်ဆောင်ကြရပါသည် သံဝေဂလင်္ကာရွတ်ဆို၍ ကြေးစည်ထုရသူ၊ ဒုတပ်ကြပ်မောင်မောင်ကြီး တို့အဖွဲ့ပင် တက်သုတ်ရိုက် ရွတ်ဆို၍ ကြိုးစင်သို့ ပြေးရပါတော့သည် အတော်ပင် ကသီလင်တန်နိုင်လှသည့် ကြိုးပေးသည့် မြင်ကွင်းဖြစ်ပါသည်

ကြိုးစင်ပေါ်သို့ရောက်သော်လည်း ရုန်းကန်နေ၍ ဝန်ထမ်းများ အတင်းအဓမ္မ ချုပ်ကိုင်ထားရပြီး၊ ထောင်ပိုင်ကြီးက ကြိုးသမား ဦးထုပ်ချွန်ကြီးကို ဝတ်ပေးပြီးနောက် ကြိုးကွင်းစွပ်ပေးပါသည်။ မနက်



www.burmeseclassic.com

www.burmeseclassic.com



...ရှိခဲ့တိတိတွင် တောင်ပိုင်ကြီးမှ အမိန့်ပေး၍ တာဝန်ကျသူ ထောင်မှူး ကြီးမှ ဒေါက်ဖြုတ်ရပါတော့သည်။

"ဝုန်း..."

"ဂျိန်း..."

"အား...ဝူး..." ဆိုသော အသံကြီးမှာ ဘစ်ဆက်တည်း ထွက်ပေါ်လာပြီးနောက် ထောင်ပတ်ဝန်းကျင်ရှိ သစ်ပင်များပေါ်မှ ကျီးများ ...၍ ခွေးများကလည်း အတောမသတ်နိုင်အောင် အူကြပါတော့သည်။

ထူးဆန်းသည်မှာ ကြိုးသမား၏ ရင်တွင်းမှလာသော "အား.. ...""ဟူသော အော်သံကြီးအဆုံးတွင် ကြိုးစင်အနီးရှိ အမှတ် (၁) ...မျှော်စင်ပေါ်မှ သောက်ရေအိုးကြီး "ဖွမ်း"ခနဲ ကွဲသွားပြီး အစောင့် ...ထမ်းများ၏ အလန့်တကြားအော်သံကိုလည်း နောက်ဆက်တွဲ ကြား ...ကရပါသည်။ ထူးဆန်းသော တိုက်ဆိုင်မှုတစ်ခု ဖြစ်ပါသည်။

(၅) မိနစ် အခြေအနေစောင့်ကြည့်ပြီးနောက် ထောင်ဆရာဝန်မှ ကြိုးစင်လိုဏ်ခေါင်းအတွင်း ဝင်ရောက်ပြီးစစ်ဆေး၍ သေဆုံးကြောင်း အတည်ပြုမှသာ သင်္ဂြိုဟ်ရေးအဖွဲ့က ဝင်ရောက်၍ လည်ပင်းမှကြိုးကွင်း ...အား ဖြုတ်ပြီးနောက် အသင့်ယူဆောင်ထားသော အခေါင်းအတွင်းသို့ ...သွင်းပါသည်။ ထို့နောက် တရားသူကြီးနှင့်ရဲအဖွဲ့မှ စစ်ဆေးအတည်ပြု ...ပြီးနောက် သင်္ဂြိုဟ်ရေးအဖွဲ့က သယ်ဆောင်သွားပါတော့သည်။ ကြဲတော ...သုသာန်တွင် မီးသင်္ဂြိုဟ်ရန်ဖြစ်ပါသည်။

ကျွန်တော်အနေဖြင့် ကြိုးပေးသည်မှာ သည်သို့ပါလားဟု တရား ...ရမိပြီး၊ ထောင်လုပ်ငန်းကိုလည်း အကြီးအကျယ် စိတ်ပျက်မိပါတော့ သည်။

သို့သော်လည်း ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက်ဆိုသော ...စကားပုံအတိုင်း ထောင်လောကမှ မထွက်နိုင်သေးဘဲ ဆက်လက်လုပ် ...ကိုင်လာခဲ့ရာ အိမ်ထောင်ကျ၍ ၁၉၈၁–ခုနှစ် ဇွန်လ (၁၀) ရက်နေ့တွင်



www.burmeseclassic.com

www.burmeseclassic.com



ဖနီးဖြစ်သူမှ ပဟိုအမျိုးသမီး ဆေးရုံကြီးတွင် သမီးဦးလေး မွေးဖွားပေးပါသည်။ (၃) ရက်ခန့်အကြာတွင် ဆေးရုံမှဆင်းရသဖြင့် ကလေးမွေးပေးသူ ဆရာဝန်၊ ဆရာမများအား နှုတ်ဆက်ကန်တော့ပြီးနောက် အိမ်သို့ပြန်လာကြပါသည်။

မီးဖွားပြီး တစ်ပတ်ပြည့်သောနေ့တွင် ထောင်ဝင်းရှိ နေအိမ်သို့ ထမီအပြာဝတ်ဆရာမကြီးတစ်ဦး ရောက်ရှိလာပါသည်။ ဇနီးဖြစ်သူ၏ ကျန်းမာရေးအခြေအနေအား စစ်ဆေးပြီးနောက် ချုပ်ရိုးဖြုတ်ပေးပါသည်။ ပြီးနောက် ဆရာမကြီးအား လွှက်ရည်ပွဲဖြင့် ဧည့်ခံပြီးနောက် စကားပြောကြရာ. . .

ဆရာမကြီးမှ. . "ကလေးရော မိခင်ပါ ကျန်းမာရေးအခြေအနေကောင်းမွန်ပါတယ်။ တစ်လပြည့်တဲ့နေ့မှာ ကျွန်မ လာကြည့်ပေးပါဦးမယ်"

"ကျေးဇူးတင်လှပါတယ် ဆရာမကြီး၊ ကျွန်တော့်ဇနီးက ပထမဆုံး ကလေးမွေးတာမို့ အတော်စိုးရိမ်ပါတယ်၊ အခုလို ကလေးရော လူကြီးပါ ကျန်းကျန်းမာမာရှိတာကြောင့် အလွန်ဘဲ ဝမ်းသာမိပါတယ်"

"လူ့ဘ၀ဆိုတာ ရခဲလှပါတယ်ရှင်. . . အဟောင်းတွေ ချုပ်ငြိမ်းပြီး အသစ်တွေမွေးဖွားတာဟာ ဓမ္မတာပါဘဲ၊ ဒါပေမယ့် ကျွန်မသားလေးတစ်ယောက် ရှိခဲ့ပါတယ်။ အသက် (၂၀) ခန့်မှာဘဲ ဆုံးပါးခဲ့ရတာပါရှင်"

"ဘာမူဖြစ်လို့လဲ ဆရာမကြီး"

"လူသတ်မှုပါရှင်၊ သူ့ညီမကို စော်ကားလို့ ကာလသားခေါင်း ညီအစ်ကိုကို လက်တုံ့ပြန်ရင်း လက်လွန်သွားတာပါ"

"နာမည်က . . ဘယ်သူလဲ ဆရာမကြီး"

"မောင်တင်မောင်တဲ့၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်ကပါရှင်၊ ကျွန်မတို့ မိသားစုလည်း အလောင်းဖျောက်ဖျက်မှုနဲ့ ထောင် (၃) နှစ် ကျခဲ့ပါသေးတယ်၊ ဒီထောင်ကြီးကို စိတ်နာပေမယ့် သတ္တဝါဆိုတာ အစ အလမ်းလေးတော့ရှိပါတယ်ရှင်၊ ရောက်ခဲ့ဖူးတဲ့ နေရာလေးကို ပြန်အမှတ်



www.burmeseclassic.com

www.burmeseclassic.com


ချီး အလွမ်းပြေသဘော ကြည့်ချင်တာနဲ့ ကျွန်မဘဲ ဗော်လံတီယာ လုပ်ပြီး လာခဲ့တာပါ၊ တစ်ခြားဆရာမတွေက ထောင်ထဲကို မလာချင်ကြဘူးရှင့်"

ကျွန်ုပ်တော့်အနေဖြင့် ကိုယ်တွေ့ကြုံခဲ့ရသော ဇာတ်လမ်းဖြစ်၍ ဆရာမကြီးအား စာနာမိပါသည်။ သို့သော် မသိကျိုးကျွန်ပြု၍သာ နေရပါတော့သည်။ ကံကြမ္မာ၊ သံသရာ၏ အံ့ဩကုန်နိုင်ဖွယ်၊ တိုက်ဆိုင်စွာ ကြုံသည့် ဆုံတွေ့မှုကိုလည်း မယုံနိုင်ဖွယ်ရာ ဖြစ်မိပါတော့သတည်း....။

တောင်မှူးကြီးသိန်းဝင်း
မြင်ကွင်းစုံမဂ္ဂဇင်း၊ ဒီဇင်ဘာလ၊ ၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

## သရဲနှာရိပင်ကြီး

နှစ်သစ်ကူး အတာသင်္ကြန်ချိန်၊ မြို့ပြနှင့် တောရွာများတွင် ထူငယ်၊ လူရွယ်များ ပျော်ပါးမြူးတူးချိန်လည်း ဖြစ်ပါသည်။ တပေါင်းလ အခါက ရွက်ဟောင်းတွေကြွေပြီး၊ တန်ခူးလအခါရောက်၍ နှစ်သစ်နှင့် အဘူ ရွက်သစ်နုချိန်ဖြစ်၍လည်း ရိုးမတောတစ်ခွင်လုံးအား အစိမ်းနုရောင် ဖြစ် ခြယ်သထားသော သဘာဝပန်းချီကားချပ်ကြီး တစ်ခုသဖွယ် စိမ်း သန်းစိုပြေစွာ မြင်တွေ့ရပါသည်။

ကျွန်ုပ်တော်တို့ တာဝန်ကျရာ ရိုးမတောအလယ်ခေါင်က တော ကွင်းစခန်းလေး တစ်ခုတွင်ဖြစ်ပါသည်။ မအူပင်ဆိပ် (ဇောင်းတူ) စခန်းခွဲ (၁) ဟု ခေါ်ပါသည်။ စခန်းခွဲလေးဖြစ်၍လည်း ပေ (၂၀၀) ပတ်လည်၊ တစ်ဧကခန့်သာ ကျယ်ဝန်းပါသည်။

ရဲဘက်အိပ်ဆောင်များအား သံဆူးကြိုးကာရံထားပြီး ဆူးကြိုး ဝင်းရှေ့တွင် ယာယီကားလမ်း (မြေလမ်း) ကလေးရှိပြီး၊ လမ်းတစ်ဘက် မျက်နှာချင်းဆိုင်တွင် ကျွန်ုပ်တော်တို့နေထိုင်သည့် ရုံးအဆောက်အဦးနှင့် ဝန်ထမ်းဘားတိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်တို့ ရှိပါသည်။ စခန်း၏အပြင် စည်းရိုးကိုတော့ ဝါးပေါသောဒေသ ဖြစ်သဖြင့် ဝါးဖြင့်သာ ကျားမျှော၊ ကျားလှန်လှပ်၍ ကာရံထားပါသည်။ လုံလုံခြုံခြုံတော့ မရှိတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

အရံအတား သတ်မှတ်ထားသည့် သဘောပင်။

အပြင် ကျားမောက်၊ ကျားလှန် စည်းရိုးနှင့် အတွင်းသံဆူးကြိုးဝင်းအကြားတွင် ရှိသော ပတ်လည်မြေပိုလေးအား ချဉ်ပေါင်၊ မုန်ညင်း၊ မုန်လာ၊ ရုံးပတီ၊ ငရုတ်ပင်များ စိုက်ပျိုးထားပြီး၊ စခန်းအနောက်ဘက်အပိုင်းတွင် စင်ထိုး၍ ဘူးပင်များ စိုက်ပျိုးထားရာ ဖြစ်ထွန်းအောင်မြင်လှပါသည်။

ဖြစ်ထွန်းလွန်း၍လည်း ဖြတ်သွား၊ ဖြတ်လာညှော်သည့် အသိများက မျက်စိကျကာ တောင်းကြသဖြင့် စခန်းတွင် စားသုံးရန်ပင် အနိုင်နိုင် ချန်ထားရပါသည်။ ချက်ပြုတ်စားရန်အတွက်လည်း ဟင်းသီးဟင်းရွက်ကမရှားပါ။ တောလယ်ခေါင်တွင် စခန်းချကာ နေထိုင်ကြခြင်းဖြစ်၍လည်း တောဟင်းသီး၊ တောဟင်းရွက်က ပေါများလှပါသည်။

ဤအချိန်တွင် ဝါးရုံတောအနီး ကွက်လပ်မှန်သမျှ ပဒပ်စာများ ပေါက်ပြီး၊ စခန်းပတ်လည်တွင် ဇင်ပြွန်နှင့် ဇီးဖြူ (ဆီးဖြူ)သီးများကလည်း ပေါများလှပါသည်။ ထို့အပြင် တို့စရာအဖြစ် သခွပ်ပွင့်၊ မလွှသီး၊ ကြောင်လျှာသီး၊ ကတက်ရွက်နု၊ ယင်းတိုက်ရွက်နုနှင့် စိန်နဘော်ညွန့်များကလည်း စားမကုန်အောင် ပေါများလှပါသည်။

ထို့ကြောင့် ဟင်းသီးဟင်းရွက်အတွက်တော့ မူပင်စရာ မလိုပါ။ ရာသီမရွေးစားသုံးနိုင်သော တောငုက်ပျောပင်များကလည်း စခန်းပတ်ဝန်းကျင် လက်ညှိုးထိုး၍ မလွဲပါ။ ငါးပေါက်လေးများခပ်၍ တောငုက်ပျောဖူး၊ ငုက်ပျောအူချဉ်ရည်ဟင်းက နှုတ်ကို မြိန်စေသလို ပဒပ်စာနှင့် ကင်ပွန်းချဉ်ရွက် ချဉ်ရည်ဟင်းကလည်း ဤရာသီနှင့် လိုက်ဖက်ပါသည်။ ဇင်ပြွန်းသီးနှင့် ငါးချဉ်ရည်ဟင်းလည်း အလွန်စားကောင်းပါသည်။

စခန်းအနီးတွင်ရှိသော ရေအနည်းငယ်သာရှိသည့် မြောင်းကလေးများကို ပေ (၂၀) ခန့် နှစ်ဘက်ပိတ် တမံတုတ်ပြီး ငါးပေါက်ရုံနှင့် ငါးသေး ငါးဖွဲ၊ ငါးပေါက်ကလေးများအား စခန်းတစ်ခုလုံး စားသုံး


www.burmeseclassic.com

www.burmeseclassic.com 

ကောက်အောင် ရရှိနိုင်ပါသည်။

သကြ္ကန်တွင်း ရုံးပိတ်ရက်ဖြစ်၍ စခန်းတစ်ခုလုံး အားလပ်ခွင့် ရနေကြပါသည်။ မြို့ပြနှင့် တောရွာများတွင် လူကြီး၊ သူမများ သည်ကျော်ရှည် စောင့်၍ ကုသိုလ်ဘာဝနာ ပွားများနေကြသည့် အချိန်တွင် ကျွန်တော်တို့ အဖွဲ့ကတော့ စားသောက်ရန်အတွက် အသီး၊ အရွက်၊ ငါးနှင့် အမဲကောင်ရရှိရန် ကြိုးစားနေရပါတော့သည်။ အူမတောင့်မှ သီလစောင့်နိုင်မည့် သဘောပင် မဟုတ်ပါလော။

သဘာဝသစ်တောကြီးမှာ လွန်စွာ စိတ်ဝင်စားစရာ ကောင်းလှပါ သည်။ နိုင်ငံခြားတိုင်းပြည်များတွင် တောအတွေ့အကြုံ ဗဟုသုတ ရရှိ ရေးအတွက် ငွေကြေး အကုန်အကျခံကာ အချိန်ကုန် လှုပန်းသွား ကြသော်လည်း ကျွန်တော်တို့အနေဖြင့် တောအလယ် ခေါင်တွင် နေနိုင်ချိန်၍ စခန်းချနေကြရခြင်းဖြစ်ရာ ပိုက်ဆံမကုန်ဘဲ နေ့စဉ်ပင် ကြုံကြိုက်သော တောသဘာဝကို လေ့လာခွင့် ရရှိပါသည်။

သစ်ခွပန်း ဝါသနာရှင်များအတွက် ဖယောင်းပန်း လက်တံတို၊ လက်တံရှည်၊ တောသဇင်ရိုင်းအမျိုးမျိုး၊ ရတနာရွှေခက်၊ ကြက်တူ ရွေးပန်း ဒေါင်းသစ်ခွ၊ ငှက်ကြီးပန်း စသည်ဖြင့် သစ်ခွပန်းမျိုးစုံ ကိုလည်း ရှာဖွေဆွတ်နိုင်သလို စခန်းအနီးရှိ ဂမုန်း တောင်မှလည်း လဝန်းဂမုန်း၊ ပန်းသုယောင်၊ ဂမုန်းခွက်ပေါက်၊ ကိုရန်ကြီးဂမုန်း၊ ဂမုန်းမျိုးစုံကိုလည်း ယူလာစုဆောင်းနိုင်ပါသည်။

ယင်းဂမုန်းတောင်မှာ သစ်ပင်ကျဲပါးပြီး သဘာဝအလျောက် ဂမုန်းမျိုးစုံပေါက်ရောက်နေပြီး တောင်အနီးရောက်လျှင်ပင် မွှေးပျံ့ သင်းကြိုင်သော ဂမုန်းပန်းရနံ့များက လူကိုလည်း လန်းဆန်းစေပါ သည်။

မြင့်မြတ်သောနေရာဖြစ်၍ရှင်း၊ မြေပေါ်သောအရပ်ဖြစ်၍ အကြောင်း ရဲဘက်နှင့် ဝန်ထမ်းများအား မသွားရန် ပိတ်ပင်ထား



www.burmeseclassic.com

www.burmeseclassic.com

မြစ်ထားသော နေရာဖြစ်ပါသည်။

ယနေ့ သင်္ကြန်အကျနေ့ ဖြစ်ပါသည်။ သို့သော် သင်္ကြန်
တူသော အရိပ်အငွေ့ပင် စခန်းတွင်း၌ မရှိပါ။ ရုံးပိတ်ရက်ဖြစ်
နားနေကြခြင်း၊ စကားဝိုင်းဖွဲ့ပြောဆို နေကြခြင်း၊ တောဟင်းသီး ဟင်းရွက်
ခူးခြင်း၊ ချောင်းအတွင်း ငါးပက်ကြခြင်းသာ ရှိပါသည်။ တောတွင်းစခ
ဆိုသော်လည်း တန်းခူးနေက ပူပြင်းလှပါသည်။ သစ်ရိပ်ဝါးရိပ်ရှိသော်လည်
အိုက်စပ်စပ်ပင်။

ကျွန်တော်သည် ရုံးခန်းရှေ့ ကနဖျင်းအောက်တွင် အဖန်ရည်
တစ်အိုးဖြင့် ကြိမ်ပက်လက်ကုလားထိုင်တွင် ထိုင်ကာ အနားယူ
တောင်တောင်အီအီ တွေးနေခိုက် –

"လိုက်ဟေ့ – ဖမ်းဟေ့ – မလွတ်စေနဲ့"

"အဲဒီဘက်က ပိတ်ထား"

"ဝေး. . . ဟေး. . . ဟေး" ဟူသော အသံများကြော
အတွေးရေယာဉ်ကြောတွင် မျောနေရာမှ ငေါက်ခနဲ ထထိုင်မိကာ–

"ဟေ့. . ဘာဖြစ်တာလဲကွ" ဟု ရုံးခန်းရှေ့ကင်းတဲမှ အစော
အား လှမ်းအော်မေးလိုက်ရာ –

"ဆရာ. . . စခန်းထဲ ချေဝင်လို့ ဆရာ. . . ရဲဘက်တွေ ဝ
လိုက်နေတာ"

သို့နှင့် ကျွန်တော်လည်း စခန်းအတွင်းမှ ရိုင်ဖယ်သေနတ်အ
ဝင်ဆွဲပြီး အပြေးထွက်ခဲ့ရာ ချေပေါက်ကြီးတစ်ကောင်မှာ စခန်း အတွင်
ဆူးကြိုးဝင်းနှင့် ကျားမှောက်၊ ကျားလှန်စည်းရိုး အကြားရှိ စိုက်ပျိုးခ
အား ဝင်စားရင်း ရဲဘက်များ၏ အဝိုင်းခံနေရသည်ကို တွေ့ရှိရပါသ

လူအုပ်မှာ ကောင်းလွန်းပြီး၊ စည်းရိုးများကာရံထားခြင်း ဖြ
ချေပေါက်ကြီးမှာ ပြေးစရာမြေမရှိဘဲ ဦးတည်ရာ ပြေးလွှားရင်း တွေ့
သည်။ သေနတ်ဖြင့် ပစ်ခတ်ရန် စဉ်းစားမိသော်လည်း ပိုင်ဆိုထားသော



www.burmeseclassic.com

www.burmeseclassic.com



...ကြောင့် ပစ်ခွင့်မသာပါ။

ထိုအချိန်တွင် တောလည်ရာမှ ပြန်ရောက်ရှိလာသော တပည့်...မှဆိုးအောင်သန်း ရောက်ရှိလာပြီး မှိန်းဖြင့်ထိုးရာ ချေပေါက်ကြီး...လမ်းသွိမ်းပါတော့သည်။

"ဆရာရေ. . အတော်ပဲဗျို့၊ ကျွန်တော်လည်း ဒီနေ့ တစ်မနက်...လုံး တောထဲမှာ ဘာကောင်မှမရလို့ စိတ်ပျက်ပြီး ပြန်လာရတာ၊ ...ားက စခန်းထဲရောက်နေဟာကိုး၊ တပည့်ကြီး ထမ်းရိုးရဲ့ သက်သာ...င် တောစောင့်နတ်များကာ သားကောင်ကို စခန်းထဲရောက် ပို့လိုက်... ထင်ပါရဲ့ဗျာ" ဟု ဝမ်းသာအားရ ပြောဆိုပါတော့သည်။

ရဲဘက်ဝန်ထမ်းများလည်း တဟီးဟီး တဟားဟားဖြင့် ပျော်မြူး...ကြသည်ကိုကြည့်ရင်း ယခုမှပင် သကြွန်စရိုက်နှင့် တူတော့သည်ဟု ...သာမည်ကြံကာရှိသေးစဉ် တပ်ကြပ်ကြီး ဦးအေးမောင် ရောက်ရှိလာ...

"ဟကောင်. . . အောင်သန်းရ မင်းသာဝမ်းသာနေ၊ စခန်းထဲ ...ကောင်ဝင်တာ မကောင်းဘူးကွ၊ မင်းသိရဲ့လား"

"ဘာဖြစ်လို့လဲ ဆရာကြီးရဲ့၊ စခန်းထဲ တောကောင်ဝင်တာ ...ဖြစ်လို့လဲ၊ ချေဝင်တာအဲ၊ ကျားဝင်တာမှမဟုတ်တာ၊ ဟောအခု ...ည်လေ သကြွန်တွင်း၊ ဝန်ထမ်းရော ရဲဘက်ရော ဟင်းကောင်း ...ရတော့မယ်"

"မင်းကတော့ ပြောလေကဲလေ မန်းလေပြဲလေ ပါလား"

ထိုစဉ် ကျွန်တော်မှ "ဆရာကြီး ဘာဖြစ်လို့လဲ. . စခန်းထဲ ...ကောင်ဝင်တာ မကောင်းဘူးလား" ဟု မေးရာ

"မကောင်းဘူး ဆရာရဲ့၊ စခန်းကို နိမိတ်တတ်တယ်"

"ဆရာကြီးရယ်၊ အယူစွဲမနေပါနှင့်တော့၊ တော်ကြာ စခန်း...လူတွေ စိတ်ဓါတ်ကျကုန်ပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . .တပည့်ကြီး အောင်သန်းရေ မင်းချော်ကို ဖျက်ပြီး ဝန်ထမ်း၊ ရဲဘက် မျှတအောင် ဝေပေးလိုက်ပေတော့"

"ဆရာကြီးအေးမောင် လာဖို့၊ အဖန်ရေသောက်ရင်း စကားပြောကြရအောင်" ဟု ပြောဆိုကာ ရုံးခန်းရှေ့က ကနဖျင်း အောက်မှ ပက်လက်ကုလားထိုင်များတွင် ထိုင်ကာ မေးမြန်းရပါတော့သည်။

"ဆရာကြီးက အခုလိုအဖြစ်မျိုး ကြုံဖူးလို့လား"

"ကြုံဖူးလို့ ပြောတာပေါ့ဆရာရယ်၊ အဲဒီတုန်းကလည်း ချောင်းရဲ့ စခန်းတစ်ခုလုံး ပျော်လိုက်ရတာ၊ ပန်းတောင်း တောင်ကုတ် လမ်းဖောက်တုန်းကပေါ့၊ အခုလို ရာသီဘဲ ထင်ပါတယ်၊ မကြာပါဘူး စခန်းထဲချောင်ပြီး စခန်းပျက်ပါရောလား"

"ဆရာကြီးရယ် ချောင်ဝင်တာနဲ့ စခန်းပျက်ရရော့လား"

"တောထဲ တောင်ထဲ နိမိတ်ပေါ့ဆရာရယ် ချောင်ဝင်ပြီး တစ်ပတ်လောက်လည်း ကြာရော စခန်းထဲမှာ ဝမ်းရောဂါတွေဖြစ်၊ ငှက်ဖျားရောဂါတွေဖြစ်နဲ့၊ နောက်ဆုံးစခန်းကိုဖျက်ပြီး အခြားတစ်နေရာကို ပြောင်းပြေးတယ်၊ အသေအပျောက်လည်း ရှိခဲ့တယ် ဆရာရဲ့"

"အော် ဆရာကြီးက ကိုယ်တွေ့ကြုံဖူးတာကို၊ ဒီမှာတော့ ငှက်ဖျားကာကွယ်ဆေးလည်း တစ်ပတ်တစ်ခါ မှန်မှန်တိုက်ပြီး၊ ရေကိုလည်းကြိုချက်သောက်ခိုင်းလို့ မဖြစ်တန်ဘူး ထင်ပါတယ်၊ လူကြီး သူမ စကားကိုမဖယ်ရှား ကောင်းတာမို့ ညနေတန်းစီကြရင် ကျွန်တော် ဝန်ထမ်း၊ ရဲဘက်အားလုံးကို အသေအချာ သတိပေးစကား ပြောပါမယ်"

"ကောင်းပါလေ့ ဆရာရယ်၊ ကြိုတင်ပြင်ဆင်တာ အကောင်းဆုံးပေါ့"

သို့နှင့် ညနေထောင်ပိတ် တန်းစီချိန်သို့ ရောက်ရှိလာပါသည်။ တောတွင်းမို့ ညနေ (၅)နာရီကျော်လျှင်ပင် မှောင်စပြုလာပြီ။ ဝန်ထမ်း ရဲဘက်များအား ကျန်းမာရေးဂရုစိုက်ရန်၊ "ရေကို ကြိုချက်သောက်ရန်



www.burmeseclassic.com

www.burmeseclassic.com


ဝမ်းပျက်စေနိုင်သော အသီးအရွက်များအား မစားရန်၊ ယင်နားစာများ မစားရန်၊ စနေနေ့တိုင်းတိုက်သော ငှက်ဖျားကာကွယ်ဆေးအား မှန်မှန် သောက်ရန် သတိပေးနိုးဆော်ပြီး တန်းစီး ဖြုတ်၍ ရုံးခန်းသို့ ပြန်လာစဉ်...

ဖိုကြီးမှ ရဲဘက်များ ရုံးခန်းအနီးရှိ ပျဉ်းမပင်ကြီးပေါ်သို့ မော့ကြည့်နေကြသဖြင့် သွားရောက်ကြည့်ရှုရာ မီးခိုးရောင် အမွေးအမှင် ရှိ၍ ရှည်နှင့်တူသော အကောင်ကြီးတစ်ကောင်သည် လူအုပ်ကိုကြောက်၍ သစ်ပင်ထိပ်များသို့ တက်ပြေးရာမှ ထိပ်ဖျားသို့ရောက်လျှင် အခြားသစ်ပင် သို့ လေဟုန်စီး၍ ခုန်ကူးကာ သစ်ကိုင်းခြောက်ကြီး တွယ်ကပ်နေသည်ကို တွေ့ရှိရပါသည်။

အကောင်ကြီးမှာ (၃) ပေသာခန့်ရှိပြီး၊ အတောင်ပံကဲ့သို့သော အရေပြားကြီးက ခြေနှင့်လက်များကို ဆက်ထားသည်ကို တွေ့ရှိရပါသည်။

ချက်ချင်းပင် ကျွန်တော်သည်၊ ထိုထူးဆန်းသော သတ္တဝါ အား အနီးကပ် လေ့လာလိုသဖြင့် ရုံးခန်းအတွင်းမှ ရိုင်ဖယ်သေနတ် အား ပြေးယူပြီး ပစ်ချလိုက်ရာ–

''ဒိန်း–ဖြောင်း'' ဟူသော အသံနှင့်အတူ ထူးဆန်းသော သတ္တဝါမှာ သစ်ကိုင်းခြောက်ကြီးနှင့်အတူ မြေပြင်ပေါ်သို့ အရှပ်ကြုံးပြတ် 'ဘုန်း' ခနဲ ပြုတ်ကျလာပါတော့သည်''

တပည့်ကြီး အောင်သန်းမှာ ညနေစာ ချက်ပြုတ်နေရာမှ သေနတ်သံကြားသဖြင့် အပြေးထွက်လာပြီး၊ ၎င်းသတ္တဝါအား ကောက်ပါ လာတော့သည်၊ သတ္တဝါကြီး၏ ဦးခေါင်းမှာ ကြောင်နှင့်တူပြီး ခြေလက်များမှာ လည်း ကြောင်ကဲ့သို့ပင် လက်သည်းများ ပါရှိသည်ကို တွေ့ရှိရပါသည်။

အမြီးမှာလည်း ကြောင်မြီးနှင့်တူသော်လည်း တို၍တုတ်ပါ သည်။ ခြေနှင့် လက်တွဲထားသော အတောင်ပံကဲ့သို့ အရေပြား (၂)ချပ်မှာ လင်းဆွဲနှင့်တူသော်လည်း ဆူးချိတ်များမပါပါ၊ မီးခိုးရောင် အမွေးအမှင် များ ပေါက်နေသဖြင့် ကြောင်ပျံဟုခေါ်ဆိုလျှင် မှားမည်မထင်ပါ။


www.burmeseclassic.com

www.burmeseclassic.com



သို့သော် တပ်ကြပ်ကြီး ဦးအေးမောင် ရောက်ရှိလာကာမှ ၎င်းသတ္တဝါမှာ "ရှူးပျံ" ဖြစ်ကြောင်း၊ ရှားပါးသတ္တဝါပင်ဖြစ်ကြောင်း သိရပါတော့သည်။

"တို့ဆရာကတော့ ကံကောင်းတယ်ဟေ့၊ တပည့်ကြီးလို အပင်ပန်းခံပြီး "တောတိုးစရာမလိုဘဲ၊ စခန်းထဲမှာတင် ချေရော ရှူးပျံရော တစ်နေ့တည်းရတယ်ဗျို့" ဟု တပည့်ကြီးအောင်သန်းမှ ပြောဆိုရာ

တပ်ကြပ်ကြီး ဦးအေးမောင်မှ–

"ပြောပြန်ပြီလား မင်းဒီစကား အကောင်းအဆိုး နားမလည်ဘဲနဲ့ လူကြီးတွေကြားထဲ ဝင်ဝင်မပြောနဲ့" ဟု တားမြစ်ပါသည်။

ကျွန်တော်မှ "ဆရာကြီးရေယ် တောလယ်ခေါင်မှာ စခန်းဆောက်ထားတော့လည်း တောသတ္တဝါတွေ ဝင်ပေမပေါ့၊ အစွဲအလမ်း သိပ်မထားပါနဲ့၊ ဥပါဒါန်ကြောင့် ဥပဒ်ဖြစ်တတ်ပါတယ်"

ဟု နှစ်သိမ့်မှ ငြိမ်သွားပါတော့သည်။

ရှူးပျံအား အရေခွံဆုတ်ရာ အရေခွံမှာ ပျော့ပြောင်းနူးညံ့ပြီး အမွေးများမှာလည်း မျောက်မွေးကဲ့သို့ နူးညံ့လှကြောင်း တွေ့ရှိရပါသည်။ မစားဖူးသဖြင့် အသားအားချက်ပြုတ်၍ စားကြည့်ရာ ကြောင်သားနှင့် တူသော်လည်း ကြောင်သားကဲ့သို့ မမာဘဲ၊ မျောက်ညှီသားကဲ့သို့ ပျော့ပြောင်းနူးညံ့လှကြောင်း တွေ့ရှိရပါသည်။

တောကောင်သားများနှင့် ညစာထမင်းစားပြီးနောက် ညအိပ်ရာဝင်ချိန်တွင် တောစောင့်နတ်၊ တောင်စောင့်နတ်များနှင့် စခန်းတစ်ခုလုံးကို သာမက၊ ယနေ့ရရှိသော တောကောင် နှစ်ကောင်စလုံးအားလည်း မေတ္တာပို့၍ အမျှအတမ်း ပေးဝေလိုက်ပါသည်။

မနေ့ညက အသားဟင်းကောင်းကောင်းဖြင့် ညစာစားပြီး ကောင်းစွာ အိပ်ရသဖြင့် မနက် (၆) နာရီခန့် အိပ်ရာမှနိုးသော် လူမှာ လန်းဆန်း၍နေပါသည်။ မနက်ခင်း ထောင်ဖွင့် လူရေ်းစစ်ဆေးပြီး



www.burmeseclassic.com

www.burmeseclassic.com


ာက် ထမင်းကြမ်းနှင့် ချောသားကြော်အား မနက်စာအဖြစ် စားသောက် ည့် မအူပင်ဆိပ် စခန်းတာဝန်ခံရုံးမှ ဝန်ထမ်းတစ်ဦး ရောက်ရှိလာပါ ာသည်။

ဤစခန်းတွင် အေးချမ်းစွာ တာဝန်ထမ်းဆောင်နေသည်ကို ဓာတ်ဆရာက ဘယ်အညှိုးဖြင့် လက်ညှိုးထိုးလိုက်သည် မသိပါ။ ားလာလိမ့်မည့် ထောင်မှူးကိုပင် မစောင့်တော့ဘဲ လက်အောက်မှ ပ်ကြပ်ကြီးကို စခန်းအား အမြန်ဆုံးလွှဲပြောင်းပေးပြီး လျှော်ကုန်း န်း (ယှွင်လူသေမြှောင်စခန်း) ကိုလွှဲပြောင်းယူရန် ကွပ်ကဲမှုရုံးမှ ပေလွှာကို လာရောက် ပို့ဆောင်ခြင်းဖြစ်ပါသည်။

၎င်းအပြင် ဆက်သား (စာပို့သူ) ကို ကျွန်တော်မှ လျှော်ကုန်း န်းအား လွှဲပြောင်းရယူခြင်း စာရွက်စာတမ်းများကိုပါ တစ်ပါတည်း သည့်ယူဆောင်ပါရန် အမှာရှိလိုက်ကြောင်း သိရှိရသဖြင့် (၂၄) အတွင်း အပြီးဆောင်ရွက်ရန် (အရေးပေါ်) ခိုင်းစေခြင်းဖြစ်ကြောင်း ပါတော့သည်။

တပ်ကြပ်ကြီး ဦးအေးမောင်၏ စခန်းတွင်း ချောဝင်သည့် နိမိတ် ကြောင့် ပြောင်းရွှေ့ရခြင်းလောဟု သံသယဝင်မိ ပါတော့သည်။

ပြောင်းရွှေ့မိန့်အကြောင်း ကြားသိရသဖြင့် စခန်းတစ်ခုလုံး ည်းပက်လက်ဖြစ်ရပါတော့သည်။ နှစ်ပေါက် အတူတကွ လက်တွဲ ိုင်လာကြပြီးမှ ရုတ်တရက်ခွဲခွာရသဖြင့် ငိုယူငို၊ ယိုသူယိုဖြင့် မကောင်းစရာပင်၊ ဝန်ထမ်းဆိုတော့လည်း ထားရာနေ စေရာသွား

ကျွန်တော်အုပ်ချုပ်နေသည့် စခန်းခွဲ (၁)မှာ ဝန်ထမ်းနှင့် ရဲဘက် ား စာရင်း၊ ရိက္ခာ၊ လက်နက်နှင့် လုပ်ငန်းသုံးပစ္စည်းများ၊ လုပ်ငန်း ခင်းစာများသာ ရှိသဖြင့်အမြန်ဆုံးတပ်ကြပ်ကြီး ဦးအေးမောင်အား ောင်းပေးအပ်ခဲ့ပြီး ကွပ်ကဲရုံးမှ ဆက်သားနှင့်အတူ ရဲဘက် (၂)ဦး၊

www.burmeseclassic.com

www.burmeseclassic.com



တပည့်ကျော် တပ်သား မှဆိုးအောင်သန်းတို့အား ခေါ်ဆောင်၍ လျှော်ကုန်းစခန်းကို ဦးတည်ကာ (၁၀) မိုင်ခန့် တောလမ်းခရီးကို မနားတမ်း ချီတက်ခဲ့ရပါတော့သည်။

လျှော်ကုန်းစခန်းသို့ ညနေ နေဝင်ရီတရောအချိန်တွင် ရောက်ရှိပါသည်။ စခန်းတာဝန်ခံ ထောင်မှူးကြီး ဦးကျော်သာမှာ ငှက်ဖျားရောဂါ ဖြစ်ပွား၍ နောက်တန်းဆေးရုံသို့ အရေးပေါ်တင်ပို့ရသဖြင့် စခန်းတွင်ရှိနေသော 'ထောက်' ထောင်မှူးဦးအုန်းဖော်အား ယာယီလွှဲပြောင်းပေးခဲ့ပြီး စိနီယာထောင်မှူးဖြစ်သူ ကျွန်တော်အား ဦးအုန်းဖော်က ပြန်လည် လွှဲပြောင်းပေးအပ်ရန် ဖြစ်ပါသည်။

ဤစခန်းစဖွင့်စဉ်ကတည်းက အုပ်ချုပ်သူ တာဝန်ခံမမြဲပါ။ တာဝန်ခံကိုယ်တိုင် ငှက်ဖျားရောဂါ ဖြစ်ပွားသဖြင့် နောက်တန်း ဆေးရုံသို့ အရေးပေါ်ပို့ရသည်မှာ (၂) ဦး (၃) ဦးရှိပါပြီ။

ထို့ကြောင့်လည်း မူလဒေသအခေါ် လူသေမြောင်စခန်းအား လျှော်တုန်းချောင်းအနီးတွင်ရှိသဖြင့် လျှော်တုန်းစခန်းဟု ကွပ်ကဲမှုရုံးမှ နာမည်ပြောင်းပေးခဲ့ရခြင်းဖြစ်ပါသည်။

ခရီးရောက်မဆိုက်ပင် လွှဲပြောင်းခြင်းလုပ်ငန်းများ လုပ်ဆောင်ခဲ့သော်လည်း လုပ်ငန်းမပြတ်သဖြင့် ညစာထမင်းကိုပင် ဖြစ်သလို စား သောက်ကြပြီး ဆက်လက်စစ်ဆေး လွှဲပြောင်းယူရပါသည်။

ဝန်ထမ်းအင်အား၊ ရဲဘက်အင်အားစာရင်း၊ ရဲဘက်များ၏ ထောင်ကျဝရမ်းများ၊ ရိက္ခာလက်နက်ခဲယမ်းနှင့် လုပ်ငန်းသုံး လက်ကျန် ပစ္စည်းများစာရင်း၊ ဆေးဝါးလက်ကျန်စာရင်း စသဖြင့် မပြီးမချင်း လွှဲပြောင်းကြရာ ညသန်းခေါင်ကျော်၍ နောက်တစ်နေ့မနက် (၃) နာရီ ထိုးခါနီးမှ ပြီးစီးပါတော့သည်။

လွှဲပြောင်းလုပ်ငန်းပြီးစီး၍ စိတ်အေးချမ်းသာစွာ အနားယူရန် ကြံကာရှိသေးစဉ် ထောင်မှူးဦးအုန်းဖော်မှ လက်ဖက်ရည်ကြမ်းပိုင်းကျော်



www.burmeseclassic.com

www.burmeseclassic.com



ခေန်းအကြောင်း စကားပြောပါတော့သည်။

"အရင်က ဒီစခန်းမှာက ကျားသိပ်ပေါပြီး၊ မုဆိုးတွေ ကျား ကိုက်ခံရလွန်းလို့ ဒေသအခေါ် လူသေမြှောင်စခန်းလို့ခေါ်တယ် ဆရာ၊ ကျားဖျားလည်းကြီးတယ်၊ စခန်း စဖော်ထုတ်စဉ်တုန်းကလည်း ထောင်မှူး ကြီး ဦးကျော်ထင်နဲ့ မြေထိုးစက်အဖွဲ့ ညဘက်ဆို မအိပ်ရဲဘူးလို့ သိရ တယ်။"

ကျားအုပ်က မြေထိုးစက်ကြီးတွေ ဝိုင်းရံထားပြီး အလယ်မှာ အိပ်နေတဲ့လူတွေကိုတောင် မထိမဲ့မြင်ပြုပြီး တစ်ညလုံး ဟိန်းဟောက် လှည့်ပတ်ချောင်းနေသတဲ့၊ တစ်ယောက်မှ အပြင်မထွက်ရဲဘူး၊ လက်နက် တွေပါပေမဲ့ နီးကပ်လွန်းလို့ မပစ်ရဲကြဘူး။

နောက်နေ့တွေကြတော့ နေမဝင်မီ အလုပ်သိမ်းပြီး မြေထိုး စက်ကြီးတွေကို စက်နှိုး မီးထိန်အောင်ဖွင့်ထားပြီး။ အလယ်စည်းဝိုင်းထဲမှာ စုပြုံးငြိမ်နေရသတဲ့ အဲဒါ တစ်ပတ်လောက်ကြာမှ ကျားတွေလည်း မလာတော့ဘူးတဲ့၊ အခုတော့လည်း လူအင်အား (၄၀၀)ကျော် ရှိလို့ ကျားဟိန်းသံတောင် မကြားရတော့ပါဘူး"

"ဒါနဲ့ဆရာ သရဲတစ္ဆေ ခြောက်တာ မြင်ဖူးသလား၊ ကြားတော့ ကြားဖူးမှာပေါ့၊ ကိုယ်တွေ့ ကြုံဖူးသူက အရှားသားဘဲ၊ ဒါပေမဲ့ ဒီစခန်းမှာ နေရင်တော့ ကိုယ်တွေ့ကြုံရပါလိမ့်မယ်၊ အခုမနက် (၃) နာရီထိုးဖို့ ... မိနစ်ဘဲလိုတော့တယ်၊ (၃) နာရီတိတိမှာ စခန်းရဲ့ ထူးခြားမှုက ဆရာကို စတင်နှုတ်ဆက် ကြိုဆိုပါလိမ့်မယ်"

ကျွန်တော်အနေဖြင့် ခရီးကပန်း၊ အိပ်ရေးကပျက်၊ အလုပ် ကလည်း မနားတမ်း လှည့်ပြောင်းစစ်ဆေးနေရသဖြင့် သရဲတစ္ဆေအား ခြောက်ရမည့်အစား အလုပ်ပြီးပြီးချင်း အနားယူ အိပ်စက်ချင်စိတ် သာ လွှမ်းမိုးနေပါတော့သည်။ အလုပ်ပြီးသွားသဖြင့် အလုံးကြီး ကျား စခန်းထဲရှိ ဝါးပက်လက် ကုလားထိုင်တွင် ထိုင်ကာ ကျောဆန့်နေခိုက်



www.burmeseclassic.com

www.burmeseclassic.com

"ဝုန်း . . . အုန်း"

ဟူသော အသံကြီးဖြင့် ရောမသစ်ပင်ကြီးတစ်ပင် ရုံးခန်းအနီး လဲကျသံအား ကြောက်မက်ဖွယ်ရာ အနီးကပ်ကြား လိုက်ရပါသည်။ လေမတိုက်၊ မိုးမရွာဘဲ သစ်ပင်ကြီးတစ်ပင် မြေတုန်ဟီး လျက် လဲပြိုကြသံကြောင့် အံ့သြထိတ်လန့်နေမိစဉ် ထောင်မှူးဦးအုန်းဖေ်မှ. . .

"ဟော မနက် (၃) နာရီထိုးပြီဆရာ"

ဟု အေးဆေးစွာ ပြောဆိုရာ ကျွန်တော်မှ–

"စခန်းဝင်းထဲ သစ်ပင်ကြီး လဲပြိုထင်တယ်၊ လူများ အထိအခိုက် ရှိသလား သွားကြည့်ရအောင်ဗျာ"

ဟု ပြောပြီး လက်နှိပ်ဓါတ်မီးဆွဲ၍ ရုံးခန်းအပြင် ထွက်ရန် ပြင်ဆင်ရာ ထောင်မှူး ဦးအုန်းဖေ်မှ. . .

"ဆရာ အဲဒါသရဲခြောက်တာလေ သွားကြည့်မနေပါနဲ့၊ အိပ်ရေး ပျက်ပါတယ်" ဟု ပြောသဖြင့် ကျွန်တော်မှာ မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ရုံးခန်းအပြင်သို့ ထွက်၍ လက်နှိပ်ဓါတ်မီးဖြင့် ထိုးကြည့်ရာ ကျွန်းပင် ခြောက်ကြီးတစ်ပင်မှာ ရုံးခန်းအနီးလဲနေပြီး၊ ခုတ်လှဲထားသည်မှာ ကြာပြီ ဖြစ်သဖြင့် ၎င်းအပင်ကြီးအား နွယ်ပင်စိမ်းစိမ်းများပင် ရစ်ပတ်ပေါက် နေသည်ကို တွေ့ရှိရပါသည်။

စခန်းအတွင်းရှိ ဝန်ထမ်းနှင့် ရဲဘက်များ၏ အသံမှာလည်း တိတ်ဆိတ်နေပြီး သစ်ပင်ကြီးလဲပြိုသံအား ကြားကြမည်ဖြစ်သော်လည်း ရိုးနေဟန်တူပါသည်။

ထိုစဉ်ထောင်မှူး ဦးအုန်းဖေ်ရောက်ရှိလာပြီး–

"ဆရာ ယုံပြီလား" အဲဒီကျွန်းပင်ကြီးကို လွန်ခဲ့တဲ့ (၆) လ လောက်ကတည်းက ခုတ်လှဲထားတာ၊ သူက နေ့စဉ် မနက် (၃) နာရီ တိတိမှာ လဲသံပေးတယ်၊ တစ်နည်းဆိုရရင်တော့ "သရဲနာရီပင်ကြီး" ပေါ့ဗျာဟု ရယ်မော၍ ပြောဆိုရှင်းပြပါသည်။


www.burmeseclassic.com

www.burmeseclassic.com

အံ့ဩလောက်စရာပါလား။ ဘဲရဲနာရီပင်ကြီးရယ်၊ သရဲ တစ္ဆေ ဘာလည်း ဆွစ်ဇာလန်လုပ် အုဖိုးတန်နာရီ ပတ်ထားဟန်တူပါရဲ့ စံတော် ချိန် အတိအကျပင် တစ်မိနစ်ကလေးမှ မလွဲစေရပါ၊ သရဲခမျာ ညဥ့်စဉ် စံတော်ချိန်ကိုက် အသံပြုပေးရန် တာဝန်ကြီးတစ်ခု ယူထားရသည် ထင်ပါရဲ့။

ထောင်မှူးကြီးသိန်းဝင်း
လှိုင်ဝှက်ဆန်းကြွယ်မဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၂၀၀၁

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

## မင်းပုန်းတဲ့နေရာ ငါသိတယ်

အင်းစိန်ရွာမအလယ်ရပ်ကွက်တစ်ခုလုံး ထောင်ဝေရိယာဖြစ်ပါသည်။ ညနေ အိပ်တန်းပိတ်ချိန်မို့ ထောင်ရပ်ကွက်တစ်ခုလုံး ငြိမ်သက်သွားပါပြီ။ အဆောင်များမှ တန်းစီလူစစ်သံသဲ့သဲ့ကိုသာ ကြားရပါတော့သည်။ စည်းကမ်းတင်းကြပ်သော နယ်မြေဖြစ်သဖြင့် စနစ်တကျ ရှိလှပါသည်။ ကျွန်တော်တို့ အဆောင်မှူးများလည်း ကိုယ်တာဝန်ကျရာအဆောင်များမှ ညနေတန်းပိတ်ချိန် လူပေါင်း စာရင်းယူပြီး၊ မိန်းဂျေးရှိထောင်ပိတ်စာအုပ်ကြီးတွင် ထည့်သွင်းနေကြချိန် ဖြစ်ပါသည်။ မိန်းမတောင် နှင့် တိုက်ခန်းများ၊ အမျိုးသားဆောင်များစာရင်းလည်း ညီပြီဖြစ်ပါသည်။ သို့သော် လူပေါင်းမကိုက်သေးပါ။ ထပ်တလဲလဲ ပြန်စစ်၍ လူပေါင်းစာရင်း ယူသော်လည်း လူပေါင်းမကိုက်သေးပါ။

ည(၇)နာရီလည်း ထိုးပါပြီ ထောင်ပိတ်၍ မရသေးပါ၊ ဘဏ်တိုက်များတွင် ငွေအဝင်အထွက် စာရင်း ကိုက်ညီမှသာ ဘဏ်ပိတ်၍ ရသလိုပင်၊ ထောင်တွင်လည်း လူအဝင်အထွက် စာရင်းကိုက်ညီမှသာ ထောင်ပိတ်၍ ရပါသည်။ အကျဉ်းသားတစ်ဦး လျော့နည်းနေခြင်း ဖြစ်ပါသည်။ အကျဉ်းသားဆိုသဖြင့် ထောင်ကျဆောင်များမှ ဖြစ်ပါသည်။ အမျိုးသမီးအကျဆောင်မှာ လူအဝင်အထွက်နည်းသဖြင့် မမှားနိုင်ပါ။ အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com


ဆောင်မှ တာဝန်ခံထောင်မှူး၊ ဒေါ်ခင်မြကြွယ်မှလည်း လက်မှတ်ရေးထိုး ပြီးပါပြီ။ အချုပ်ထောင်မှူးများလည်း လက်မှတ်ရေးထိုးပြီးပြီ ဖြစ်ပါသည်။ ထောင်ကျဆောင် (၃)ဆောင်ရှိသည့်အနက် ရုံးထွက်၊ ရုံးပြန်နှင့် အလုပ်ကြီးဘက် အလုပ်ဆင်းသော အဆောင်မှာ (၄)ဆောင်ဖြစ်ပါသည်။ အကျဉ်းဆောင် (၃)မှာ မွေးမြူရေးဆောင်ဖြစ်သဖြင့်၊ ၎င်းမွေးမြူရေးလုပ်ခဲ့သော ရဲဘက်(၁၅၀)သာ ရှိပါသည်။ (၅)ဆောင်မှာ ယိုးဒယား ငါးဖမ်းလှေများမှ နိုင်ငံခြားသား၊ အကျဉ်းသားများဖြစ်၍ မမှားနိုင်ပါ။ ထောင်ပိတ်ချိန်ကျော်ပြီဖြစ်၍ ထောင်ပိုင်ကြီး ဦးဘီမဂ္ဂနန်းမှလည်း ဖုန်းတဂွမ်ဂွမ်ဆက်၍ မေးနေပါပြီ။ မိန်းဂျေးတာဝန်ခံ ထောင်မှူးကြီး ဦးလှမြင့်မှ–

"ဦးသိန်းဝင်းရေ ဘယ်လိုလုပ်ကြမလဲ၊ ထောင်ပိုင်ကြီးကလည်း မေးလှပြီ"

"ကျွန်တော့်အထင် ပြောရရင် (၄)ဆောင်ကပဲ၊ အဆောင်တွေမှာ ပုန်းစရာနေရာ မရှိဘူး၊ အလုပ်ကြီးဘက်မှာ ကျန်နေခဲ့ပြီး ပုန်းနေတာပဲ ဖြစ်မယ်၊ ထောင်ကျဆောင် (၄)က အခန်းလူကြီးတွေကို ခေါ်လိုက်မယ်၊ သူတို့အနေနဲ့ ဘယ်သူလိုနေတယ်ဆိုတာကို သိနိုင်တယ်"

သို့နှင့် အလုပ်ကြီးဘက် အလုပ်ဆင်း ရဲဘက်များအား ထောင်ကျဆောင် အခန်းလူကြီးများနှင့် တိုက်ဆိုင်စစ်ဆေးရာတွင် ရာကွတ်(ခ) ရပ်ကွက်အမည်ရှိ ကုလားတစ်ဦး ပျောက်ဆုံးနေကြောင်း သိရပါတော့သည်။ အဖြေရတော့ ည(၈)နာရီ ထိုးပါပြီ။ ထောင်ပိုင်ကြီးကလည်း မိန်းဂျေးသို့ ရောက်ရှိလာပါပြီ။ ထောင်ပိုင်ကြီးမှ –

"ဦးသိန်းဝင်း၊ ဒီကောင် ဘာမှုလဲ၊ ခင်ဗျား သိသလား"

"ဟုတ်ကဲ့ ထောင်ပိုင်ကြီး၊ ဖောက်ထွင်းမှုနဲ့ ထောင်(၅)နှစ်ကျတဲ့ ရာကွတ်(ခ)ရပ်ကွက်ပါ၊ ထောင်ထဲမှာတော့ ရပ်ကွက်လို့ပဲ ခေါ်တယ်၊ အလုပ်ကြီးဘက် မွေ့ရာချုပ်ဂိုဒေါင်မှာ တာဝန်ကျပါတယ်"

"ကဲ ဒါဖြင့် ဦးသိန်းဝင်းရေ၊ အလုပ်ဘက် ဂိုဒေါင်သော့တွေ


www.burmeseclassic.com

www.burmeseclassic.com


ခေါင်းဗျာ၊ အလုပ်ဘက် တာဝန်ခံတွေကိုလည်း ခေါ်ပါ။ ရိုက္ခဒ္ဒရုံးက အရေးပေါ် လက်နှိပ်ဓာတ်မီးတွေလည်း ထုတ်ပါ''

''ဟုတ်ကဲ့ ထောင်ပိုင်ကြီး''

ကျွန်တော်ကိုယ်တိုင် ပြေးလွှားလှုပ်ရှားလိုက်၍(၁၅)မိနစ်အတွင်း ပြည့်စုံသွားသဖြင့် အလုပ်ဘက်သို့ အဖွဲ့လိုက် ချီတက်ခဲ့ကြပါတော့သည်။ ထမအလုပ်ဘက် စတိုဝင်း၊ ဖိနပ်ချုပ်ဂိုဒေါင်၊ လက်သမားဌာန၊ သံဖြူဌာန၊ ကြိမ်ရုံ၊ နောက် ယက္ကန်းအလုပ်ရုံ၊ နောက်ဆုံး ဆားဂိုဒေါင်နှင့် ဆောင်ယာများ၊ ရာဇဝတ်၏ အရိပ်အယောင် အသံဗလံမျှ မတွေ့ရှိရပါ။ သို့နှင့် လက်ယာဘက်ဝင်း စစ်ခွေးတိုက်၊ ဖိနပ်ချုပ်စက်ရုံ၊ စာတိုက်နှင့် မွေ့ရာချုပ်ခိုဒေါင်ဝင်း စုံပါပြီ၊ မတွေ့ရှိရသေးပါ။

ထောင်ပိုင်ကြီးမှ– ''ဦးသိန်းဝင်းရေ၊ အုတ်ရိုးများ၊ ကျော်လွှားပြေးသွားပြီလား။ ကျုပ်တော့ ရာထူးပြုတ်တော့မယ် ထင်တယ်''

''မဟုတ်နိုင်ပါဘူး ထောင်ပိုင်ကြီး၊ ကဲ ရှင်းသွားအောင် အနောက်ဘက်အုတ်ရိုး ပတ်ကြည့်ကြည့်ရအောင် ခင်ဗျာ''

''အနောက်ဘက်အုတ်ရိုးက အနိမ့်ဆုံးပဲ ထောင်ပိုင်ကြီး၊ အနောက်ဂိတ်ကြီးနဲ့လည်း လှမ်းတယ်၊ မီးမောင်းနဲ့လည်း လက်လှမ်းမမီဘူး အဲဒီဘက် သွားကြည့်ကြရအောင် ခင်ဗျာ''

အနောက်ဘက် အုတ်ရိုးထောင့် အရောက်တွင် မွေ့ရာချုပ်ကိုခေါင်အတွန်း သိမ်းဆည်းထားသည့် ပေ(၂၀) အရှည်ရှိ တစ်ကျပ်လုံးလိုက်(၂)ချောင်းအား အုတ်ရိုးနံရံတွင် မှီထောင်ထားသည်ကို တွေ့ရရာ–

''ဦးသိန်းဝင်းရေ လွတ်သွားပြီ ထင်ပါရဲ့ဗျာ၊ ကျုပ်တော့ အဆက်လှူကြီးက ထုတော့မယ်ထင်တယ်''

ကျွန်တော်က အသေအချာ မီးထိုးကြည့်ရာ၊ အုတ်ရိုးပေါ်တွင် စိုက်ထားသည့် အုတ်ခဲများ ပြုတ်ကျနေသော်လည်း အုတ်ရိုးအောက်ခြေ ချေပိုက်များအနီးတွင် လတ်ဆတ်သော ချိုင့်ခွက်ကြီးတစ်ခုကို တွေ့

www.burmeseclassic.com

www.burmeseclassic.com



ရသဖြင့် –

"ထောင်ပိုင်ကြီး ဒီကောင် မလွတ်သေးဘူးဗျာ၊ အုတ်ရိုးပေါ် အရောက်မှာ ပြန်ပြုတ်ကျလို့ ဒီမှာ ဖင်နေရာ ချိုင့်ခွက်ကြီး ဖြစ်နေတယ်၊ ဒီအကောင် အထဲမှာပဲ ရှိမှာပါ။ ကျွန်တော်တော့ မွေ့ရာချုပ်ဂိုဒေါင်နဲ့ စာတိုက်ဂိုဒေါင်ကို ပိုက်စိပ်တိုက် ရှာချင်တယ်"

"ဦးသိန်းဝင်း ကောင်းသလို ကြည့်စီစဉ်ပါ၊ ဒီအကောင် အထဲမှာပဲ ရှိသေးတယ်ဆိုတော့ ကျွန်တော် စိတ်အေးသွားပါပြီ"

သို့နှင့် ကျွန်တော် ဦးဆောင်၍ စာတိုက်နှင့် မွေ့ရာချုပ်ဂိုဒေါင် နှစ်လုံးအား လူအင်အားဖြန့်၍ တစ်ပြိုင်တည်း ဝင်ရောက်ရှာဖွေစဉ် သစ်သားတန်းပြုတ်ကျသံ ကြားလိုက်ရသဖြင့် စာတိုက်နှင့် မွေ့ရာချုပ် ဂိုဒေါင် အနောက်ဘက် ပြတင်းပေါက်တံခါးများအား သွားရောက်စစ်ဆေး ရာ၊ စာတိုက်ဘေးမှ အနောက်ဘက် ပြတင်းတံခါးရှိ (၂"× ၄")တိုင်များ မှာ၊ မူမပျက်ဘဲ တွေ့ရပါသည်။ မသင်္ကာစိတ်ဖြင့် တိုင်တစ်ချောင်းအား ဆွဲကြည့်ရာ၊ အလွယ်တကူ ဖြုတ်၍ရကြောင်း တွေ့ရှိရပါသည်။

ကျွန်တော်တို့အဖွဲ့ ပထမအကြိမ် ရှာစဉ်က ဂိုဒေါင်တစ်လုံးပြီး မှတစ်လုံး ရှာဖွေရာ၊ ကုလားရာကွတ်က အရှောင်အတိမ်း ကျက်ဆိုက်နိုင်း လုပ်၍ နေသဖြင့် ရှာဖွေမတွေ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မွေ့ရာချုပ် ဂိုဒေါင်တစ်လုံးတည်းကိုသာ ပိုက်စိပ်တိုက်ရှာဖွေရန် ဆုံးဖြတ်ပြီး၊ ယင်း ပြတင်းပေါက်နေရာအားလည်း ဝန်ထမ်း(၅)ဦး၊ စောင့်ထားကာ မွေ့ရာ ချုပ်ဂိုဒေါင်အတွင်းမှာ ရှာဖွေရပါတော့သည်။

ဂိုဒေါင်အတွင်းမှာ ရှင်းလှပါသည်။ မျက်နှာကျက်လည်း မရှိပါ။ သစ်ပုံကြီးတစ်ပုံ၊ ဘိလပ်မြေအိတ်တစ်ပုံနှင့် သံစည်ပိုင်းများ၊ သွပ်ဆေးကြီး များနှင့် လယ်ထွန်စက်များ၊ အုန်းဆံမျှင် အပုံကြီး (၃)ပုံသာ ရှိသည်။ ကုလားရာကွတ် မည်သည့်နေရာတွင် ပုန်းအောင်းနိုင်မည်နည်း။

ထိုစဉ် ထောင်ပိုင်ကြီးမှ –



www.burmeseclassic.com

www.burmeseclassic.com



"ဦးသိန်းဝင်းရေ၊ သွားပြီထင်တယ်ဗျို့၊ ဒီမှာလည်း ရှင်းနေတာ ဗျ"

"မသွားပါဘူး ထောင်ပိုင်ကြီး၊ ဒီကောင် ဒီထဲမှာပဲ ရှိပါတယ်၊ ကျွန်တော် ရှာပေးပါ့မယ်"

ကျွန်တော် သိလိုက်ပါပြီ၊ လူတစ်ယောက် ပုန်းအောင်းနေရန် အကောင်းဆုံး နေရာဘယ်နေရာလဲ၊ ကြာကြာပုန်းလို့ရအောင် ဘယ်လို လုပ်မလဲ၊ တက္ကသိုလ်ကျောင်းသားဘဝက ကြည့်ခဲ့ဖူးသော ဂျိမ်းစ်ဘွန်း ဇာတ်ကား 'You Only Live Twice' မှ ဇာတ်လိုက်မင်းသား 'Sean Conery' သည် ရန်သူများ ခွေးနှင့်အနံ့ခံလိုက်ရာစဉ်၊ ရေငုပ်၍ ကျူရိုးနှင့်အသက်ရှူသော နည်းကို သတိရလိုက်မိပါသည်။

ထို့ကြောင့် အပေါက်ဖောက်၍ အသက်ရှူရနိုင်သော အုန်းဆံမျှင် ပုံကြီး(၃)ပုံအား၊ အသေးစိတ်စစ်ဆေးရာ၊ နောက်ဆုံးအပုံ၏ အုတ်နံရံဘက်ဘေးတွင် အတွင်းမှ ဖောက်ထားသော လေရှူပေါက်အား တွေ့ရပါတော့သည်။

"ထောင်ပိုင်ကြီးခင်ဗျား ရာကွတ် ဒီထဲမှာပါ"

"သေချာရဲ့လား ဦးသိန်းဝင်း၊ အသေအချာ ကြည့်ပါဦး"

"ဒီမှာ လေရှူပေါက် ဖောက်ထားတယ်၊ ပုန်းစရာအကောင်းဆုံး နေရာပဲ၊ ထောင်ပိုင်ကြီး"

သို့နှင့် တုတ်တစ်ချောင်းဖြင့် အုန်းဆံမျှင်များအား ဆွဲဖယ်လိုက်ရာ၊ အုတ်နံရံဘက် ခေါင်းငုံ့၍ ဆောင့်ကြောင့်ထိုင် ပုန်းအောင်းနေသော ကုလားလေး ရာကွတ်အား ဖမ်းဆီးမိပါတော့သည်။ ရာကွတ်အား ဖမ်းဆီးရိုက်နှက်ပြီး မိန်းဂျေးသို့ ခေါ်လာ၍ စစ်ဆေးရာ–

ရာကွတ်က "ဆရာကြီး ကျွန်တော် အမှန်အတိုင်း ပြောပါ့မယ် ကျွန်တော် အမှုဖြစ်တုန်းက ရခဲ့တဲ့ပစ္စည်းတွေကို အပျောက်ရှင်းခဲ့ပြီး ထောင်ကျခဲ့တာပါ၊ တပည့်ကို သုံးပုံတစ်ပုံပေးခဲ့ပြီး၊ မိန်းမကို သုံးပုံ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပုံ ပေးခဲ့ပါတယ်။ အဲဒါ တပည့်ဖြစ်သူက မိန်းမနဲ့ ပစ္စည်းအားလုံးကို အပိုင်စီးပြီး၊ အကုန်သုတ်သွားတယ်လို့ ရပ်ကွက်ထဲက ထောင်ကျသစ် အသိတစ်ယောက်က ပြောတာနဲ့ ကျွန်တော် ထွက်ပြေးပြီး၊ အပြတ်ရှင်းဖို့ ကြိုးစားခဲ့တာပါ ခင်ဗျား''

ထိုစဉ် ထောင်ပိုင်ကြီးမှ–

''မင်း အနောက်ဘက် အုတ်ရိုးကျော်တာ၊ အပေါ်ရောက်သေးသလား''

''ဟုတ်ပါတယ် ထောင်ပိုင်ကြီး ခင်ဗျား၊ မဲမဲကောင်ကြီးက ကျွန်တော့်ကို တွန်းချပြီး၊ ဆင်းခိုင်းလို့ ဆင်းပြေးခဲ့တာမှာ ရေပိုက်လုံးတွေက မိုးရေနဲ့ ချောပြီး၊ ပြုတ်ကျလို့ အောက်ကို ဖင်ထိုင်ရက် ကျပါတယ်ခင်ဗျား၊ အဲဒါနဲ့ အုတ်ရိုးမကျော်ရဲတော့ဘဲ၊ ဂိုဒေါင်ထဲမှာ တစ်လှည့်ပြန်နေခဲ့ရတာပါ ခင်ဗျား''

''ကဲ ဦးသိန်းဝင်းရေ၊ ဒီကောင်ကို ဒေါက်ခြေကျဉ်းခတ်ပြီး ပြစ်ဒဏ်တိုက် တစ်လပိတ်ပါ၊ လျှော့ရက် အကုန်ဖြတ်ပြီး၊ ပုဒ်မ(၂၂၄)ရဲဘက်အပြေးမှုနဲ့ တရားရုံးထုတ်ပါ''

''ဦးသိန်းဝင်းကိုတော့ ဆုချတဲ့အနေနဲ့ ညစာ ကျွန်တော်ကျွေးမယ်''

''မနက်စာပါ ထောင်ပိုင်ကြီးခင်ဗျား၊ အခု မနက်(၄)နာရီ ရှိပါပြီ ခင်ဗျား''

ထောင်မှူးကြီးသိန်းဝင်း
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၂၀၀၅

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## မိုးမခစခန်း အလွမ်းပြေ

၁၉ရရ ခုနှစ်၊ အောက်တိုဘာလတွင် ကျွန်တော့်အား ရန်ကုန်-မန္တလေး အမြန်လမ်းဖောက်လုပ်ရေးစခန်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့်ထွက်လာပါသည်။ ထိုစဉ်က ၎င်းစခန်းမှာ ရန်ကုန်မန္တလေးကားလမ်းအား အတိုဆုံးနှင့် အမြန်ဆုံးသွားနိုင်ရန်အတွက် ပဲခူးရိုးမကိုဖြတ်ကျော်ဖောက်လုပ်ရန် စီမံကိန်းဖြစ်သဖြင့် ကျွန်တော်တို့ တာဝန်ကျရာ စခန်းမှာ ဖောင်ကြီးစာဘူးတောင်းရွာအနီးမှ စတင်ပါသည်။ ထောက်ပံ့ရေးဌာနကိုတော့ ညောင်ကုန်းရွာတွင် အခြေချထားပြီး ထောင်မှူးဦးထိ‌‌‌‌း‌‌‌‌‌‌‌‌‌‌‌‌ဝင်းက တာဝန်ခံဖြစ်ပါသည်။

ကျွန်တော့်ဇနီးနှင့် ဦးလေးဖြစ်သူတို့က ဌာနချုပ်စခန်း (မင်းကုန်းသို့ ကားဖြင့်လိုက်ပို့ပါသည်။ အိမ်ထောင်ကျပြီး မကြာသေးခင် စခန်းထွက်ရခြင်းဖြစ်သဖြင့် ကျွန်တော်တို့ အလွန်စိတ်မကောင်းဖြစ်မိပါသည်။ သို့သော် ဝန်ထမ်းဖြစ်သဖြင့် ထားရာနေစေရာသွားရမည်မှာ ကျွန်တော်တို့တာဝန်ပင် ဖြစ်သည် မဟုတ်ပါလော။

ကံဆိုးချင်တော့ မင်းကုန်းစခန်းသို့ရောက်ပြီး ညစာစားသော်၌ အိပ်ရာဝင်ရန် ပြင်ဆင်နေစဉ် ရှေ့တန်းစခန်းမှ ရဲဘော်(၅)ဦးနှင့် ဝန်ထမ်းတစ်ဦး ရောက်ရှိလာပြီး စခန်းထောင်ပိုင်ကြီးအား သတင်း



www.burmeseclassic.com

www.burmeseclassic.com


ါသည်။

ဝန်ထမ်း။ ။ "ဆရာကြီးခင်ဗျား၊ ဗိုလ်ကြီးထွန်းလွင်တို့အဖွဲ့ သုံးတန်ကူးစခန်းသစ် နေရာရှာရင်း တောထဲပျောက်သွားလို့ လာသတင်းပို့တာပါ။"

ထောင်ပိုင်ကြီး။ ။ "ဟေ မင်းတို့နဲ့အတူ သွားတာမဟုတ်ဘူး ဘယ်လိုဖြစ်တာလဲ။"

"ဟုတ်ပါတယ် ဆရာကြီး။ ကျွန်တော်တို့ကို မြေနီကွင်းရွာမှာစောင့်နိုင်းထားခဲ့ပြီး သုံးတန်ကူးစခန်းသစ်ရှာမယ် ပြောသွားပါတယ်။ သူတို့နဲ့အတူ ရွာခံမုဆိုးသားလည်း ပါသွားပါတယ်။ မုဆိုးက ခရီးလွန်နေလို့ သားကိုခေါ်သွားတာပါ။ ကျွန်တော်တို့ကိုတော့ အမဲလိုက်ရင်းလာမှာလို့ဆိုပြီး ထားခဲ့တာပါ။ (၃)ရက်ရှိတာတောင် ပြန်မလာလို့ကျွန်တော်တို့အဖွဲ့ နီးစပ်ရာ လိုက်ရှာကြပါတယ်။ မတွေ့ဘူးခင်ဗျ၊ အဲဒါနဲ့ ကျွန်တော်တို့လည်း တောထဲမှာ မျက်စိလည်ပြီး မိုးချုပ်မှ မင်းကုန်းပြန်ရောက်တာပါ ခင်ဗျား"

ထောင်ပိုင်ကြီး။ ။ "ကဲ ဦးသိန်းဝင်းရေ ခင်ဗျားတို့ ထိပေါက်ပြီဗျို့။ လူငယ်ဆိုလို့ ခင်ဗျားပဲရှိတာဆိုတော့ ခင်ဗျား လိုက်သွားမှဖြစ်တော့မယ်။ အသင့်ပြင်ထားတော့ဗျာ။ ကဲ မင်းတို့အဖွဲ့လည်း အဝတ်အစားလဲ ညစာစားပြီး ဒီက ဆရာထောင်မှူးသိန်းဝင်းနဲ့ တောနင်းရှာကြပါ။ သူတို့အဖွဲ့ သတင်းရရင်တော့ သုံးတန်စခန်းကို ဆက်ရှာကြပါ။ ဝန်ထမ်း၊ ရဲဘက်အင်အား ထပ်ဖြည့်ပေးလိုက်မယ်။ ဝန်ထမ်း (၅)ဦး၊ ရဲဘက်(၂၀)ဦးပေါ့။ ရိုင်ဖယ်သေနတ်(၅)လက်နဲ့ လက်နက်ရိက္ခာတွေလည်း ချက်စာ ထုတ်သွားပါ"

"ဟုတ်ကဲ့ ထောင်ပိုင်ကြီး"

သို့နှင့် ကျွန်တော်နှင့် ဝန်ထမ်း(၅)ဦး၊ ရဲဘက်(၂၀)ဦးတို့ မီးထွန်းခြင်း လက်နှိပ်ဓာတ်မီးများကိုင်ဆောင်ကာ ည(၁၀)နာရီခန့်တွင် ပဲခူး


www.burmeseclassic.com

www.burmeseclassic.com



ရိုးမတောထဲသို့ ဝင်ကြပါတော့သည်။ အောက်တိုဘာလဖြစ်သော်လည်း မိုးမှာ တစိမ့်စိမ့် ရွာနေပါသည်။ သုံးမိုင်ခန့်လျှောက်ရာ ရေနက်ကြီးစခန်းသို့ ရောက်ပါသည်။ စခန်းတာဝန်ခံမှာ ထောင်မှူးကြီး ဦးမြသွင် ဖြစ်ပါသည်။ ခေတ္တနား သံတင်းပို့ပြီး ဆက်ထွက်ရာ ရေနက်ကြီးစခန်းကျော်သည်နှင့် ပဲခူးရိုးမတောကြီးမှာ ပိုမိုနက်ရှိုင်းလာပါသည်။ လူသွားလမ်းမရှိတော့ပါ။ မုဆိုးလမ်းအတိုင်းသာ လိုက်ရပါတော့သည်။ မုဆိုးလမ်းဖြစ်၍ ချုံနွယ်များ၊ သစ်ကိုင်းများအား တိုးဝှေ့သွားကြရကာ ချောလဲသူနှင့် သစ်ကိုင်းရိုက်မိသူနှင့် အတော်ဒုက္ခရောက်ကြပါသည်။

ညဘက်ဖြစ်၍ ခရီးမတွင်လှပါ။ မကြာခဏ မုဆိုးလမ်းပျောက်နေ၍ ပြန်ရှာရပါသည်။ သည်ကြားထဲ မိုးကလည်း မသည်းပေမယ့် တဖွဲဖွဲရွာနေပါသည်။ တောတို့၊ ရေအိုင်ဖြတ်၊ တောင်ကျော်သွားရခြင်းဖြစ်ရာ ညဘက်ဖြစ်၍ ခရီးမတွင်ဘဲ အချိန်ကုန်လူပန်းဖြစ်ပါသည်။ မနက် (၅)နာရီခန့်တွင် 'ကျွန်းတစို့' စခန်းသို့ ရောက်ရှိပါသည်။ စခန်းတွင် ထောင်မှူးကြီး ဦးထွန်းရင်၊ ထောင်မှူးကြီး ဦးသိန်းမြင့်(နှုတ်ခမ်းမွေး)တို့အဖွဲ့နှင့် ဆုံပါသည်။ ဗိုလ်ကြီးထွန်းလွင်နှင့်အဖွဲ့ ပျောက်ဆုံးနေကြောင်းပြောရာ သူတို့လည်း အဖွဲ့နှစ်ဖွဲ့ခွဲ၍ ရှာရန် ပြင်ဆင်ကြပါတော့သည်။

မနက် (၉)နာရီတွင် ကျွန်းညီနောင်စခန်း၌ ပြန်ဆုံကြရန် ချိန်းဆိုကြပြီး ကျွန်တော်တို့လည်း ဆက်လက်ခရီးထွက်ရပါတော့သည်။ အလင်းရောင်ရလာပြီဖြစ်၍ ခရီးတွင်ပါသည်။ မနက်(၉)နာရီတွင် အဖွဲ့များစုရပ် ကျွန်းညီနောင်စခန်းတွင် ပြန်ဆုံကြရာ၊ ဗိုလ်ကြီးထွန်းလွင်နှင့်အဖွဲ့အား ရှာတွေ့ပြီးကြောင်း၊ ဗိုလ်ကြီး ဖျားနေရာ လမ်းမလျှောက်နိုင်သဖြင့် စခန်းချရပ်နား၍ တဖြည်းဖြည်း ထမ်းစင်(စောင်ပုခက်)ဖြင့် သွားနေရသဖြင့် ကြာနေခြင်းဖြစ်ကြောင်း၊ ယခု ထောင်မှူးကြီးဦးထွန်းရင်အဖွဲ့ဖြင့် မင်းကုန်းဆေးရုံသို့ ပြန်ပို့လိုက်ပြီဖြစ်ကြောင်း၊ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့အနေဖြင့် မြေနီကွင်းရွာသို့ သွား၍ လမ်းပြမုဆိုးအား ခေါ်ဆောင်ကာ သုံးတန်ကူး စခန်းအား ဆက်လက်ရှာဖွေရန်ဖြစ်ကြောင်း၊ ထောင်မှူးကြီးသိန်းမြင့်မှ တာဝန်ပေးပါသည်။ ထမင်းထုပ်များပါ ယူလာသဖြင့် ကျွန်တော်တို့အဖွဲ့ မနက်စာစားသောက်ရင်း ခေတ္တနားယူကြပါသည်။ ပြီးနောက် လမ်းပြမုဆိုးခေါ်ရန် မြေနီကွင်းရွာသို့ ထွက်ခဲ့ကြပါတော့သည်။

မြေနီကွင်းရွာမှာ ရိုးမတောင်ခြေကွင်းပြင်တွင် တည်ထားသော အိမ်ခြေ(၂၀)ခန့်ရှိ ရွာကလေးဖြစ်ပါသည်။ ခင်ပြေချင်၍ထင့် မုဆိုးလမ်းပြမှာ ကျွန်တော်တို့အဖွဲ့အား စောင့်နေပါသည်။ သားဖြစ်သူအား ခေါ်သွားသဖြင့် စိတ်ပူနေဟန်ရှိပါသည်။

ခရီးရောက်မဆိုက်ပင် မုဆိုးလမ်းပြ ကိုနီအား အကျိုးအကြောင်း ရှင်းပြ၍ ဆက်လက်ရှာဖွေရာ ညနေ(၂)နာရီခန့်တွင် သုံးတန်ကူးဟု ခေါ်သည်တွင်သော မုဆိုးစခန်းဟောင်းကလေးအား တွေ့ရှိရပါတော့သည်။ အဆောက်အဦးဆို၍ ခေတ္တနားခိုရန် ဆောက်လုပ်ထားသည့် တစ်ဖက်မိုး တဲဟောင်းကလေးသာ ရှိပါသည်။ တောစိမ်းဖြစ်ပြီး သစ်ကြီးဝါးကြီးများ ထူထပ်လှပါသည်။ သစ်ပင်ကြီးများအား တွယ်တက်နေသော ကြိမ်ပင်ကြီးများပင် လူကြီးလက်မောင်းလုံးခန့် တုတ်ပါသည်။

ထိုနေရာကလေးမှာ နေပြောက်ပင် မထိုးပါ။ ရဲဘက်(၅၀၀)ခန့် စခန်းကြီး ဆောက်လုပ်ရန် အကျယ်အဝန်း မရှိပါ။ ချောင်းသုံးတန်တြိဂံဆုံသော ကြက်လျှာစွန်းနေရာကလေးသာ ဖြစ်ပါသည်။ ထို့ညအတွက် ထိုနေရာကလေး၌ပင် ကျွန်တော်တို့အဖွဲ့ စခန်းချရပ်နားရပါတော့သည်။

အောက်တိုဘာမိုးမှာ စဲသွားပြီဖြစ်၍ တော်ပါတော့သည်။ ကျွန်တော်တို့အဖွဲ့ ချက်ချင်းပင် ဝါးများခုတ်၍ ရွက်ဖျင်တဲများ ထိုးရပါတော့သည်။ ထင်းရှာသူ၊ ရေခပ်သူ၊ ချက်ပြုတ်သူနှင့် အလုပ်များ ရပါတော့သည်။ ညနေ (၄)နာရီထိုးစ၌ပင် တောမှာ မှောင်လာပါတော့သည်။

ထိုစဉ် ရဲဘက်အောင်သန်းမှ–



www.burmeseclassic.com

www.burmeseclassic.com


"ဆရာရေ ကျွန်တော် ရေသွားခပ်ရင်း ငါးပေါက်ကလေးတွေ ရလာခဲ့တယ်။ ဆင်ခြေရာကွက်ထဲ မိုးတွင်းက ရေတင်နေပြီးပေါက်နေတာ ဆရာရဲ့ လက်သန်းလုံးလောက်ရှိမယ်။ နှစ်ပိဿာလောက်ကို ရခဲ့တာ၊ အဖွဲ့အတွက် ဟင်းစားရတာပေါ့"

"အေး ကောင်းပါရဲ့ကွာ၊ တို့မှာလည်း ကုလားပဲဘဲ ပါလာတာ အသားဟင်းစားလေးရတာပေါ့၊ အသီးအရွက် ရှာစမ်းပါဦးကွာ၊ အချည်သောက်ဟင်းတစ်ခွက် ရတာပေါ့"

သို့နှင့် ညစာစားချိန်တွင် ငါးသားပေါက်ဟင်းအပြင် ဖင်ပွန်းသီးချည်ရည်ဟင်းနှင့် မြိန်ယှက်စွာ စားကြရပါသည်။ ထမင်းစားပြီးသည်နှင့် မိုးက ရွာလာပါသည်။ ဖွဲရာမှသည်းလာပြီး ရေများပါ စီးလာသဖြင့် မြေကြီးပေါ်တွင် ဖြန့်ခင်းထားသော အိပ်ရာများအား အမြန်ခေါက်သိမ်းပြီး အမိုးအောက်တွင် ထိုင်နေကြရပါတော့သည်။ မိုးမှာ မစဲပါ။ တစ်ညလုံး ရွာနေပါသည်။ ကျွန်တော်တို့ အုပ်စုလည်း ယမန်နေ့ကလည်း မအိပ်ရ၊ ယခုညလည်း မအိပ်ရသဖြင့် အတော်ဒုက္ခရောက်ကြပါသည်။ မီးဖိုထားသော်လည်း ရေစိုထင်းများဖြစ်၍ မီးခိုးမှာ အူနေပါသည်။ ဖြုတ်နှင့် ခြင်များကလည်း ချောင်းသုံးဆိုင်နေရာ ဖြစ်သဖြင့် ပေါလှပါသည်။ ဤကြားထဲ ပတ်ဝန်းကျင်မှ ဆင်အော်သံနှင့် တောတိုးသံများကိုလည်း ရုံဖန်ရံခါ ကြားနေရပါသည်။ သေနတ်ကိုယ်စီပိုက်၍ အိပ်ငိုက်ရသော ဆိုးဝါးလှသည့် အကျည်းတန်ညတစ်ည ဖြစ်ပါသည်။

ရောင်နီလာချိန်ကျမှသာ မိုးလည်း တိတ်သွားပြီး၊ ဆင်အော်သံ၊ ကျားဟိန်းသံများလည်း အဝေးသို့ ရောက်သွားပါသည်။ ကျွန်တော်တို့လည်း စိတ်ချလက်ချ လှဲအိပ်ကြပြီး မနက်(၇)နာရီကျော်မှာ နိုးထကြပါသည်။

ကျွန်တော်တို့ စခန်းချရာ သုံးတန်ကူးစခန်းဟောင်းလေးမှာ တစ်ဧကသာ ကျယ်ဝန်းပြီး လူ(၅၀၀)စာ စခန်းဆောက်ရန်အတွက်


www.burmeseclassic.com

www.burmeseclassic.com


ငြောင်းလွန်းလှသဖြင့် မနက်ပိုင်း လင်းလင်းရှင်းရှင်းတွင် ရှာဖွေ သုံးတန်ကျူး စခန်းမြောက်ဘက်တွင် ကျယ်ပြန့်သော မြေပြန့်တစ်ခု တွေ့ရပါသည်။ သို့သော် သစ်ကြီးဝါးကြီးများ ထူထပ်စွာ ပေါက် ကနေသဖြင့် အတော်ရှင်းနိုင်မှ စခန်းနေရာရနိုင်မည် ဖြစ်ပါသည်။

"ကဲ တပည့်တို့ရေ ဒီနေ့တော့ စခန်းဆောက်ဖို့နေရာတော့ ပြီ တောရှင်းနိုင်မှာ မဟုတ်သေးဘူး။ လောလောဆယ် ငါတို့အုပ် လုံခြုံ အိပ်စက်နိုင်အောင် လူ(၂၅)ယောက် ဆန့်တဲ့ တဲတစ်တဲ အပြီးထိုးမှ ဖြစ်မယ်။ ရေလွှတ်အောင် အခင်းခင်းရမယ်။ အမိုး တော့ ရေငန်းပင်တွေကို ခုတ်ပြီးကြွ။ အကာအကွယ်တော့ င်ထန်းလက်တွေ ခုတ်ကာပါ။ ဝါးပေါသားပဲ၊ ဝါးကြမ်းခင်းလုပ်ကြ တိုင်ကတော့ ဒီတောမှာ အပေါဆုံးပဲ။ (၅)ယောက်တစ်ဖွဲ့ခွဲပြီး ကြကွာ"

"ဟုတ်ကဲ့ ဆရာ ကျွန်တော်တို့အင်အားများသားပဲ၊ ဒီနေ့ စ်တဲ ပြီးအောင် အပြီးဆောက်ပါမယ်"

"အဲ နေဦး အောင်သန်းနဲ့ တင်သောင်းက ဟင်းစားရှာ၊ ခြောက်ကောက်၊ ဒီနေ့ မင်းတို့နှစ်ယောက် အိုးသူကြီးလုပ်ကြကွာ"

သို့နှင့် ညနေစောင်းတွင် တစ်ယောက်တစ်လက်ညီသဖြင့် တော်တို့အဖွဲ့ နားခိုရန် တဲကြီးတစ်လုံး ပြီးစီးသွားပါသည်။ တပည့် ဝါးများဖြင့် ခြစည်းရိုးပါ ကာလိုက်နိုင်သဖြင့် အတော်အတန် သောနေရာတစ်ခု ဖြစ်သွားပါသည်။

ညစာအတွက်တော့ အောင်သန်းနှင့် တင်သောင်းတို့က ငါး ပေါက်ဟင်း၊ ဖရစ်ရိုးချဉ်ရည်ဟင်းအပြင် မျှစ်စို့ပေါက်တို့စရာဖြင့် ပါသည်။ လူသူအရောက်အပေါက်နည်းသော နေရာဖြစ်သဖြင့် များပေါချင်တိုင်းပေါ၍ နေပါတော့သည်။

နောက်တစ်ရက်တွင်မူ လူ(၅)ယောက် တစ်ဖွဲ့စီခွဲ၍ စခန်း



www.burmeseclassic.com

www.burmeseclassic.com

ဆောက်ရန် မြေနေရာအား ရှင်းလင်းကြပါသည်။ တောထူထပ်သဖြင့် ထင်သလောက် နေရာအကျယ်အဝန်း မပြီးစီးသော်လည်း ရေရှည်သုံးနိုင် ထင်းအတွက်တော့ တစ်ပုံတစ်ပင်ကြီး ရရှိပါသည်။ ဖိုကြီးအဖွဲ့ မုဆိုး အောင်သန်းနှင့် တင်သောင်းတို့မှာ ငါးပေါက်ကလေးများ၊ ငါးရံ့၊ ငါးခူနှင့် ငါးပြေမကြီးများပါ ရရှိလာသည့်အပြင် ကြိမ်ခါးဖူး၊ ဇရစ်ရိုးနုနှင့် တင်ပြွန်သီးများကိုပါ တစ်ပွေ့တစ်ပိုက်ကြီး နှုးလာကြပါသည်။ ညစာ ထမင်းဝိုင်းတွင် ငါးကြော်များပါ တိုးလာပါတော့သည်။

သို့နှင့် (၇) ရက် ပြည့်သောနေ့တွင် ရဲဘက်ဘားတိုက်(၅)လုံး ဆောက်လုပ်ရန် မြေနေရာ အကျယ်အဝန်းကို ရှင်းလင်းပြီးဖြစ်ပါသည်။ ယင်းနေ့မနက် (၉)နာရီခန့်တွင် ကျွန်းတစ်စခန်းမှ ထောင်မှူးကြီး ဦး သိန်းမြင့်နှင့် ရဲဘက်အဖွဲ့ ရောက်ရှိလာပြီး လူအင်အားနှင့် ရိက္ခာဖြည့် တင်းပေးပါသည်။

ထို့ကြောင့် ရဲဘက်နှင့် ဝန်ထမ်းများအား ခနိထိုးအဖွဲ့၊ တိုင်ရှာ အဖွဲ့၊ ဝါးရှာအဖွဲ့၊ နီးထိုးနှင့် ကြိမ်ရှာအဖွဲ့များ ခွဲပေးပြီး အောင်သန်းနှင့် တင်သောင်းအား မုဆိုးအဖွဲ့ဖွဲ့ပေးပြီး လူအင်အားများလာသဖြင့် ထမင်း ချက်ဖိုကြီးအား လူအင်အား (၅)ဦးဖြင့် သီးခြားဖွဲ့စည်းပေးပြီး တာဝန် ဝေရပါတော့သည်။ လူအင်အား (၁၀၀)ခန့်ဖြစ်လာသဖြင့် ဖိုကြီးအဖွဲ့လည်း မသက်သာပါ။ ထင်းရှာ၊ ရေခပ်၊ အသီးအရွက်ရှာ၊ ချက်ပြုတ်ရခြင်း အတော်ပင်ပန်းကြပါသည်။ သို့သော် လူအင်အားများလာပြီး အခြေကျ လာသဖြင့် ပျော်ရွှင်လာကြပါသည်။ အစားအသောက်၌လည်း နေ့ည အသားစားရသဖြင့် ပင်ပန်းသော်လည်း အလုပ်ကိုစိတ်ဝင်စားပြီး ပျော်ရွှင် စွာ လုပ်ကိုင်နေကြပါသည်။ ရောက်စကနှင့်တော့ တခြားစီဖြစ်ပါသည်။

တစ်လခန့်အကြာ ရဲဘက် (၅၀၀)ဆန့် တဲ(၅)လုံး၊ ရုံးအဖွဲ့နေအိမ် ရုံးအိမ်ကြီးနှင့် ဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ညွှန်သည်အိပ်ဆောင်များအပြင် သန့်ရှင်းသော ယင်လုံအိမ်သာများကိုပါ ဆောက်လုပ်ပြီးပါသည်။ ဝန်


www.burmeseclassic.com

www.burmeseclassic.com


ဘောဂါကာကွယ်ရန်အတွက်လည်း ချောင်းရေအစား ဗိုကြီးအနီးတွင် သန့်ရှင်းသော ရေတွင်းတစ်တွင်းကို တူးဖော်နိုင်သဖြင့် သောက်သုံးရေ အတွက်လည်း စိတ်အေးရပါတော့သည်။

တစ်လပြည့်သောနေ့တွင် ထောင်မှူးကြီးသိန်းမြင့်(ဗိုက်ချွဲ)နှင့် အထမ်း(၅၀)၊ ရဲဘက် (၄၀၀)ဦး ရောက်ရှိလာပါတော့သည်။ ရိက္ခာကို လည်း တီအီးကားကြီးနှစ်စီးဖြင့် တိုက်လာသဖြင့် တောင့်တင်းခိုင်မာသော စခန်းကြီးတစ်ခု ဖြစ်သွားပါသည်။လူအင်အားများလာသဖြင့် ညအခါ ဘာကောင်ကြီးများ အော်သံကိုပင် မကြားရတော့ပါ။

ဤစခန်းကြီးအား ယခင် 'မုဆိုးစခန်းဟောင်းအမည်အတိုင်း သုံးတန်ကူးရဲဘက်စခန်း' ဟု အမည်တွင်ပါသည်။ စခန်းတာဝန်ခံအနေ ဖြင့် ထောင်မှူးကြီးသိန်းမြင့်(ဗိုက်ချွဲ)က ဆောင်ရွက်ပြီး ထောင်မှူးဦးအေး ချိ (ဆိတ်)က ဦး၊ ရေး ဌာနတာဝန်ခံဖြစ်၍ ကျွန်တော်က ထောက်ပံ့ရေး ဌာနတာဝန်ခံ ဖြစ်လာပါသည်။ သာယာကောင်းမွန်သော စခန်းကြီး ဖြစ်၍လည်း လာလိုက်ကြသည့် ဧည့်သည်များမှာ နေ့စဉ်မစဲ တဖွဲဖွဲဖြစ်ပါ သည်။ သစ်ထုတ်လမ်းလည်း ပြီးသွားပြီဖြစ်သဖြင့် နေ့စဉ်သစ်ကား အဝင် အထွက် ရိက္ခာပို့ကား အဝင်အထွက် များလာပါသည်။

သုံးတန်ကူး ရဲဘက်စခန်းတွင် ပျော်ရွှင်စွာ တာဝန်ထမ်းဆောင် နေခဲ့ရာ (၆)လပြည့်သောနေ့တွင် ကျွန်တော့်အတွက် အမိန့်စာတစ်စောင် ရောက်လာပြန်သည်။ စခန်းသစ်ဆောက်လုပ်ခြင်း ကျွမ်းကျင်သဖြင့် မအူပင် စခန်း (၂) (ဇောင်းတူ) ဆောက်လုပ်ရန်အတွက် ရှေ့တန်းစခန်းများသို့ ပြောင်းရွှေ့ရန် အမိန့်ဖြစ်ပါတော့သည်။

ထောင်မှူးကြီးသိန်းဝင်း
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း၊စက်တင်ဘာလ၊ ၂၀၀၆

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## သူခိုးမြင့်သိန်း

သူခိုးမြင့်သိန်းမှာ အသက် ၃၀ ခန့်၊ အသားညိုညို၊ ပိန်ပိန်ပါးပါး၊ လူ့ဇလံလေးတစ်ယောက်သာ ဖြစ်ပါသည်။ လူပေါင်းဆန့်သူဖြစ်ပြီး လျှပ်စစ်နှင့်ပတ်သက်သော ပစ္စည်းများအားပြင်ဆင်ခြင်း၊ အသစ်တည်ထွင်ခြင်း အလုပ်များကို ကျွမ်းကျင်သူဖြစ်သလို သော့ဝိဇ္ဇာတစ်ဦးလည်း ဖြစ်ပါသည်။ သူ၏ဆောင်ပုဒ်မှာ 'ကမ္ဘာပေါ်တွင် အာမခံသော့ အစစ်အမှန် မပေါ်သေးပါ' တဲ့ ခင်ဗျာ။

မှန်မည်ထင်ပါသည်။ ထောင်၌ အသုံးပြုသည့် အင်္ဂလန်ဖြစ်သော့ အမျိုးမျိုး၊ တရုတ်နီသော့အမျိုးမျိုး၊ ကိုးရီးယားသော့ အမျိုးမျိုးနှင့် နောက်ဆုံးရောက်ရှိလာသည့် အင်္ဂလန်နိုင်ငံလုပ် ဈေးကြီးကြီးပေးရသည့် အာမခံသော့ဖြစ်သော CHUBB ချပ် သော့ကိုပင် အချိန်အနည်းငယ်အတွင်း ဖွင့်နိုင်သူဖြစ်သောကြောင့် သူ၏လက်စွဲဆောင်ပုဒ်အား မှန်မည်ထင်ပါသည်ဟု ရေးသားရခြင်း ဖြစ်ပါသည်။

နောက်ဆုံးတွင် သူခိုးမြင့်သိန်းအား အကျဉ်းထောင်လုံခြုံရေး အရ အဆောင်တွင် လွတ်လပ်စွာမထားတော့ဘဲ တိုက်တွင် သီးခြားခွဲထား ရပါတော့သည်။

ကျွန်တော် တာဝန်မှူးကျသည့် တစ်ညတွင် တိုက်ခန်းများအား



www.burmeseclassic.com

www.burmeseclassic.com

လှည့်လည် စစ်ဆေးပြီးနောက် သူခိုးမြင့်သိန်းအားထားရှိသည့် တိုက်ခန်းသို့ ရောက်ရှိသွားပါသည်။

"ဆရာ တာဝန်မှုးလား"

"ဟုတ်ပါ့ကွာ၊ မင်း အနေအထိုင် ကောင်းရဲ့လား"

"အဆောင်လောက်တော့ ဘယ်ကောင်းပါ့မလဲ ဆရာရယ်၊ တိုက်ဆိုတော့လဲ တစ်ချိန်လုံး တံခါးပိတ်ထားလို့ စိတ်ကျဉ်းကျပ်၊ လူကျဉ်းကျပ်ပေါ့ ဆရာရယ်"

"အဲဒါ ဝဋ်ခံရတာတစ်မျိုးပေါ့၊ နေသားကျသွားတော့လည်း ကောင်းသွားမှာပေါ့ကွာ၊ အလေ့အကျင့်ဆိုတာ လူက လုပ်ယူတာပဲ မဟုတ်လားကွ၊ တရားနဲ့ဖြေပေါ့ကွာ"

"ဆရာကတော့ တရားသဘောနဲ့ တပည့်ကို လာခုံမနေပြန်ပါပြီ တရားရှိမှတော့ ဘယ်လာသူခိုးဖြစ်ပါတော့မလဲ ဆရာရယ်၊ ငါးပါးသီလမှ မမြဲတဲ့ဥစ္စာ"

"အလဲ့ သူခိုးက ငါးပါးသီလတော့ သိသားဟ"

"ကျွန်တော်က သူခိုးဆိုပေမယ့် မြန်မာဗုဒ္ဓဘာသာဝင်ပါ ဆရာ၊ ဓါသနာအရ မြက်မြက်ကလေးရလို့ ခိုးစားနေပေမယ့် ဆင်းရဲသားအိမ် မခိုးဘူး၊ မြန်မာလူမျိုး အချင်းချင်းအိမ် မခိုးဘူး၊ ချမ်းသာပြီး လောဘကြီးတဲ့ တရုတ်၊ ကုလားအိမ်ကိုပဲ ခိုးတာပါ ဆရာ"

"ဒါနဲ့ မင်းအခု နောက်ဆုံးထောင်ကျတာ ခိုးမှုဖြစ်ဖို့တော့ သေချာပါတယ်၊ ဘယ်မှာဖြစ်ခဲ့ပြီး ဘယ်လိုမိသွားတာလဲဆိုတာ လင်းစမ်းပါဦးကွာ"

"သူခိုးက ခိုးမှုနဲ့ထောင်ကျတာတော့ အဆန်းလားဆရာရယ်၊ ဒါပေမယ့် ဒီတစ်ခါ ထောင်ကျတာတော့ နာတယ်ဆရာရေ့၊ အလုပ်လုပ်နေတုန်း မိတယ်ဆိုလဲ ထားပါတော့၊ အခုဟာက 'အလုပ်ပြီးလို့အပြန် ကားစောင့်နေတုန်း တပည့်အသုံးမကျလို့ လှည့်ကင်းနဲ့တိုးပြီး အဖမ်းခံရတာ


www.burmeseclassic.com

www.burmeseclassic.com


ဆရာရေ့၊ အဲ ဖေါက်တာကတော့ သက်နိုးကျွန်း အပေါင်ဆိုင်ပါဆရာ၊ ဘုရတ်သူဌေးအပိုင်ပေါ့''

''ကဲ မင်းဇာတ်လမ်းလေး ပြည့်ပြည့်စုံစုံ နားထောင်ရအောင်ကွာ''

''ဒီလိုဆရာရေ့၊ အရင်တုန်းက ကျွန်တော် တစ်ကိုယ်တော် ဖောက်ထွင်းဝိဇ္ဇာပါ ဆရာ၊ အဲ့ဒီအပေါင်ဆိုင်ကို ဖေါက်ဖို့ကြံတော့မှ တစ်ယောက်တည်း မဖြစ်နိုင်မှန်း သိလာရတယ်ဆရာ၊ အပေါင်ဆိုင်က လူသွားလူလာမပြတ်တဲ့ လမ်းဆုံမှာရှိနေတော့ အပြင်ကအခြေအနေသိမှ အတွင်းကလူက စိတ်ချလက်ချ အလုပ်လုပ်နိုင်မှာ မဟုတ်လားဆရာ၊ ဒါနဲ့ နယ်က အပေါင်တစ်ယောက်ကို စိတ်တိုင်းကျ ရွေးချယ်ပြီးလေ့ကျင့်ပေးရတာ ၃လလောက် ကြာတယ်ဆရာ၊ လိုအပ်တဲ့ပစ္စည်း ရှာဖွေစုဆောင်းရတာနဲ့ ကြံထွင်ရတာနဲ့၊ အပေါင်ဆိုင် ဖွင့်ချိန်၊ ပိတ်ချိန်၊ အစောင့်အခြေအနေ၊ ထည့်သွင်းထားသိုပုံစနစ်တွေကိုလဲ ဒီသုံးလထဲမှာပဲ လေ့လာစူးစမ်းရတာပေါ့ဆရာ၊ အရင်က ခိုးထားတဲ့ရွှေတွေကိုလဲ ပုံစံပြောင်းပြီး သုံးလေးခါလောက် ဒီဆိုင်မှာ သွားပေါင်ရသေးတယ်ဆရာ၊ ဝင်လမ်းထွက်လမ်း လေ့လာတဲ့ သဘောပေါ့၊ ဘာအလိုပ်ပဲဖြစ်ဖြစ် စနစ်တကျ လေ့လာစီစဉ်မှ အကြံအစည် ထမြောက်အောင်မြင်နိုင်မှာကိုး ဆရာရဲ့။

အဲဒါနဲ့ အပေါင်ဆိုင်ဖောက်မဲ့ညကို လမိုက်ညတစ်ညရွေးပြီး လူပြတ်တဲ့ ည ၁၂ နာရီ အချိန်လောက်မှာ အလုပ်စရတာပေါ့ဆရာ။

အလုပ်သင်တပည့်ကို အပေါင်ဆိုင် အရှေ့ဘက်အခြမ်းနဲ့ အစောင့်ကင်းတဲကို လှမ်းမြင်နေရတဲ့ ပန်းခြံထောင့်က သစ်ပင်အောက်က ခုံတန်းခုံမှာ အရက်မူးသမားဟန်ဆောင်ပြီး ထိုင်ခိုင်းထားရတယ်၊ ထလိုက် ထိုင်လိုက်ပေါ့၊ သူ့ကို ကျွန်တော်ထွင်ထားတဲ့ လမ်းလျှောက်စကားပြောဖုန်း တစ်လုံးလဲ ပေးထားတယ်၊ တစ်မိုင်ပတ်လည်အတွင်းမှာတော့ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်လို့ရပါတယ်၊ ကျွန်တော့်မှာလဲ တစ်လုံးရှိတော့ တပည့်လေးသူက အပြင်အခြေအနေကို သတင်းပို့နိုင်ပါတယ်၊ အပြင် အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေကိုသိမှ အထဲမှာ အလုပ်လုပ်တဲ့သူက စိတ်အေးချမ်းပြီး အလု
တွင်ကျယ်တာပေါ့ ဆရာရယ်။

အပေါင်ဆိုင်အရှေ့ထောင့် ဓါတ်မီးတိုင်အောက်မှာ ညစော
ကင်းတဲလေးတစ်လုံးရှိတယ် ဆရာ၊ ညစောင့်ဦးလှကြီးက အသက် ၆
လောက်ရှိပြီ၊ လက်ဖက်ရည်ကျကျ ကြိုက်တတ်လို့ ည ၉နာရီလော
ကတည်းက လက်ဖက်ရည်ကျကျ နှစ်ခွက်တောင်ဝယ်ပေးထားတာ၊ ည
၁၀ နာရီလောက်ကျတော့ ဦးလှကြီးအိပ်သွားပြီ၊ မအိပ်ခံနိုင်ရိုးလာ
လက်ဖက်ရည်ထဲ အိပ်ဆေးတွေထည့်ပေးလိုက်တာကိုး၊ လက်ဆမှာ
အောင်လဲ အတော်ချိန်ဆရသေးတယ် ဆရာရေ့၊ တော်ကြာ ဦးလှကြ
မနက် အပေါင်ဆိုင်ဖွင့်ချိန်ထိ မနိုးဘဲအိပ်နေရင် အလုပ်ပြုတ်မှာ စိုးလို့
ဦးလှကြီးကိုလဲ သုံးလအတွင်း ခင်မင်အောင် ပေါင်းထားရသေးတယ်
ဆရာ့ရေ့။

ည ၁၂ နာရီထိုးတာနဲ့ အပေါင်ဆိုင် အနောက်ပေါက်ကသော့
ကျွန်တော့် မာစတာကီးနဲ့ဖွင့်ပြီး ဝင်တယ်ဆရာ၊ သံဘာဂျာတံခါးကြီး
သွားတော့ အထဲကို အသာလျှိုဝင်ပြီး တံခါးပြန်စေ့၊ အတွင်းသံတံခါးကြီး
သော့ခလောက်ကြီးနှစ်လုံး ခတ်ထားလို့ အတော်ဖွင့်ယူရတယ် ဆ
အင်္ဂလန်လုပ် အာမခံသော့ကြီးတွေပေါ့ဗျာ၊ ဒါပေမယ့် ကျွန်တော့်
သူခိုးနဲ့တွေ့တော့လဲ အာမခံသော့ကြီးတွေ နာမည်ပျက်ကုန်တာပေါ့ ဆ
ရယ်၊ အတွင်းအလုပ်ခန်းရောက်တော့ ရုံးသုံးစားပွဲနဲ့ သံဗီရိုကြီးတွေတန်း
တွေ့ရတယ် ဆရာ၊ သော့တွေခတ်ထားလို့ ဖွင့်ကြည့်တာ ငွေသားနဲ့
ရွှေတို၊ ရွှေစတွေပဲတွေ့ရလို့ သူခိုးသိက္ခာကျမှာစိုးတာနဲ့ မယူတော့
လက်ရာမပျက် ပြန်ပိတ်ပြီး သော့ပါပြန်ခတ်ထားလိုက်တယ် ဆရာ

ကျွန်တော် အလုပ်လုပ်ရင် လက်အိတ်အပါးစားလေး အမြဲ
သုံးတာမို့ လက်ဗွေကျန်ခဲ့မှာလဲ မစိုးရိမ်ရဘူးပေါ့ ဆရာ၊ လက်ဗွေကျန်ခဲ့
တော့ ဖေါက်ထွင်းမှုနဲ့ ထောင်ခဏခဏကျဖူးတဲ့ ကျွန်တော့်အတွ



www.burmeseclassic.com

www.burmeseclassic.com


ဘယ်ချောင်မလဲ ဆရာ၊ ရဲစခန်းမှာ ကျွန်တော့်လက်ဗွေမှတ်တမ်းက ရှိပြီးသားကိုး ဆရာရဲ့၊ အဲဒီတော့ သူခိုးလုပ်သူလဲ အသက်ဉာဏ်စောင့် ဆိုသလို ပညာသုံးရတော့တာပေါ့ ဆရာ။

အဲဒါနဲ့ အတွင်းခန်း (အဖိုးတန်ပစ္စည်းထားတဲ့အခန်း) ရှာတော့ ရုံးခန်းဗီရိုတွေနောက်မှာ ဝင်ပေါက်ကို တွေ့ရတယ်ဆရာ၊ သံဘာဂျာတံခါး တစ်ထပ်နဲ့ သံထုတံခါးကြီးတစ်ချပ်ကို သော့ကြီးနှစ်လုံးစီနဲ့ အခိုင်အမာ ခတ်ထားတာ ဆရာ၊ မီးခံအခန်းကြီး ထင်ပါရဲ့ဗျာ၊ အဲ့ဒီတခါးနှစ်ထပ်ကို မဖွင့်ခင် အသေးစိတ်စစ်ဆေးရသေးတယ်၊ စိတ်ချရတော့မှ အပြင် အစောင့်တပည့်ဆီကို ဖုန်းနဲ့ဆက်သွယ်ပြီး အခြေအနေကို မေးရတာပေါ့ ဆရာ၊ အဓိက အလုပ်ကြီးလုပ်ရတော့မှာဆိုတော့ အချိန်လိုပြီလေဆရာ၊ အပြင်အခြေအနေ အေးချမ်းမှ အထဲမှာ အလုပ်ကောင်းကောင်း လုပ်နိုင်မှာကိုး ဆရာရဲ့။

မာစတာကီးနဲ့ နှစ်ကြိမ် သုံးကြိမ် ကြိုးစားလိုက်ရုံနဲ့ တံခါးကြီး နှစ်ချပ်ကို ဖွင့်လို့ရတယ် ဆရာ၊ အတွင်းရောက်လို့ လက်နှိပ်ဓါတ်မီးနဲ့ ထိုးကြည့်တော့မှ အင်္ဂလန်နိုင်ငံလုပ် မီးခံသေတ္တာကြီး သုံးလုံးကို တန်းစီ ပြီး တွေ့ရတော့တာပဲ ဆရာ၊ ဒီသော့မျိုးက ကျွန်တော် ကျွမ်းကျင်ပြီးသား လေ ဆရာ၊ တော်ရုံသူခိုးတော့ လက်မြှောက်ရတတ်တယ်၊ သူက တရုတ် သော့တွေလို မောင်းထိန်း မဟုတ်ဘူး ဆရာ၊ RELAY KEY SYS-TEM ဖြစ်လို့ KEY တွေကို အသေတစ်ဖက်ရိုက်ထားပြီး အထစ်တူတဲ့ သော့နဲ့တွေ့မှ တစ်ဆင့်ပြီးတစ်ဆင့် တွန်းပြီး သော့ခလောက်ကို ဖွင့်ပေး တာ ဆရာ၊ အထစ်ကလဲ အနည်းဆုံး သုံးထစ်လောက်တူမှ အထဲက RELAY KEY တွေက အလုပ်လုပ်တာ ဆရာ၊ တရုတ်သော့တွေလို BALL နဲ့ SPRING ကန်အားနဲ့ သော့တွေကို တွန်းဖွင့်ပေးတာ မဟုတ် ဘူး ဆရာ၊ ဒါကြောင့် တော်ရုံသူခိုး မဖွင့်နိုင်လို့ အာမခံသော့လို့ခေါ် တာပါ၊ ကျွန်တော့်အတွက်တော့ ကမ္ဘာပေါ်မှာ အာမခံသော့ မရှိသေးပါ



www.burmeseclassic.com

www.burmeseclassic.com


ဘူး ဆရာ''

''မင်း ကြားတာလဲ နားထောင်လို့ ကောင်းပါရဲ့ကွာ၊ အဲဒီကြား တတ်တဲ့ ဉာဉ်လေးကြောင့် အဆောင်မှာ မထားဘဲ တိုက်ခန်းထဲအပို့ခံ ရတာ မဟုတ်လား သူခိုးရဲ့''

''ဟုတ်ပါ့ ဆရာရေ၊ ကျွန်တော်ကလဲ မနေတတ်တော့ ခက်တာ ပေါ့၊ တနင်္လာနေ့က ၁ဆောင်ကို ထောင်ပိုင်ကြီး တန်းစီလာစစ်တုန်း အောက် ၁ခန်းသော့ ဖွင့်မရလို့ ဒုအဆောင်မှူးက ကျွန်တော့်ကို အရေး ပေါ် လာခေါ်တယ် ဆရာ၊ အဲဒါနဲ့ ဖိုကြီးက သံချောင်းတစ်ချောင်း ရှာ ပြီး လိုက်ဖွင့်ပေးလိုက်တယ် ဆရာ၊ အဆောင်သော့ခလောက်တွေက လွတ်လပ်ရေး ရစလောက်ကတည်းက သုံးခဲ့တဲ့ သော့တွေဖြစ်လို့ KEY တွေစားပြီး အထိုင်တွေ မမှန်တော့ဘူး ဆရာ၊ သူ့သော့နဲ့ သူတောင် ဖွင့်ဖို့မလွယ်ဘူး၊ နားလည်ရင်တော့ သံချောင်း(သွပ်နန်းကြိုး)တစ်ချောင်း ရှိရင် အဆောင်ကသော့အားလုံးကို ဖွင့်လို့ရတယ် ဆရာ။

''အဲဒါနဲ့ သော့ဖွင့်ပြီးသွားရော ဆိုပါတော့ ဆရာ၊ ထောင်ပိုင် ကြီးခေါ်တယ်ဆိုတာနဲ့ ၁ဆောင် အဆောင်မှူးရုံးခန်းကို အပြေးသွားတာ၊ သော့ဖွင့်ပေးလို့ ချော့ရက်ရမလား၊ ချီးမွမ်းခံရမလား မှတ်ပါတယ်၊ ဟိုလဲရောက်ရော ထောင်ပိုင်ကြီးက ဒုအဆောင်မှူးနဲ့ အဆောင်မှူးကို တန်းစီပြီး ဆူနေကာ၊ ကျွန်တော်လဲ ရောက်သွားရော

'အဲဒီအကောင် စိတ်မချရဘူး၊ ချက်ချင်း တိုက်ပို့လိုက်တဲ့ ခင်ဗျား၊ အဲ့ဒါနဲ့ပဲ ကျွန်တော်လဲ တိုက်ခန်းနဲ့ နေရတော့တာပါပဲ ဆရာရယ်''

''ကောင်းပါ့ကွာ၊ ကဲ မင်းဇာတ်လမ်း ဆက်ပါဦးကွာ''

''ဘယ်တောင် ရောက်သွားပြီလဲ မသိဘူး ဆရာ''

''အတွင်းခန်းထဲမှာ မီးခံသေတ္တာကြီး သုံးလုံး တန်းစီနေတဲ့ဆီ ကို ရောက်သွားပြီလေကွာ''

''ဟုတ်ပြီ ဆရာ၊ အဲ့ဒီမှာ ကျွန်တော်လဲ မီးခံသေတ္တာကြီးသုံး


www.burmeseclassic.com

www.burmeseclassic.com



လုံးကို နှစ်ဆင့်ခတ်၊ နှစ်ချက်ဖွင့်စနစ်နဲ့ ဖွင့်လိုက်တာ၊ ပွင့်သွားပြီး ရာတန်အုပ်တွေနဲ့ ရွှေထည်၊ ငွေထည်တွေကို တွေ့ရတော့တာပဲ ဆရာမေ့ အဲ့ဒါနဲ့ အသင့်ယူလာတဲ့ ဆာလာအိတ် သုံးလုံးထဲကို ငွေတွေ ရွှေတွေ အပြည့်ထည့်ပြီး နောက်ဖေးပေါက်ဆီ တစ်ခုချင်း မ,ရွှေ့ရတော့တာပေါ့ ဆရာရယ်။

ဆာလာအိတ်သုံးလုံးအပြင် ကျွန်တော့်ရဲ့ ဖောက်ထွင်းကိရိယာတွေကလဲ လွယ်အိတ်တစ်လုံးအပြည့်မို့ သုံးခေါက်နဲ့တောင် မပြီးလို့ လေးခေါက်သယ်ရတယ် ဆရာ၊ နောက်ဆုံးအခေါက်မှာတော့ ခြေရာလက်ရာ မကျန်အောင် ဖျောက်ဖျက်ပြီး မီးခံသေတ္တာနဲ့ တံခါးတွေကို မူလအတိုင်း ဟန်မပျက် ပြန်ပိတ်ပေးပြီး အားလုံးပြီးလို့ စိတ်ချရတာနဲ့ အပြင်ကစောင့်နေတဲ့ တပည့်ဆီ အကြောင်းကြားပြီး အခြေအနေ ကောင်းတယ်ဆိုမှ နောက်ဖေးပေါက်ကို လာခိုင်းရတာပေါ့ ဆရာ။

တပည့်လဲ အခြေအနေကောင်းတယ်ဆိုပြီး ပစ္စည်းတွေ လာသယ်တယ်၊ အပေါင်ဆိုင် နောက်ဖေးတံခါးနှစ်ထပ်ကို လက်ရာမပျက်သော့ပြန်ခတ်ပေးပြီး ကျွန်တော်လဲ ပစ္စည်းတွေကို ပန်းခြံထဲက ချုံအောက်မှာထားပြီး ကြုံတဲ့ကားနဲ့ နယ်လစ်ဖို့ပါပဲ ဆရာ၊ ကားငှားပြီး ကြိုတင်စီစဉ်ထားရင် ရရဲ့သားနဲ့ ကားသမားက ဖေါ်ကောင်လုပ်မှာစိုးတာနဲ့ ကြုံရာကားငှားစီးဖို့ စီစဉ်ရတာပါ ဆရာ၊ ငွေအိတ်သုံးလုံးကိုတော့ တပည့်သယ်သူက အကုန်သယ်ပေးပါတယ်၊ ကျွန်တော်က သူ့ပခုံးပေါ် ဝိုင်းမပေးနိုင်ပါဘူး၊ ဒါနဲ့ ကျွန်တော်လဲ ကျွန်တော့် ပစ္စည်းအိတ်ကိုပဲသယ်ပြီး ပန်းခြံဘက်အလာ၊ အစောင့် ဦးလှကြီး ကင်းတဲနားကအဖြတ်မှာ အမယ်ဦးလှကြီးက ဟောက်များတောင် ဟောက်လို့ တစ်ခေါ်ခေါ်နဲ့ အိပ်ကောင်းနေနိုင်း အိပ်ကင်းစောင့်တုန်းပေါ့ဗျာ။

ပတ်ဝန်းကျင် ရာသီဥတုကောင်းတာနဲ့ ကျွန်တော်လဲ ပန်းခြံအောင်က ခုံတန်းပေါ်မှာထိုင်ပြီး ဆေးလိပ်ဖွာရင်း ပြီးခဲ့တဲ့ အလုပ်ကိုစ



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်စဉ်းစားရင်း အနားယူနေတာပေါ့ ဆရာရယ်၊ တပည့်လဲ ပစ္စည်းတွေသိမ်းဆည်းပြီးလို့ ထင်ပါရဲ့၊ ကျွန်တော်ထိုင်တဲ့ ထိုင်ခုံအစွန်းမှာ လာထိုင်ပါတယ်။

အဲဒီအချိန်မှာပဲ လှည်းကင်းစက်ဘီးအဖွဲ့ စက်ဘီးနဲ့ ကင်းလှည့်ရင်း ကျွန်တော်တို့ကို တွေ့လို့ လှမ်းမေးတယ် ဆရာ၊ ကျွန်တော်ကလဲ သပ်သပ်ရပ်ရပ် သားသားနားနား ဝတ်ဆင်ထားတာမို့ ခပ်တည်တည်နဲ့ နယ်သွားမလို့ ကားကြုံစောင့်နေတာပါလို့ ပြောလိုက်တော့ သူတို့ ယုံသွားပုံရပါတယ်၊ ကျွန်တော်ကလဲ အပေါင်ဆိုင်ဖောက်တုန်းက အပေါ်က ဝတ်ထားတဲ့ ဂျာကင်အနက်ရောင်ကို ချွတ်ထားပြီး လက်ခေါင်းတုံးအင်္ကျီ လက်ရှည်အဖြူ၊ ရွှေကြယ်သီးတပ်နဲ့ ရာဒိုနာရီ ရွှေရောင်တဝင်းဝင်း ဝတ်ထားတာပဲ ဆရာရယ်၊ ဘယ်သူက သူခိုးလို့ ထင်မှာလဲ၊ ငါးသုံးလုံး စီးကရက်ကလဲ မှောင်ထဲမှာ မီးတရဲရဲနဲ့၊ စီးကရက်မွှေးနံ့ကလဲ ကြိုင်လို့လေ ဆရာရဲ့၊ အဲ့ဒါနဲ့ လှည်းကင်းအဖွဲ့ဝင်သုံးဦး ပြန်လှည့်အထွက်မှာ နောက်ကျန်တစ်ဦး အူယားဖားယား ရောက်လာပြီး ဗိုက်နာလို့တဲ့၊ ပန်းခြံထဲက မှောင်ရိပ်ထဲမှာ အလေးစွန့်ဖို့ဆိုပြီး ပြေးဝင်သွားတယ်၊ ကျန်သုံးဦးက စောင့်နေတာနဲ့ ကျွန်တော်လဲ စကားစမြည်ပြောရင်း ဆေးလိပ်သွားတည်လိုက်ပါတယ်၊ သူတို့လဲ ဆေးလိပ်တစ်လိပ်စီ ကိုယ်စီ ယူသောက်ကြရင်း၊ ပန်းခြံထဲက သူတို့အဖော်ကို စောင့်ရင်း ကားကြုံဝိုင်းတားပေးလို့ ကုန်ကားကြီးတစ်စီး ရပ်ပေးပါတယ်။

ကားဆရာ ဘယ်သွားမလဲလို့ မေးတယ်၊ ကျွန်တော်တို့အခြေအနေအရ ဒီနယ်က လွတ်ဖို့အရေးကြီးဆုံး မဟုတ်လား ဆရာ၊ ဘယ်သွားသွား လိုက်ရမှာပေါ့၊ ဒါပေမယ့် လှည်းကင်းတွေရှေ့မှာ ငွေထုပ်ကြီးတွေထမ်းထုတ်ပြီး ကားပေါ်တင်တာနဲ့ ဘာတွေလဲလို့မေးရင် ဘယ်လိုဖြေရမလဲ၊ တစ်ခါ ငွေထုပ်ကြီးတွေကို ကျွန်တော်တို့အနားမှာ ချထားတာမဟုတ်ဘဲ ပန်းခြံထဲက ချုံအောက်မှာ တပည့်ကို ဝှက်ခိုင်းထားတာဆို



www.burmeseclassic.com

www.burmeseclassic.com


တော့ အဲဒီချုံထဲက သွားထုတ်ယူတာနဲ့ လှည့်ကင်းအဖွဲ့ သက်သေမကင်း ကြတော့မှာပဲ၊ အဲဒါကြောင့် ကျွန်တော်လဲ ဘယ်မြို့သွားမယ် မပြော ဘဲ ကားဆရာ ဘယ်ရောက်မလဲလို့ အရင်မေးရတာပေါ့၊ သူက သွားမှာတဲ့၊ အဲ့ဒီတော့ ကျွန်တော်က ပြည်သွားမှာလို့ လိုးလွှဲဖြေရ တာပေါ့၊ အဲ့ဒါနဲ့ ကားဆရာလဲ လမ်းမတူဘူးပြောပြီး ဆက်ထွက် သွားတယ်။

လှည့်ကင်းကလဲ သဘောကောင်းရှာပါတယ်။ ကားကြုံလာမှာ ဆက်စောင့်ပေါ့တဲ့။ အဲ့ဒီအချိန်မှာဘဲ ကံဆိုးချင်တော့ ပန်းခြုံမှောင် ထဲ အလေးသွားတဲ့ ပုဂ္ဂိုလ်က ကိစ္စပြီးလို့ပြန်အထွက်၊ ကျွန်တော့် ည့် ပေါ့ဆလို့ ငွေထုပ်ကြီးတစ်ထုပ်က ပန်းချုံအပြင်ထွက်နေတာနဲ့ င်ထဲမှာ ခလုတ်တိုက်လဲပြီး လှမ်းအော်တော့တာပေါ့၊ ဒါနဲ့ လှည့်ကင်း ဝင်တွေ လက်နှိပ်ဓါတ်မီးကိုယ်စီနဲ့ ပြေးသွားကြပြီး ရှာကြတော့ ပ်ကြီး သုံးထုပ်ကို မိတော့တာပေါ့ ဆရာရယ်၊ ကျွန်တော် ငြင်းပါ တယ်၊ ကျွန်တော့်ပစ္စည်း မဟုတ်ဘူးလို့၊ ဒါပေမယ့် ထပ်ပြီး ကံဆိုး တော့ ကျွန်တော့်ဘေးက ထိုင်ခုံပေါ်မှာ ချထားတဲ့ ခရီးဆောင်အိတ် ဖွင့်လဲရှာရော လမ်းလျှောက်စကားပြောဖုန်းနှစ်လုံးနဲ့ ဖောက်ထွင်း း‌တွေကို မိတော့တာပေါ့ ဆရာရယ်၊ ကျွန်တော် အစောပိုင်းက ပါသေးတယ်၊ ငွေအများကြီးရှိနေပြီပဲ၊ ဖောက်ထွင်းပစ္စည်းတွေကို စ်ဖို့ကိစ္စပါ၊ ဒါပေမယ့် ကျွန်တော့်ပစ္စည်းတွေကို ငွေထက် တန်ဖိုး တယ် ဆရာရဲ့၊ ဘက်ပေါင်းစုံသုံးနိုင်တဲ့အပြင် အင်္ဂလန်နဲ့ ဂျာမဏီ အကောင်စားပစ္စည်းတွေဖြစ်ပြီး မနည်းရှာဖွေစုဆောင်းထားရတာ အဲဒါနဲ့ပဲ ဖောက်ထွင်းပစ္စည်းရော၊ ဖောက်ထွင်းလက်နက်ကိရိယာ မိမှတော့ သူခိုးဘယ်ပြေးလွတ်တော့မလဲ ဆရာ၊ နောက်ဆုံး ကြတယ်ပဲဆိုပါတော့၊ လှည့်ကင်းအဖွဲ့နဲ့ အပေးအယူလုပ်ဖို့ညှိ တာပေါ့ ဆရာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မရဘူး ဆရာရေ၊ တကယ့်အမာခံတွေပဲ၊ တစ်ခါတည်း ကျွန်တော်တို့နှစ်ဦးကို လက်ထိပ်ခတ်ပြီး ရဲစခန်း ဖမ်းခေါ်တော့တာပဲ၊ ဟိုရောက်တော့ စခန်းမှူးက မျက်နှာသိဖြစ်နေပြီး ပစ္စည်းဒိုင်းလူကို အချုပ်ထဲထည့်တယ်၊ နောက်တစ်နေ့မှာတော့ စခန်းမှာ လုံခြုံရေး စိတ်မချရဘူးဆိုပြီး အင်းစိန်ထောင်ကို တန်းပို့တော့တာပဲ ဆရာရေ၊

ယမန်ကြီးတစ်ပတ်ပြည့်လို့ ရုံးထုတ်တော့မှ ကြားရတာကတော့ အပေါင်ဆိုင်က ခြေရာ၊ လက်ရာ မပျက်လို့ ချက်ချင်း မသိဘူးတဲ့ ဆရာ၊ ပစ္စည်းလာရွေးလို့ မီးခံသေတ္တာ ဖွင့်တာတောင် ခြေရာ လက်ရာ မပျက်လို့ ဇဝေဇဝါဖြစ်နေတုန်းပဲတဲ့၊ နောက်မှ မီးခံသေတ္တာသုံးလုံးစလုံးက ရွှေတွေ၊ ငွေတွေ ပျောက်နေမှန်းသိမှ ဖောက်ထွင်းခံရကြောင်း သိပြီး ရဲစခန်းတိုင်တာလို့ ပြောတယ် ဆရာ''

''မင်းတို့က ရဲစခန်းမှာ အဲ့ဒီအပေါင်ဆိုင်ကို ဖောက်တာလို့ ဝန်မခံဘူးလား၊ ငွေကရော ဘယ်လောက်များသလဲကွ''

''ဝန်မခံခဲ့ဘူး ဆရာ၊ တခြားသူဌေး အိမ်တစ်အိမ်ကို ဖောက်တာလို့ လွှဲပြောထားခဲ့တာ၊ ငွေကတော့ ရာတန်တွေချည်းပဲ ရွေးယူလာခဲ့လို့ သိန်း ၁၀၀လောက် ရှိမယ်၊ လက်ဝတ်လက်စား ရွှေထည်တွေနဲ့ဆိုရင် သိန်း ၁၅၀ဖိုးလောက်တော့ ရှိမှာပေါ့''

''ဘာကြောင့် ဝန်မခံဘဲ လွှဲပြောခဲ့ရတာလဲကွ''

''အပေါင်ဆိုင်နဲ့ ကျွန်တော်နေတဲ့ ဘုရားလမ်းအိမ်က အနီးကလေး ဆရာ၊ ဖေါ်လိုက်ရင် ရပ်ကွက်ထဲမှာ သူခိုးသိက္ခာ ကျတော့မှာပေါ့ ဆရာရယ်၊ ထောင်ထဲရောက်မှ အဖြစ်မှန်ပေါ်တော့လဲ သူခိုး မျက်နှာမပျက်ရတော့ဘူးပေါ့၊ ကျွန်တော်က ရပ်ကွက်ထဲမှာ လျှပ်စစ်အင်ဂျင်နီယာဆိုပြီး ခပ်တည်တည်နေတာ ဆရာရဲ့''

''မင်းအိမ်က အနီးကလေးဆိုရင် ဘာဖြစ်လို့ ငွေထုပ်ကြီးတွေကို မင်းအိမ်တန်းမသယ်တာလဲ''



www.burmeseclassic.com

www.burmeseclassic.com

"မဖြစ်ဘူး ဆရာ၊ အိမ်ရှေ့ဓါတ်တိုင်အောက်မှာ မီးကင်းထဲ ရှိတယ်၊ ကင်းစောင့်တဲ့ ကောင်လေးတွေက မျက်နှာသိတွေချည်းပဲ၊ အပေါင်ဆိုင် အဖောက်ခံရတယ် ဆိုတာနဲ့ ကျွန်တော့်ကို ဝိုင်းလက်ညှိုး ထိုးကြမှာ"

"ကောင်းပါ့ကွာ၊ သူခိုးသိက္ခာကျမှာနဲ့ မျက်နှာမပူရမှာနဲ့ ကောင်းလိုက်တဲ့ ဆင်ခြေတွေ၊ ငွေပုံကြီးမြင်ရပြီး မသုံးလိုက်ရဘဲ ထောင်တန်းကျတာရော သိရဲ့လားကွ၊ 'မကောင်းမှုဟူသည် ဆိတ်ကွယ်ရာ မရှိ' ဆိုတဲ့ စကားပုံလို မင်းတို့ လကွယ်ညမှောင်ထဲမှာ လှုပ်ရှားနေပေမယ့် တရားဥပဒေ မျက်လုံးက မြင်တယ်ကွ၊ သူ့ကို မထေမဲ့မြင်ပြုလို့ မရဘူး၊ ဒီ သူခိုးရေ အပြင်လောကမှာ သူခိုးဖြစ်လို့ ငါးပါးသီလ မမြဲရင် နေပါစေ ထောင်ထဲမှာတော့ ငါးပါးသီလမြဲအောင် အတတ်နိုင်ဆုံး ကြိုးစားလိုက်ဦးပေါ့ကွာ"

"ကဲ ငါလဲ မင်းဇာတ်လမ်း နားထောင်ရတာနဲ့ အချိန်တောင် အတော်လင့်သွားပြီ၊ ထောင်ပြင်ကင်းတွေ စစ်စရာရှိသေးလို့ လစ်လိုက်ဦးမယ် သူခိုးရေ"

ထောင်မှူးကြီးသိန်းဝင်း

သည်းထိတ်ရင်ဖိုမဂ္ဂဇင်း၊ မတ်လ၊ ၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## ရုက္ခစိုးခြေရာ

သစ်ပင်ကြီးလျှင် ရုက္ခစိုးရှိသည်၊ သစ်ပင်ကြီးများအောက်တွင် မဖွယ်မရာ စကားပြောဆိုခြင်း၊ မလေးမစားပြုလုပ်ခြင်း စသဖြင့် မလုပ်ရန် ရှေးလူကြီးသူမများ ဆုံးမစကားပြောကြားသည်ကို သင်လည်း ကြားဖူးပါလိမ့်မည်။

သို့သော် ရုက္ခစိုးနတ်ကြီးကို ကိုယ်တိုင် မြင်ဖူးသူ ရှိပါ၏လေစ။ သာမန်လူများအနေဖြင့် ပုံပြင်စာအုပ်များ၊ ကာတွန်းစာအုပ်များ၊ အိပ်မက်များထဲတွင်တော့ မြင်ဖူးကြားဖူးကြပါလိမ့်မည်။

တစ်ဆင့်စကား တစ်ဆင့်ကြားဖြင့် ရုက္ခစိုးရှိသည်ဟုဆိုသော သစ်ပင်ကြီးများတွင် သားဆုပန်ခြင်း၊ အမဲပစ်တောလိုက်ရာတွင် လှံ၊ ကြက်ဥ၊ ဘဲဥ၊ ထမင်းဦးပေါင်း စသည်တို့ဖြင့် တင်မြှောက်ပူဇော်ပသပြီး ချိုကျိုးနားရွက်ပဲ့ သားကောင်းများအား ပေးသနားပါရန် တောင်းရမ်းခြင်း စသည်တို့ကိုတော့ လူတိုင်းကြားဖူးနားဝ ရှိကြပါလိမ့်မည်။

ကျွန်တော်တို့ ဝန်ထမ်းများအနေဖြင့် အစိုးရစီမံကိန်းအရ ဆောင်ပေါင်းများစွာသော သစ်ပင်ကြီးများကို ရိုးမတောအတွင်း ခုတ်လှဲခဲ့ရာ ရုက္ခစိုးအား တစ်ခါဖူးမျှ မမြင်ဖူးခဲ့ပါ။ သို့သော် အဓိကရသစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးများနှင့် ပတ်သက်၍ ထူးဆန်းအံ့သြဖွယ်ကောင်းသော အဖြစ်အပျက်များကိုတော့ ကိုယ်တွေ့ကြုံဖူးခဲ့ပါသည်။ ရက္ခစိုးနတ်ကြီးအား ကိုယ်တွေ့ မမြင်ဖူးသော်လည်း ၎င်း၏ခြေရာစစ်စစ်ကိုတော့ ကျွန်တော်နှင့်တကွ လူ(၅၀)ခန့် ကိုယ်တွေ့မြင်ဖူးကြပါသည်ဟု ဆိုရသော် သင်ယုံမှာလား အောက်တွင်ဖော်ပြမည့် တကယ့်အဖြစ်အပျက်က သက်သေခံပါလိမ့်မည်၊

ကျွန်တော် အကျဉ်းဦးစီးဌာနတွင် တာဝန်ထမ်းဆောင်စဉ်က ကိုယ်တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များ ဖြစ်ပါသည်။ ဝိညာဉ်လောက တကယ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကိုယ်တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များအား မှတ်တမ်းတင်ခြင်းသာ ဖြစ်ပါသည်။

ရန်ကုန်–မန္တလေး အမြန်ကားလမ်းမကြီး ဖောက်လုပ်ရန်အတွက် လမ်းအူကြောင်း ရှာခြင်း၊ လမ်းနယ်ပေ (၆၀၀) တောကြမ်းရှင်းခြင်း၊ ငုတ်ထုတ်ခြင်း၊ လုပ်ငန်းများ ဆောင်ရွက်စဉ်ကာလ ၁၉၇၅ ခုနှစ် မတ်လအတွင်း ဖြစ်ပါသည်။

ကျွန်တော်တို့ တာဝန်ကျရာ ရေနက်ကြီး စခန်းမှာ လမ်းနယ်မြေနှင့် ကိုက်(၂၀၀)ခန့် ကွာဝေးပြီး၊ ဒယ်အိုးပုံ ချိုင့်ဝှမ်းကြီး ဖြစ်ပါသည်၊ စမ်းချောင်းများ ရှိခြင်း၊ ရေထွက်ကောင်းခြင်း၊ မြေပြန့်ကျယ်ဝန်းခြင်းတို့ကြောင့် စခန်းဆောက်လုပ်ရန်အတွက် နေရာရွေးချယ်ခဲ့ပြီး ရဲဘက်အင်အား (၅၀၀)ခန့် နေထိုင်ရန်အတွက် တစ်ဆောင်လျှင် ရဲဘက်(၁၀၀)ဆန့် ရင်ကွဲဘားတိုက်ကြီး (၅)လုံး ဆောက်လုပ်ထားပြီး၊ စခန်းရုံး၊ ထမင်းချက်ဖိုနှင့် လုပ်ငန်းသုံးပစ္စည်းများ ထားရှိရန် စတိုခန်းကြီးတစ်ခု၊ ရိက္ခာဂိုဒေါင်ကြီးတစ်ခု ဆောက်လုပ်ထားပြီး၊ စခန်းဧရိယာ အကျယ်အဝန်းမှာ ကိုက်(၈၀၀)ခန့် ရှိပါသည်။ ရဲဘက်အိပ်ဆောင်များအား ဝန်းရံလျက် ဝန်ထမ်းများ၏ ယာယီတဲအိမ်ကလေးများအား ဆောက်လုပ်ထားပါသည်။ ဝါးပေါသော ဒေသဖြစ်သဖြင့် အဆောက်အဦးအားလုံး ဝါးထရံကာ၊ ဝါးဖာမိုးများ ဖြစ်ပါသည်။ ကျွန်တော်တို့ ထောင်မှူးများနှင့် ထောင်ပိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြီး နေအိမ်မှာ ရုံးအဆောက်အဦးတွင် အခန်းဖွဲ့၍ စုပေါင်းနေထိုင်ကြ ခြင်း ဖြစ်ပါသည်။

စခန်းတည်နေရာမှာ မူလက သစ်ခုတ်၊ ဝါးခုတ် စခန်းဟောင်း ဖြစ်၍ ယခင် အခေါ်အဝေါ်အတိုင်း 'ရေနက်ကြီး' ဟု အမည်သတ်မှတ် ခဲ့ခြင်း ဖြစ်ပါသည်။

စခန်းမြောက်ဘက်တွင် သဘာဝအလျောက်ဖြစ်နေသော တောင်ကုန်းကလေးပေါ်၌ ကျောက်ဖျာကြီးတစ်ချပ်မှာ မြေတွင် အလျား လိုက် ခင်းကျင်းထားပြီး၊ ကျောက်ဖျာကြီး (၃)ချပ်မှာ ထောင်လိုက်အနေ အထားဖြင့် မြေတွင်စိုက်ဝင်လျက်ရှိပါသည်။ လူများ လုပ်ဆောင်ထားသ ကဲ့သို့ အထိမ်းအမှတ်ကျောက်တိုင်သဖွယ် ထူးဆန်းစွာဖြစ်တည်လျက်ရှိ ပါသည်။ ဒေသခံလူများ၏ ပြောစကားအရ ပသီမောင်နှမ သဘာဝနတ် စခန်းဖြစ်ကြောင်း၊ မရိုမသေ၊ မလေးမစား မပြုရန်နှင့် သန့်ရှင်းစွာထား ရန် သတိပေးထားပါသည်။

သို့သော် အနယ်နယ် အရပ်ရပ်မှ အမှုမျိုးစုံဖြင့် ရောက်ရှိလာ သော ရဲဘက်များဖြစ်သည့်အလျောက် မယုံကြည်သူများအနေဖြင့် ကျောက်ဖျာပေါ်တွင် ခိုး၍အိပ်ခြင်း၊ ကျောက်ဖျာများအား အကာအကွယ် ပြု၍ ထမင်း၊ ဟင်းချက်စားခြင်း၊ ကျင်ကြီးကျင်ငယ်စွန့်ခြင်း အမှုများ ပြုကြသည်။ ထိုသို့ ပြုသူများ ဝမ်းလျှော၊ ဝမ်းပျက်ရောဂါဖြင့် မကြာခဏ ဆောက်တန်းဆေးရုံသို့ပို့ရသော ဦးရေ များလာမှ သိရှိရပြီး ထောင်ပိုင် ကြီးအမိန့်ဖြင့် ၎င်းနေရာအား သန့်ရှင်းရေးပြုလုပ်၍ သံဆူးကြိုးကာရံပြီး အမွှေးနံ့သာဆီမီးများ ကပ်လှူပူဇော်၍ တောင်းပန်ပါမှ ဝမ်းလျှောဝမ်း ပျက်ရောဂါများ ရပ်တန့်သွားပါတော့သည်။

ကျွန်တော် တာဝန်ယူရသော တပ်စုမှာ ဝန်ထမ်း (၁၀)ဦးနှင့် ရဲဘက် (၁၀၀)ဖြစ်ပြီး၊ အဓိကလုပ်ငန်းမှာ သစ်ပင်ကြီးများအား ခုတ်လှဲ ခြင်း ဖြစ်ပါသည်။ ကျွန်တော့်တပ်စုတွင် သစ်ခုတ်လုပ်ငန်း ကျွမ်းကျင်



www.burmeseclassic.com

www.burmeseclassic.com



သော မတ္တရာနယ်သားများ၊ အများစုပါဝင်သဖြင့် သစ်ပင်ကြီးများ ခုတ်လှဲရာတွင် နာမည်ရတပ်စု ဖြစ်ပါသည်။ နေ့စဉ် သတ်မှတ်ထားသော အလျားပေ (၁၀၀) အနံ ပေ(၆၀၀) အကျယ်အဝန်းရှိလုပ်ငန်း "ကိုတာ" အား တက်ညီလက်ညီ လုပ်ကိုင်နိုင်ခြင်းကြောင့် နံနက် (၇)နာရီ အလုပ်စချိန်မှ နေ့လည် (၁၂)နာရီ ထမင်းစားချိန်တွင် ကျွန်တော်တို့တပ်စုအား သတ်မှတ်ပေးထားသည့် တောရှင်းဧရိယာအတွက် အကျယ်အဝန်းကို ပြီးစီးလေ့ရှိပါသည်။ အခြားတပ်စုများအနေဖြင့် ညနေ အလုပ်သိမ်းချိန်အထိ သတ်မှတ်ဧရိယာ မပြီးစီးသည့်အပြင် နောက်နေ့များအတွက်ပင် လုပ်ငန်းကြွေး ကျန်လေ့ရှိပါသည်။ ပဲခူးရိုးမတောအတွင်းဖြစ်၍ ညနေ(၄) နာရီထိုးလျှင်ပင် မှောင်စပြုလာပြီး တောကောင်များ အန္တရာယ်ရှိသဖြင့် ညနေ (၄)နာရီထိုးလျှင်ပင် အလုပ်သိမ်းလေ့ရှိပါသည်။

ယနေ့ စနေနေ့ဖြစ်ရာ မနက်ဖြန် အလုပ်ပိတ်ရက် တနင်္ဂနွေနေ့ဖြစ်သော်လည်း တနင်္လာနေ့တွင် လုပ်ငန်းခွင်သို့ လာရောက်စစ်ဆေးမည်ဖြစ်သဖြင့် ယနေ့လုပ်ငန်းခွင်တွင် ကြွေးကျန်ရှိသူများ မနက်ဖြန် တနင်္ဂနွေနေ့ဖြစ်သော်လည်း အလုပ်ဆင်းရမည်ဟု ထောင်ပိုင်ကြီးမှ မနက်ခင်းတန်းစီတွင် မှာကြားထားသဖြင့် ကျွန်တော်တို့တပ်စုအား စိတ်ချသော်လည်း တပ်လှန့်နှိုးဆော်ထားရပါသည်။ ကျွန်တော်တို့တပ်စု တာဝန်ကျသော အပိုင်းမှာ ပျဉ်းကတိုး၊ ပိတောက်နှင့် ပျဉ်းမပင်ကြီးများ ထူထပ်စွာပေါက်ရောက်နေသည့်အပြင် ပင်စည်လုံးပတ်ကြီးမားလှသဖြင့် ကျွန်တော့်တပ်စုမှ မတ္တရာနယ်သားများပင်လျှင် လက်မြှောက်ရမလို ဖြစ်နေပါသည်။

နေမွန်းတည့်ချိန်၊ ထမင်းစားချိန်ဖြစ်သော်လည်း ကျွန်တော်၏ တပ်စုမှာ ယခင်နေ့များကကဲ့သို့ သတ်မှတ်ကိုတာ မပြီးသည့်အပြင် ကိုတာ တစ်ဝက်ခန့် ကျန်နေသေးကြောင်း တပ်စုတပ်ကြပ်ကြီး ဦးအောင်ထိမှ သတင်းပို့လာပါသည်။ ထို့ပြင် တောနက်အတွင်း ဖြစ်လာပြီဖြစ်သဖြင့် ပင်စည်လုံးပတ်ကြီးသော အပင်ကြီးများကြောင့်လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com


ချိုမြောင် ချောက်ကမ်းပါးများ ခံနေ၍လည်းကောင်း၊ ခုတ်လှဲရာတွင် ခက်ခဲကြောင်း။ ညနေခင်း တန်းစီရာတွင် ထောင်ပိုင်ကြီးအား 'ကိုတာ' လျှော့ပေါ့ရန် တင်ပြပေးစေလိုကြောင်း သတင်းပို့လာပါသည်။

ကျွန်တော်မှ တင်ပြပေးမည်ဖြစ်ကြောင်း၊ သို့သော် ယနေ့ မိမိတပ်စုအား တာဝန်ချထားသည့် 'ကိုတာ'ကိုတော့ အတတ်နိုင်ဆုံး ပြီးစီးစေရန် ကြိုးပမ်းစေလိုကြောင်း မှာကြားရာ တပ်စုတပ်ကြပ်ကြီးမှ အခက်အခဲတစ်ခု ထပ်မံတင်ပြလိုကြောင်း၊ ၎င်းမှာ ယနေ့ ကျွန်တော်တို့ တပ်စု တာဝန်ကျရာ ဧရိယာအစ လမ်းအူကြောင်း အလယ်တည့်တည့် တွင် လုံး(၃)ဖက်ခန့်ရှိ ကညင်ပင်ကြီးတစ်ပင် ရှိကြောင်း၊ ပေ(၃၀၀)ခန့် မြင့်ပြီး ဖယောင်းတိုင်ကဲ့သို့ ဖြောင့်တန်းနေကြောင်း ရဲဘက်များ အောက် ခြေတွင် လုံး(၂)ရပ်ခန့် ငြမ်းဆင်ပြီး မြစ်ပျဉ်းလွှတ်ရာနေရာမှ စတင်၍ အပင်ကြီးအား ခုတ်လှဲပါကြောင်း၊ သစ်ခုတ်ပုဆိန်ဖြင့် ပတ်လည်ပေါက် ၍ သစ်ဆွဲလွှဖြင့် ဖြတ်ရာ လွှမှာ တစ်ဘက်မှတစ်ဘက်သို့ ပေါက်သွား သော်လည်း အပင်ကြီးမှာ မလဲကြောင်း သတင်းပို့လာပါသည်။

ယင်းအပင်ကြီးအား ကျွန်တော်လည်း မြင်ခဲ့ပြီးဖြစ်ပါသည်၊ သစ်လုပ်ငန်းမှ ချန်ထားခိုင်းသည်ထင်၍ အမှုမဲ့အမှတ်မဲ့ နေခဲ့ခြင်းဖြစ် ပါသည်။ ညနေ အလုပ်သိမ်းချိန်တွင် ကျွန်တော်တို့တပ်စု ကိုတာ ပြီး သလောက်ရှိပါသည်။ ပြီးသလောက်ဆိုသည်မှာ ကညင်ပင်ကြီးလမ်းလယ် ခေါင်တွင် ထီးထီးကြီးကျန်နေခဲ့သဖြင့် မနက်ဖြန် အလုပ်ပိတ်ရက်ဖြစ် သော်လည်း အချိန်ပို အလုပ်ဆင်းရတော့မည်မှာ သေချာပေါက်ဖြစ်နေ သောကြောင့် ဖြစ်ပါသည်။

တနင်္ဂနွေနေ့ နံနက်ခင်း ထောင်ဖွင့်ပြီးချိန်ဖြစ်ပါသည်။ ကျွန် တော် ဦးဆောင်လျက် တပ်ကြပ်ကြီး အောင်ထိန်နှင့် မတ္တရာနယ်သား အပ်စိတ်မှူး (၄)ယောက်အား ခေါ်ယူ၍ ကျန်တပ်စုများအား အနားပေး ထားလျက် ကညင်ပင်ကြီးဆီသို့ ချီတက်ခဲ့ကြပါသည်။ လုပ်ငန်းသုံး

www.burmeseclassic.com



ပစ္စည်းများအား နေရာချထားပြီးနောက် တပ်ကြပ်ကြီး ဦးအောင်ထိမှ မတ္တရာနယ်သား ရဲဘက်တပ်စိပ်မှူး (၄)ဦးတို့အား တစ်ဆိုင်းလျှင် (၂)ဦးစီ (၂)ဆိုင်းခွဲ၍ တစ်လှည့်စီ သစ်ခုတ်ပေါက်ဆိန်ကြီးများဖြင့် ကညင်ပင်ကြီးအား လွှကြောင်းရာအတိုင်း ခုတ်လှဲစေပါသည်။ ပထမအဆိုင်း မောင်မဲနှင့် ဖိုးထူးတို့အတွဲ စတင်ခုတ်လှဲပါသည်။ ဖိုးထူး(၄)(၅)ချက်ခန့် ခုတ်လှဲအပြီးတွင် "အား"ဟု အော်သံကြီး ကြားရပြီး ငြမ်းစင်ပေါ်မှ ပြုတ်ကျမလိုဖြစ်သဖြင့် အနီးတွင်ရှိသည့် မောင်မဲက လှမ်းဆွဲလိုက်ပြီး "ဖိုးထူး သတိမေ့သွားတယ်ထင်တယ်၊ လုပ်ကြပါဦး" ဟု လှမ်းအော်သဖြင့် ဒုတိယအဆိုင်းမှ ရဲဘက် (၂)ဦးက ဖိုးထူးအား ထိန်း၍ ငြမ်းစင်ပေါ်မှ အောက်သို့ ချပေးပါသည်။ ဖိုးထူးမှာ မျက်လုံးပြူးကြီးဖြင့် သတိလစ်နေသည်ကို အံ့သြစွာ တွေ့ရပါသည်။

ဖိုးထူးအား ပက်လက်အနေအထားဖြင့် အသက်ရှူအားကူနည်းဖြင့် ပြုစုခြင်း၊ မျက်နှာအား ရေဖြင့် ပက်ခြင်း ပြုလုပ်သော်လည်း သတိမရသဖြင့် ရဲဘက်များအား တစ်လှည့်စီထမ်းပိုးစေပြီး စခန်းသို့ ပြန်ခဲ့ကြပါသည်။ စခန်းအဝင်ဝတွင် လုပ်ငန်းစစ်ဆေးရန်ထွက်လာသော ထောင်ပိုင်ကြီး ဦးသက်ထွန်းနှင့် တွေ့သဖြင့် စခန်းမှ ဆေးမှူးအား အမြန်ဆုံးခေါ်ယူကာ စခန်းရုံးခန်း၌ ပြုစုကြပါသည်။ (၁၅)မိနစ်ခန့် ပြုစုပြီးနောက် ဖိုးထူးမှာ သတိရလာပြီး၊ နှုတ်မှ တရွရွပြောဆို၍ ၎င်း၏ ရင်ဘတ်အား ပုတ်ပြပါသည်။ သို့သော် စကားသံလုံးဝ ထွက်ပေါ်မလာပါ၊ ၎င်း၏ အင်္ကျီကြယ်သီးအား ဖြုတ်၍ ကြည့်ရှုရာ နီရဲသော လူခြေရာကြီးတစ်ခုအား ထူးဆန်းစွာ တွေ့ရှိရပါသည်။

"ဖိုးထူး ဘာဖြစ်တာလည်း ပြောစမ်း" ဟု ကျွန်တော်က မေးရာ နှုတ်မှတရွရွပြောသော်လည်း စကားသံ ထွက်ပေါ်မလာပါ။ လက်ဟန်ခြေဟန်ဖြင့်သာ ၎င်း၏ရင်ဘတ်အား ပုတ်ပြနေပါသည်။

သို့နှင့် ထောင်ပိုင်ကြီးဦးသက်ထွန်းမှ စောင်ပုခက်အား အမြန်



www.burmeseclassic.com

www.burmeseclassic.com



သုံးဆင်စေပြီး ရဲဘက် (၁၀)ဦးအား (၂)ဦးစီ အဆိုင်း (၅)ဆိုင်းခွဲ၍ တစ်လှည့်စီ ထမ်းစေကာ မင်းကုန်း အခြေစိုက်စခန်းဆေးရုံသို့ အမြန် ဆုံး ပို့စေပါသည်။

လူနာမှာ ကျွန်တော့်တပ်စုမှ ဖြစ်သဖြင့် ကျွန်တော်လည်း မင်းကုန်းစခန်းဆေးရုံအထိ (၅)မိုင်ခန့်ဝေးသော ခရီးကို ကုန်းကြောင်း လျှောက်၍ ပို့ရပါတော့သည်။ မင်းကုန်းစခန်းတွင် ထောင်ပိုင်ကြီးများအား သတင်းပို့၍ စခန်းဆေးရုံသို့ အရေးပေါ်တင်ကာ ဆရာဝန်များဖြင့် ပြုစု ခဲ့ပါသည်။ ရဲဘက် ဖိုးထူးမှာ ကောင်းစွာ သတိရလာပြီဖြစ်သော်လည်း စကားလုံးဝပြောနိုင်ခြင်းမရှိပါ။ ထို့ကြောင့် ဆရာဝန်၏ ညွှန်ကြားချက်အရ ဖိုးထူးအား စာရွက်တစ်ရွက်နှင့် ဘောလ်ပင်တစ်ချောင်းပေးကာ ၎င်း၏ ဖြစ်ပျက်ခံစားမှုအား စာဖြင့်ရေးသားပြရန် ပြောဆိုရာ အောက်ပါအတိုင်း ရေးပြသည်ကို ထူးဆန်းအံ့သြဖွယ်ရာ တွေ့ရှိရပါတော့သည်။

"ကျွန်တော် ကညင်ပင်ကြီးအား ပေါက်ဆိန်ဖြင့် သုံးလေးချက် ခန့် ခုတ်နေစဉ် ပင်စည်အတွင်းမှ အစော်ဖြူဝတ်စုံ ဆင်မြန်းထားသော ဘိုးတော်နှင့်တူသူ လူတစ်ဦး ပေါ်လာပါသည်။ ကျွန်တော့်အား "ငမိုက် သား ဆက်မခုတ်နဲ့" ဟု တားပါသည်။ ကျွန်တော်မှ တကယ်လိုလို အိပ်မက်လိုလိုနှင့် ဆက်ခုတ်နေမိရာ "တားမရလည်း မင်းထိုက်နဲ့ မင်း ဘာဲ့ သွားဟ" ဟု ပြောဆိုကာ ကျွန်တော်၏ရင်ဘတ်အား ဖနောင့်နှင့် ပေါက်လိုက်ပါသည်။ ထိုအချိန်မှစ၍ ကျွန်တော်လည်း သတိလစ်သွားရာ သတိပြန်ရသောအချိန်တွင် စကားမပြောနိုင်တော့ပါ။ ဆရာဝန်ကြီးများ ကျွန်တော့်အား ကယ်တင်ပါရန် တောင်းပါသည်" ဟု စာရေး၍ ရှင်းလင်း ပြပါသည်။ ဝိုင်းဝန်းကြည့်ရှုကာနေသူအားလုံး "ဟာ–ဟင်" ဟု အသံ ထွက်ခါ အံ့သြကြီးစွာဖြစ်ကြရပါသည်။ ဆရာဝန်ကြီးများအနေဖြင့်လည်း ကြုံဖူးသော ကိစ္စဖြစ်၍ ဆေးပညာဖြင့် လက်လျှော့မမီဘဲ ဖိုးလည်း သော ခပ်ရွာလူကြီးသူမများအား အကူအညီတောင်းရန် အကြံပေးကြ



www.burmeseclassic.com

www.burmeseclassic.com


ပါသည်။

သို့နှင့် စခန်းမှ တာဝန်ရှိလူကြီးများသည် အနီးအနားရှိ မင်းကုန်းကျေးရွာမှ အတွေ့အကြုံရှိသူ လူကြီးများအား ပင့်ဖိတ်၍ အကူအညီတောင်းခံကြရပါတော့သည်။

မင်းကုန်းကျေးရွာမှ အသက်(၈၅)နှစ် ရှိသူ မုဆိုးဟောင်းကြီးဦးတောက်ထိန်မှ. . .

"အဲဒီကညင်ပင်ကြီးက အဓိကရ အပင်ကြီးကွ၊ ငါတို့ ငယ်စဉ်ကတည်းက အပင်ကြီးအောက်ကို တစ်ယောက်တည်း မသွားရဲဘူး၊ နတ်ကွန်းတစ်ခုလည်း သစ်ပင်ကြီးအောက်မှာ ရှိတယ်၊ တို့ရွာနီးချုပ်စပ်မှာ ရောဂါဘယထူပြောလျှင်လည်းကောင်း၊ မုဆိုးများ တောလည်ရာတွင်လည်းကောင်း၊ အန္တရာယ်ကင်းစေရန်အတွက် ထမင်းဦးပေါင်း၊ လှော်ကြက်ဥ၊ ဘဲဥပြုတ်များနှင့် တင်မြှောက်ပသကြရတယ်၊ အခု နှစ်ပေါင်းကြာလာတော့ သစ်ပင်ခြုံပုတ်များနှင့် ဖုံးလွှမ်းပြီး နတ်ကွန်းလည်း ရှိတော့ဟန်မတူဘူး၊ ဒါပေမယ့် ငါတို့ရွာက မုဆိုးနဲ့ သစ်ခုတ်သမားအားလုံး ဒီကညင်ပင်ကြီးကို မှတ်မိကြတယ်၊ သစ်ပင်ကြီးအောက်မှာ မရှိမသေမလေးမစားတော့ မလုပ်နဲ့မောင်၊ မျက်စိလည်လမ်းမှားပြီး တောမှောက်တော့တာပဲ၊ ခုနှစ်ရက် ခုနှစ်လီ လမ်းစပျောက်နေပြီး၊ လူသူတစ်ဦးတစ်ယောက်နဲ့တွေ့မှ အိမ်ပြန်ရောက်တာ၊ မယုံမရှိနဲ့မောင်၊ အဘကကိုယ်တွေ့ပဲ" ဟု ပြောဆိုပါသည်။ BURMESE CLASSIC

ကျွန်တော်မှ "အဘက ကညင်ပင်ကြီးအောက်မှာ ဘာသွားလုပ်လို့လဲ" ဟု မေးမြန်းရာ. . .

"ငါကွာ မယုံကြည် မလေးစားလို့ မဟုတ်ပါဘူး၊ မအောင်နိုင်တာနဲ့ အပေါ့သွားမိတာ၊ ခုနှစ်ရက် ခုနှစ်လီ တောထဲမှာ မျက်စိလည်နေပြီး၊ ငါတို့ရွာက မုဆိုးတာတီးနဲ့တွေ့မှ အိမ်ပြန်ရောက်တော့တယ် ငှက်ဖျားလည်း မိပြီး၊ အစာရေစာ ပြတ်လို့ အိမ်ရောက်တော့ တစ်လ


www.burmeseclassic.com

www.burmeseclassic.com



လောက် ဆေးကုယူရတယ်၊ ဒါတောင် ရှေးလူကြီးသူမတွေ ပြောင်း အဘမိဘတွေက အပင်ကြီးအောက်မှာ အုန်းပွဲ ငှက်ပျောပွဲတွေနဲ့ သွားပြီး တောင်းပန်လို့ အသက်မသေတာ၊ နို့မို့ဘယ်လွယ်မလဲကွာ၊ မင်းတို့ကတော့ မင်းအာဏာနဲ့ လုပ်တာဆိုတော့ တော်သေးတာပေါ့၊ ဒါပေမယ့် ရက္ခစိုး နတ်ကြီး စိတ်ပြေအောင် ဒီနေ့ချင်းပဲ ငှက်ပျောပွဲ၊ အုန်းပွဲနဲ့ မင်းတို့ တာဝန်ရှိသူတွေ သွားပြီးတောင်းပန်လိုက်ပါ၊ သစ်ခုတ် လက်နက်တွေကို သည်း ကညင်ပင်ကြီးမှာ ထောင်ထားပြီး တစ်ညသိပ်ထားပါ၊ အစိုးရစီ မံကိန်းအရ ခုတ်ရတာဖြစ်လို့ အပြစ်မယူဖို့နဲ့ ရက္ခစိုးနတ်မင်းကြီးကိုလည်း နေရာပေးဖို့ တောင်းပန်လိုက်ပါ။ နှစ်ဦးနှစ်ဖက် အဆင်ပြေသွားပါလိမ့် မယ်'' ဟု အကြံပေးစကား ပြောကြားပါသည်။

ကျွန်တော်နှင့်အတူ တာဝန်ရှိသူ လူကြီးများမှာ မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် မှဆိုးဟောင်းကြီး ဦးတောက်ထိန် ပြောကြားသည့်အတိုင်း ငှက်ပျောပွဲ၊ အုန်းပွဲများအား ဖောင်ကြီးဈေးမှ အလျင်အမြန်ဝယ်ယူ၍ နှံစက်ကြီး တစ်စီးဖြင့် အဓိကရ ကညင်ပင်ကြီးဆီသို့ ညနေစောင်း ချိန် သွားရောက်ပူဇော်ပသကြပါသည်။

ထူးဆန်းသည်မှာ နောက်တစ်နေ့ နံနက်လင်းအားကြီးအချိန်ခန့် တွင် လေမတိုက်၊ မိုးမရွာဘဲနှင့် ကညင်ပင်ကြီးမှာ တော်လဲသံပေး၍ အလိုအလျောက် လဲပြိုသွားခဲ့ပြီး၊ သစ်ပင်ခုတ်လုပ်သူ ရဲဘက် ဖိုးထူးမှာ လည်း ယင်းနံနက်ခင်း၌ပင် အကောင်းပကတိ စကားပြန်လည်ပြောဆို လာပြီး၊ ၎င်း၏ရင်ဘတ်တွင် ထင်နေသော နီနီရဲရဲ ရက္ခစိုးခြေရာကြီး မှာလည်း တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားသည်ကို အံ့သြဖွယ်ရာ တွေ့ရှိရပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း

လှိုင်ဝှက်ဆန်းကြယ်၊ ဒီဇင်ဘာ၊ ၂၀၀၀

www.burmeseclassic.com